www.burmeseclassic.com



# ဂျူး

## ချစ်ခြင်း၏အနုပညာ နှင့် အခြားဝတ္ထုတိုများ

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုအမှတ် ၂၁၁/၉၄ (၃)
မျက်နှာဖုံးခွင့်ပြုအမှတ် ၂၄၉/၉၄ (၄)
မျက်နှာဖုံးဒီဇိုင်းနှင့် အတွင်းသရုပ်ဖော်ပန်းချီ - ပိုပို
မျက်နှာဖုံးဓာတ်ပုံ - ကောင်းသာ

မျက်နှာဖုံးပုံနှိပ် - သိန်းမြင့်ဝင်း အော့ဖ်ဆက်
၉၆၊ ၁၁-လမ်း
ရန်ကုန်မြို့။

ပုံနှိပ်သူ - ဦးကျော်သန်း(မြ-၀၅၁၄၀)
ရေတမာပုံနှိပ်တိုက်
၅၇၄၊ ဓမ္မာရုံလမ်း
၁၁-ရပ်ကွက်၊ လှိုင်မြို့နယ်။

ထုတ်ဝေသူ - ရွှေပြည်တော်စာပေ (မြ-၁၅၆၉)
၂၂၆၊ ၃၂ လမ်း၊ ရန်ကုန်မြို့။

ပုံနှိပ်ခြင်း - ပထမအကြိမ်၊ ၁၉၉၄-ခုနှစ်၊ ဇွန်လ။
အုပ်ရေ - ၇၀၀
တန်ဖိုး - ၈၀

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC

ဗျူး

# ချစ်ခြင်းဇော်အနုပညာ နှင့် အခြားဝတ္ထုတိုများ

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


၁။ နာရီပြင်ဆရာ၏ အိမ်နီးချင်း .... ၅
၂။ ခံတပ် .... ၂၁
၃။ ငါးမျှားခြင်း .... ၃၇
၄။ လက်ဖဝါးများနှင့် စကားပြောခြင်း .... ၅၅
၅။ သစ်ပင်နှင့်တူသော မိန်းမ .... ၇၁
၆။ ကမ္ဘာမြေရှဲချစ်သူ .... ၈၅
၇။ စောင့်ဆိုင်းခြင်း၏ နိယာမ .... ၁၁၃
၈။ ပြတင်းပေါက် .... ၁၃၁
၉။ ချစ်ခြင်း၏ အနုပညာ .... ၁၅၅
၁၀။ ချစ်သူ့အိမ် .... ၁၇၉
၁၁။ မိန်းမနှစ်ယောက် .... ၂၀၇
၁၂။ ဖေဖေ့သူငယ်ချင်း .... ၂၂၉


www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


၁။ နာရီပြင်ဆရာ၏ အိမ်နီးချင်း .... ၅

၂။ ခံတပ် .... ၂၁

၃။ ငါးမျှားခြင်း .... ၃၇

၄။ လက်ဖဝါးများနှင့် စကားပြောခြင်း .... ၅၅

၅။ သစ်ပင်နှင့်တူသော မိန်းမ .... ၇၁

၆။ ကမ္ဘာမြေရှဲချစ်သူ .... ၈၅

၇။ စောင့်ဆိုင်းခြင်း၏ နိယာမ .... ၁၁၃

၈။ ပြတင်းပေါက် .... ၁၃၁

၉။ ချစ်ခြင်း၏ အနုပညာ .... ၁၅၅

၁၀။ ချစ်သူ့အိမ် .... ၁၇၉

၁၁။ မိန်းမနှစ်ယောက် .... ၂၀၇


၁၂။ ဖေဖေ့သူငယ်ချင်း .... ၂၂၉


www.burmeseclassic.com

www.burmeseclassic.com

နုဂရိမြင်ထရဂ၏

# အိမ်နီးချင်း



Monotype # 186

www.burmeseclassic.com

www.burmeseclassic.com

## နာရီပြင်ဆရာ၏ အိမ်နီးချင်း

သာမန်အားဖြင့်ဆိုလျှင်တော့ နာရီတစ်လုံးကို သူ မမှန်းတတ်ပါ။ သို့သော် ဤကိစ္စမှာတော့ လွန်လွန်းသည်။

သူ ဤအိမ်သို့ ပြောင်းလာခါစကတော့ နာရီပြင်ဆရာနှင့် အိမ်ချင်းကပ်လျက် ဖြစ်သောကြောင့် ဝမ်းသာ ကျေနပ်ခဲ့၏။ သူ့မှာ မကြာခဏ ပျက်တတ်သော စားပွဲတင်နာရီတစ်လုံး ရှိသောကြောင့် ဖြစ်သည်။နောက်ပြီး နာရီပြင်ဆရာ၏ ဂုဏ်သိက္ခာကိုလည်း သူ သဘောကျသောကြောင့် ဖြစ်သည်။ နာရီပြင်ဆရာသည် ဘဝတွင် နာရီပြင်ခြင်းနှင့် ဘုရားရှိခိုး တရားစာရွတ်ခြင်းမှတစ်ပါး မည်သည့်အလုပ်မျှ မလုပ်သူ ဖြစ်လိမ့်မည်။ သူရောက်သွားတိုင်း နာရီတစ်ခုခုကို ကိုင်တွယ် ပြင်ဆင်လျက်သား သို့မဟုတ် သားရေဖုံး ဘာသာရေးစာအုပ် တစ်ခုခုကို ဖတ်လျက်သား တွေ့ရသည်။

နာရီပြင်ဆရာက ပြဿနာ မဖြစ်ပါ။ သူ့နာရီများကသာ ပြဿနာ ဖြစ်နေ၏။

နာရီပြင်ဆရာ၏ အိမ်တွင် စားပွဲတင်နာရီ မျိုးစုံ၊တိုင်ကပ် နာရီမျိုးစုံ ရှိသည်မှာ သဘာဝကျသော ဖြစ်ရပ်တစ်ခုဟု သူ လက်ခံသည်၊ သို့သော် သူ့အိမ်နှင့် နာရီပြင်ဆရာအိမ်မှာ ခြံစည်း



www.burmeseclassic.com

www.burmeseclassic.com

## နာရီပြင်ဆရာ၏ အိမ်နီးချင်း

သာမန်အားဖြင့်ဆိုလျှင်တော့ နာရီတစ်လုံးကို သူ မမှန်းတတ်ပါ။ သို့သော် ဤကိစ္စမှာတော့ လွန်လွန်းသည်။

သူ ဤအိမ်သို့ ပြောင်းလာခါစကတော့ နာရီပြင်ဆရာနှင့် အိမ်ချင်းကပ်လျက် ဖြစ်သောကြောင့် ဝမ်းသာ ကျေနပ်ခဲ့၏။ သူ့မှာ မကြာခဏ ပျက်တတ်သော စားပွဲတင်နာရီတစ်လုံး ရှိသောကြောင့် ဖြစ်သည်။နောက်ပြီး နာရီပြင်ဆရာ၏ ဂုဏ်သိက္ခာကိုလည်း သူ သဘောကျသောကြောင့် ဖြစ်သည်။ နာရီပြင်ဆရာသည် ဘဝတွင် နာရီပြင်ခြင်းနှင့် ဘုရားရှိခိုး တရားစာရွတ်ခြင်းမှတစ်ပါး မည်သည့်အလုပ်မျှ မလုပ်သူ ဖြစ်လိမ့်မည်။ သူရောက်သွားတိုင်း နာရီတစ်ခုခုကို ကိုင်တွယ် ပြင်ဆင်လျက်သား သို့မဟုတ် သားရေဖုံး ဘာသာရေးစာအုပ် တစ်ခုခုကို ဖတ်လျက်သား တွေ့ရသည်။

နာရီပြင်ဆရာက ပြဿနာ မဖြစ်ပါ။ သူ့နာရီများကသာ ပြဿနာ ဖြစ်နေ၏။

နာရီပြင်ဆရာ၏ အိမ်တွင် စားပွဲတင်နာရီ မျိုးစုံ၊တိုင်ကပ် နာရီမျိုးစုံ ရှိသည်မှာ သဘာဝကျသော ဖြစ်ရပ်တစ်ခုဟု သူ လက်ခံသည်။ သို့သော် သူ့အိမ်နှင့် နာရီပြင်ဆရာအိမ်မှာ ခြံစည်း

www.burmeseclassic.com



ရှိး တစ်လှာသာ ခြားလျက် ဟိုဘက်သည်ဘက် ကပ်နေသည်က ဘယ်လိုမျှ ပြင်ဆင်၍မရသော တည်ရှိမှုတစ်ခု ဖြစ်၏။ ထိုတည်ရှိမှုကြောင့် ဖြစ်ပေါ်လာသော သူ့ဒုက္ခမှာ သူအိပ်ရေးပျက်ခြင်းပင် ဖြစ်သည်။

ဟိုဘက်အိမ်က နာရီများသည် သူ့ကို အကြီးအကျယ် တော့ အနှောင့်အယှက် မပေးကြပါ။ သို့သော် နာရီသံမျိုးစုံကြားနေရခြင်းသည် နှစ်သုံးဆယ်ကျော် ဒုက္ခ ပေးခဲ့သော (သူ့မိန်းမ၏) ဟောက်သံထက်ပင် နှောင့်ယှက်လေ့ ရှိသည်၊ ထရံ တစ်ချပ်စီသာ ကာရံထားသောကြောင့် ဟိုဘက်အိမ်မှ နာရီသံများသည် သူ့အိမ်ထဲသို့ အဆီးအတားမရှိ ဝင်ရောက်လာ၏။

ရောက်ခါစတုန်းကဆိုလျှင် လေးငါးညခန့် အိပ်ရာမှနိုးနိုးလာတတ်၏။ နာရီများသည် တစ်ပြိုင်တည်း မမြည်ကြဘဲ တစ်မိနစ် သို့မဟုတ် မိနစ်ဝက်ခြားပြီး မြည်ကြသဖြင့် နာရီ ခုနစ်လုံးရှစ်လုံး၏ ဆက်တိုက်မြည်သံမှာ အသံရှည်ကြီး ဖြစ်နေတော့သည်၊ သူ ဉာဏ်မီသလောက် စဉ်းစားကြည့်သမျှတော့ နာရီတွေ အချိန်မှန်လျှင်၊ ပြိုင်တူမြည်ကြလျှင် အကြားအာရုံကို ခဏပဲ နှောင့်ယှက်ပေလိမ့်မည်၊ ဤကိစ္စနှင့်ပတ်သက်၍ သူ ဆွေးနွေးကြည့်ဖူးသည်။

'ခင်ဗျားနာရီတွေက ပြင်လက်စမို့နဲ့ တူတယ်၊ မိနစ်နည်းနည်း ခြားပြီး ထိုးနေကြတယ်ဗျ၊ ဒါဟာ နာရီမမှန်တဲ့သဘော မဟုတ်လား၊တကယ်လို့ စံတော်ချိန်နဲ့သာ ကိုက်ညီရင်....'

ထိုအခါ နာရီပြင်ဆရာက ကလေးတစ်ယောက်ကို စိတ်ရှည်လက်ရှည် ရှင်းပြတော့မည့် မျက်နှာပေးဖြင့် ပြုံး၏။

'မဟုတ်သေးဘူးဗျ၊ ကျုပ်အနေနဲ့ ဘယ်နာရီက ဘယ်လောက် အလုပ်လုပ်တယ်ဆိုတာ သိဖို့လိုတယ်၊ ကျုပ်က နာရီတွေရဲ့ ထိုးသံကို ခွဲခြားပြီး သိတယ်၊ အသံ အနှေးအမြန် အတိုးအကျယ်ရော နာရီအချိန်မှန်မမှန်ကိုရော အမြဲ စောင့်ကြည့်ရ

www.burmeseclassic.com


တာကိုး၊ ဒီတော့ နာရီတွေကို တမင် အချိန်ခြားပြီး တိုက်ထား တယ်လေ၊ ဒါမှ ကုပ် ထိုင်ရာက ထမကြည့်ဘဲ ဘယ်နာရီက သံပတ် နည်းနေပြီလဲ၊ ဘယ်နာရီက ဆံခြည် မကောင်းဘူးလဲ၊ ဘယ်နာရီက ထိုးစက် မကောင်းဘူးလဲ ခွဲခြားပြီး သိရမှာပေါ့"

သေလိုက်ပါတော့ကွာ၊ ဘယ်လောက် ယထာဘူတကျ သော နှောင့်ယှက်မှု တစ်ခုပါလိမ့်။ သူ ရယ်မောလျက် လက်ခံ ခဲ့ရသည်။

နောက်ပိုင်း လအနည်းငယ်မှာတော့ နာရီသံများနှင့် နေသားတကျ ဖြစ်သွားလေတော့သည်။

နာရီသံများသည် သူ့အတွက် သာယာသော အိပ်ရာဝင် ဂီတသံစဉ်များလို ဖြစ်လာသည်။ လေတိုက်ခတ်မှုနှုန်းကို လိုက်၍ နာရီသံ အတိုးအကျယ် ပြောင်းလဲလာသောအခါ ထိုအသံများ သည် သူ့အတွက်နားထောင်၍ ချိုမြသောဂီတသံဖြစ်လာ၏။

နာရီပြင်ဆရာနှင့် အိမ်နီးချင်းဖြစ်ရခြင်းကြောင့် ရရှိလာ သော ဒုက္ခထဲတွင် နာရီပြင်ဖို့ လူကြုံပေးခံရခြင်းလည်း ပါဝင်၏။

လက်ပတ်နာရီလို၊ စားပွဲထင်နာရီလို ဝန်မကျယ်လှသော နာရီမျိုးဆိုလျှင် ပြဿနာမဖြစ်သော်လည်း တိုင်ကပ်နာရီလို ကြီး ကြီးမားမား ဝန်ထုပ်ဝန်ပိုးမျိုးကျတော့ သူ့အနေဖြင့် ကူညီဖို့ တော်တော် စဉ်းစားရသည်။ သိပ်မရင်းနှီးသူများ ဆိုလျှင်တော့ အကြောင်းပြချက် တစ်ခုခု ပေးကာ ခပ်ပြုံးပြုံး ငြင်းဆန်နိုင်၏။ သို့သော် အလွန်ခင်မင်ရင်းနှီးသော မိတ်ဆွေဆိုလျှင် သူ အားနာ ပါးနာ လက်ခံ၍ လူကြုံပေး ပစ္စည်းကို သယ်ယူလာရတော့ သည်။ (ကံအကြောင်းမလှစွာပင် ဤနာရီပြင်ဆရာသည် ဤမြို့ ပေါ်တွင် တိုင်ကပ်နာရီများကို ပြန်လည်ပြင်ဆင်ခြင်း၊ ရောင်း ဝယ်ခြင်းတို့၌ အပိုင်နိုင် အကျွမ်းကျင်ဆုံး ဖြစ်နေပေသည်။)

သူနောက်ဆုံး သယ်ဆောင်ပေးခဲ့သည်မှာ အလွန်မိတ်ညစ် ညူးဖွယ် ကောင်းသော တိုင်ကပ်နာရီတစ်လုံး ဖြစ်သည်။ (ဤ

www.burmeseclassic.com

www.burmeseclassic.com



ာရီ၏ နောက်တွင် မည်သည့်နာရီကိုမျှ လူကြုံအဖြစ် မသယ်
ဆောင်ရဲတော့ပေ။)

ထိုနေ့က သူ သယ်ယူခဲ့ရသော နာရီကြီးမှာ အတော်
ကြီး၏။ သူ့မိတ်အထင်တော့ နာရီ၏အရှည်မှာ နှစ်ပေခွဲလောက်
မည်။ (တကယ်တော့ နာရီကြီးသည် သုံးပေနီးပါး ရှိ၏။)
ာရီမျက်နှာပြင် ဒိုင်ခွက်က အဝိုင်းကြီး၊ ဒိုင်ခွက်၏ ဘေးဘောင်
ို ရှစ်နားညီ ဗဟုဂံပုံစံ ဖြစ်အောင် သစ်သားပြား ကွပ်ထား
ည်။ ဂဏန်းကွက်များမှာ ရောမဂဏန်းများ ဖြစ်သည်။လက်တံ
ရှည်နှင့် လက်တံအတို (မိနစ်လက်တံနှင့် နာရီလက်တံ) မှာ
တိုမှ ပြုတ်ကျနေပြီး နာရီဒိုင်ခွက်နှင့် မှန်၏အကြားတွင် နာရီ
ပ်ရှားတိုင်း တချောက်ချောက်မြည်အောင် နေရာရွှေ့လျား
ျက် ရှိကြသည်။ နာရီအိမ်ကတော့ ချိန်သီးအိမ်အထိ တစ်ဆက်
ည်း လေးထောင့် အရှည်ကြီး ဖြစ်နေသည်။ အနှစ်နှစ်အလလ
ူပြင် မမွမ်းမံဘဲ ထားပုံမျိုးဖြင့် နာရီအိမ် သစ်သားအရောင်
ာ ခပ်မှိုမှိုဖြစ်ပြီး ဖုန်တက်နေသေး၏။

ဤ ကြီးမားလှသော နာရီ ကိုးရိုးကားရားကြီးကို လူကြုံ
ပေးလိုက်သော မိတ်ဆွေအား သူ ကျိတ်၍ကျိန်ဆဲမိလိုက်သည်မှာ
အိမ်ပြန်ရာလမ်း၏ ခရီးတစ်ဝက်၌ ဖြစ်သည်။ ဂုန်လျှော်အိတ်
အဖြူဖြင့် သေသေသပ်သပ် ထုပ်ပိုး ချည်နှောင်ပေးလိုက်သော
ာရီကြီးသည် လူအရှုပ်ဆုံးနေရာ ဖြစ်သော ရုပ်ရှင်ရုံရှေ့ရောက်
သော် အသံကျယ်လောင်စွာ ထိုးတော့သည်။

ပထမတော့ မျှော်လင့်မထားသော အနီးကပ် အသံကြီး
ကြောင့် သူ လန့်ဖျပ်သွား၏။ သို့သော် ပထမဆုံးအသံ မပျောက်မီ
င် ဤနာရီကြီးမှ ဖြစ်ရမည်ဟု သူ သိလိုက်သည်။အသံကြီးက
ကြီးမား ကျယ်လောင်လှ၏။ ထို့အပြင် အက်ကွဲကွဲကြီး ဖြစ်
သည်။ ထိုအချိန်မှာ ညနေ ၅ နာရီမခွဲမီ ၁၀ မိနစ် အလိုခန့်
ဖြစ်သည်။ ဘယ်လို နာရီအမျိုးအစားမျှ အသံမြည်သင့်သည့်

www.burmeseclassic.com



အချိန် ဖြစ်သည်။ ထို့ကြောင့်လည်း သူ အံ့သြ တုန်လှုပ်သွား ခြင်း ဖြစ်၏။ သို့သော် ဤနာရီကြီး ပျက်နေပေသည်၊

လက်ဖက်ရည်ဆိုင်မှ လူများ၊ ရုပ်ရှင်ရုံရှေ့မှ လူများ၏ စိတ်ဝင်တစား အကြည့်တို့ကြောင့် သူ့မျက်နှာ ပူနွေးကာ ရှက်ရှိ့သွားမိလေသည်။ သူဆွဲလာသော လက်ကိုင် ကွင်းတပ် ဂုန်လျှော်အိတ် အဖုံကြီးထဲတွင် ဤနာရီကြီး ပါမှန်း မသိသူတို့ အဖို့မူ ဤအသံသည် ထူးဆန်းအံ့သြဖွယ်ရာ ဖြစ်နေ၏။ ထို့ထက် ပို၍ ထူးဆန်းသည်မှာ သူခြေတစ်လှမ်း လှမ်းတိုင်း နာရီကြီးက ဒိုံခနဲ အသံမြည်နေခြင်းပင် ဖြစ်၏။ သူ ချွေးပြန်လာကာ ယောင် မှားစွာ ခြေလှမ်းရပ်တန့်လိုက်၏။ ထိုအချိန်တွင် ခုနစ်ချက်ခန့် ကျယ်လောင်စွာအော်မြည်ပြီးသော နာရီသံသည်လည်း ရပ်တန့် သွားသည်။

'အင်း....ဒါဟာ ငါ့ခြေလှမ်း လှုပ်ရှားမှုကြောင့် အထဲက စက်တွေ ကပြောင်းကပြန် ဖြစ်သွားတာများလား' ဟု သူ ပထမဆုံးအကြိမ် ကြောင်တောင်တောင် တွေးမိသွား၏၊ ရှေ့ ဆက်ပြီး ခြေလှမ်း လှမ်းလိုက်လျှင် ဒါကြီးက ထပ်ပြီး မြည်ဦး မလား။

ထိုအချိန်တွင် သူ ခြေတစ်လှမ်း လှမ်းဖို့ တော်တော် စဉ်းစားယူရ၏။

လူအားလုံး သူ့အား ဝိုင်းကြည့်နေကြသည်ဟူသော မလုံမလဲ အတွေးဖြင့် သူ စိတ်ကျဉ်းကျပ်လျက် ရှိသည်။

အိုကွာ....ငါ ခြေလှမ်း လှမ်းလို့ နာရီမြည်တော့ရော ဘာဖြစ်သေးလဲ။ နာရီတစ်လုံးဟာ သူမြည်ချင်တဲ့ အချိန်မှာ အသံမြည်ခွင့် ရှိတာပဲ။ ညနေ ၅ နာရီ ပေမယ့် ခုနစ်ချက်ထိုး တော့ ဘာဖြစ်သေးလဲ။ ရှစ်ချက်ထိုးတော့ရော ဘာဖြစ်သေးလဲ၊ အခုလို ရပ်လိုက်တာကမှ လူတွေအတွက် စိတ်ဝင်စားစရာ ဖြစ် နေဦးမယ်။

သူ အားတင်း၍ ခြေလှမ်း စတင် လှမ်းသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာပင် ဒုံခနဲ ကျယ်လောင်သော ထိုးသံ ပေါ်
သူ ထူပူတုန်လှုပ်သွားကာ ခြေလှမ်း တုံ့ခနဲ ရပ်ပစ်လိုက်
အချိန်မှာပင် နာရီသံကလည်း ရပ်သွားပြန်လေသည်။
ပင် ခြေလှမ်းလျှင် မြည်ဦးမလား မသိ။ မဖြစ်ဘူး။ ဒီ
ရပ်သွားအောင် လုပ်ဖို့ တစ်နည်းနည်းတော့ ရှိရမယ်။
သူသည် သက်မဲ့နာရီတစ်လုံးကို လှည့်ဖြားရန် အကြံရ
ထို့နောက် ဂုန်လျှော်အိတ်ကို ဖွင့်ကာ အထဲမှ ရောမ
ကို ခဲခဲယဉ်းယဉ်း ထုတ်ယူလိုက်၏။ ထို့နောက် နာရီ၏
မ်ကာ အပေါ် ရောက်ပြီး နာရီ မျက်နှာပြင်ဝိုင်းက
ရောက်သွားအောင် နာရီကို ဇောက်ထိုး ထည့်ပစ်လိုက်
မှာ ထည့်ထားသော ကြေးချိန်သီး အပြားဝိုင်းကြီး၏
တိုက်ခတ်သံ ခဏကြားရပြီးနောက် အသံ ငြိမ်သွား

ိုင်း....ဒီအထဲက စက်တွေ ပြောင်းပြန် ဖြစ်ကုန်ပြီ။ ဒါ
း အသံမြည်တော့မှာ မဟုတ်ဘူး။
သူသည် ဇောက်ထိုး ဆွဲထားသော နာရီကြီးကို ငုံ့မကြည့်
လှမ်းကို စတင်၍ လှမ်းလိုက်သည်။ သူ လေးငါးလှမ်းခန့်
က်ပြီးချိန်မှာပင် ကျယ်လောင်သော မြည်သံသည် ဆက်
ပေါ်လာလေတော့သည်။ သူ့ မျက်နှာ ရှုံ့မဲ့သွားပြီး
တစ်ယောက်တည်း ရှက်ရယ် ရယ်မိတော့၏။

ပိုနာရီက ပေးသော ဒုက္ခသည် ဤအချိန်ကတည်းက
ပသည်။
ဗူသည် ပင်စင်ယူပြီးကတည်းက နံနက် ၇ နာရီမှ ညနေ
ထိ မြို့ထဲက စည်ပင်သာယာ ဈေးကြီးတွင် ကုန်ခြောက်
းဖွင့်ရောင်းနေသူ ဖြစ်သောကြောင့် ဤနာရီသည် သူ့
ကျမှ ဒုက္ခပေးလေသည်။
ခြား နာရီပေါင်းများစွာ၏ မြည်သံ ထိုးသံနှင့် သူ

www.burmeseclassic.com

www.burmeseclassic.com



ချင်းနိုးကျွမ်းဝင်ပြီး ဖြစ်သော်လည်း ဤနာရီကြီး၏ အသံကိုတော့ သူ ဘယ်လိုမှ သည်းညည်းခံ၍ မရ။ နာရီပြင်ဆရာ၏ အိမ်နီးချင်း ဖြစ်ပြီးကတည်းက နာရီပေါင်းများစွာ၏ ထိုးသံကို သူကြားဖူး လှပြီ။ ဤနာရီလောက် အောက်ကလိ အာသံမျိုး တစ်ခါမှ မကြားဖူးပေ။

နာရီပြင်ဆရာ၏ အိမ်ရှိ အချို့နာရီများသည် ဒင်....ဒင် ဟု အသံမြည်၏။ အချို့က ဒေါင်....ဒေါင် ဟု အသံ မြည်၏။ တချို့ကတော့ တိန်....တိန် ဟု အသံခပ်သေးသေး မြည်၏။သံစုံ နာရီများလည်း ရှိသည်။ ဂီတသံလို အသံ အနိမ့်အမြင့်ဖြင့် တော် တော် နားထောင်ကောင်းလှသည်။ သို့သော် ဤနာရီကျတော့ ဒုံခနဲ အသံမြည်၏။ မြည်ပုံကလည်း တစ်မျိုး။ ဒုံဟူသော အသံ၏ နောက်တွင် ဂျရစ် ဂျရစ် ဟူသော ထစ်သံ တုန်သံတစ်ခု ပါသေး ၏။ သူတော့ ဤနာရီသံ ကြားလျှင် သွားကျိန်းလှသည်။ ဘယ် နိုင်ငံကများ ဤနာရီမျိုး တီထွင်လိုက်ပါလိမ့်။ အသံကတော့ တော်တော် မာန်ထန်ပြီး ကျယ်လောင်သည်။တော်ရုံသွေးကြောင် သူဆိုလျှင် တိတ်ဆိတ်သော ညမှာ ထိုအသံကြောင့် နှလုံးတုန် ရင်ခုန်သွားနိုင်၏။

သူသည် ဤ နာရီကြီးကို နာရီပြင်ဆရာအား ကိုယ်စား အပ်ပေးပြီးသည့်နောက် တစ်ပတ်တိတိ ဘယ်လိုမျှ နှစ်နှစ်ခြိုက် ခြိုက် အိပ်မပျော်တော့ချေ။

***

တစ်ညနေမှာ သူ၏ သစ်ပင်များ ရေလောင်း ပေါင်း မြက်သင်ချိန်ကို ဖျက်၍ နာရီပြင်ဆရာ၏ အိမ်သို့ သူ ကူးသွား လိုက်၏။

သူ့အား အသံဖြင့် နှိပ်စက်နေသေးသော သူ မှတ်မိနေ သည့် နာရီကြီးမှာ အားလုံးထဲတွင် အကြီးဆုံး။နံရံတွင် မားမား

www.burmeseclassic.com

www.burmeseclassic.com



ကြီး ချိတ်သျှက် ရှိ၏၊ နာရီအိမ် သစ်သားမှာ အညိုရင့်ရောင် ဆေးသုတ်ထားပြီး ဒိုင်ခွက်ကလည်း ဖြူဖွေးကာ သစ်လွင် တောက်ပနေ၏၊ အင်း....ဒါကြီးကို ပြင်ဆင် မွမ်းမံပြီးပြီပေါ့။

'နေကောင်းရဲ့လားဗျ'

နာရီပြင်ဆရာသည် သူ့ကို တွေ့တိုင်း နေကောင်းရဲ့လား ဟု ပဋိသန္ဓာရ စကားဖြင့် နှုတ်ဆက်လေ့ရှိသော်လည်း ဤအိမ် ပြောင်းပြီးမှ သူ တစ်ခါမျှ မဖျားနာဖူးမှန်း နာရီပြင်ဆရာ သိ ပါသည်၊

'ကောင်းပါတယ်ဗျာ'

ည အိပ်မပျော်တာ တစ်ခုပါပဲဟု သူ ဆက်ပြောချင်သေး သော်လည်း ပြောမထွက်ပေ။ သူက ဟိုဘက်အိမ်ကနေ အိပ်ရေး ပျက်နေရလျှင် နာရီပြင်ဆရာအဖို့ မည်သို့ ရှိမည်နည်းဟု ကိုယ် ချင်းစာလိုက်သောကြောင့် ဖြစ်သည်၊

'ဟို နာရီကြီးက အသံ တော်တော် ကျယ်တယ်နော်'ဟု သူ စကားစလိုက်သောအခါ နာရီပြင်ဆရာက ဂုဏ်ယူဝင့်ကြွား ဟန်ဖြင့် ခေါင်းညိတ်၏၊

'အေးဗျ၊ ခင်ဗျား သယ်လာတဲ့ နာရီကြီးလေ၊ သူ့ ထိုး စက် သံချောင်းတွေက တော်တော် သန့်ပြီး တုတ်တယ်ဗျ၊ အသံ မာတာပေါ့ဗျာ'

'အဲဒါ ဘယ်နိုင်ငံက လုပ်တာလဲ'

နာရီများကို အိပ် စိတ်မဝင်စားသူ သူ့ထံမှ ဤမေးခွန်း ကို ကြားရသောအခါ နာရီပြင်ဆရာက မျက်ခုံး ပင့်ကြည့်ကာ သဘောကျသွားဟန် တူပါသည်။

'အမေရိကန်ပေါ့ဗျာ'

အံ့သြစရာပါပဲ။ သူသည် အမေရိကန် ပြည်ထောင်စုကို ယခင်က အလွန် အထင်ကြီးခဲ့သည်။ ယခုတော့ တိုင်ကပ် နာရီ တစ်လုံးကြောင့် အမေရိကန် နာမည်ပျက်ရပေတော့မည်။ အင်း လေ....နှစ်ပေါင်းများစွာ ကြာပြီးနောက် ဤနာရီသည် နဂိုက

www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းချည်း မည်သို့ဖြစ်နိုင်မည်နည်း။ မြန်မာပြည်တွင် ပြုလုပ်ဖန်တီး၍ ပြင်ဆင်ထည့်သွင်းသော ပစ္စည်းများရော မဖြစ်နိုင်ဘူးလား။

'စက်သောမ (Seth Thomas) အမျိုးအစားဗျ၊ သိပ်ကောင်းတယ်၊ ခိုင်တယ်၊ ဟိုတုန်းကတော့ နာမည်ကြီးပေါ့ဗျာ၊ ရှေးဈေး အစိတ်တုန်းက ငါးဆယ်ပေးရတဲ့ နာရီအမျိုးအစားဗျ'

ဤ နာရီပြင်ဆရာ၏ အကျင့်မှာ သူ့နာရီများ(သို့မဟုတ်) သူ ကိုင်တွယ်ပြင်ဆင်ရသော နာရီများကို တန်ဖိုး ပြောပြတိုင်း ယခင် နှစ်ပေါင်းများစွာက ရှေတစ်ကျပ်သား ဈေးဖြင့် နှိုင်းယှဉ်လေ့ ရှိသည်။

'ဟောဟို ခင်ဗျား နောက်က နာရီကို ကြည့်၊ အဲဒါ ဂျာမနီနိုင်ငံက လုပ်တာ'

သူ့နောက် လှည့်ကြည့်လိုက်တော့ သူ့နောက်က နံရံမှာ မင်းဂွတ်သီးရောင် ဖျော့ဖျော့နုနု လေးထောင့် နာရီ တစ်လုံးကို မြင်ရသည်။

'သိပ် အသံသာတဲ့ နာရီ၊ ကျုပ် ကိုင်ရဖူးသမျှ သံစုံနာရီတွေထဲမှာတော့ အကောင်းဆုံးပဲ'

နာရီဒိုင်ခွက် မျက်နှာပြင်မှာ ငွေရောင်ဖြစ်ပြီး မောင်ကို နှင့် ညီများဟု ခံ့ထည်သော မြန်မာစာလုံး ပါသည်။

'မောင်ကို ဟုတ်လား၊ ဂျာမနီ ဆိုဗျ'

'အေးလေ၊ ဒါက မြန်မာနိုင်ငံရောက်မှ ရေးတဲ့ နာမည် ဖြစ်မှာပေါ့၊ ဂျာမနီကုမ္ပဏီနဲ့ ဆက်သွယ်ပေးတဲ့ မြန်မာ ကုမ္ပဏီ နာမည် ဖြစ်ချင် ဖြစ်မယ်လေ၊ တကယ်တော့ ဒီနာရီရဲ့ စက်မှာ ဂျာမနီလို့ ရေးထားတာပဲ''

သူ သိပ်နှစ်သက်သော သံစုံတီးခတ်မှုမှာ ဤနာရီမှ ဖြစ်လိမ့်မည်ဟု သူ မှန်းဆကြည့်မိ၏။ ချိန်သီးအိမ်၏ ရှေ့မှန်က လှကောင်းပြီး ရေးက, ကြည့်မှန်ပြုလုပ်သော နိုင်ငံခြားမှန် အမျိုးအစားဟု ထင်သည်။ အထဲက ချိန်သီးမှာ သံမဏိ သတ္တုရောင် လက်နေပြီး ဖြည်းလေးစွာ လွှဲယမ်းနေ၏။

www.burmeseclassic.com

www.burmeseclassic.com



'ဒီကောင်က ၁၅ မိနစ် တစ်ခါ ထိုးတာလေ'

သေချာသည်။ သူ့အနှစ်သက်ဆုံး နာရီမှာ ဤနာရီ ဖြစ်ပသည်။

'ဘယ်သူ့ နာရီလဲဗျ'

'ကျုပ် ဝယ်ထားလိုက်တာဗျ၊ နှစ်နှစ် ရှိပြီ၊ ကိုးရာနဲ့ ဝယ်ားလိုက်တာ'

သူ အံ့သြသွား၏။ ပုံစံ ခပ်ဟောင်းဟောင်း ရှေးဟိုင်ကာပ် ာရီ တစ်လုံး။ ကိုးရာ တန်ဖိုးရှိမှန်း သူ မသိခဲ့ပေ။

'ဈေးများလှချည်လား'

ထိုအခါ နာရီပြင်ဆရာက သဘောကျစွာ ရယ်၏။

'အဲဒီနာရီကို နှစ်ထောင်နဲ့ လာဝယ်တဲ့သူ ရှိတယ်၊ ကျုပ် ရောင်းဘူး၊ သံစုံနာရီချင်း ယှဉ်ရင်လဲ သူကသာတယ်၊ ဒီကောင့် အသံက ခုခေတ် ဂျပန်သံစုံနာရီထိုးသံတွေလို ကလက်တက်တက် ဟုတ်ဘူး၊ ခံ့ညားတယ်'

သူ တအံ့တသြ ပြုံးမိသည်။

'ခုချိန်ထိ နှစ်နှစ်ရှိပြီ၊ တစ်ခါမှ ပြန်မပြင်ရသေးဘူး၊ သူ့ ိုးစက်အချောင်းတွေက ကြေးချောင်းတွေလေ၊သံချောင်းမဟုတ် ူး၊သံချေးမတက်ဘူး၊ အက်သံမပါဘူး လိုက်သံပေါက်ပြီး ကြည် င်နေတယ်၊ ရွှေဈေး အစိတ်တန်းက တစ်ရာ့အစိတ် ပေးရတဲ့ ာရီပဲဥစ္စာ၊ ခင်ဗျား စဉ်းစားကြည့်လေ.... အခု ရွှေဈေးနဲ့များ က်ကြည့်လိုက်စမ်းပါဦး၊ ဘယ်လောက် အဖိုးတန်သလဲ ဆိုတာ'

ဤလူသည် လျင်မြန်စွာ ပြောင်းလဲ တိုးတက်လာသော က်မှုသိပ္ပံပညာကို ထည့်တွက်ဟန် မတူပေ။

ဤကိစ္စထက် အရေးကြီးသည်မှာ အသံကျယ်လောင်လွန်း သော အမေရိကန်နာရီကြီး၏ ပြဿနာ ဖြစ်သည်။

'အဲဒီ အမေရိကန်ကြီးရောပြင်ပြီးသွားပြီလား၊ ပြန်ယူ တော့ သူ့ဟာသူ လာယူပါစေဗျာ၊ ကျွန်တော် အဲဒါကြီးနဲ့ တစ်ကြိမ် လမ်းမှာ ဒုက္ခ မရောက်ချင်ဘူး'

www.burmeseclassic.com

www.burmeseclassic.com


ထိုအခါ နာရီပြင် ဆရာက ပြုံး၏။

'ကျုပ် အဲဒီနာရီကို ဝယ်လိုက်ပြီဗျ၊ ပြင်ခ မတတ်နိုင်လို့ ငွေလဲ လိုနေလို့ ဆိုပြီး တစ်နေ့ကပဲ ကျုပ်ကို အပြီးရောင်းသွားတယ်လေ၊ ကြည့်စမ်းပါဦးဗျာ....ဘယ်လောက် ကြီးမား ခံ့ညား လိုက်သလဲ'

'မြတ်စွာဘုရား'

လက်စသတ်တော့ ဤနာရီသံ၏ ဒုက္ခကို သူတစ်သက်လုံး ခံစားနေရတော့ မှာပါကလား၊ သူ လုံးဝစကားမပြောနိုင်ဘဲ ငိုင်ကျသွားတော့သည်။

ထိုအချိန်မှစ၍ ဤ အမေရိကန် နာရီကြီးသည် သူ့အား ညစဉ် အနှောင့်အယှက် ပေးလေသည်၊ ဒီအသံကြီးနဲ့ နာရီပြင်ဆရာ ဘယ့်နှယ်လုပ်ပြီး အိပ်ပျော်ပါလိမ့်မလဲ။ အင်းလေ.... သူက ၇၀ ကျော် အဘိုးကြီးပဲ၊ နားလေးနေတာလည်း ဖြစ်နိုင်တာပေါ့။ ဤနာရီသံကတော့ သူတို့ တစ်ရပ်ကွက်လုံး နာရီထကြည့်စရာ မလိုအောင် အသံမြည်လှသည်။ မန္တလေး မြို့တော်ခန်းမမှ နာရီထိုးသံလို သာယာသော ဂီတသံဆိုလျှင်တော့ ပြောစရာ မရှိပါ။ ယခုတော့ အက်ကွဲသံကြီး ဒုံခနဲ မြည်ပြီးတိုင်း နောက်ဆက်တွဲ ဂျုရစ်ဂျုရစ် အသံကြီးမှာ သူ့အား သွားကျိန်းစေပေသည်။

ရက်မှ လသို့ ချဉ်းကပ် လာသည့်တိုင်အောင် သူ့အား ဤနာရီက အနှောင့်အယှက် ပေးဆဲ။ သူ အိပ်ရေးမဝဘဲ နှီးလာရပေါင်း များလာသောအခါ သူ မလှုပ်ရှားချင်သလိုလို၊ မူးဝေနောက်ကျိသလိုလို၊ ညောင်းညာနာကျင်သလိုလို ဖြစ်လာသည်။ မကြာခဏ ဆေးခန်းသွားပြပြီး ဆေးထိုးခံရသည်။

'အဲဒီ နာရီကြီးကို ခင်ဗျား ပြန်ရောင်းမယ်ရော စိတ်ကူးသေးလား'

'ဟာ....ရောင်းမှာပေါ့ဗျာ၊ ကျုပ်အတွက် ဟောဒီ သံစုံနာရီ ရှိနေရင် ပြီးရော'



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဤမျှ ကြီးမားလေးလံသော ပုံစံခပ်တုံးတုံးနာရီကြီးကို အသံကြားရဘဲနှင့်တောင် ဝယ်ချင်သူ ရှိမှာမဟုတ်ဟု သူ လောင်းရဲသည်။

သူထင်သည့် အတိုင်းပင် ဤနာရီကြီးသည် နာရီပြင်ဆရာ၏အိမ်တွင် မားမားကြီး ချိတ်ထားခံရဆဲ၊ ညစဉ် ဝတ္တရားအဖြစ် သူ့အား လေးလံသော စောင်ခြုံထဲအထိ အသံကြောင်ကြီးဖြင့် နှောင့်ယှက်ဆဲသာ ဖြစ်သည်။ ကြာတော့ နာရီကြီးကို သူ ခါးခါးသီးသီး မုန်းတီးလာသည်။

နေစမ်းပါဦး၊ ဤကိစ္စနှင့်ပတ်သက်၍ ဖြေရှင်းရန် နည်းတစ်ခုခုတော့ ရှိရမှာပေါ့။

အကောင်းဆုံးနည်းမှာ ဤနာရီကြီးကို ရိုက်ခွဲဖျက်ဆီးပစ်ဖို့ပဲ သူ စိတ်ပေါက်ပေါက်ဖြင့် တွေးမိသေးသည်။

ထိုးစက်သံချောင်းတွေက သန်မာပြီး တုတ်တယ် ဆိုပဲ၊ အဲဒါတွေကို ပျော့တဲ့ သံချောင်း ခပ်သေးသေးဖြင့် လဲခိုင်းရလျှင် ကောင်းမည်။ သို့သော် ဤကိစ္စသည် သူ့အဖို့တော့ သူများကိုယ်ရေးကိုယ်တာထဲ ဝင်စွက်ခြင်းသာ ဖြစ်သည်။ ဒါဟာ သူ့နာရီမှ မဟုတ်ဘဲ။

သို့မဟုတ် သံချောင်းကို လာထုသော (ကြေးသတ္တုဖြင့်ပြုလုပ်သည့်)တူကလေးကို အသံသိပ်မကျယ်အောင် လုပ်တဲ့နည်း ရှိချင် ရှိမှာပေါ့။ ဥပမာ....တူကလေးကို သဘောဆေးသုတ်ခြင်း၊ သို့မဟုတ် စက္ကူဖြင့် ပတ်ခြင်း၊ ထို့နောက်....သူ့အတွေး သူ သဘောကျစွာ အသံထွက် ရယ်လိုက်မိ၏။မဟုတ်သေးပါဘူးလေ။

တိုင်ကပ်နာရီ တစ်လုံးမှာ စက်နှစ်မျိုး ပါမှန်း သူ သိသည်။ နာရီသွားသော စက်၊ နာရီထိုးသောစက် ဟူ၍ ဖြစ်သည်။ နာရီကို သံပတ်ပေးလျှင် နာရီပြင်ဆရာသည် ဒိုင်ခွက်အောက်မှ အပေါက်နှစ်ပေါက်ထဲသို့ သော့တံဖြင့် ထိုးသွင်းလှည့်ယူ၍ သံပတ်ပေးတာ မြင်ဖူးသည်။ ထိုးစက်သံပတ်ကုန်လျှင် နာရီသံ ကြားရ

www.burmeseclassic.com

www.burmeseclassic.com


တော့မှာ မဟုတ်ဘူး။ ဤအချက်က သိပ်သေချာသည်၊ သူ မျော်ရှင်သွား၏။ သို့သော်....

နောက်ဆုံးတွင် သူသည် တစ်ခုတည်းသော နည်းလမ်းကိုသာ စဉ်းစား၍ ရ၏။

'ခင်ဗျား ဒီနာရီကို ဘယ်လောက်ရရင် ရောင်းမလဲဗျ.... ဟင်'

နာရီပြင်ဆရာက သူ့ကို တအံ့တဩ မော့ကြည့်ကာ 'ခင်ဗျား လိုချင်လို့လား' ဟု မေးသည်။

'အေးဗျာ'

သူ့အသံမှာ အားနည်းလှသည်ကို နာရီပြင်ဆရာက ဂရုထားမိဟန် မတူပါ။ အားရပါးရ ပြုံးရယ်လျက် လက်ဖဝါး နှစ်ဖက်ကို ကျေနပ်စွာ ပွတ်သပ်ကာ ခေါင်းတဆတ်ဆတ် ညိတ်လေသည်။

'ခင်ဗျားယူရင်တော့ လျှော့ပေးမှာပေါ့ဗျာ၊ နှစ်ရာ့ငါးဆယ်ပဲ ပေးပါ'

တော်ပါသေးရဲ့၊ ရွှေဈေးအကြောင်း မပြောပေလို့။

သူ စိတ်သက်သာရာ ရသွားသည်။ ငွေ နှစ်ရာ့ငါးဆယ်မှာ နောက်ထပ် ဆေးခန်း ၅ ခါ သွားရလျှင် ကုန်မှာပဲ။ ဤနာရီကို ဝယ်ယူလိုက်ခြင်းအားဖြင့် ဆေးခန်းသွားရမည့် ဒုက္ခမှ လွတ်မြောက်လျှင် သူ့အတွက်တော့ ကျေနပ်နှစ်သိမ့်ဖွယ်ရာ ဖြစ်ပေသည်။

'ခင်ဗျား အိမ်နံရံမှာ ကျုပ်လိုက်ပြီး ချိတ်ပေးပါ့မယ်၊ တစ်ခါတလေ နာရီတွေက ချိတ်ပုံ ဟန်မကျရင် မသွားချင်ဘူးဗျ၊ ခေါင်လိုက် တည့်တည့်မဟုတ်ဘဲ နည်းနည်း စောင်းသွားရင် တော်မမှန်ချင်ဘူး'

ကျေးဇူး ကြီးမားလှပါသည်။ သို့သော် ဤကိစ္စမှာ သူ့အတွက် အရေးမကြီးလှပါ။

'ထိုးစက်သံပတ်က ဘယ်ဥစ္စာလဲဗျ'

www.burmeseclassic.com

www.burmeseclassic.com



'ဟောဒီဘက်က ဟာပေါ့၊ ခင်ဗျားတစ်ခါ သံပတ်ပေးပြီးရင် တစ်ပတ်လောက် အနည်းဆုံးမေ့ထားလို့ရတယ်၊ သူ့သံပတ်က အော်ဒီဂျင်နယ်တွေ၊ အက်ရာ ဆက်ရာ ဘာမှမရှိဘူး၊ သန်သလား မမေးနဲ့'

နာရီပြင်ဆရာသည် သံပတ်ပေးပုံပေးနည်းကအစ အသေအချာ ပြသသွား၏။

သူသည် နာရီသံပတ်ကို ဂရုတစိုက် ပေး၏။ ထိုသို့ သံပတ်ပေးရာတွင် သွားစက် သံပတ်ကိုသာ ပေးလျက် ထိုးစက် သံပတ်ကို အမြဲတမ်း ချန်လှပ်ထားခဲ့သည်။ ထို့ကြောင့် နာရီသည် လုံးဝ မထိုးတော့ချေ။ ဤသို့ဖြင့် နာရီကို ဝယ်ယူပြီး တစ်ပတ်အကြာတွင် သူ သက်တောင့်သက်သာ အိပ်ပျော်သွားသော အကျင့်ကို ပြန်လည် ရရှိလာခဲ့သည်။

သူ့ဘဝတွင် သူမုန်းတီးသော အရာဝတ္ထု တစ်ခုကို အပိုင်ဝယ်ယူဝစ်လိုက်ခြင်းမှာ ဤတစ်ကြိမ်သာ ရှိသေးသည်။

ချူး

ဟန်သစ်မဂ္ဂဇင်း အမှတ်(၁၀)

www.burmeseclassic.com

www.burmeseclassic.com

# တစ်



www.burmeseclassic.com

www.burmeseclassic.com

**ခံတပ်**

တစ်ခုသော နွေရာသီ၏ တနင်္ဂနွေတစ်ရက်တွင် ကျွန်ုပ်မ တွေ့ကြုံခဲ့ရသော အမျိုးသမီးကြောင့် ကျွန်မ ဆုံးဖြတ်ချက် တစ်ခု နှောင့်နှေး ပျက်ပြယ်သွားခဲ့ရသည်။ ထို့အတွက် ကျွန်မ ထိုအမျိုးသမီးကို ကျေးဇူးတင်ရပါသည်။ ကျွန်မ၏ ဒေါသများ နာကြည်းကြေကွဲမှုများကို ဖယ်ရှားမပေးနိုင်သည့်တိုင် ကျွန်မ၏ ဆင်ခြင်တုံတရားကို ပြန်လည်ရရှိအောင် တတ်နိုင်သမျှ ကြိုးစား ဆည်မတ်ပေးသော ထိုအမျိုးသမီးအား ကျွန်မ အမြဲတမ်း သတိရနေတော့မည်။

ကျွန်မ ရင်ဆိုင်နေရသော အဖြစ်အပျက်ကိုသာ ကျွန်မ၏ နိုင်ရည် စမ်းသပ်သည့်ပွဲဟု ခေါ်ဆိုခွင့် ရှိမည်ဆိုလျှင် သူမ သည် ထိုပွဲတွင် အကဲဖြတ်လူကြီးတစ်ယောက် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူမအမည်ကို ကျွန်မ မသိပါ။

ကျွန်မ၏ မှတ်ဉာဏ်ထဲတွင်တော့ သူမသည် မြေအလမ္ပာယ် ဆရာမ တစ်ဦးသာ ဖြစ်၏။

✱✱✱

ပုံချိတ် ရှေ့ပိုင်းဆီမှ ပြေးလာသော ရေများ ကျွန်မ ပါးပြင်သို့ ဖျန်းခနဲ ဖျန်းခနဲ ပက်လာသည်အထိ စက်အရှိန်ကို မြှင့်တင်၍ ခုတ်မောင်းရသည့် အရသာကို ကျွန်မ သဘောကျလာသည်မှာ တော်တော်ကလေး ကြာခဲ့လေပြီ။

ထိုနေ့ နံနက်ကတော့ စက်ကို သာမန်ထက်ပို၍ အရှိန်မြှင့်တင်လာသောကြောင့် ပုံချိတ်လှေကလေးသည် မြားတစ်စင်း သဖွယ် ရေပြင်ကို ဖြတ်သန်း ရှပ်တိုက်ပြေးလျက် ရှိခဲ့သည်။ ရေစက် ရေပေါက်ကလေးများ၏ အအေးဓါတ်ကို နှစ်သက်စွာ ခံယူရင်း ဖူးပြင်းလောင်မြိုက်သော ဒေါသများကို ဇွတ်ကျိတ်မှိတ် မျိုချရင်းကပင် 'သူ'က ကျွန်မအာရုံထဲသို့ ဝေ့ဝဲပင်ရောက်ခဲ့သေးတာ ကျွန်မ မှတ်မိသည်။

**LOBO** ၏ 'သူမကို ဘယ်လိုပြောရမလဲ'ဟု အဓိပ္ပာယ်ရသော **'HOW CAN I TELL HER'** သီချင်းကို ကျွန်မ ယခင်က အလွန် နှစ်သက်ခဲ့ရသော်လည်း ယခုလို ကျွန်မ ယောကျာ်း မကြာမကြာ သီဆိုညည်းလာသည့်အခါ ကျွန်မ ခါးသီးစွာ မုန်းတတ်လာပြီ။ ယခုအခါ လူချင်း နီးကပ်လျက်က စိတ်ချင်း ဝေးကွာနေကြသော ကျွန်မတို့ လင်မယား၏ အဖြစ်အပျက်ကို ပို၍ ပီပြင်ထင်ရှားအောင် သူ ညစဉ် နားထောင်လေ့ရှိသော တိပ်ခွေထဲမှ ဤသီချင်းက ဖန်တီး အရောင်တင်ပေးလျက် ရှိကြောင်း သူ မသိဘဲ နေမှာ မဟုတ်ပါ။

ကိုယ် အထီးကျန်ဝေဒနာ ခံစားရတိုင်း သူ အလိုက်သိတတ်တယ်

www.burmeseclassic.com

www.burmeseclassic.com



ကိုယ် ဝမ်းနည်းနေတဲ့အခါမှာ သူလည်း ငိုတယ်
ကိုယ် အောင်မြင်လာတဲ့ အချိန်တွေမှာ သူက ခေါင်းမော့ တက်ကြွနေပြီး
ကိုယ် ကျရှုံးလာတဲ့အချိန်တွေမှာ သူလည်း ခေါင်းငိုက်စိုက် ကျခဲ့ရတာပဲ
ကိုယ် စိတ်ပျက်အားလျော့နေတဲ့ အချိန်မှာတော့ ကိုယ်ဘာလုပ်ရမယ် ဆိုတာ သူအမြဲ ပြောပြလေ့ ရှိတယ်၊
ဒါပေမယ့်....မိန်းကလေးရယ်
မင်းနဲ့ ကိုယ်အကြောင်းကိုတော့ သူ မသိပါဘူးကွယ်....

သူ့မျက်နှာကို လက်ညှိုးတည့်တည့်ထိုး၍ အော်ဟစ်ရန်တွေ့ပစ်ချင်လိုက်သော ဆန္ဒများ၊ ဖန်ခွက်တွေ ပန်းကန်တွေ ပစ္စည်းတွေကို စိတ်ရှိလက်ရှိ ပေါက်ခွဲပစ်ချင်သည့် ဆန္ဒများ ဖြစ်ပေါ်လာတိုင်း ကျွန်မ ဖြုန်းခနဲ အပြင်ပြေးထွက် ရှောင်တိမ်းခဲ့ရသည်ချည်းသာ ဖြစ်သည်။ ကျွန်မတို့ မိန်းမသားများအတွက် မျိုသိပ်ခြင်းသည် အကောင်းဆုံး ခံတပ်တစ်ခုပဲ မဟုတ်လား။

သို့သော် အရာရာတွင် ခံနိုင်ဝန်ဆိုသော အတိုင်းအတာ ရှိပါသည်။ ဘာပဲဖြစ်ဖြစ် ကာလတော်တော်ကြာအောင် မသိဟန်ဆောင် နေခဲ့ရသည့်အခါ သူ့ကို စေ့စေ့ကြည့်၍ ကျွန်မ သိနေကြောင်း ဖွင့်ဟ ရန်တွေ့ပစ်ချင်လှသည်၊ ထိုစိတ် တစ်ခုတည်းကပင် ကျွန်မရင်မှာ မျိုသိပ်ခြင်းအတွက် နေရာသိပ်မကျန်တော့ကြောင်း သိသာ ထင်ရှားစေပါသည်။

အို....မိန်းကလေးရယ်
မင်းအကြောင်း သူ့ကို
ကိုယ် ဘယ်လို ပြောရပါ့မလဲကွယ်....

www.burmeseclassic.com

www.burmeseclassic.com



သူ စိတ်ရှုပ်ထွေး ညစ်ညူးမှုများ၊ တင်းကျပ် ကြေကွဲမှုများကို ပတ်ဝန်းကျင် တီးတိုးစကား၏ အောက်မှာ မသိမသာ အကဲခတ်ရင်းအပြင် ကျွန်မ၏ ဝမ်းနည်းမှုများ ပို၍ပို၍ ထုထည်များပြားလာခဲ့သည်၊ ထိုအခါ ကျွန်မ၏ တစ်ခုတည်းသော ထွက်ပေါက်မှာ ပင်လယ်ကမ်းစပ် တစ်ခွင် ပွဲချိတ် စီးခြင်းပင်ဖြစ်သည်၊ နေ့ခင်း အချိန်များတွင်လည်း သူနှင့် ကျွန်မ ဆုံတွေ့နိုင်သည့် တစ်ရက်တည်းသော ရုံးပိတ်ရက် တနင်္ဂနွေနေ့သည် ကျွန်မအဖို့ ငရဲကျခံရသော ရက်သာ ဖြစ်သည်။ ထိုတနင်္ဂနွေနေ့ကို ရှောင်တိမ်းရန် သူက မကြိုးစားသောအခါ ကျွန်မက ရှောင်တိမ်းရန် ကြိုးစားရတော့သည်၊

မိန်းကလေးရယ်....မင်းအကြောင်း သူ့ကို
ကိုယ် ဘယ်လို ပြောရမလဲကွယ်
ကိုယ် ဘာလုပ်ရမယ် ဆိုတာ တစ်ဆိတ် ပြောပြပါလား
ကိုယ် မင်းနဲ့အတူ ရှိနေတဲ့အခါ
အရာရာဟာ မှန်ကန်နေတာပဲ
ဒီတော့ သူ့ကို ဘယ်လို ပြောရမယ် ဆိုတာ
မင်းက ကိုယ့်ကို ပြောပြပါလားကွယ်....

ဒီသီချင်းကို ကျွန်မ ရှေ့မှာ သူမို့ နားထောင်ရက်လေခြင်းဟု တနုံ့နုံ့ ဒေါသထွက်ရင်းကပင် မိမိအဖြစ်ကို ပြန်လည်ကြေကွဲနေမိပြန်လေသည်။

ဖွာလန်ကြဲနေအောင် ဖြန့်ချထားသော ဆံပင်များ လေအရှိန်ဖြင့် ရှုပ်ယှက်ခတ် ဝေ့ဖွာသွားသည့် နာကျင်မှုသည် သူ့လက်များဖြင့် ဟန်ဆောင်ပန်ဆောင် တို့ထိဆုပ်ကိုင်ခြင်း ခံခဲ့ရသည့် ဆံပင်တစ်ပင်၏ နာကျင်မှုလောက် ကျွန်မကို မကြေကွဲစေနိုင်ပါ၊

ရင်ဘတ်ဆီသို့ အရှိန်ပြင်းစွာ အတင်း တိုးဝင်လာသော လေထုသည် တလူးလူး တလိမ့်လိမ့်ဖြင့် ဆောက်တည်ရာမရစွာ

www.burmeseclassic.com

www.burmeseclassic.com



ခိုး၍ ရိုက်ငင်သည့် သူ့ပင့်သက်လောက် ကျွန်မကို မနာကျင်စေနိုင်ပါ။ ဒါကို ကျွန်မ သိသည်။ ဝမ်းပန်းတနည်း သိပါသည်။

ဖြစ်နိုင်မည်ဆိုလျှင် မြိတ်ကျွန်းစု တစ်ခုလုံး အနှံ့ ပင်လယ်ပြင်တွင် ပဲ့ချိတ်ကို စက်ကုန်ဖွင့်လျက် မြားတစ်စင်းလို မောင်းနှင်သွားချင်သည်။အန္တရာယ်ဟူသော အရာဝတ္ထုကို လက်ဖဝါးပေါ်မှာ တင်လျက် လေ့လာချဉ်းကပ်ရင်း ပူပင်သောကများမှ ထွက်ပြေး လွတ်မြောက်ချင်သည်။ ဤဆန္ဒသည် ညပေါင်းများစွာ ကျွန်မ ရင်မှာ ငြိတွယ်နေခဲ့၏။ ထိုနေ့ကတော့ အကောင်အထည်ဖော်ရန် ဆုံးဖြတ်ချက် ချပြီးသော နေ့ဖြစ်သည်။

မိန်းမတစ်ယောက်ရဲ့ ကျဆုံးခန်းတွင် သေခြင်းတရားဆိုတာ ထင်သလို ကြောက်မက်ဖွယ် မကောင်းတော့တာ သေချာပါသည်။

ထိုအတွေးများ ကျွန်မထံသို့ မည်သည့် အချိန် ကာလကတည်းက ဝင်ရောက်လာမှန်း မသိခဲ့သော်လည်း ကျွန်မ သတိထားမိသည့် အချိန်မှာတော့ ကျွန်မ သေရမှာ မကြောက်တော့ပါ။ သေခြင်းတရားဆိုတာ ရှုံးနိမ့်မှုထက်တော့ ပို၍ မခါးသီးနိုင်ဘူး မဟုတ်လား။

ရွှေသာလျှောင်းဘုရားသည် ကျွန်မဆီသို့ ရုတ်ခြည်း နီးကပ်လာသောအခါ စက်ကို ရပ်ပစ်လိုက်၏။ မြတ်စွာဘုရား ရုပ်ပွားတော် အကြီးကြီးသည် သွပ်မိုး အာရုံခံ တန်ဆောင်းအောက်တွင် အညိုရောင် သင်္ကန်းဖြင့် တည်ငြိမ်စွာ လဲလျောင်းလျက် ရှိသည်။

ဤတောင်ခြေသည် တနင်္ဂနွေနေ့များတွင် ကျွန်မ မကြာခဏ ထွက်ပြေးခိုအောင်းရာ နေရာဖြစ်သည်။ လှေသည် ကျွန်မ လိုချင်သော နေရာတွင် အတိအကျ ရပ်သွား၏။ ဖွာလန်ကြဲနေသော ဆံပင်များကို လက်ကိုင်ပဝါဖြင့် ဖြစ်သလို စုစည်း၍ စည်းနှောင်လိုက်ပြီး ခရင်းခွများ ကျဲပါးစွာ ပြန့်နေသော ကျောက်

www.burmeseclassic.com

www.burmeseclassic.com


ဆောင်တစ်ခုကို နင်းကျော်ဖြတ်လိုက်ချိန်အထိ ညတုန်းက သူ့အပြုံးကို မြင်ယောင်နေဆဲ ဖြစ်သည်။

ညတေ့မှာ သူ့ကို မပွေ့ဖက်တဲ့အတွက် သူ ခွင့်လွှတ်ဖို့
ကိုယ်ကြာခန် ကြိုးစားခဲ့ရတယ်
ကိုယ်တို့ မနက်ဖြန်အကြောင်း ပြောနိုင်ကြသားပဲ
ကိုယ်လုပ်ချင်တဲ့ အရာမှန်သမျှ သူ့ကို အမြဲ ပြောပြနိုင်
ခါတယ်ကွယ်
ဒါပေမယ့် မိန်းကလေးရယ်
မင်းအကြောင်းကိုတော့ သူ့ကို ဘယ်လို ပြောရမှာလဲ၊

တောင်းပန်ပြုံးလား၊ အားတင်းပြုံးလား သို့မဟုတ် သရော်လှောင်ပြုံးလား သူသာလျှင် သိပေလိမ့်မည်။ သူ၏ အပြုံးကြောင့် ကျွန်မ အသားတဆတ်ဆတ် တုန်လှုပ်ကာ နာကြည်းမှာ ရှုံးနိမ့်သွားခဲ့ရကြောင်း သူ သိသွားပါလိမ့်မည်။

ယခင်ရက်သတ္တပတ်များကတော့ သည်ဘက်ကမ်းရောက်လျှင် ကျွန်မ ရွှေသာလျောင်းဘုရားကို ဦးချ ကန်တော့သည်။ ဘုရား အာရုံခံတန်ဆောင်း၏ ခြေရင်းဘက်မှတစ်ဆင့် ကျောက်တုံးအထပ်ထပ် လမ်းသွယ်ကလေးပေါ်သို့ တစ်ဆင့်ချင်း တက်ကာ တောလမ်းကလေးတစ်လျှောက် ကွေ့ပတ်တက်မည်။ပထက်တောင်ပေါ် ရောက်လျှင်တော့ တောင်ပေါ် ဘုရားကလေး၏ ရင်ပြင်တွင် ငြိမ်သက်စွာ ထိုင်ကာ ငေးမော တွေဝေနေမည်။ အောက်ဘက်ဆီမှ တလှုပ်လှုပ် တရွရွ လှေများ၊ ဟိုဘက်ကမ်းမှ စက်လှေများ၊သင်္ဘောများကို ငေးမောနေမည်။ ငြိမ်သက်လွန်း၍ ငြီးငွေ့လာပြန်သည့်အခါ ကျွန်မ ဖြုန်းခနဲထကာ အောက်ပြန်ဆင်းလာခဲ့တော့မည်။ ပြီးတော့ ဟိုဘက် ပထက် တောင်ခြေရှိ ပုလဲနှင့်ငါး ရေခဲစက်ရုံခန်းဆီသို့ လမ်းလျှောက်သွားမည်။ စက်ရုံအဝင်အထွက် အလုပ်သမကလေးများကို ပြုံးရယ် နှုတ်ဆက်မည်၊ အသိအကျွမ်းဖြစ်နေသော လက်ဖက်ရည်ဆိုင်သို့ ဝင်၍

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခု စားသောက်မည်။ အများအားဖြင့်တော့ ကော်ဖီနှင့် ပူတင်းပေါင်မုန့်ပါပဲ။ နောက်တော့ ဆိုင်မှာ မွေးမြူထားသော ယုန်ကလေးများကို ကန့်စွန်းရွက် စံသည့် အရွက်တစ်ခုခု ကျွေးမည်။ နောက်ဆုံးမှာတော့ ထင်းရှူးသေတ္တာထဲတွင် ပျင်းရိစွာ ခွေအိပ်နေတတ်သည့် ကြီးမားလှသော မြွေကြီးကို ကြာရှည်စွာ ငုံ့သာ ကြည့်မည်။ မလှုပ်မယှက် ငြိမ်သက်နေသော မြွေကို ငုံ့ကြည့်ပေမယ့် လက်ဖြင့်ပင် ထိကိုင်ခဲ့ခြင်း မရှိပါ။ ကြည့်ရရုံနှင့်ပင် ကျောထဲက စိမ့်လာတတ်သည်။ သို့သော် ထိုအရသာကိုပင် နှစ်သက် မက်မောစွာ အပတ်စဉ် ပြုလုပ်နေကျ အလုပ်တစ်ခု ဖြစ်လာခဲ့တော့သည်။

ထိုနေ့ကတော့ ခါတိုင်းနေ့ထက် ပို၍ ထူးခြားသည်မှာ အမျိုးသမီး တစ်ယောက်ကြောင့် ဖြစ်သည်။

ကျွန်မ ရောက်သွားချိန်တွင် လက်ဖက်ရည်ဆိုင်ထဲ၌ လူ စုရုံးလျက် ရှိ၏။ မြေစိုက်အိမ်ကလေး၏ လက်ဖက်ရည်သောက် စားပွဲအရှည်မှာ လူအပြည့်။ ထို့အပြင် မြေကြီးပေါ်တွင် တစ်ယောက် တစ်နေရာ မတ်ဘတ်ရပ်လျက် သူတို့အားလုံး၏ မျက်လုံးများမှာ တစ်နေရာတည်းသို့ စူးစိုက်စွာ ကြည့်နေကြသည်။ သူတို့အားလုံး မျက်နှာမူရာသို့ ကျွန်မ လှမ်းကြည့်လိုက်၏။

မိန်းမ တစ်ယောက်။

ပျဉ်ခင်း ကြမ်းပြင် အစွန်း မြွေသေတ္တာ အနီးတွင် မတ်တတ်ရပ်လျက် ရှိသည်။

ထိုမိန်းမ၏ ဆံပင်ရှည်များသည် ပခုံးပေါ်မှ တစ်ဆင့် နောက်ကျောဆီသို့ ဖြောင့်စင်းစွာ ကျနေသည်။ နက်မှောင် သန့်စွမ်းသော ဆံပင်များ ဖြစ်သည်။ မိန်းမ၏ မျက်နှာက ရှည်ရှည်၊ အသားက တော်တော့်ကို ညိုသည်၊ မီးခိုးရောင်ဝတ်စုံ ဝတ်ထား၏။ အထူးခြားဆုံးမှာ သူမ၏ မျက်လုံးများ ဖြစ်သည်။ မျက်တောင် တိုတို အလျားရှည်ပြီး စိုလက် တောက်ပြောင်နေသည်။ မျက်ဆံက အညိုရောင် ခင်လဲ့လဲ့။ မျက်ဝန်းကျယ်ပြီး မျက်ဆံ



www.burmeseclassic.com

www.burmeseclassic.com



သေးသည့် အဘုက် ကြည့်ရတာ ခပ်ကြောင်ကြောင် မျက်လုံးများ ဖြစ်နေ၏။

ကျွန်မသည် ဆိုင်အဝတွင် မတ်တတ်ရပ်လျက် မြင်ကွင်းကို အငေးသား ကြည့်နေလိုက်သည်။

ခဏအကြာတွင် လူခပ်များများ၏ အာမေဋိတ်သံများ ရှည်ရှည် တစ်သံတည်း ထွက်လာ၏။

ထိုမိန်းမက သေတ္တာထဲသို့ လက်နှိုက်လိုက်သောကြောင့် မြင်သည်။ ဆိုင်ရှင် မိသားစုက အနီးတွင် ပြုံးရယ်လျက် စိုက်ကြည့် အကဲခတ်၏။

ဤမြွေသည် ဆိုင်ရှင် မိသားစုကို ဘာအန္တရာယ်မှ မပေးကြောင်း ကျွန်မတို့မြိတ်တစ်မြို့လုံးလိုလို သိကြ၏။ ပိုင်ရှင်ဦးလေး၏ ထိုက်တန်း အာမခံချက်ဖြင့် ခရီးသွားအုပ်စုထဲမှ ကလေး တစ်ယောက် ထိုမြွေကို ကျွန်မ ရှေ့တွင် ထိကိုင်ခဲ့ဖူးတာ ကျွန်မ မှတ်မိသည်။ သိပ်ကြောက်စရာကောင်းသော စပါးကြီးမြွေသည် ထိုကလေးကို မော့၍ပင် မကြည့်ဘဲ ငြိမ်သက်နေခဲ့သည်။

သို့သော် ဆိုင်ရှင်၏ အာမခံချက် မပါသော ဤကိစ္စမှာ ဆော့ တစ်မျိုး ဖြစ်သည်။

အမျိုးသမီးသည် ခရီးသည် တစ်ယောက် ဖြစ်သည်။ ကျွန်မ တစ်ခါမျှ မမြင်ဖူးသော သူစိမ်းတစ်ယောက် ဖြစ်သည်။

ကျွန်မ ကြည့်နေစဉ်မှာပင် ထိုမိန်းမ၏ လက်က သေတ္တာထဲမှ ပြန်ထွက်လာသည်။ ကျွန်မ ထိတ်ခနဲ ရင်ခုန်စွာ မင်သက်မိနေ၏။ ထိုလက်ထဲတွင် မြွေကို ခေါင်းပိုင်း (လည်ပင်းမှ ဆုပ်ကိုင်လျက်သား) ပါလာသည်။ ထိုလက်ကို ဆန့်ထုတ် ဆွဲလိုက်သောအခါ ကြေးခွံ တလက်လက်နှင့် အဝိုင်းကွက်ကြီးများ လှပစွာ ဖြစ်ပေါ်လျက်ရှိသော မြွေကိုယ်လုံးသည် တွန့်လိမ် ရှည်လျားစွာ ပါလာလေသည်။ မြွေ၏ ကိုယ်လုံးမှာ ကျွန်မ၏ ခြေသလုံးလောက် ရှိမည်။ အမျိုးသမီး၏ ညာဘက်က မြွေ၏လည်ပင်းကို ဆုပ်ကိုင်လျက်၊ ဘယ်ဘက် လက်က မြွေကိုယ်လုံးကို

www.burmeseclassic.com

www.burmeseclassic.com



ဆုပ်ကိုင်ထိန်းလျက် လက်နှစ်ဖက် ဆွဲဆန့်လိုက်သောအခါ မြွေ အမြီးပိုင်းသည် သေတ္တာအပြင်သို့ ရောက်လာတော့သည်။ တွန့် လိမ်နေသော ကိုယ်လုံးကို သူမက အလိုက်သင့် ဖြေလျှော့ပေး သောအခါ ဖြောင့်စင်းသော မြွေအလျားသည် သူမအရပ် တစ် ဆခွဲလောက် ရှိလေသည်။

'ဝေး' ဟူသော အာမေဍိတ်သံများ စုပြုံထွက်လာ၏။

အမျိုးသမီးက လှစ်ခနဲ တစ်ချက်ပြုံးကာ မြွေဦးခေါင်း ကို သူမ၏ ပါးပြင်နှင့် ထိကပ်ယှူလိုက်၏။

အမယ်လေး.... ကျွန်မ အသည်းယားကာ တွန့်ခနဲ ဖြစ် သွား၍ နောက်သို့ ခြေတစ်လှမ်း ဆုတ်လိုက်မိသည်။ ကျွန်မသည် ဆိုင်အပြင်ဘက်သို့ ရောက်သွား၏။

ဘယ်လိုမိန်းမပါလိမ့်။ဘေးအန္တရာယ်များစွာကို မက်မော နှစ်သက်လာ သူကျွန်မပင်လျှင် စိမ့်ခနဲ အသည်း အေးသွားစေ သည့် အပြုအမူတစ်ခု ဖြစ်ပါသည်။ သူမအနီးသို့ လူများစုပြုံ ဝိုင်းလာကြသည်။

'မရှိက်နဲ့'

စူးရှ သေးမျှင်သော သူမ အသံမှာ ကျယ်လောင်လှ၏။

ကင်မရာကို ချိန်ရွယ်လျက်ရှိသော အသက် ခပ်ရွယ်ရွယ် လူတစ်ယောက်ထံသို့ သူမက မြွေနှင့်အတူ တိုးကပ်သွားသော အခါ ထိုသူက လန့်ဖျပ်၍ နောက်ဆုတ်လိုက်လေသည်။ ပြောင် လက်နေသော သူမ၏ မျက်လုံးများ ထိုလူ့ထံမှာ အကြာကြီး စူးစိုက်နေ၏။ ထိုလူက တစ်လှမ်းချင်း နောက်ဆုတ်ရင်း ကင်မရာ ကို ပြန်လွယ်လိုက်သည်။ ထိုအခါကျမှ သူမက ပြုံး၍ ပြန်လှည့် လာပြီး မြွေကို လေဖြင့် မှုတ်ပေးနေသလား၊ လေချွန်နေသလား ကျွန်မ မကွဲပြားသော အပြုအမူတစ်ခုကို လုပ်လိုက်လေသည်။

ထို့နောက် အမျိုးသမီးက မြွေကို လက်နှစ်ဖက်ဖြင့် မြှောက်ကိုင်ထားရင်း မျက်စိကို စုံမှိတ်၍ ပါးစပ်မှ တတွတ်တွတ် ရွတ်နေသည်။ ဘာတွေ ရွတ်နေသလဲ ကျွန်မ မသိပါ။ ပါးခိုးရောင်

www.burmeseclassic.com

www.burmeseclassic.com



ပွရောင်းရောင်း အင်္ကျီနွမ်းဖတ်ဖတ်က လေမှာ တဖျတ်ဖျတ် လွင့်နေသည်ကိုသာ ကျွန်မ ငေးမော ကြည့်နေမိသည်။

'ဒီမြေဟာ သာမန် အသားစားမြေ မဟုတ်ဘူး'

ထိုအမျိုးသမီး၏ အသံမှာ မြိတ်သံ လုံးဝ မပါပါ။ မြန်မာသံ စစ်စစ်ဖြင့် ပြောခြင်း ဖြစ်သည်။ ထိုစကားကို ကျွန်မ [illegible]ခဲ့ပါသည်၊ ထိုမြေသည် သူ့အနီးအပါးရှိ ယုန်ကလေးများကို ဘယ်တော့မှ အန္တရာယ်မပေးပါ။ ထိုယုန်ကလေးများ သူ့အနီးတွင် ပြေးလွှား ဆော့ကစား နေခဲ့သည်မှာ နှစ်နှင့်ချီ၍ ကြာမြင့်ခဲ့ပြီ။

'သူ့မှာ တန်ခိုးရှိတယ်၊ အဲဒီတန်ခိုးကိုတော့ သူကိုယ်တိုင် ဘယ်တော့မှ ပြမှာ မဟုတ်ဘူး'

ထိုစကားကိုတော့ ကျွန်မ နားမလည်ပါ။

ခဏကြာတော့ အမျိုးသမီးသည် မြေကို ဖြည်းညင်းသာယာစွာ ပုတ်သပ် ကိုင်တွယ်လျက် ထင်းရှူးသေတ္တာထဲသို့ အခွေလိုက် စိတ်ရှည်လက်ရှည် ပြန်ထည့်ထားလိုက်၏။ သူမ၏နံဘေးမှ ငြိမ်သက် စူးစိုက်နေသော လူများ နောက်သို့ ခြေလှမ်းဆုတ်ခွာသွားကြသည်၊ သူမက အနီးရှိ လူတွေ၏ မျက်နှာကို တစ်ယောက်ချင်း စူးစိုက်စွာ ကြည့်၏။ တစ်ယောက်စီကို ခပ်ကြာကြာ အကဲခတ်ကြည့်ခြင်း ဖြစ်သည်။ ထို့နောက် ပခုံး မသိမသာ တွန့်လိုက်ကာ ပြန်လှည့်ထွက်ရန် ခြေလှမ်းပြင်သည်။ ထိုအချိန်မှာပင် ဆိုင်အပြင်မှာ ထီးထီးရပ်၍ ကြာမြင့်စွာ ငေးမောနေသော ကျွန်မ၏ မျက်လုံးများနှင့် ထိုအမျိုးသမီး၏ မျက်လုံးမှာ ဆုံဆည်းမိသည်။

အမျိုးသမီး၏ မျက်ဝန်းများ လက်ခနဲ တောက်ပသွား၏။

ထို မျက်လုံးများ၏ ကြောက်စရာကောင်းပုံကို ကျွန်မ ဘယ်လိုမျှ မဖော်ပြတတ်ပါ။ ထိုမျက်လုံးများသည် ကျွန်မ၏ ကိုယ်ခန္ဓာ အစိတ်အပိုင်း တစ်ခုချင်းကို စူးစမ်း လှေ့လာလျက်

www.burmeseclassic.com



ရှိသည်။ ကျွန်မ ကိုယ်ခန္ဓာထဲမှ တစ်စုံတစ်ခုကို ဆွဲငင် ထုတ်ယူသွားတော့မလို ဖောက်ထွင်းစူးရှသည့် အကြည့်များ ဖြစ်သည်။ ထိုအကြည့်ကြောင့် ကျွန်မ အားတင်း ချုပ်ထိန်းလျက်က ဒူးများ ညွတ်ကွေးတော့မလို ထင်လာသည်။ မဖြစ်ဘူး၊ ငါ ပြန်ထွက်မှ ဖြစ်မယ်။ ငါ ဘာဖြစ်လို့ ဒီနေရာကို လာမိပါလိမ့်။ ဒါ ငါ့နေရာလည်း မဟုတ်ဘူး။ ငါ့နေရာက ပင်သယ်ပဲ။

ထိုအတွေးဖြင့် ကျွန်မ လှည့်ထွက်ရန် ကြိုးစားသည်။ သို့သော် ကျွန်မ ကိုယ်ခန္ဓာသည် လုံးဝ ရွေ့လျားချုမရဘဲ နေရာမှာပင် အမြစ်တွယ်နေသလို ခံစားရသည်။ ကျွန်မ တစ်ကိုယ်လုံး အေးစက်ကာ တဆတ်ဆတ် တုန်ယင်လာ၏။ ထိုမိန်းမထံမှ အကြည့်လွှဲရန် ကြိုးစားလိုက်သည်၊ မရပါ။ ညိုလဲ့တောက်ပသော မျက်ဆံသေးသေးလေးက ကျွန်မကို ညှို့ယူပြီးပြီ ဖြစ်သည်။

သူမ ကျွန်မဆီ တစ်လှမ်းချင်း တိုးကပ်လာ၏။

ဘုရား....ဘုရား.... ကျွန်မ ဘယ်လိုမှ ခြေလှမ်း ဆုတ်၍ မရပါ။

ကျွန်မနှင့် တစ်ပေခန့်အကွာတွင် သူမရပ်တန့်လိုက်သည်။ သူမ မျက်နှာပေါ်မှ အရေးအကြောင်းများကို ယခုမှ ထင်ထင်ရှားရှားမြင်ရသည်။ ဘယ်နည်းနှင့်မျှ အသက် ၄၀ ထက်မငယ်နိုင်ပါ။ သူမ ပြုံးလိုက်၏။ ညိုမှောင်သော အသားအရေနှင့် ဆန့်ကျင်စွာ သူမ၏ သွားဖုံးများမှာ ပန်းရောင်ဖြစ်နေ၏။

'နင့်ရဲ့ မျက်လုံးထဲမှာ ငါ မီးတောက်တွေမြင်နေရတယ်'

မဖြစ်နိုင်ပါ။ ကျွန်မသည် ဟန်ဆောင်သည့် အတတ်တွင် ကျွမ်းကျင်လွန်းသဖြင့် 'သူ့' အကြောင်း ကျွန်မ အကုန်အစင် သိနေပြီဆိုတာပင် 'သူ' မသိပါ။ ကျွန်မ၏ပူပင်သောကကို 'သူ' တောင် မသိလျှင် ဤတစိမ်း မိန်းမ ဘယ့်နှယ်လုပ် သိနိုင်မည်နည်း။

ကျွန်မ တစ်စုံတစ်ခု ပြန်ပြောဖို့ ပါးစပ်ပြင်ရုံရှိသေးချိန်တွင် ထိုမိန်းမ နောက်တစ်ခွန်း ထပ်ပြော၏၊ သူမ အသံမှာ တိုးတိုးကလေး။

www.burmeseclassic.com

www.burmeseclassic.com



'ဒေါ်သကြောင့် တစ်ခုခုလုပ်တော့မလို့ မဟုတ်လား၊ ဒါပေမယ့် အဲဒါကို ဘယ်တော့မှလဲ လုပ်ဖြစ်မှာ မဟုတ်ဘူး'

ကျွန်မ ဒေါသ ထောင်းခနဲ ထသွား၏။ ဒီမိန်းမ ဘာတွေ လာပြောနေတာလဲ၊ ဒါ ငါ့သတ္တိကို စော်ကားတာပဲ၊ သို့သော် ကျွန်မ ချက်ချင်း စိတ်ပြန်လျော့သွားသည်။ ဟုတ်အင်း၊ ဒါ သတ္တိမဟုတ်ဘူး၊ မိုက်မဲမှုပဲ၊ ဟုတ်တယ်၊ ငါ ဒါကို မလုပ်သင့်ဘူး။

'ဘာဖြစ်လို့လဲဆိုတော့ နင့်ရဲ့ တန်ဖိုးကို သူ ကောင်းကောင်း သိနေတယ်ဆိုတာ နင် သိသားပဲ'

ဘုရားရေ....ကျွန်မ တစ်ခုခုပြောဖို့ အားယူလျက် အသံထုံးဝ ထွက်မလာပါ၊ မျက်နှာချင်းဆိုင် ကြည့်နေစဉ် သူမက လှစ်ခနဲ ပြုံး၏။

'နင် ကံကောင်းပါတယ်၊ နတ်ကောင်း နတ်မြတ်တွေက နင့်ကို စေးမပါလိမ့်မယ်၊ စိတ်ရှည်ရှည် သည်းညည်းခံနေ၊ ကြားလား'

သေတော့မှာပဲ၊ ကျွန်မဘယ်နှစ်နှစ်ကြာအောင် သည်းခံနေရမှာလဲ၊ ယောကျ်ားတစ်ယောက်ရဲ့ ဖောက်ပြန်မှုကို ကမ္ဘာပေါ်မှာ ဘယ်မိန်းမက သည်းညည်းခံနိုင်ခဲ့လို့လဲ။

ထိုမိန်းမ ဖြုန်းခနဲ ပြန်လည် ထွက်ခွာသွားသည့်အခါ စက်ရုံဗောတံတားမှ လှေဆီသို့ ဆင်းသော လူအုပ်စုထဲတွင် ပါသွား၏။ သူမ ကျွန်မထံ လှည့်မကြည့်တော့ပါ။

***

ထိုနေ့ညနေက အခါတိုင်း တနင်္ဂနွေနေ့များထက် ပို၍ စောစွာ အိမ်ပြန်ရောက်သွား၏။

ကျွန်မတွင် ခါတိုင်းလိုပင် သူ့အတွက် ဟန်ဆောင်ပြုံး တစ်ခု အဆင်သင့် ပါသွားသည်။ ကျွန်မတို့နှစ်ယောက်၏ အိပ်ခန်းထဲသို့ ကျွန်မ ဝင်သွားချိန်တွင် ထိုဟန်ဆောင်ပြုံး လျော့ရဲရဲ ဖြစ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ် အဝေးတစ်နေရာ ရောက်နေတဲ့အချိန်တွေမှာ
သူ့ကို နည်းနည်းမှ မလွမ်းမိဘူးဆိုတာ
သူ့ကို ဘယ်လိုပြောရမလဲ မိန်းကလေးရယ်....

လဲ သေလိုက်ပေါ့။

ပခုံးတွင် လွယ်ထားသော သားရေအိတ်ကို ခုတင်ပေါ် ဝုန်းခနဲ ပစ်ချလိုက်ပြီးမှ ကျွန်မ နှောင်တ ရသွားသည်။ ချုပ်တည်းနိုင်စွမ်းရှိတဲ့ မိန်းမတွေရဲ့ အပြုအမူဟာ ဒီလို မဟုတ်ဘူး။

'နင့်ရဲ့တန်ဖိုးကို သူကောင်းကောင်းသိနေတယ်ဆိုတာ....'

မြွေလအမွှာယ်ဆရာမ၏ သတိပေးချက်က နားဝသို့ တိုးတိတ်စွာ ဝင်ရောက်လာသောအခါ ကျွန်မ၏ဒေါသများ၊ ရှက်ရွံ့နာကြည်းမှုများကို ကျိတ်မှိတ်မျို ချပစ်လိုက်ရလေသည်။ ခံစားမှုတစ်ခုခုကို မျိုသိပ်ရတာ သိပ်ခက်တယ်ဆိုတာ ဒီ မိန်းမ မသိလေရော့သလား။

***

ပင်လယ်ပြင်ဆီသို့ ပွဲချိတ်ကလေး စက်ကုန် ဖွင့်လျက် ဦးတည်ရာမဲ့ လျှောက်လွှင့် ပျောက်ဆုံးပစ်လိုက်ဖို့ ဆုံးဖြတ်ချက်မှာ ထိုမိန်းမကြောင့် ပျက်စီးသွားခဲ့သည်။ သို့သော် တနင်္ဂနွေနေ့တိုင်း သူနှင့် တစ်နေကုန် မျက်နှာချင်းဆိုင်ဖို့ နာကျင်ခက်ခဲစွာ ကျွန်မ လက်မြှောက်အရှုံးပေးပြီး ပြေးထွက်လာရသည့်ထုံးစံကတော့ ယခုထိ မပျက်သေးပါ။

မကြာခဏဆိုသလို ပထက် တောင်ခြေသို့ ကျွန်မ ရောက်သွားဘတ်၏။ တောင်ခြေရောက်တိုင်း စက်ရုံဘေး လက်ဖက်ရည်ဆိုင်ကလေးဆီသို့ ကျွန်မ သွားမြဲဖြစ်သည်။ သွားတိုင်းလည်း မလှုပ်မယှက် ခွေအိပ်နေသော မြွေကြီးကို ကြောင့်စွာ ငုံ့ကြည့်

www.burmeseclassic.com

www.burmeseclassic.com



မိမြို့ဖြစ်သည်၊ ထိုသော် ကျွန်မ၏ မြေအလမ္ပာယ်ဆရာမကိုတော့ မတွေ့ရတော့ပါ။

အာပဲဖြစ်ဖြစ် ကျွန်မမှာတော့ နာကြည်းမှုများကိုမျိုသိပ်၍ ဟန်ဆောင်ပြုံးဖြင့် ချုပ်တည်း နေရဲဆဲသာ ဖြစ်ပါသည်။

ဂျူး

(၁၉၉၂ ခုနှစ်၊ မြိတ်မဂ္ဂဇင်း၊)

www.burmeseclassic.com

www.burmeseclassic.com

# မျှားခြင်း




www.burmeseclassic.com

www.burmeseclassic.com

## ငါးမျှားခြင်း

ငါးမျှားခြင်း၏ အဓိက ရည်ရွယ်ချက်မှာ ငါးရဖို့ မဟုတ်ပါ။

ဤနေရာသည် တစ်မြို့လုံးတွင် အေးဆေးတိတ်ဆိတ်သော နေရာဖြစ်သည်။ ထို့အပြင် သစ်ရိပ် ဝါးရိပ်ဖြင့် အုပ်ဆိုင်းထူထပ်သော နေရာလည်း ဖြစ်သည်။ မြို့၏အစွန်းအဖျားရှိ တောအုပ်ဘေးတွင် နက်ရှိုင်းသော ရေကန်တစ်ခု ရှိနေသည်မှာ သူ့အတွက် အားတက်စရာပင် ဖြစ်သည်။ ထိုရေကန်တွင် ငါးများရှိနေသည်မှာလည်း သူ့အတွက် ကံကောင်းခြင်းပင် ဖြစ်သည်။

သူသည် နှစ်တော်တော်များများပင် ငါးမျှားခြင်းနှင့် ရင်းနှီးကျွမ်းဝင်ခဲ့သည်။

ပထမဦးဆုံးအကြိမ် ဤနေရာသို့ ငါးလာမျှားစဉ်က သူ့အသက် ၄၇ နှစ်သာရှိသေး၏။ ယခု သူ့အသက် ငါးဆယ့်လေးနှစ် ရှိပြီ။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ဖြောင့်မှန် ရိုးအ,သော အထက်တန်း စာရေးကြီး ဖြစ်၏၊ ကောက်ကျစ်မှု၊ လှည့်ပတ်မှုကို မုန်းတီးသူ၊ လိုက်လျောညီထွေ နေခြင်းနှင့်လည်း မရင်းနှီးသူ၊ မှန်ကန်စွာ ပြုမူဆောင်ရွက်တတ်သူ ဖြစ်၏။

သူ့အိမ်သည် ဤကန်နှင့် မိုင်ဝက်လောက် ဝေးသော နေရာတွင် ရှိသည်၊ ရုံးဆင်းသည်နှင့် တစ်ပြိုင်တည်း အိမ်ပြန်ရောက်၊ ဃက်ဆွဲအိတ်ချကာ ငါးမျှားတံနှင့် ကိရိယာ တန်ဆာပလာများ ယူဆောင်လျက် ဤနေရာသို့ ထွက်လာနေကျဖြစ်၏၊

လမ်းတစ်လျှောက်တွင် ဈေးဆိုင်ကလေးများ၊ လက်ဖက်ရည်ဆိုင်များအကြော်အလှော်ဆိုင်များကိုဖြတ်သန်းလာခဲ့ရသည်၊ ရှုတ်မောသံများ၊ စကားသံများ၊ နွားနို့ညှီနံ့များ၊ လက်ဖက်ခြောက်နံ့များ၊ ဆီကြော် ညှော်နံ့များကို သူ နည်းနည်းမျှ စိတ်မဝင်စားပါ၊ သူ စိတ်ဝင်စားသည်က အုပ်ဆိုင်းသော တောအုပ်နှင့် ရေကန်ကြီးသာ ဖြစ်သည်၊ ပူအိုက်သော နွေရာသီများတွင် အဝတ်အစားတွေကို သစ်ပင်အောက်မှာ ပုံထားပြီး သူ ရေဆင်းချိုးနိုင်သေး၏။ အေးစိမ့် ချမ်းမြသော ဆောင်းရာသီများတွင် သစ်ရွက်ခြောက်များကို မီးရှို့ပြီး မီးလှုံနိုင်သေး၏။ မိထားသော ငါးများကို ကင်၍ စားနိုင်သေး၏။ ဤနေရာလောက် သူ့အတွက် နားခိုစရာကောင်းသော နေရာ ဘယ်မှ မရှိပါ။

***

သူ့တွင် သူ့ဩဇာ မစာည်သော သားနှစ်ယောက် ရှိသည်။ အဝတ်အစား အသစ်အဆန်းမှန်သမျှ မက်မောသော သမီးတစ်ယောက် ရှိသည်။ သူလုပ်ကိုင်သမျှကို အပြစ်ရှာ အပြစ်မြင်၍ တဖျစ်တောက်တောက် ညည်းညူ၊ ဆူပူတတ်သော ဇနီး တစ်ယောက် ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com


လွန်ခဲ့သော နှစ်ပေါင်း သုံးဆယ်ကတော့ သူသည် ထက်ကြွသော လူငယ်တစ်ယောက် ဖြစ်ခဲ့သည်။ အောက်တန်းစာရေး ရာထူးမှ အထက်တန်းစာရေး ရာထူး တက်ခွင့်ရရန် အလွန်မျှော်လင့် ပျော်ရွှင်ခဲ့သည်။ လက်ထပ်ခြင်း၊ အိမ်ထောင်သားမွေးပြုခြင်းသည် လူ့လောကဝတ္တရား၊ မဖြစ်မနေ ဆောင်ရွက်ရမည့် အရာများဟု ယူဆကာ ထိုအရာများအတွက် ပြင်ဆင်ခဲ့သည်။ သူသည် အရာရာကို ရိုးရိုးရှင်းရှင်းသာ တွေးတတ်သည်။ ကလေးတစ်ယောက်ပြီးတစ်ယောက် မွေးတော့လည်း ပျော်ရွှင်နေခဲ့၏။

တကယ်တော့ အိမ်ထောင်ရေးဆိုသည်မှာ သူလိုလူမျိုးအတွက် မဖန်တီး မပြုလုပ်သင့်သော အရာတစ်ခုသာ ဖြစ်ကြောင်း နှစ်ပေါင်းများစွာ နောက်ကျပြီးမှ သူ သိခဲ့သည်။ အိမ်ထောင်ပြုခြင်း၏ နောက်တွင် မလိုချင်သော ဇီဇ စရိုက်များ ပါလာသည့် သားသမီးများလည်း မွေးတတ်သေးကြောင်း သူ ယခုမှ သိသည်။ ထိုသားသမီးများ လိမ္မာရေးခြားရှိဖို့၊ ပညာတတ်ကျွမ်းဖို့၊ ကိုယ်ကျင့်သိက္ခာ ကောင်းမွန်ဖို့ကို သူ ဘယ်လိုမှ မတတ်နိုင်ဘဲ ရှိနေသည်။

သမီးကြီးသည် ရုပ်ရည် သင့်တင့်၏။ အလှအပကို အလွန်အကျွံ မက်မော၏။ ငယ်ရွယ်စဉ်ကတည်းက ပညာထက် အလှပြင် ပစ္စည်းကိရိယာများကို ပို၍ တန်ဖိုးထားတတ်၏။ အတန်းထဲတွင် စာမေးခံရပြီး မဖြေနိုင်ခြင်းထက် ဆံပင်တွင် ကလစ်ရောင်စုံ ဖဲကြိုးရောင်စုံ မတပ်ဆင်နိုင်ခြင်း၊ နှုတ်ခမ်းဆိုးဆေးရောင်စုံ မဆိုးနိုင်ခြင်းကို ပို၍ရှက်၏။ ဆယ်တန်းကျပြီး ရပ်ကွက်ဈေးကလေးတွင် ကုန်စိမ်းရောင်းသော အလုပ်ကို သမီး လုပ်သောအခါ သူ မအံ့သြသော်လည်း ဖခင်ကို ခြေရာတိုင်းလာသောအခါ သူ အံ့သြမိသည်။ ဖအေရွှေ မရှောင်၊ မအေရွှေ မရှောင် တစိမ်းယောကျ်ားကလေးများနှင့် ရင်းရင်းနှီးနှီး ပုတ်ထိုက် ခတ်လိုက် နေတာကို သူ အံ့သြမိသည်။ ဆုံးမပြင်ဖို့ကြိုးစားတိုင်း လူမှုဆက်ဆံရေးကို အဖေ နားမလည်ပါဘူးဟု

ပြောခံရသောအခါ သူ ရက်လာ၏။ ဗိုင်းဒေါင်းကျောက်
ရှက်ကြောက်တတ်သော သမီးမိန်းကလေးကို လိုချင်သော ဖခ
သည် ရဲတင်း ကလက်သော သမီးကိုသာ ရခဲ့၏။

ဝပ်ရှော့တွင် အလုပ်လုပ်သည့် သားကတော့ တစ်မျိုး
ရုပ်ရည်ကလေး သင့်တင့်တာကို အခွင့်အကောင်းယူလျက် မိန်း
ကလေးများနှင့် ရှုပ်ယှက်ခတ်နေ၏။ ထိုသားကြောင့် သူမကြာ
ခဏ ရပ်ကွက်လူကြီးအိမ် ရောက်ရ၏။ သမီးရှင်များ၏ လက်ညှိုး
ထိုး မာန်မဲမှုကို မကြာခဏ ခံရ၏။ မိန်းကလေးများကို ဖျက်ဆီး
သူ ဟူသော နာမည်ပျက် ရနေသည့် သားကို လမ်းမှန်ပြဖြ
ပြောင်းလဲပေးဖို့ သူ ကြိုးစားဖူးသည်။ 'အဖေကလဲ ဘာမှမ
အဲနဲ့ ဒါကျွန်တော့်အပြစ်ချည်း မဟုတ်ဘူးဗျ၊သူတို့ကကို အလိုက
အထိုပါတွေ'ဟု ပြန်ပြောတာကို နားထောင်လျက်က ပါး
အဖောင်းသား ဖြစ်နေခဲ့ရသည်။ ကိုယ်ကျင့်တရားအကြောင်
ဆွေးနွေးဖို့ ကြိုးစားတိုင်း သူ အရှုံးပေးခဲ့ရသည်။

သားသမီးမကောင်း မိဘခေါင်းဟု စကားပုံရှိသော
လည်း သူ့ဇနီးကြောင့် စကားပုံအသစ် ဖြစ်၏။ သားသမီး
မကောင်း ဖခင်ခေါင်း ဟူသော ပုံစံမျိုး ဖြစ်နေအောင်
သူ့ခေါင်းပေါ် ပုံကျနေခဲ့သည်။ ဤကိစ္စများအားလုံးမှာ သူ
တာဝန်သာ ဖြစ်သည်....တဲ့၊ သူ ခေါင်းတယမ်းယမ်း နေရုံမှ
လွဲ၍ ဘာမျှ မတတ်နိုင်ပါ။

သူ့ဇနီးမှာ ပုံပျက်လုနီးပါး ဝနေသော မိန်းမကြီး
တစ်ယောက် ဖြစ်သည်။ ထိုမိန်းမကြီးသည် ညအိပ်လျှင် အသံ
ကျယ်လောင်စွာ ဟောက်တတ်၏။ သွားကြိတ်တတ်၏။ အိမ်နေ
ရင်း ဝတ်သည့် ထဘီတစ်ထည်ကို မလျှော်ဖွပ်ဘဲ တစ်ပတ်
လောက် ဆက်တိုက် ဝတ်တတ်သေး၏။ လက်သည်းမှန်မှန်
မညှပ်ဘဲ လက်သည်းကြားမှာ ချေးတွေဖြင့် ထမင်းတောင်း ချ
တတ်သူ၊ ထမင်းစားတတ်သူ ဖြစ်၏။ ထမင်းစားလျှင် ယက်
အထိ ဟင်းထမင်း ပေကျံအောင် အားရပါးရ နယ်ဖတ်စာ

www.burmeseclassic.com



တတ်သူ ဖြစ်၏။ အိမ်က ယောကျ်ား အသုံးမကျသည့်အကြောင်းကို ရှေ့ခုနစ်အိမ် နောက်ခုနစ်အိမ် လည်ပတ်အတင်းပြောတတ်သူ ဖြစ်၏။ ဟင်းကို နည်းနည်းနှင့် ကောင်းအောင် မချက်တတ်ဘဲ ပုံးပေါ်လအောာ ချက်ပြီး သွန်ပစ်တတ်သူ ဖြစ်၏။ တစ်ခွက်ပင် ဖြစ်စေ အရသာရှိရှိ ချက်ဖို့ သူပြောလျှင်တော့ မဖြစ်စလောက် လစာကလေး....ဟူသော စကားဖြင့် ရန်တွေ့တတ်သူ ဖြစ်၏။ လခထုတ်ရက်တိုင်း လခရင်းကို တစ်ပြားမကျန် သူအပ်သည့် အခါ စိတ်မပါ့တပါ၊ မယူချင့်ယူချင် ပုံစံဖြင့် သက်ပြင်းချကာ ယူတတ်သည်။

'ဟိုဘက်အိမ်က လူကတော့ မိန်းမကို တစ်လ သုံးလေးထောင် အပ်တာ'ဟု အောက်ကလိအာသံဖြင့် သူ့ဒေါသကို ဆွပေးတတ်သေး၏။ ဟိုဘက်အိမ်က လူက သူ့လိုပင် အထက်တန်း စာရေး။ စာရေးချင်း အတူတူ သူ့ထက် ဘာကြောင့် ငွေပိုရသနည်း။ တွေးကြည့်လျှင် တစ်နည်းသာ ရှိ၏။ 'မလုပ်ကောင်းတဲ့ အလုပ်တွေ လုပ်နေလို့ ဖြစ်မှာပေါ့ကွာ'ဟု အေးအေး ဆေးဆေး ဖြေရှင်းတော့ သူ့မိန်းမက မျက်လုံးပြူး ကြည့်၏။ 'ဒီခေတ်မှာ မလုပ်ကောင်းတဲ့အလုပ် ဆိုတာ မရှိဘူး တော့၊ အားလုံး လုပ်နေကြတာပဲ' ဟု ရန်တွေ့သည်။ 'ဒါဖြင့်လဲ မင်းသွားလုပ်ပေါ့ကွာ' ဟု သူ ပြီးရာပြီးကြောင်း တစ်ခွန်းသာ ပြောမိသည်။ သူ့မက ဗြုန်းခနဲ ခြေဆောင့်နင်းကာ ထွက်သွား၏။

ညနေတိုင်း အရက်မူးကာ မျက်ထောင့်နီကြီးဖြင့် ပြန်ပြန်လာတတ်သော သားဖြစ်သူကတော့ အိမ်မှာ လူပိုသက်သက်ဖြစ်သည်။ ဘာအလုပ်မျှလည်း မရှိ၊ အလုပ်လည်း မမြဲ။ မပင်ပန်းဘဲ အသက်ရှင်ချင်သည့်အပြင် အရက်သေစာ သောက်စားဖို့အတွက်ပါ အိမ်မှပိုက်ဆံကို သုံးဖြုန်းသေး၏။ မှန်မှန်ဖြေမနေသော ညီထံမှ တစ်ခါတလေ မရလျှင် ညီအစ်ကိုချင်း ဆိုးကြိတ်သည်အထိ ရန်ဖြစ်တတ်သေး၏။ ဖအေ၊ မအေကိုလည်း ငဲ့ညာရကောင်းမှန်း မသိချေ။

www.burmeseclassic.com

www.burmeseclassic.com



တောင်းဆိုး ပလိုးဆိုးသာ ပစ်ရှိုးထုံးစံ ရှိသည်၊ သား
သမီးဆိုးကို ပစ်ရှိုးထုံးစံ မရှိ ဟူသော စကားပုံကို ယခုမှပင်
အခြေခံကျကျ နားလည်ခွင့် ရသွား၏။ လက်စသတ်တော့ သား
သမီးဆိုး ဆိုတာ မွေးပြီးရင် ပစ်လို့မှ မရတော့ဘဲကိုးဟု ယခု
မှအင် သူ သဘောပေါက်ရသည်။ သို့သော် သူ့အတွက် အားလုံး
လွန်ခဲ့ပြီ။

***

သူ့ဘဝတွင် အတွယ်တာဆုံးအရာမှာ ငါးမျှားတံဖြစ်၏။
တွန့်လိမ်နေသော တီကောင်ကလေးကို ငါးမျှားချိတ်
တွင် ဆောက်ခနဲ ထိုးချိတ်လိုက်ရစဉ် သူအပိုင်နိုင်ဆုံး အရာမှာ
ငါးမျှားခြင်းသာ ဖြစ်ကြောင်း သူ ဝမ်းပမ်းတနည်း သိရသည်။
နိုင်လွန်ကြိုးကို လက်ဖြင့် ဖွဖွ ထိသပ်နေရစဉ် ဤကြိုး၏ ထိ
တွေ့မှုသည် သူ့အတွက် ကျေနပ်စရာ ဖြစ်၏။ ကြိမ်တံ၏ လက်
ကိုင်ကို လျှော့ရဲစွာ၊ သို့သော် သတိရှိစွာထိန်းကိုင်ရင်း ရေပေါ်မှ
ငြိမ်သက်ခြင်းကို စောင့်ကြည့်နေရစဉ်မှာတော့ သူ့ပတ်ဝန်းကျင်
တစ်ခုလုံးကို သူ အောင်နိုင်နေသည်။

လောကတွင် သူအောင်နိုင်သော သတ္တဝါမှာ ငါးသာ
ဖြစ်၏။

ဤကန်ထဲတွင် ငါးမျိုးစုံရှိသည်။ သူ့ ငါးမျှားချိတ်တွင်
ငါးမျိုးစုံ သူ မိဖူးသည်။ ယောကျ်ား လက်ဖျံလောက် တုတ်
သော ငါးကြင်းကြီးများမှအစ လက်ညှိုးလုံးလောက် သေးသော
ငါးစင်းလုံးကလေးများအထိ သူ ရသည်။ ငါးမျှားသက် နှစ်
ပေါင်း ကြာလာသောအခါ သူ့လက်မှာ ကိုင်ထားသော ငါး
မျှားတံ အဖျားရှိ လှုပ်ရှားမှုကို မှန်ကန်စွာ ကောက်ချက်ချ
တတ်သွား၏။ ကြိုးကလေး၊ ဖော့တုံးကလေး ငြိမ်ခနဲ လှုပ်ရှား
သွားသည်ကအစ သူကျွမ်းကျင်စွာ အကဲခတ်တတ်သွားဖြီ

www.burmeseclassic.com



လျှင်မြန်စွာ၊ မှန်ကန်စွာ ဆွဲတင်နိုင်သည်။ ငါးစာကို လာဟပ်သော ငါးမှာ သူ့လက်မှ လွတ်ရသည်ဟု မရှိအောင် ဤလုပ်ငန်းကို ကျွမ်းကျင်လာ၏။

ရေထဲ စိုက်ထားသော ငါးမျှားကြိုးကို စူးစိုက်စွာ ကြည့်ရင်း စိမ်းမှောင်သော ရေပြင်ပေါ်တွင် အတိတ်က အရိပ်များစွာ ထင်လာတတ်သည်။ တစ်ခါတစ်ရံတွင် နုပျိုသော လူငယ်တစ်ယောက်၏ မျက်နှာ (ထိုမျက်နှာပိုင်ရှင်သည် သူဖြစ်၏) တစ်ခါတရံ မိန်းမငယ်တစ်ဦး၏မျက်နှာ (ထိုမျက်နှာပိုင်ရှင်သည် သူ့ချစ်သူ ဖြစ်၏)။

ချစ်သူအကြောင်း ပြန်တွေးရသည်မှာ ခပ်ဝါးဝါးသာ ဖြစ်သော်လည်း ရင်ခုန်စရာ ကောင်းသည်။ လွန်ခဲ့သော နှစ်ပေါင်း ၃၀ က သူ့ချစ်သူသည် တစ်ပတ်လျှို ဆံထုံးကလေးနှင့် ခရေပန်းကုံးများ ဝေနေအောင် ပန်တတ်သည့် မိန်းကလေး ဖြစ်၏။ လက်မောင်း လက်ဖျံများ တောင့်တင်းပြီး ဖျတ်လတ်သော၊ ကျန်းမာသန်စွမ်းသော မိန်းကလေး ဖြစ်၏။ ကြည်လင်တောက်ပသော မျက်ဝန်းကလေးများ၊ နီမြန်းသော နှုတ်ခမ်းပါးကလေးများဖြင့် စွဲမက်ဖွယ်ရာ ဖြစ်၏။ သူတို့နှစ်ယောက် ချိန်းတွေ့နေကျ လေးထပ်ဘုန်းကြီးကျောင်းထောင့်က ခရေပင်ကြီးကို သူ မြင်ယောင်လာသောအခါ သူ စိတ်မှတ်မထင် ပြုံးမိလေသည်။

သနပ်ခါးနံ့သင်းသင်းကလေးကို မွှေးကြူရင်း ခရေနံ့ကလေးကိုပါ ရှူရှိုက်မိသော တစ်နံနက်ခင်းက သူ့ ရင်တွေ တဖျတ်ဖျတ် ခုန်ခဲ့ရကာ၊ ဘယ်လိုမှ မခွဲနိုင်အောင် ချစ်မြတ်နိုးစိတ်ဖြင့် မချင့်မရဲ ဖြစ်ခဲ့ရသည်။ ဆောင်းရာသီ နံနက်ခင်းတိုင်း၊ မိုးရာသီ ညနေခင်းတိုင်း ခရေပန်းများက တဖြုတ်ဖြုတ် ကြွေလွင့်နေသည်။ ခရေပွင့်ကလေးများကို အလောတကြီး ကောက်နေသော ကိုယ်လုံး ကျစ်ကျစ်ခဲခဲကလေးမှာ ငေးကြည့်၍ဝနိုင်အောင် လှပနေခဲ့၏။ နှီးကြိုးကလေးဖြင့် သီကုံးပေး၍ကတော့

www.burmeseclassic.com



သူ့တာဝန် ဖြစ်သည်။ သူသည် လက်ကိုင်ပဝါထဲက ပန်းများကို စိတ်ရှည်လက်ရှည် သီပေးခဲ့ဖူးလေသည်။ သီပြီးသွားသော ပန်းကုံးများကို မိန်းကလေး၏ ဆံထုံးမှာ စိုက်၍ ပန်ပေးရသည့် အရသာမှာ တမ်းတ လွမ်းဆွတ်ဖွယ်ရာ ဖြစ်သည်။

သူသည် ခရေပင်ကြီးဆီသို့ မရောက်ဖြစ်တာ ကြာလှပြီ။ ခရေပင်ကြီးရှိရာ ဘုန်းကြီးကျောင်းသို့ပင် မရောက်ဖြစ်တာ ကြာလှပြီ။ တစ်နေ့နေ့မှာ သွားမည်ဟု ကြံရွယ်လျက် ဘယ်တော့မျှ မရောက်ဖြစ်ခဲ့ပါ။ တစ်ခါတစ်ရံ ဥပုသ်ယူသော သူ့မိန်းမနှင့်အတူ လေးထပ်ဘုန်းကြီးကျောင်းသို့ လိုက်သွားရန် ကြိုးစားဖူးသည်။ သို့သော် ဘုန်းကြီးထံ သီလမယူမီ ဝိုင်းဖွဲ့စကားပြောကြသည့် အုပ်စုများတွင် သူ မပါဝင်ချင်ပါ။ အဖိုးထန် ပါတိတ် အထက်အောက် ဆင်တူဖြင့် ရွှေကြိုးများ၊ကြယ်သီးများဖြင့် ဥပုသ်လာစောင့်သော မိန်းမကြီးငယ်များ၏ ကဲ့ရဲ့စကားသင်းဆိုဟန်များကို သူ ရှောင်ချင်သည်။ 'ရှင် အကုသိုလ်တွေချည်း နေ့တိုင်းလုပ်နေတာ တစ်ခါလောက် ကျွန်မနဲ့ လိုက်ပြီး ဘုန်းကြီးကျောင်းမှာ ကုသိုလ်ယူပါလား' ဟူသည့် မိန်းမ၏ တိုက်တွန်းချက်ကို ကြားရသည့်အခါမှာတော့ ကုသိုလ်ယူချင်စိတ်ကလေး လုံးဝ ကုန်ဆုံးသွားကာ မလိုက်တော့ဘူးဟု ဆုံးဖြတ်ချက် ချလိုက်လေသည်။

သည်လိုနှင့်ပင် အကုသိုလ်ကို ဆက်လုပ်ဖြစ်နေသည်။

သူသည် ငါးမျှားနေရင်းမှ လူအမျိုးမျိုး၏ပုံကို ဖော်ကာ အနိုင်ယူလို့ ရသည်။ ဥပမာ သမ္မာအာဇီဝကို နည်းနည်းမျှ စိတ်မဝင်စားသည့် အရာရှိတစ်ဦး၏ ခပ်ထူထူ ခပ်လန်လန် နှုတ်ခမ်းများကို ရှုံ့မှုန်းစွာ တွေးတောရင်း သူ ငါးကို စိတ်ပါလက်ပါ မျှားသည်။ ရရှိလာသော ငါး၏ ဟစိဟစိ ပါးစပ်ကို သေသေချာချာကြည့်တော့ ထိုအရာရှိ၏ ပါးစပ်ကိုပင် မြင်တွေ့လိုက်ရလေသည်။ သူသည် ငါးမျှားချိတ်မှငါးကို ပျော်ရွှင်စွာ ဆွဲဖြုတ်ပြီး မြေပြင်ပေါ် ဘုတ်ခနဲ ပစ်ချလိုက်ဖူးသည်။ တစ်ခါတစ်ရံ

www.burmeseclassic.com

www.burmeseclassic.com



သူ့မိန်းမ၏ ပွစိပွစိ နှုတ်ခမ်းတို့ကို စိတ်ထဲမှာ မြင်ယောင်လျက် ဒေါသတကြီး ငါးကို မျှားသည်။ မိလာသော ငါး၏ပါးစပ်ကို သူကြည့်သောအခါ တကယ်ပင် သူ့မိန်းမ၏ ပါးစပ်ဖြစ်နေတတ်သည်။ သူ ရှိခနဲ လေချွန်လျက် ထိုပါးစပ်ကို အရသာခံ၍ ကြည့်နေတော့၏။ ငါးကလေးက ဖတ်လပ်ဖတ်လပ်နှင့်အစွမ်းကုန် ရုန်းကန်နေသည့် အခါမှာတော့ စိတ်မကောင်းဟန်ဖြင့် သက်ပြင်းတစ်ချက် ချကာ ငါးမျှားချိတ်မှ ငါးကို ညင်ညင်သာသာ ကလေး ဆွဲဖြုတ်သည်။ ထို့နောက် ရှရှကလေးကိုင်ကာ သူနှင့် အဝေးဆုံး နေရာမှာ ချထားလိုက်ဖူးလေသည်။

- ငါးမျှားခြင်းဖြင့် သူ ဤနေရာမှာ ကြာကြာထိုင်၍ ငိုင်နေခြင်းအပေါ် မည်သူကမျှ သံသယမဝင်အောင် ဖြေရှင်းပြီး သားဖြစ်သွား၏။ သူသည် ငါးမျှားချင်ယောင်ဆောင်လျက် ရေထဲသို့ ငါးမျှားချိတ်နှစ်ချကာ နာရီဝက် တစ်နာရီလည်း မလှုပ်မယှက် ထိုင်နေလို့ရသည်။ မိန်းမကို မပြောဖြစ်သည့် စကားများကိုလည်း ခပ်တိုးတိုး ရေရွတ်နေလို့ရသည်။ တစ်ခါတစ်ခါ ကံဆိုးစွာ အဆော့သန်သော ကလေးများ၊ စပ်စုတတ်သော လူကြီးများ ရောက်လာလျှင် 'ရှူး....တိုးတိုး၊ ငါးလန့်သွားမယ်' ဟူသော သတိပေးချက်ဖြင့် စကားမပြောအောင်၊ မနှောင့်ယှက်အောင် တားဆီးနိုင်ခွင့် ရှိသေးသည်။ သူ့ကို ကောင်းကောင်း နှောင့်ယှက်တတ်သူမှာ ကန်စောင်းတွင် နေထိုင်သော အဘိုးကြီး တစ်ယောက် ဖြစ်သည်။

အဘိုးကြီးကတော့ ငါးမျှားခြင်းကို အကုသိုလ်အလုပ်ဟု ယူဆကာ သူ့ကို ကဲ့ရဲ့ရှုတ်ချတတ်၏။ အဘိုးကြီးက ရေကန်ကမ်းစပ်ရှိ ကြာဖူးများကို ခဏခဏလာခူးသည်။ 'ဘာလုပ်ဖို့လဲ' ဟု သူမေးတော့ ချက်စားဖို့ဟု ပြော၏။ ကြာဖူးကို ချက်စားရသည်ဟု တစ်ခါမျှ မကြားဖူးပါ။ 'ဦးလေး ဟင်းမရှိရင် ဒီငါးတွေ ယူသွားပါလား ဗျ' ဟု သူ စိတ်လိုလက်ရ ပေးဖူးသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ဤငါးများကို စားသောက်ရန်၊ ရောင်းချရန် များခြင်းမဟုတ်ပါ။ အစောပိုင်းနှစ်တွေတုန်းကတော့ ငါးများ၏ ပါးဟက်များကို ဖောက်လျက် လျှော်ကြိုးဖြင့် သီကာ တန်းလန်းဆွဲပြီး အိမ်သို့ပြန်ရသည်မှာ ပျော်စရာ။ နောက်ပိုင်းတော့ ထို ငါးများခကြောင့်ပင် ဇနီးဖြစ်သူ၏ အပြစ်ရှာခြင်းကို ခံခဲ့ရသည်၊ 'ဒီငါးမျိုးဖြင့်တော်....တစ်နေကုန်အောင် သွားများနေစရာ မလိုပါဘူး၊ ဈေးထဲမှာ တစ်ဆယ်သား နှစ်ကျပ်ရယ်၊ ဗိုက်ရွဲအောင်ပြီး စားပါလေ့' ဟူ၍ တစ်မျိုး၊ 'ရှင့်ငါးတွေက အင်းစော်နံသူချည်လား၊ ဘယ့်နှယ်လုပ် စားမှာတုံး' ဟူ၍ တစ်မျိုး၊ 'ဒီငါးမျိုးကို မှတ်ထား၊ ငါးမောင်းမလို ခေါ်တယ်၊ ငါးထဲမှာ အရသာမရှိဆုံး ငါးပဲ' ဟူ၍ တစ်မျိုး၊ 'ငါးခုံးမလို ငါးများ အချိန်ကုန်ခံပြီး မျှားနေရသေးလားတော်၊ အဲဒီ ကုန်တဲ့အချိန်မှာ ရေလေးဘာလေး ဆွဲတာကမှ အသုံးကျဦးမယ်' ဟူ၍ တစ်မျိုး၊ အမျိုးမျိုး ရှုတ်ချသောအခါ ငါးများကို အိမ်သို့ အလေးခံ၍ ဆယ်မသွားတော့ပေ။ နည်းနည်း နွမ်းပါးမည် ထင်ရသော အသိမိတ်ဆွေများ၏အိမ်များကို အလှည့်ကျစနစ်ဖြင့် ဟင်းလျာ ပေးလိုက်ခြင်းအားဖြင့် ဇနီး ဖြစ်သူနှင့်လည်း စကား ပြောရ သက်သာသွားပြီး ကျေးဇူးလည်း တင်ခံရသည်။

အဘိုးကြီးကတော့ ငါးများကို မယူပါ။

'ငါက ပုံသကူသားပဲ စားတာကွ၊ မြင်သား ကြားသား မစားဘူး' ဟူ၏။

သူ ဒေါသ ထောင်းခနဲ ထသွားသေးသည်။ ခင်ဗျားတို့ အတွက် ဖမ်းပေး သတ်ပေးတဲ့ လူတွေ၊ ရောင်းတဲ့လူတွေ ရှိနေလို့ ပေါ့ဗျာ၊ မရှိရင် ခင်ဗျားလဲ မြင်သား ကြားသားတင် မဟုတ်ဘူး၊ ကိုယ်တိုင်တောင် သတ်ပြီး စားမှာ မဟုတ်လား။ သို့သော် အသက်ကြီးသော လူတစ်ယောက်နှင့် ယှဉ်ပြိုင်ပြီး ရန်ဖြစ်ရတာ မကောင်းပါ။

www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်းတော့ အဘိုးကြီး ကြာဖူးခူးချိန်နှင့် သူ ငါး များချိန်တို့ တော်တော်များများ တိုက် ဆိုင် နေ တော့ သည်။ ကြာဖူးသာမက ကြာပွင့်များပါ ခူးတာမြင်တော့ သူ အံ့ဩသွား၏။ 'ကြာပွင့်ကရော ချက်စားရသလား' သူမေးတော့ အဘိုး ကြီးက လျှို့ဝှက်စွာ ပြုံး၏။ မဖြေချင်သလိုလို တွန့်ဆုတ်နေပြီးမှ နောက်ဆုံးမှာ သူ့ အမေးကို ဖြေလိုက်သည်။

'ချက်မစားပါဘူး၊ ဆွဲကြိုးလုပ်ဖို့'

'ဟာ....ဆွဲကြိုး၊ ဘာလုပ်ဖို့လဲ'

အဘိုးကြီးတွင် ဇနီး၊ သားသမီး မရှိ၊ မြေး မရှိ၊ တစ် ယောက်တည်းသာ ဖြစ်သည်။ အဘိုးကြီးက သူ့ ရှေ့မှာပင် ကြာ ပွင့်တစ်ခိုင်ကို ယူလျက် ကြာရိုးဆွဲကြိုး လုပ်နေ၏။ ကြာရိုးဆွဲကြိုး က လုပ်ရတာ အလွယ်ကလေး ဖြစ်သည်။ ငါးများသလို မခက် ပါ။ ကြာရိုးကို လက်တစ်ဆစ်နီးပါး အဆစ်ကလေးများ လုပ်၍ တစ်ဆစ်ချင်း ချိုးသွားရုံပဲ ဖြစ်သည်။ ကြာရိုး ကျိုးသွားပြီး အမျှင်စေးများကြောင့် ထိုချိုးပြီးသား အဆစ်ကလေးက တွဲလွဲ ဖြစ်နေသည်။ နောက်ထပ် တစ်ဆစ်ထပ်ချိုး၊ အမျှင်ကို ဟိုဘက် သည်ဘက် တစ်လှည့်စီ တန်းနေအောင် တစ်ဖက်စီ ချိုးချသွားရုံ သာ ဖြစ်သည်။ ထိပ်ဆုံးမှာတော့ ကြာပွင့် လေ့ာကက်သီး ကလေး... ။

'ဟိုတုန်းကတော့ ငါ့မိန်းမကို အဲဒီလို ကြာလည်ဆွဲ လုပ် ပေးနေကျကွ၊ ငါ့မိန်းမခမျာ သေသွားသွားရော သူ့ ဘဝမှာ ပုလဲ ပုတီးကလေး တစ်ကုံးတောင် ဆွဲမသွားရရှာပါဘူးကွာ၊ ကြာလည်ဆွဲကိုပဲ မညည်းမညူ ဆွဲသွားရရှာတယ်၊ သူ့ အသက် အငယ်ကလေးမှာ ကလေးမွေးရင်း ဆုံးသွားတာပဲ'

ထိုစကားကို ပြောပြီးနောက် သူ့ အဖြေ ပြည့်စုံသွားသလို ပင် အဘိုးကြီးက သူ့ ကို နှုတ်မဆက်ဘဲ ထွက်ခွာသွားသည်။ လက်

www.burmeseclassic.com


မှာ တန်းလန်း ဆွဲထားသော အနီရောင် ကြာပွင့်နှင့် ဆွဲကြိုး ကလေးမှာ လေအဝှေ့တွင် လှုပ်လှုပ်လျက် ပါသွားသည်ကို သူ ငေးမောကြည့်နေခဲ့၏။

✱✱✱

အေးမြသော ဆောင်းဥတု နံနက်ခင်း ဝေလီဝေလင်း အချိန်တစ်ခုတွင် သူသည် ထူးဆန်းစွာပင် နှင်းမှုန်ကြားထဲမှာ လမ်းလျှောက်နေတော့သည်။ သူ့ခြေထောက်များက သူ မသိ လိုက်မိမှာပင် မြို့၏ ဟိုဘက်အစွန်းက လေးထပ်ဘုန်းကြီးကျောင်း ရှိရာသို့ လျှောက်သွားနေကြသည်။ ငါးဆယ့်လေးနှစ်အရွယ်သည် ဘုန်းကြီးကျောင်းဆီသို့ နံနက်လင်းအားကြီး လမ်းလျှောက်သွား ချင် အသင့်တော်ဆုံး အရွယ် ဖြစ်သည်။

လမ်းခရီးတွင် ဈေးရောင်းရန် ဟင်းရွက်စည်းများဖြင့် ဈေးသို့ သွားကြသော ရွာသူ ရွာသားများကို မျက်နှာချင်းဆိုင် တွေ့ရသည်။ မိန်းမများသည် ပုဆိုးများထဲတွင် ဟင်းရွက်စည်း များထည့်၍ ထုပ်ပိုးပြီး ခေါင်းပေါ် ရွက်ထား၏။ ယောကျ်ား များကတော့ တောင်းများဖြင့် ထည့်ကာ ထမ်းပိုးဖြင့် သယ် ဆောင်လာသည်။ နေထွက်စအချိန်တွင် နှင်းများ ပိုမိုသိပ်သည်း လာ၏။ လမ်းဘေးဝဲယာ သစ်ပင်များကိုသာ စိမ်းစိုစွာ မြင်ရပြီး ခပ်ဝေးဝေးက သစ်ပင်များကိုတော့ သဲကွဲစွာ မမြင်ရပေ။ ဤ လမ်းတွင် အိမ်ခြေ ကျဲပါးသည်။ မြို့နှင့် မတူဘဲ ရွာနှင့် တူသော ရပ်ကွက်ဖြစ်သည်။ တစ်ချိန်တုန်းက သူ့ချစ်သူသည် ဤရပ်ကွက် တွင် နေထိုင်ခဲ့ဖူးသည်။

အုတ်တံတိုင်း ကာရံထားသော ဘုန်းကြီးကျောင်းသည် ဆောင်းနှင်းမှုန်များအောက်တွင် အိုမင်း ရင့်ရော်စွာ ရပ်တည် နေ၏။ သူ တစ်ခဏတာမျှ ငေးကြည့်နေပြီး ကျောင်း၏ ထောင့် တစ်ဖက်က ခရေပင်အုပ်ရှိရာသို့ လျှောက်သွားလိုက်သည်။ လွန် ခဲ့သော နှစ်ပေါင်းများစွာက ခရေပင်များမှာ ယခုအခါ ပိုမို

www.burmeseclassic.com

www.burmeseclassic.com



မြင့်မားလျက် ရှိသည်။ သစ်ပင်တွေ အနှစ် ၃၀ အသက်ရှင်နေ တာ အံ့ဩစရာ မဟုတ်သော်လည်း သူတို့ကောက်ခဲ့သော ခရေ ပန်းများလိုပင် ယခုအချိန်အထိ ခရေပန်းများ ခြွေချပေးနေသည် မှာ အံ့ဩစရာ၊ သူ ဖြည်းညင်းစွာ လျှောက်သွား၏။ ပန်းများ တဖြုတ်ဖြုတ် လွင့်ကျနေသည်။

ဤ ခရေပင်ကြီး အောက်တွင် ငယ်ရွယ်သော သူ့ ချစ်သူ နှင့်အတူ သူ ထိုင်ခဲ့ဖူးသည်။

✸✸✸

သူသည် အပင်အောက် တည့်တည့်တွင် ရပ်၍ ဖွေးဖွေး သော ခရေပွင့် ကားကားကလေးများ၊ ညိုဝါသော ခရေပွင့် ခြောက်ကလေးများကို ငေးမောကြည့်နေသည်။ ခရေပန်းများ နှင့် လှပခဲ့သော သူ့ချစ်သူကို သတိရစိတ်ဖြင့် ရင်ထဲမှာ နာကျင် လာ၏။ သူ ထိုင်ချကာ လတ်ဆတ်သော ပန်းကလေးများကို ရွေး၍ ကောက်နေမိတော့သည်။

ဟိုတုန်းကတော့ သူ့ချစ်သူကို သူ အမြတ်တနိုး ချစ်ခဲ့ သည်။ သူ့ချစ်သူကလည်း သူ့ကို အားကိုးတကြီး ချစ်ခဲ့သည်။ မိန်းကလေးသည် သူ၏ ပထမဆုံးနှင့် နောက်ဆုံးချစ်သူ ဖြစ် သည်။ သူသည်လည်း မိန်းကလေး၏ ပထမဆုံးနှင့် နောက်ဆုံး ချစ်သူ ဖြစ်သည်။ သူတို့ နှစ်ယောက် လက်ထပ်သောအခါ လောကတစ်ခုလုံး လှပသာယာလျက် ရှိခဲ့ပါသည်။

ချစ်ခြင်းမေတ္တာ ဆိုသည်မှာ လှည့်စားတတ်သော ကံ ကြမ္မာအောက်တွင် အရှုံးပေးရတတ်သလား။ သူသည် ဖြစ်ပျက် ခဲ့သမျှ အရာရာကို နားမလည်နိုင်အောင် ရှိတော့သည်။ သူ ခေါင်းနှည်းနေသည်။ နှစ်ပေါင်း ၃၀ သည် လူအားလုံး၏ ဘဝ ပြောင်းလဲစေနိုင်သည်သာမက အချစ်ကိုလည်း ပြောင်းလဲစေနိုင်



www.burmeseclassic.com

www.burmeseclassic.com



သည်၊ တိဘ်ဆိတ်သော ပတ်ဝန်းကျင်တွင် ခြေသံဖွဖွကလေးကို ကြားလိုက်ရ၏။

သူငယ်စဉ်က စောင့်နေကျ နေရာတွင် သူငယ်စဉ်က ကြားနေကျ ခြေသံမျိုး (ဖိနပ်မပါ ဗလာခြေထောက်အစုံ၏ ခြေသံမျိုး)ကို ကြားလိုက်ရသောအခါ လက်ရှိဘဝနှင့် ငယ်ဘဝ ရောထွေးကာ ရင်တလှပ်လှပ် ခုန်လျက် နောက်ဘက်သို့ ဖြုန်းခနဲ လှည့်ကြည့်လိုက်သည်။

ခပ်လှမ်းလှမ်းတွင် မိန်းကလေးတစ်ယောက်....။ ဆံပင် ကပ်ပါကလေးနှင့် အပြာရောင် ဝတ်စုံပွပွကလေးသည် နံနက်ခင်း လေအောက်မှာ လွင့်လှုပ်နေသည်။ အေးချမ်းသော၊ နုငယ်သော မိန်းကလေးတစ်ဦး....၊ သူမက သူ့ကို တစ်ချက်သာ အကဲခတ်ကြည့်လျက် ခရေပွင့်ကလေးများကို စတင် ကောက်တော့သည်။ သူသည် နာကျင်သော ရင်ဖြင့် မိန်းကလေးကို ငေးမော ကြည့်နေခဲ့မိသည်။

ထို့နောက် ဟာလာဟင်းလင်း ရင်ဖြင့် ဖြုန်းခနဲ လှည့်ပြန်လာခဲ့တော့သည်။

***

ရုံးသွားရန် ပြင်ဆင်နေစဉ် သူ့ဇနီးက အခန်းထဲ ဝင်လာသည်။

ဝဖြိုးသော ခန္ဓာကိုယ်ကို သူ့မျက်စိက ခဏကြည့်မိပြီးနောက် မျက်နှာလွှဲလိုက်ရ၏။ ဘယ်လိုမှ မယုံနိုင်စရာကောင်းသော အဖြစ်များပါလား။ သူ နည်းနည်း ရှက်ရွံ့စွာ စကားစ,လိုက်၏။

'ငါမနက်အစောကြီး လမ်းလျှောက်ရင်း လေးတွေကျောင်းဘက် ရောက်ခဲ့သေးတယ်ကွ၊ ခရေပင်ကြီးတွေ... အခုအချိန်

www.burmeseclassic.com

www.burmeseclassic.com



အထိ ပွင့်နေကြတုန်းပဲ၊ ခရေပန်းတွေကလဲကွာ ဖွေးနေတာပဲ၊ ဟိုတုန်းကထက်တောင် များသေး'

သူ့မိန်းမမျက်နှာ နှုးညံ့မသွားပါ။

'ငါ နည်းနည်းတောင် ကောက်လာခဲ့သေးတယ်၊ စားပွဲပေါ်မှာ'

ထိုစကားကြောင့် သူ့မျက်နှာသာ နည်းနည်း နွေးသွားသော်လည်း သူ့ဇနီးကတော့ စိတ်ဝင်စားဟန် မရှိပါ။

'ခရေပန်း ဘာလုပ်ရမှာလဲ၊ ဈေးထဲ သွားဝယ်ရင် တစ်ကျပ်ဖိုးဆို သုံးလေးကုံး ရတာ'

သူ့ဇနီးကို သူ ငေးကြည့်နေမိသည်။

'ဟိုတစ်နေ့က လာပြောသွားတဲ့ ကိစ္စကို ရှင် ငြင်းမယ် မကြံနဲ့နော်၊ ဒါ သူများပစ္စည်း ခိုးတာမဟုတ်ဘူး' သူ့ဇနီး၏ မျက်နှာမှာ လောဘ၏ အရေးအကြောင်းများသာ ရှိနေပါသည်။

ထိုကိစ္စကို သူခေါင်းထဲက ထုတ်ပစ်ထားသည်မှာ လာပြောချိန်ကတည်းက ဖြစ်သည်။ သူ့ဘဝတွင် ကိုယ်ကျင့်သိက္ခာကို တစ်သက်လုံး ထိန်းခဲ့သည်။ သေသည်အထိ ထိန်းသွားမည်။

သို့သော် စကားရှည်မနေချင်သောကြောင့် ခပ်မြန်မြန် ထွက်လာခဲ့ရ၏။

***

နောက်ရက်များတွင်လည်း ထုံးစံအတိုင်း ငါးများသည့် အလုပ်ကို သူ စိတ်ပါဝင်စားစွာ မပျက်မကွက် လုပ်မြဲဖြစ်လေသည်။

ဂျူး

(၁၉၉၂၊ ဇွန်လ၊ မြားနတ်မောင်မဂ္ဂဇင်း)

www.burmeseclassic.com

www.burmeseclassic.com

လက်ပဝါးများနှင့်

# စကားပြောခြင်း



www.burmeseclassic.com

www.burmeseclassic.com

## လက်ဖဝါးများနှင့် စကားပြောခြင်း

ညသည် မှောင်မိုက်သော်လည်း မတိတ်ဆိတ်ချေ။

ရန်ကုန်မြို့၏ အခြားနေရာတစ်ခုခုတွင် လဝန်းကို မြင်ချင် မြင်ရနိုင်ပေမယ့် အနော်ရထာ လမ်းပေါ်မှာတော့ သသည် ဘယ်တုန်းကမှ မသာခဲ့ဖူးချေ။

ရပ်ထားသော ဘတ်စ်ကားပေါ်သို့ လှမ်းတက်လိုက်ချိန် အထိ သွေးသံရဲရဲ မြင်ကွင်းများက အာရုံထဲမှ မထွက်သေးဘဲ ...နေသည်။ ဘယ်တုန်းကမျှ အက်ရှင်ဇာတ်ကား၊အကြမ်းဖက်မှု ဇာတ်ကားဈေးကို မကြည့်ချင်ခဲ့သော်လည်း ယခုတစ်လော ထို ဇာတ်ကားများကိုသာ ရှာဖွေကြည့်ရှုလို့ ကောင်းနေတော့သည်။ ...ငင်တုန်းက ဂျိုကဲ့သို့ ကြမ်းကြုတ်ရက်စက်သည့် ဇာတ်ကား

www.burmeseclassic.com

www.burmeseclassic.com



များကို ရိုက်ကူးထုတ်လုပ်ကြသူများအား ပြစ်တင် အထင်သေးခဲ့မိသမျှ ယခုအချိန်မှာတော့ ဤဇာတ်ကားများဟာ လိုကို လိုအပ်ပါသည်ဟု ဝန်ခံမိလေသည်။ အနည်းဆုံး ကျွန်မလိုလူမျိုး ကြည့်ဖို့ လိုအပ်သည်။

ဘတ်စ်ကားပေါ်တွင် လူနည်းနည်းကလေးသာ ရှိသေး၏။ ဘေးစွန်း ပြတင်းပေါက်ဘက် ထိုင်ခုံနေရာတစ်ခု ကျွန်မအတွက် ကံကောင်း ထောက်မစွာ ကျန်နေသေးသည်။ ကျွန်မသည် နေရာမှာ ထိုင်မိလျှင် ထိုင်မိချင်း ပြတင်းပေါက်မှ အပြင်ဘက်သို့ မျက်နှာလှည့်ထားပြီး ပလက်ဖောင်းပေါ်မှ ဈေးသည်များ၊ ဖြတ်သွားဖြတ်လာ လူများကို ငေးကြည့်နေလိုက်၏။ ယခုတစ်လော ကျွန်မ လူတွေ၏ မျက်နှာအမူအရာကိုလည်း စိတ်ဝင်စားနေပြန်ပါသည်။ အနော်ရထာလမ်းသည် မီးရောင်မျိုးစုံ၊ ဆိုင်းဘုတ်မျိုးစုံ၊ ပန္နည်းမျိုးစုံဖြင့် ဆူညံစည်ကားနေဆဲ ဖြစ်၏။ အရာရာသည် ကျွန်မ စိတ်တိုင်းမကျချင်စရာချည်း ဖြစ်နေသည်။ ရန်လိုစရာချည်း ဖြစ်နေသည်။

ကျွန်မ၏ နဂိုစိတ်ကဖြင့် ဒီလိုမဟုတ်ပါ။ ကျွန်မသည် အေးဆေးနူးညံ့သောစိတ်ထား ရှိသည်။ ရန်ကို အမြဲ ရှောင်ကြဉ်တတ်သည်။ မတုန့်မလှုပ် သွေးအေးလှသော လူများကိုသာ သဘောကျခဲ့သည်။ ယခုအချိန်မှာတော့ မိုက်ကယ်ဒေါက်ကလပ်စ်၏ စိတလှုပ်ရှားလွယ်သော၊ ရန်လိုသော၊ ဒေါသကြီးသော ခပ်ရိုင်းရိုင်း အမူအရာကြမ်းကြမ်းက ကျွန်မနှင့် အတော်ကိုက်ညီနေ၏။

ကားပေါ်မှာ အတော်အသင့် လူပြည့်လာပြီ ဖြစ်သော်လည်း ကျွန်မဘေးက ထိုင်ခုံမှာ နေရာလွတ်နေသေးသည်။ ဤထိုင်ခုံမှာ ဘယ်သူ လာထိုင်မှာပါလိမ့်။ အမျိုးသမီးတစ်ယောက် ဖြစ်လျှင် သိပ်ကောင်းမည်။ သို့သော် ထုံးစံအတိုင်း ကျွန်မကို လောကက သည်လောက် လိုက်လျောလိမ့်မည် မဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခဏအတွင်း ကျွန်မအနီးသို့ အရက်နံ့ ထောင်းခနဲ ရောက်လာကာ ကျွန်မဘေး ထိုင်ခုံသို့ ကိုယ်ခန္ဓာတစ်ခုဝင်ရောက် ထိုင်ချလိုက်၏။ သွားပြီ....။ ဒီဆန်ကုန်မြေလေး ကိုယ်ခန္ဓာကြီးက ကားပေါ်က ဘယ်အချိန်မှ ဆင်းမယ်ဆိုတာ ဘုရားမှ သိမှာပဲ။ ကျွန်မ ပြတင်းပေါက်ဘက်သို့ ကိုယ်ခန္ဓာကို တအား တိုးကပ် မည် ကြံရွယ်ပြီးမှ လက်လျှော့ကာ မလှုပ်မယှက် ထိုင်နေလိုက်သည်။ နေဦး....အခုအချိန်မှာ ဖိုဘက် မတိုးနဲ့ဦး။ တစ်ချိန်ချိန် ကိုယ့်ကို ကျုံ့ပစ်ဖို့ လိုအပ်လာရင် တိုးစရာနေရာ မရှိတော့ဘဲ ဖြစ်သွားမည်။ ကျွန်မသည် ထီးကို လက်နက် တစ်ခုသဖွယ် ခပ်တင်းတင်း ဆုပ်ကိုင်ထားလိုက်သည်။

အင်း....တော်တော်တော့ မူးနေပုံပဲ။ ကျွန်မဘေးနားမှ လူသည် ခေါင်းငိုက်စိုက်ကျကာနီး အခြေအနေ ဖြစ်သည်။ ဟင့် အင်း....ဒါ တကယ်မူးနေတာ ဟုတ်ချင်မှ ဟုတ်မှာ။ငါ့အပေါ် ကိုယ်ခန္ဓာ ယိမ်းယိုင်ထိတွေ့ချင်လို့ပဲ ဖြစ်မယ်။ ကောင်းပြီ.... ဘယ် သူက ပိုပြီး သတ္တိကောင်းသလဲ ကြည့်ကြသေးတာပေါ့။ ဖြစ်လာ လျှင်လည်း ကျွန်မ၏ ဒေါသများ၊ နာကြည်းမှုများ ပေါက်ကွဲဖို့ ထွက်ပေါက်တစ်ခု ရသွားတာပေါ့။ ဘတ်စ်ကားပေါ်မှာ မိန်းမ တစ်ယောက်က အရက်မူးသမား တစ်ယောက်ကို ထီးနဲ့ရိုက်ချတဲ့ အဖြစ်မျိုးတာ သိမ်အံ့ဩစရာ ကောင်းသွားမယ်တော့ မထင်ပါ။

လူပြည့်ကျပ်၍ ကားထွက်လာချိန်တွင် ကျွန်မ တစ်ကိုယ် လုံးမှာ သတိထားမှုဖြင့် တောင့်တင်းနေတော့သည်။

သို့သော် အခြေအနေက ကျွန်မ ထင်သလောက်တော့ ဆိုးဝါးမည့်ပုံ မပေါ်ပါ။ ကားစပယ်ယာကို ဘတ်စ်ကားခ ငါး ကျပ် ထုတ်ပေးသည့် လှုပ်ရှားမှုမှတစ်ပါး အခြား မည်သည့် လှုပ်ရှားမှုမှ မပြုလုပ်ဘဲ ငြိမ်သက်စွာ ခေါင်းငိုက်စိုက် ကျနေ သော ထိုအရက်သမား၏ ပေါင်ပေါ်မှာ ပလတ်စတစ်အိတ် ကြီးကြီးဖြင့် ထည့်၍ ခေါက်ထားသော စာအုပ်များ ရှိသည်။ မှုဆိုးက ညိုနက်နက်အရောင်ဖြစ်၍ သူ့ပေါင်ပေါ်မှ စာအုပ်ထုပ်

www.burmeseclassic.com

www.burmeseclassic.com



မှာ ကားတွင်း မီးရောင်မှိန်မှိန်အောက်တွင်ပင် ထင်ရှားနေ၏။ ရွှေထိုင်ခုံ နောက်မှီပေါ် တင်ထားသော ခပ်ညိုညို သူ့လက်များမှာ ကြမ်းတမ်းညစ်ပတ်မှုမရှိဘဲ သန့်ပြန့်နေသောကြောင့် ကျွန်မ ဂရုတစိုက် ကြည့်မိသည်။ ထိုလက်များမှာ ရှည်လျားသွယ်နွဲ့သည်။ လက်ချောင်းများမှာ တိရိသေသပ်စွာ ဝိုက်ကွေ့ညှပ်ထားသော လက်သည်းခွံများ ရှိသည်။ လက်မသည် တုတ်ခြင်း၊တိုခြင်း၊လုံးပုခြင်း မရှိဘဲ သွယ်လျစွာ ခါးသိမ်နေသည်၊ ဒါဖြင့် ဒီအရက်သမားဟာ အတွေ့ကြုံးတတ်တဲ့ အမျိုးအစားပေါ့။

ကားရပ်တန့်ချိန်၊ ပြန်လည်ထွက်ခွာချိန်တို့တွင် အရက်မူးသမားသည် ကိုယ်ကို ရွှေထိုးနောက်ငင် ယိမ်းယိုင်မှု အနည်းငယ် ပြုလုပ်သော်လည်း ကျွန်မဘက်သို့ ယိမ်းယိုင်ခြင်း မရှိပါ။ ကျွန်မသည် သူ့လက်များမှတစ်ဆင့် တဖြည်းဖြည်း အထက်သို့ စူးစမ်းလေ့သာ ကြည့်လိုက်သည်။ လက်ကောက်ဝတ်ဆီတွင် လက်ကြယ်သီး ဧွပိတ် တပ်ထားသည်ဖြစ်၍ သူ့လက်ဖျံ အရေပြားများ ညစ်ပတ်မှုရှိမရှိ မသိနိုင်တော့ပါ။

အကျီအော်လာကတော့ တွန့်ကြေကာ နောက်ဘက် ကုပ်အစပ်မှာ အတွင်းသို့ ခေါက်ဝင်လျက်ရှိသည်။ ရယ်စရာပဲ နော်....လူတွေဟာ အရက်မူးလာရင် ကိုယ့်အကျီ ကော်လာ အတွင်း ခေါက်ဝင်နေတာတောင် မသိရှာတော့ဘူး။ အုန်းဆီ၊ ခေါင်းလိမ်းဆီ တစ်ခုခုမှ ထိတွေ့ရဟန် မရှိသော ညိုမလိုလို နီကြွင်မလိုလို သူ့ဆံပင်ကတော့ အတော့်ကို တိုကပ်သည်။အင်း--- သူဟာ နှာကြည်းစရာ တစ်ခုခု တွေ့တိုင်း စိတ်တိုတိုနှင့် ဆံပင်ကိုချည်း ကိုက်ညှပ်လေ့ရှိသည့် ကျွန်မလို လူစားမျိုး ဖြစ်နိုင်သည်။

ကျွန်မသည် အရက်နံ့ကို အသက်မျှင်းရှူ၍ တားဆီးကာ ကွယ်ရင်း ကားပြတင်းပေါက်ဘက်သို့ မျက်နှာလှည့်ကာ အသက်ဝဝ ရှူသွင်းလိုက်သည်။ ထိုခဏမှာပင် ကျွန်မ မျက်စိထောင့်မြင်ကွင်းသို့ အရက်သမားသည် ရှေ့သို့ ငိုက်စိုက်ကျနေရာမှ ပြန်

www.burmeseclassic.com



မတ်ကာ ထိုင်ခုံနောက်မှီသို့ ကျောမှီချလိုက်၏။ ကျွန်မ ထိတ်ခနဲ ရင်ခုန်သွားပြီး ကာကွယ်ရန် ကိုယ်ခန္ဓာကို အသင့်ပြင်ထားလိုက်သည်၊ ကားတွင်း မီးရောင် မှိန်မှိန်ကလေးမှာ မှိန်သွားလိုက် လင်းလာလိုက် မငြိမ်မသက် ဖြစ်နေ၏။ ကျွန်မသည် လွယ်အိတ်ကို ပေါင်ပေါ်မှာ တအားဖိထားပြီး ထီးကို လက်နှစ်ဖက်ဖြင့် တင်းကျပ်နေအောင် ဆုပ်ထားလိုက်၏၊ အရက်နံ့က ကျွန်မ၏ နံဘေး ပိုမိုနီးကပ်လာသလို ခံစားရသဖြင့် ပြုံးခနဲ ဒေါသ တကြီး လှည့်ကြည့်လိုက်သောအခါ သည်ဘက် လှည့်နေသော အရက်သမား မျက်နှာကို မျက်မှန်ဝင်းခနဲ မြင်တွေ့လိုက်ရ သည်။

သို့သော် သူ ကျွန်မကို ကြည့်နေခြင်း မဟုတ်ပါ။ ကျွန်မ၏ တစ်ဖက် ပြတင်းပေါက်မှ တစ်ဆင့် အပြင်သို့ လှမ်းကြည့်နေ ခြင်းဟု ထင်ရသည်။ သူ့မျက်နှာမှာ အဆီပြန်နေ၏။ မျက်မှန် ကြီးက တော်တော်ကို ထူသည်ကိုတော့ လျှပ်တစ်ပြက် အကဲ ခတ်လိုက်မိ၏။ ကျွန်မ ကိုယ်ကို နည်းနည်း ကျုံ့ပစ်လိုက်သည်။ သူက ကားဖြတ်သွားစဉ် ကျန်ခဲ့သော အဆောက်အအုံများကို မျက်မှောင်ကုတ်ကာ အားစိုက် ကြည့်ရှုနေ၏။ ရွှေပုစွန် အအေး ဆိုင်ကို မြင်လိုက်ရသော အခါမှာတော့ သူ စိတ်အေးသွားပုံ ရကာ ရှေ့သို့ပြန်လှည့်သွားသည်၊ ထိုအချိန်မှာပင် သူ့လည်ကုပ်မှ မျက်မှန်ဆိုင်းကြိုးဖြစ်သော နက်ပြာရောင် ပိုးကြိုးကလေးကို မြင်ရသည်၊ ကျွန်မ အနည်းငယ် ရယ်ချင်သွား၏။ အင်း....သူ့ ကြည့်ရတာ အရက်မူးမူးပြီး မကြာခဏ မျက်မှန်ကျကွဲတတ်ပုံ ရသည်။

ဤလူသည် တစ်နေ့တစ်နေ့ အရက် ဘယ်လောက်ဖိုး သောက်ပြီး ငွေစက္ကူတွေကို အရည်ဖျော်ပစ်နေပါလိမ့်။ သူ့မှာ မိန်းမ ရှိနေသလား။ ထိုမိန်းမက သူ့ကို ဘာများ မက်မောပြီး ယူခဲ့ပါလိမ့်။ သူ့မှာ သားသမီးတွေရော ရှိနေသလား၊ အရက် သမား တစ်ယောက်သည် သားသမီးအပေါ် ဝတ္တရားကျေပွန်

www.burmeseclassic.com

www.burmeseclassic.com



သော ဖခင်ကောင်း တစ်ယောက် ဖြစ်နိုင်ပါ့မလား။ အလုပ်အပြန်တွင် သားသမီးတွေဖို့ မုန့်ပဲသွားရည်စာ ဝယ်ရမည့်အစား အရက်မူးအောင် သောက်ပစ်ဖို့သာ စိတ်ကူးသော ထိုလူ၏ သားသမီးများ ကံဆိုးပါသည်။

နေဦး....သူ့ပလတ်စတစ် အိတ်ထဲမှာ မုန့်တစ်ခုခုလေများ ပါမလားဟု ကျွန်မ မသိမသာ ငုံ့ကြည့်လိုက်သည်။ ဘာမုန့်မျှ မရှိပါ။ စာအုပ် သုံးလေးအုပ်သာ ပါသည်။ အမယ်.... အင်္ဂလိပ်ဘာသာဖြင့် စာအုပ်များထင်၏။ အပေါ်ဆုံးကစာအုပ်ကို ကျွန်မ သိသလိုလို။ ကားတွင်း မီးရောင် ပါကြင့်ကြင့်အောက်တွင် ကျွန်မ သေသေချာချာ စူးစိုက်၍ကြည့်လိုက်သည်။ **Albert Camus** ၏ **The Rebel** စာအုပ် ဖြစ်လေသည်။

ကျွန်မ တအံ့တဩဖြစ်သွားကာ သူ့မျက်နှာကို ပေါ်ပေါ် တင်တင်ပင် လှည့်ကြည့်မိ၏။ အရက်သမား တစ်ယောက်၏ လက်ထဲတွင် ဤစာအုပ် ရောက်နေခြင်းမှာ နည်းနည်းတော့ဆန်းသည်။ သို့သော် သူ့မျက်နှာကို သေသေချာချာ အကဲခတ်မိပြန်တော့ မထူးဆန်းပြန်ပါ။ မျက်မှန်နောက်က သူ့မျက်လုံးများသည် အရက်ကြောင့် ရီဝေနေသော်လည်း အသိဉာဏ်ရှိသူ တစ်ဦး၏ မျက်ဝန်းများ ဖြစ်သည်။ ထူထဲလှသော ဤမျက်မှန်ကို ထောက်ရှု၍ တစ်ကြောင်း၊ သူ၏ ရှည်လျားသွယ်ပျောင်းသော လက်ချောင်းများနှင့် ဤစာအုပ်ကို ထောက်၍ တစ်ကြောင်း သူသည် ကာယလုပ်သား တစ်ယောက် မဖြစ်နိုင်ကြောင်း ကျွန်မ လောင်းရဲသည်။

ဤစာအုပ်ကို ကျွန်မ သုံးလေးကြိမ်မက ကြိုးစားဖတ်ဖူးပါသည်။ ကျွန်မ လိုက်၍ မမီပါ။ မူရင်း ပြင်သစ်ဘာသာက ဘယ်လိုနေမည် မသိသော်လည်း ဘာသာပြန် အင်္ဂလိပ်စာကြောင်း များကတော့ ဖတ်ရှုရန် ခက်ခဲလှပါသည်။

ဤအရက်သမားသည် သူ့ဘဝ တစ်လျှောက်တွင် ညီသူတွေ၏ အမိန့်ကို မတန်တဆ နာခံနေခဲ့ရပါသနည်း။ နောက်

www.burmeseclassic.com

www.burmeseclassic.com



ထပ် အမိန့်သစ်များကို ပြုန်းခနဲ ငြင်းဆို တွန်းလှန်ရလောက်အောင် သူ နာခံခဲ့ရသော အမိန့်များ ဘယ်လောက် ကြာရှည်ခဲ့ပါသနည်း။ ဘယ်လောက် များပြားခဲ့ပြီလဲ။ သူ့ပခုံးပေါ်တွင် မည်သည့် ဝန်ထုပ်ဝန်ပိုးကြီး ထပ်ဆင့် တင်နေပါသလဲ။ ယခုအချိန်တွင် သူ အရာရာကို ငြင်းပယ်ရန် အဆင်သင့် ဖြစ်နေပြီလား။ ထိုကဲ့သို့ ငြင်းဆိုနိုင်ရန် သူ့ကို မည်သည့် ခံစားချက်တွေက တွန်းအားပေး ခဲ့ပါသလဲ။

သူ၏ ရှည်လျားလှသော လက်များကို ယခုအခါ ရွှေခုံနောက်မှီးပေါ်တွင် ပက်လက်ဖြန့်ထားသည်ကို ကျွန်ုပ်မ မြင်လိုက်ရ၏။ သူသည် ထိုလက်များ သူ့လက် မဟုတ်သလို၊ ဘယ်တုန်းကမျှ မမြင်ခဲ့ဖူးသလို စူးစိုက်ကြည့်လျက် ရှိသည်။ မြင်မှ မြင်ရပါရဲ့လား မသိပါ။ လက်ဖဝါးသည် ရှည်လျားသော လက်ဖဝါး ဖြစ်၏။ သို့သော် လက်ချောင်းများကလည်း လက်ဖဝါးလိုပင် ရှည်လျားလှသည်။ ထိုလက် အမျိုးအစားမှာ ဉာဏ်ပညာကြီးခြင်း၊ စိတ်ကူးဉာဏ်ဖြင့် လုပ်ကိုင်သည့် လုပ်ငန်းများ အောင်မြင်ခြင်း၊ အနုပညာဖြင့် အသက်မွေးခြင်းကို ပြဆိုသည်။

ဤအရက်သမားသည် အနုပညာသမား တစ်ယောက် ဖြစ်လေသလား။ ဤလက်ပိုင်ရှင်သည် အရာရာတွင် ခံစားထိခိုက်လွယ်သူ၊ စိတ်ပြင်းထန်သူ၊ မျှဝေခံစားတတ်သူ ဖြစ်ရမည်။

သူသည် မည်ကဲ့သို့ အနုပညာသမားမျိုး ဖြစ်နိုင်သလဲ။ ကျွန်ုပ်မသည် မှုန်တိမှုန်မှား အလင်းအောက်တွင် သူ့လက်မှ အရေးအကြောင်းများကို စိတ်ဝင်တစား ကြည့်ရှုမိသည်။ နှလုံးလမ်းကြောင်းသည် လက်ညှိုးအောက်မှ စသည့်အပြင် ဉာဏ်လမ်းကြောင်း၊ အသက်လမ်းကြောင်းတို့နှင့် ပူးကပ်လုနီးပါး အောက်သို့ စိုက်ဆင်းလျက် ရှိသည်။ သူသည် လွတ်လပ်မှုကို မြတ်နိုးသူ ဖြစ်၍ လွတ်လပ်မှု အရသာနှင့် ကင်းဝေးနေရသူ ဖြစ်နိုင်သည်။ သူသည် အိမ်ထောင်ဖက်အပေါ် တစ်ဖက်လူက ချစ်မြတ်နိုးသည်ထက် ပို၍ ချစ်မြတ်နိုးသူ ဖြစ်ရမည်။



www.burmeseclassic.com

www.burmeseclassic.com



'ရှင် အိမ်ထောင်ကျပြီးပြီ မဟုတ်လား'

ကျွန်မ အသံမထွက်ဘဲ စိတ်ဖြင့် မေးခွန်း မေးလိုက်ပါသည်၊

'ကျပြီးပြီ'

သူ့လက်ဖဝါးများက ပြန်ဖြေ၏။

'ဘယ်လိုလုပ် သိသလဲ'

သူ့လက်ဖဝါးများက ပြန်မေးသောအခါ ကျွန်မ အနည်းငယ် ရယ်ချင်စွာ သူ့လက်သန်း အောက်ခြေမှ အိမ်ထောင်ရေး လမ်းကြောင်းများကို စိတ်ကြည့်လိုက်ပါသည်၊

'ဘာကိုပဲလုပ်လုပ် ရှင်ဟာ အနှောင့်အယှက်တွေချည်းပဲ တွေ့ရမယ်၊ ဒါပေမယ့် ရှင် အောင်မြင်ခဲ့တာပဲ၊ ချီးကျူးခံခဲ့ရတာပဲ၊ ဒါပေမယ့် အားလုံးဟာ တကယ့်အစစ်အမှန် တွေလို့တော့ မထင်လိုက်နဲ့၊ လူ့ဘဝဆိုတာ လိမ်ညာ လှည့်စားမှုတွေ ချည်းပဲ၊ နောက်ပြီး ရှင်အခု ရနေတဲ့ အောင်မြင်မှုတွေ၊ စည်းစိမ် ချမ်းသာတွေဟာ တစ်ခဏပဲ၊ ဒါကို အမြဲသဘောပေါက်နေရ မယ်၊ ရှင်လဲ တစ်ချိန်လုံး အသက်ရှင်နေမှာ မဟုတ်ဘူး၊ အဲဒီ အောင်မြင်မှုတွေဟာလဲ တစ်ချိန်လုံး တည်ရှိနေမှာ မဟုတ်ဘူး၊ တကယ်တော့ လူ့သက်တမ်းဟာ သစ်ပင်တစ်ပင်ရဲ့ သက်တမ်း လောက်တောင် ကြာတာမဟုတ်ဘူး။ အဆောက်အအုံ တစ်ခုရဲ့ သက်တမ်းလောက်တောင် ကြာတာမဟုတ်ဘူး။ ကျွန်မတို့ဟာ ကျွန်မတို့ ဆောက်လုပ်တဲ့ အဆောက်အအုံမပျက်စီး မပြိုလဲခင် မှာ သေဆုံးကြရတာပဲ၊ ဘာအဓိပ္ပာယ်ရှိသလဲ၊ ဒီ အဓိပ္ပာယ်မရှိတဲ့ ဘဝမှာ ကျွန်မတို့ ဘာကို ယစ်မူးနေမလဲ'

'ငါကကော ဘာကို ယစ်မူးနေလို့လဲ'

ထိုလက်ဖဝါးတို့က ပြန်လည် မေးမြန်း၏။

'ရှင်က အောင်မြင်မှုမှာ ယစ်မူးနေတယ်၊ ရှင့်ဘဝ ဖြစ်တည်မှု အပေါ်မှာ ယစ်မူးနေတယ်၊ သာမန် ယစ်မူးရတာနဲ့ အားမရလို့ အရက်သောက်ပြီး ယစ်မူးနေတယ်'

www.burmeseclassic.com

www.burmeseclassic.com



လက်ဖဝါးများက ရယ်မောပါသည်။

'ငါ မအောင်မြင်ပါဘူး၊ နောက်ပြီး မင်း ထင်နေတဲ့ အောင်မြင်မှုကိုတောင် ငါက မပိုင်ပါဘူး၊ ဒီတော့ ငါ ဘာကို ထစ်မူးစရာ လိုသလဲ'

'ဒါဖြင့် ဘယ်သူပိုင်တဲ့ အောင်မြင်မှုလဲ'

'ငါ့ဘေးက လူတွေကသာ ပိုင်ဆိုင်တယ်၊ ငါ့ပတ်ဝန်း ကျင်မှာ လူတွေ အများကြီး ရှိတယ်'

'စီးပွားဖက်တွေလား၊မိတ်ဆွေတွေလား၊ သူငယ်ချင်းတွေ လား'

'အားလုံး အစုံပဲ၊ အောင်မြင်တဲ့ အခါမှာ လူတွေ များ လာပြီး ဆုံးရှုံးတဲ့အခါမှာ ငါတစ်ယောက်တည်းပဲ၊ အောင်မြင် မှုကို မျှယူမယ့်သူတွေ အများကြီး၊ဒါပေမယ့် ဆုံးရှုံးနာကြည်းတဲ့ အခါမှာတော့ အဲဒီခံစားမှုကို ငါတစ်ယောက်တည်းပဲ ပိုင်ရ တယ်'

ဘတ်စ်ကားသည် သခင်မြပန်းခြံကို ချိုးကွေ့လိုက်သော အခါ အရက်သမားသည် ဘစ်ဖက်သို့ ယိုင်ခနဲ ဖြစ်သွား၏၊ ထို အခါ သူ့လက်များသည် ရှေ့ထိုင်ခုံနောက်မှီကို အလိုအလျောက် ဆုပ်ကိုင် ထိန်းချုပ်လျက်သား ဖြစ်နေ၏။ ထို့နောက် သူ့လက် များ ပြန်မဖြန့်သေးဘဲ နောက်မှီကို တင်းတင်းဆုပ်ထားလေသည်။ ကျွန်မသည် အရက်နံ့ကို သတိလက်လွတ် ရှူရှိုက် မိနေကြောင်း ခုမှ ပြန်လည် သတိထားမိသွားပြီး အသက်ကို မျှင်းမျှင်း လေး ရှူလိုက်ရ၏။ ဘတ်စ်ကားသည် သခင်မြပန်းခြံလမ်းမှ ထိချုပ်လမ်းသို့ အရှိန်ဖြင့် ချိုးကွေ့လိုက်ပြန်၏။အရက်သမား၏ ယ်ခန္ဓာက ကျွန်မဘက်သို့ ဆတ်ခနဲ ယိမ်းပြိုလာသည်။ကျွန်မ ကိုယ်ကိုတ်ကာ ထောင့်သို့ တတ်နိုင်သမျှ ကပ်ထားလိုက်သည်။

အလယ်တွင် မတ်တတ်ရပ်နေသော လူများက ကျွန်မတို့ နှစ်ယောက်ကို ရှုတ်တာသက်သလို ကြည့်နေကြတာကိုလည်း ကျွန်မ သတိထား မိသွားမိသည်။ အရက်သမား၏ ယိမ်းယိုင်ချိန် လိုအပ်သည်

www.burmeseclassic.com



ထက် ပို့ကြာလျှင် ကျွန်မထီးဖြင့် သူ့နံဘေးသို့ ဆောင့်ထိုးပစ်လိုက်ဖို့ ကြံရွယ်ပြီးသား။ သို့သော် မောင်မင်းကြီးသား ကျေးဇူးရှင်က နေရာတွင် ပြန်မတ်၍ ခပ်တည်တည် ခေါင်းငိုက်စိုက် ကျနေပြန်လေသည်။ သူ့ညာဘက်တွင် အမျိုးသမီး တစ်ယောက်ရှိနေမှန်း သတိမထားမိသလိုပင် ဖြစ်၏။

သူ၏ ရှည်မျောမျော အနည်းငယ်ပိန်ခွက်သော မျက်နှာသည် ပြင်ပသွင်ပြင်အနေဖြင့် မှန်မှိုင်း ခြေအးစက်ဟန် ရှိသော်လည်း အတွင်းသဏ္ဌာန်က လှုပ်ရှားတုန်ခါလျက် ရှိသည်။ သူ့မျက်နှာသည် အက်ဒ်ဗတ်ဒ်မန့်ချ်၏ ပန်းချီကားများကို ကြည့်ရသလို ငြိမ်သက်မှု စိတ်ခံစားချက် ဝမ်းနည်းမှုနှင့်အတူ သေးရှုးသေးဘန်း ဖြစ်မှုတို့ကို တစ်ပြိုင်တည်း မြင်တွေ့ရသလို ရှိ၏။ ကျွန်မသည် ထင်းကျူးပ်မှာ ဆုပ်ကိုင်ထားသော ထီးကို ဖြေလျှော့လိုက်မိသည်။

သူသည် နောက်တစ်ကြိမ် လက်များကို ပက်လက်လှန်လိုက်ပြန်ပြီး သူ့လက်ဖဝါးများကို သူ့ဟာသူ အားတင်း၍ စိုက်ကြည့်နေပြန်သည်။ ထိုအချိန်၌ သူ့မျက်လုံးများမှာ ရူးသွပ်သူတစ်ဦး၏ မျက်လုံးများအတိုင်း ဖြစ်သည်။

ထိုမျက်လုံးများကြောင့် ကျွန်မ စိမ့်ခနဲ ကျောချမ်းသွားမိသည်။ သို့သော် ကျွန်မ ထိန်းချုပ်ထားနိုင်ပါသည်။ ဤဘတ်စ်ကားပေါ်တွင် ဘာတစ်ခုမျှ ဆိုးဆိုးရွားရွား ဖြစ်မည့်ပုံ မပေါ်ပါ။ အရက်မူးနေခိုက်မှာ လူတွေဟာ တစ်ခဏ ရူးသွပ်သွားကြတာပဲ မဟုတ်လား၊ တချို့ အမူးသမားများက ညစ်ညမ်းသော စကားလုံးများ အဆက်မပြတ် ပြောနေတတ်ကြသည်။ တချို့ အမူးသမားများက အဓိပ္ပာယ်မရှိ ရယ်မောနေတတ်ကြသည်။ တချို့ အမူးသမားများက အဓိပ္ပာယ်မရှိ ဒေါသကြီးစွာ အော်ဟစ် ဆဲဆိုနေတတ်ကြသည်။ အချို့ကတော့ ရှိုက်ကြီးတငင် ငိုတတ်ကြသည်။

www.burmeseclassic.com



အစွန်းတွေပဲ....လူတွေဟာ ဘာကြောင့်များ အရက် သောက်ကြပါလိမ့်။

'အရက်သောက်တယ်ဆိုတာ ကိုယ့်ကိုယ်ကို ရယူ ပိုင်ဆိုင် ခြင်း တစ်မျိုးပဲ'

သူ့လက်ဖဝါးများက ကျွန်မကို ညင်သာစွာ ဆင်ခြေ ပေး၏။ ကျွန်မ စိတ်ထဲက သရော်ကာ ပြုံးရယ်မိပါသည်။

'ကိုယ့်ကိုယ်ကို ရယူဖို့ နည်းတွေ အများကြီး ရှိနေတာပဲ၊ ဥပမာ ကိုယ့်အလုပ်အပေါ်မှာ ကိုယ် သစ္စာစောင့်ထိန်းတဲ့နည်း၊ ဒီနည်းဟာ ကိုယ့်ကိုယ်ကို ဘယ်လောက် ပိုင်ဆိုင်သလဲ'

'ဘယ်ဟုတ်မလဲ၊ ကိုယ်အလုပ်တစ်ခုလုပ်တိုင်း ဒီ အကျိုး အမြတ်က ကိုယ့် အပေါ် မကျရောက်ဘဲ သူတစ်ပါး အပေါ် အကျိုးဖြစ်ထွန်းတာ များနေမယ်ဆိုရင် သူဟာ ဘယ်လိုလုပ်ပြီး အလုပ်နဲ့ ကိုယ့်ကိုယ်ကို ရယူနိုင်ပါ့မလဲ၊ အလုပ်နဲ့ သူများကို ပေး ဆပ်နေရတာ ဖြစ်မသွားဘူးလား'

ကျွန်မ အနည်းငယ် ငိုင်သွားပါသည်။

အလုပ်လုပ်ဖို့ ခါးသီးမုန်းတီးစွာ ထွက်ပြေး တိမ်းရှောင် သွားသော လူငယ်ကလေး တစ်ယောက်အကြောင်း ရေးထား သည့် ဝတ္ထုတိုတစ်ပုဒ်ကို ဖတ်ဖူးသည်။ ကျွန်စတိန်းဗက် ရေးသော ဝတ္ထုလား၊ သို့မဟုတ် ဂျက်လန်ဒန် ရေးသော ဝတ္ထုလား၊ မမှတ် မိတော့ပါ။ ပုလင်းစက်ရုံမှာ လူမမယ်ဘဝကတည်းက အလုပ် လုပ်ခဲ့ရသော ကလေး။ နေ့စဉ် အေးမြတုန်ခိုက်လှသော နံနက် အရုဏ်တက် အိပ်ရာထချိန်တိုင်း စောင်ခြုံထဲမှ ထွက်ဖို့ ကိုယ့် ကိုယ်ကို မနည်း ကြိုးစား အားတင်းခဲ့ရသော ကလေး။ထိုကလေး သည် သူ့လက်ကလေးဖြင့် တစ်နာရီကို ပုလင်း ဘယ်နှစ် ဘယ်မျှ ပြီးအောင်ဟု ကြိုးစားသတ်မှတ်ကာ နေ့ပေါင်း၊ လ ပေါင်း၊ နှစ်ပေါင်းများစွာ အလုပ် လုပ်ခဲ့ရသည်။ သူ့ အမေ အတွက်၊ သူ့ညီကလေးများ အတွက်... သူ လုပ်ခဲ့ရသော လ များ၊ ရက်များ၊ နာရီများကို ပုလင်းများနှင့် တွက်ကြည့်သည်။

www.burmeseclassic.com



သူ့လုပ်ခွ ားမှုများ မည်မျှအသုံးပြုခဲ့ရကြောင်း တွက်ကြည့်သည်။ နောက်ဆုံး သူ့အိမ်မှ ထွက်ပြေးလေသည်၊ လူတွေမှာ နောက်ဆုံး အဆင့် ခံနိုင်ရည်ဆိုသော အတိုင်းအတာ ရှိပါသည်။

'ဒါပေမယ့် ဒါက ကာယအလုပ်သားတွေမှာသာ ရှိတတ်တဲ့ အဖြစ်မျိုးပါ'ဟု ကျွန်မ ဆင်ခြေပေးမိ၏။

'ကာယနဲ့ ပေးဆပ်ရတာထက် ဉာဏ်ရည်ကို အသုံးချခံရတာက ပိုပြီး တနင့်တပိုး နိုင်ပါတယ်'

ကျွန်မ ဖျတ်ခနဲ သိသွားကာ သူ့လက်ဖဝါးများကို စေ့စေ့စပ်စပ် ကြည့်မိပြန်၏။ သူ့ လက်နှစ်ဖက် စလုံးမှာ သောကြာခါးသတ်ဟု ခေါ်သော စိတ်ကူးလမ်းကြောင်းက ထင်းနေ၏။

'ကဗျာဆရာတော့ မဟုတ်နိုင်ဘူး၊ ရှင်ဟာ စာရေးဆရာများလား'

သူ မဖြေပါ။

'ဒါမှမဟုတ် အဆိုတော်လား'

သူ မဖြေပါ။

'ပန်းချီဆရာများလား'

သူက ထိုမေးခွန်းများကို မဖြေဘဲ သူ ပြောချင်ရာ ပြောချသည်။

'ငါဟာ အမြဲတမ်း သူများအတွက်ချည်း အသက်ရှင်နေခဲ့ရတယ်၊ နေ့တိုင်း နှစ်ဆယ့်လေးနာရီလုံးလုံး ငါ့ဘဝကို သူများတွေကို မျှပေးနေရတယ်၊ တခြားသူတွေ ထမင်းစားဖို့၊ရယ်မောဖို့၊ ခံစားဖို့၊ ငါ့ချစ်သူအတွက်၊ ငါ့မိန်းမအတွက်၊ ငါ့သားသမီးတွေအတွက်၊ ငါ့မိတ်ဆွေတွေအတွက်၊ နောက်ပြီး....'

'ဒါပေမယ့် ဒါဟာ အရက် သောက်ရတဲ့ အကြောင်းမဟုတ်သေးပါဘူး'

'သိပ်ဟုတ်တာပေါ့၊ ငါအရက်သောက်တာဟာ ငါ့ကိုယ်ငါ ပိုင်ဆိုင်ကြောင်း ပြခြင်း တစ်မျိုးပဲ၊ ဒီတစ်ခဏမှာတော့ ငါဟာ ငါ့ကိုယ်ငါအတွက်ပဲ အသက်ရှင်နေလိုက်တာပေါ့၊ လူတစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်ဟာ သူ့ဘဝမှာ သူ့အတွက် သူလဲ အသက်ရှင်နေထိုင်ခွင့် ရှိသေးဘယ် မဟုတ်လား'

ဤဆင်ခြေမျိုး ကျွန်မ လက်မခံနိုင်ပါ။

သူ့လက်ဖဝါး အရေးအကြောင်းကို ကြည့်ရသည်မှာ ဆေးဝါး သို့မဟုတ် အရက် တစ်ခုခုကို စွဲလမ်းတပ်မက်သူ တစ်ယောက်၏ အရေးအကြောင်းမျိုး ပါဝင်နေသည်။

'ဒါပေမယ့် အခုတော့ အရက်က ရှင့်ကို ပိုင်နေတာပဲ'

'အရက်က ပိုင်သွားမယ်ဆိုရင် ငါ ကျေနပ်နိုင်ပါသေးတယ်'

သည်တစ်ကြိမ် ဆင်ခြေမဲ့သွားရသူမှာ ကျွန်မသာ ဖြစ်ပါသည်။

သူ့မျက်လုံးများသည် အားမာန်ကင်းမဲ့သော မျက်လုံးများ ဖြစ်၏။ လတ်တစ်လော အရှုံးနှင့် ရင်ဆိုင်နေရသူ၏ မျက်လုံးများ ဖြစ်၏။ ဘဝကို မကျေနပ် မရောင့်ရဲနိုင်သူ၏ မျက်လုံးများ ဖြစ်သည်။ ယိုမျက်လုံးများသည် အရက်သမားများတွင် တွေ့ရလေ့ရှိသော မျက်လုံးများ ဖြစ်၏။ အံ့ဩစရာ မဟုတ်ပါ။

ဟုမ်းလမ်း မှတ်တိုင်ကို ကျော်လာသောအခါမှာတော့ ကျွန်မ ထိုင်ခုံမှ ထလိုက်ရပါသည်။ သူက တတ်နိုင်သမျှ ကိုယ်ကို ကျုံ့ပေးပြီးနောက် ကျွန်မထိုင်ခဲ့သည့် ခုံစွန်းနေရာသို့ ရွှေ့သွား၏။ ကားရှေ့ပိုင်း တံခါးပေါက်သို့ ကျွန်မ ရောက်သွားချိန်တွင် ကျောင်းရှေ့မှတ်တိုင်၌ ကားရပ်ပါသည်။ ကားပေါ်မှ မဆင်းမီ ကျွန်မ ထိုအရက်သမားထံ လှမ်းကြည့်လိုက်၏။

သူသည် ပြတင်းခုံဘောင်ပေါ် မျက်နှာမှောက်ကာ ခေါင်းငိုက်စိုက်ချလျက် ရှိသည်။ သူ ငိုကြွေးနေသည်ဟု ကျွန်မ ထင်သည်။ အရက်သမားတစ်ယောက် ငိုကြွေးနေတာ အဆန်းမဟုတ်သော်လည်း ကျွန်မရင်ထဲတွင် နင့်ခနဲ ကြေကွဲသွားမိပါသည်။

www.burmeseclassic.com

www.burmeseclassic.com




ကြည့်မြင်တိုင်ကောလိပ်ရှေ့သို့ ကျွန်မ လျှောက်လာစဉ် လမ်းဓာတ်မီးတိုင် အလင်းရောင်အောက် ရောက်တော့ စိတ်မှတ်မထင် ကျွန်မလက်ဖဝါးများကို ဖြန့်ကြည့်မိသည်။

ဘုရားရေ… သူ့လက်ဖဝါးများနှင့် တူလှချည်လား။

ဂျူး
(၁၉၉၂ ခု၊ အောက်တိုဘာလ၊ ရှေ့ပြေးမဂ္ဂဇင်း)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## သစ်ပင်နှင့်တူသောမိန်းမ

သူမ၏ အသုဘကို ကျွန်တော်လိုက်ပါ ပို့ဆောင်ခဲ့သည့်အတွက် မည်သူမျှ မအံ့သြကြပါ။ ထို့ပြင် မည်သူမျှလည်း ကျွန်တော့်ကို ထူးခြားပြီး သတိမထားပါ။ သူမ၏ အသုဘသည် ကျွန်တော်တို့မြို့တွင်တော့ အစည်ကားဆုံး အသုဘ ဖြစ်ပါသည်။

သူမ မသေဆုံးမီ ညနေခင်းကမှ ကျွန်တော် သူမကို နောက်ဆုံး မြင်တွေ့ခဲ့ရသေးသည်။ အမြစ်တွယ်နေသော သစ်ပင်တစ်ခုကဲ့သို့ အမြဲတမ်းလိုလို ပြတင်းပေါက်အနီး စားပွဲမှာ ထိုင်နေတတ်သည့် သူမ ထိုညနေကတော့ ခြံထဲဆင်း၍ မတ်မတ်ရပ်လျက် ရှိခဲ့သည်။

သူမ၏ ဆံပင်များမှာ အညိုရောင်လှိုင်းများအဖြစ် ဝေ့ဝှေ့လျက် နောက်ကျောဆီတွင် ကျနေ၏။ ကျွန်တော်ရှိရာ ခြံဝင်း

www.burmeseclassic.com

www.burmeseclassic.com



-

အပြင်ဘက်သို့ လှမ်းကြည့်လိုက်သော မျက်လုံးများမှာ ယခင်ကလို လောကအပေါ် စူးစမ်းမှု၊ စိတ်ဝင်စားမှု၊ အံ့ဩမှုများ လုံးဝ မပါခဲ့တော့ပါ။ သူမ မျက်ဝန်းများ၏ နက်ရှိုင်းသော အဓိပ္ပာယ်တို့ကို တစ်စုံတစ်ရာက ဖျက်ဆီးပစ်လိုက်ပြီ။ ထိုတစ်စုံတစ်ရာသည် ကျွန်တော်တို့ မြို့လေးလား၊ သူမ၏ ခင်ပွန်းသည်လား၊ သူမသာလျှင် သိနိုင်ပေလိမ့်မည်။

သူမ၏ ခင်ပွန်း နေထိုင်ရာ ကျွန်တော်တို့မြို့သို့ သူမ ပထမဆုံး လိုက်ပါလာသည့်နေ့မှာပင် သူမကို ကျွန်တော် တွေ့မြင်ခဲ့ရပါသည်။ သူမ၏ ခင်ပွန်းသည် ကျွန်တော်တို့မြို့တွင် ထင်ရှားသော စာရေးဆရာတစ်ယောက် ဖြစ်သည်။ စာရေးဆရာကတော် အသစ်စက်စက်ကလေးသည် ဘယ်လိုပုံစံ ရှိမှာပါလိမ့်ဟု မြို့သူမြို့သားအားလုံးက စိတ်ဝင်စားနေကြချိန်တွင် ကျွန်တော်သည် သူမကို ပထမဆုံး အနီးကပ် အကဲခတ်ခွင့်ရသူ ဖြစ်သွား၏။ သူမတို့လင်မယားသည် အငှားကားသုံးစီး ရပ်ထားသည့်အနက် ကျွန်တော့်ကားကို ရွေးချယ်ခဲ့ကြသောကြောင့် ဖြစ်ပါသည်။

သူမကို စတင်မြင်တွေ့လိုက်ရချိန်ကတည်းက ကျွန်တော့်ဘဝတွင် ကျေနပ်ရောင့်ရဲမှုများ ကုန်ဆုံးသွားပြီ ဖြစ်ကြောင်း ကျွန်တော် ရိပ်မိလိုက်ပါသည်။ ထိုနေ့က သူမ ဘာဝတ်စုံ ဝတ်ထားသလဲ ကျွန်တော် သတိမထားမိပါ။ သူမ၏ကိုယ်ခန္ဓာ ဖွံ့ထွားသလား၊ အချိုးအစားကျနလှပသလား ကျွန်တော် သတိမထားမိပါ။ ကျွန်တော် သိလိုက်သည်က သူမ၏ လှပနက်နဲသော မျက်လုံးများသာ ဖြစ်သည်။ ကျွန်တော် တွေ့ဖူးသမျှ မိန်းမများတွင် မျက်လုံးအလှဆုံး မိန်းမ ဖြစ်၏။ ကြီးမားရှန်းလဲ့ပြီး အသိဉာဏ်မြင့်မားသူ တစ်ဦး၏ မျက်လုံးများ ဖြစ်သည်။ လောက၏ နူးညံ့မှုများ၊ ရုန့်ရင်းကြမ်းတမ်းမှုများ၊ ပေါ့ဆပ်မှုများကို ထွင်းဖောက် အကဲခတ်နိုင်သူ တစ်ဦး၏ မျက်လုံးများ ဖြစ်သည်။ ထိုမျက်လုံးများသည် ကျွန်တော့်ကို သိမ်မွေ့သော

www.burmeseclassic.com



ကြီးမြတ်မှု တစ်ခုဖြင့် ဖမ်းစားညို့ယူလိုက်သောအခါ ကျွန်တော် တအံ့တသြ ငေးမောမိသွား၏။

စာရေးဆရာက ထင်းရှူးသေတ္တာကြီးများကို ညွှန်ပြပြီး တစ်ခုခုပြောတော့မှ ကျွန်တော် ကူညီရန် သတိရသွားခဲ့သည်။ သူမတို့တွင်ပါသော သေတ္တာကြီး သုံးလုံးမှာ လေးလံလှသောကြောင့် ကျွန်တော်နှင့်အတူ အလုပ်သမားကြီး တစ်ယောက်ကပါ စာရေးဆရာကို ကူညီသယ်ပိုးပေးခဲ့သည်။ စကားနည်းသော သူမသည် ကားရှေ့ခန်း၌ ကျွန်တော်နှင့် စာရေးဆရာအကြားမှာ တိတ်ဆိတ်စွာ လိုက်ပါလာခဲ့လေသည်။ စာရေးဆရာက မြို့၏ ရာသီဥတုနှင့် ပတ်သက်၍ ပြောပြနေစဉ် သူမက ခေါင်းလေးညိတ်လျက် နားထောင်နေခဲ့သည်။ သူမ၏ ဆံပင်များသည် အညိုရောင် လှိုင်းများကဲ့သို့ ဝေ့ဖွာလျက် နောက်ကျောဆီတွင် ကျနေခဲ့သည်။ တစ်ချက်တစ်ချက် အညိုရောင် ဆံပင်ခွေလေး တစ်ခုက ကျွန်တော့်ပါးပြင်နားသို့ လွင့်ခနဲ လွင့်ခနဲ ရောက်လာတတ်သည်။ ထိုအခါမျိုးတွင် ကျွန်တော် ပင့်သက်ရှိုက်လျက် ကားလမ်းမပေါ် အချိန်မရွေး တက်လာနိုင်သော လမ်းဘေးက နွားအုပ်ဆီသို့ အာရုံလွှဲပြောင်း ယူခဲ့ရပါသည်။

အိမ်ထဲသို့ ပစ္စည်းများ ချသောအခါ ထမင်းချက်အဒေါ်ကြီးနှင့်အတူ အိမ်နီးချင်းတစ်ယောက်က ကျွန်တော်တို့ကို ကူညီသယ်ပေး၏။ စာကြည့်ခန်းဖြစ်နိုင်သော အခန်းထဲအထိ သေတ္တာများကို သယ်ချပေးခဲ့ရန် စာရေးဆရာက တောင်းဆိုသောအခါ ကျွန်တော် စိတ်ပါလက်ပါ ကူညီခဲ့ပါသည်။

သူမသည် သူမ တစ်သက်လုံး နေထိုင်သွားရမည့် သပ်ရပ်သော သစ်သားအိမ်ကလေးကို ဝေ့ဝဲစူးစမ်း ကြည့်ရှုကာ တက်ကြွနေခဲ့၏။

'အစ်ကို့မှာ စာအုပ်စင်အပိုတွေ ရှိရဲ့လားဟင်'

သူမ၏ နွေးထွေးသောအသံမှာ ခွန်အားအပြည့်။ စိတ်ကျေနပ်မှု အပြည့်ဖြစ်သည်။ စာရေးဆရာက ပြုံး၍ ခေါင်းယမ်း



www.burmeseclassic.com

www.burmeseclassic.com



ပြလိုက်သောအခါ ဆံပင်တစ်ချက်ခါလျက် ရယ်မောလိုက်သော သူမ၏နှုတ်ခမ်းများ နုပျို ပန်းဆန်းလှပါသည်။

'ကျွန်မတို့ စာအုပ်စင်တွေ ထပ်လုပ်ကြတာပေါ့၊ မြင်သစ် စာရေးဆရာကသတ်သတ်၊အင်္ဂလိပ်စာရေးဆရာတွေကသတ်သတ်၊ မြန်မာ စာရေးဆရာတွေက သတ်သတ်ထားရအောင်နော်။အမျိုး အစား မတူတာတွေရော ခွဲပြီး စီလိုက်ရရင် ကောင်းမလား'

ဤစကားသံမှာ ကျွန်တော် ပထမဆုံး ကြားဖူးသော သူမ၏ စကားသံဖြစ်ပြီး ကျွန်တော် နောက်ဆုံး ကြားဖူးသော စကားသံလည်း ဖြစ်ပါသည်၊ နောက်ထပ် နှစ်များစွာအတွင်း သူမ၏အသံကို ကျွန်တော် ကြားခွင့် မကြုံတော့ပါ။

နောက်မှ ကျွန်တော် သိရသည်မှာ သူမသည် ထူးဆန်းစွာ ပင် ကျွန်တော် လေးစား နှစ်သက်သော ကဗျာဆရာတစ်ဦး ဖြစ်နေခဲ့သည်။ ထိုအချိန်တုန်းကပင် သူမ၏ ပင်ကိုရေး ကဗျာ အနည်းအကျဉ်းနှင့် ဘာသာပြန်ကဗျာများကို တက္ကစီမောင်း သမား တစ်ယောက် ဖြစ်သော ကျွန်တော်က နှစ်သက်မြတ်နိုးစွာ သိမ်းဆည်းထားခဲ့ပြီးဖြစ်ကြောင်း တစ်ချိန်ချိန်တွင် သူမကို ပြော ပြခွင့် ရချင်သည်။

ရံဖန်ရံခါ သူမတို့အိမ်ရှေ့က ဖြတ်သွားစဉ် သူမကို တွေ့ မြင်ရတတ်ပါသည်။ သူမသည် စာကြည့်ခန်းဖြစ်နိုင်သော ကျွန် တော် တစ်ခါက စာအုပ်သေတ္တာများ ချပေးခဲ့သော အခန်း တွင် ပြတင်းပေါက်ဘေး၌ ထိုင်လျက် တစ်စုံတစ်ခုကို စိတ်ပါ လက်ပါ ငုံ့ကြည့် ပြုလုပ်နေသည်ကို ကျွန်တော် မကြာခဏ တွေ့ မြင်ခဲ့ရသည်။ ပူလောင်သော နေ့ညများထွင် လည်းကောင်း၊ တစိမ့်စိမ့်ရွာသွန်းသည့် မိုးဥတု ညနေခင်းများတွင်လည်းကောင်း၊ သူမ ထိုနေရာတွင် မလှုပ်မယှက် စွဲမြဲစွာ တည်ရှိနေတတ်သည်။ သူမ ဈေးသွားသည်ကို၊ မြို့ထဲထွက်၍ လည်ပတ်သည်ကို ကျွန် တော် မကြုံဖူးပါ။ သူမ ရောက်ခါစ ကာလတုန်းကတော့ တစ် ကြိမ် သူမတို့လင်မယားနှင့် ကျွန်တော် ရှပ်ရှင်ရုံတွင် ဆုံမိကြဖူး

www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ စာရေးဆရာသည် ကျွန်တော့်အား အငှားကားမောင်း သမားတစ်ယောက် အဖြစ်ပင် မှတ်မိပုံမရပါ။ သူမကတော့ ကျွန်တော့်ကို အသိအမှတ်ပြုသော မျက်လုံးများဖြင့် ကြည့်ခဲ့၏၊ ရုပ်ရှင်ရုံမှ ပြန်အထွက်တွင် သူမကို ခိုးကြည့်သော ကျွန်တော့်မျက်လုံးများကို သူမ မိသွားသည်၊ သူမသည် တောက်ပ လင်းလက်သော မျက်ဝန်းများဖြင့် ကျွန်တော့်ကို ခပ်ကြာကြာ ကြည့်ခဲ့သေးသည်။ ထိုမျက်ဝန်းများသည် ကျွန်တော့်ကို ဖောက် ထွင်း သိမြင်သည့် အသိဉာဏ်ရင့်သော မျက်ဝန်းများ ဖြစ်သည်၊ ထိုမျက်ဝန်းများသည် စောစောကရုပ်ရှင်ထဲမှာ ရိတာဟေးဝပ်သ်က ဂလင်းဖို့ဒ်ကို စိုက်ကြည့်လိုက်သော မျက်ဝန်းများနှင့် ဆင်တူ သည်ဟု ကျွန်တော် ထင်ခဲ့ပါသည်၊ သူမ မျက်နှာလွှဲသွားချိန်ထိ ထိုမျက်လုံးများကို ကျွန်တော် မြင်ယောင်နေမိသည်၊ထိုမျက်လုံး များကြောင့်ပင် သူမတို့အိမ်ရှေ့မှ မကြာခဏ ဖြတ်လျှောက်မိပြီး ဖြတ်လျှောက်မိတိုင်း သူမရှိရာ အခန်းဆီသို့ ငွေ့ဝဲ ရှာဖွေကြည့်ခဲ့ မိပါသည်၊ သူမသည် တစ်ခါတစ်ရံ ကျွန်တော့်ကိုမြင်ပြီး တစ်ခါ တစ်ရံ မမြင်ပြန်ပါ။

နေ့စဉ် သမားရိုးကျ ငြီးငွေ့ဖွယ် မြို့လေးတစ်မြို့တွင် အိမ် တစ်အိမ်၏ အခန်း တစ်ခုထဲ၌ လပေါင်းများစွာ နှစ်နှင့် ချီ၍ သူမ ဘယ်လိုများ နေထိုင်နိုင်ခဲ့ပါလိမ့်။ စာရေးဆရာသည် ညှော်ခံ ပွဲများ၊ လူမှုရေးကိစ္စများတွင် တစ်ယောက်တည်းသာ တက် ရောက်လေ့ ရှိသည်။ ဇနီးရော၊ ဆရာကတော်ရောဟု မေးမြန်းကြ ချင်ကျွန်တော့်မိန်းမက လူတောတိုးရမှာ မကြိုက်ဘူးဗျ၊သီးသန့် နေချင်တာ၊ သိပ်အေးတာဟု ဖြေတတ်သည်။ နောက်ပိုင်းတွင် စာရေးဆရာကတော်ကို လူတွေ မေ့သွားကြတော့၏။ မမေ့နိုင် သူမှာ ကျွန်တော် တစ်ယောက်တည်းသာ ဖြစ်ပါသည်။

သူတို့ လင်မယား တစ်ယောက်ကိုတစ်ယောက် ချစ်ကြ၍ ...

www.burmeseclassic.com

www.burmeseclassic.com



ဤမေးခွန်းသည် စောစောပိုင်း နှစ်တွေက ကျွန်တော်တို့မြို့တွင် ခေတ်စားသော မေးခွန်းတစ်ခုဖြစ်ခဲ့၏။ သူမတို့လင်မယားကို စိတ်ဝင်စားခဲ့သူမှာ ကျွန်တော် တစ်ယောက်တည်း မဟုတ်ပါ။ မြို့ပေါ်က လူတွေတော်တော်များများပင် စာရေးဆရာနှင့် သူ့ဇနီးအကြောင်း စိတ်ဝင်တစား စပ်စုခဲ့ကြဖူးသည်။ ထမင်းချက် အဒေါ်ကြီးမှ တစ်ဆင့် သိရသည်ဆိုသော စကားများအရ သူမတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ချစ်ကြပါသည်။ သို့သော် သူမတို့နှစ်ယောက် မတူညီကြပါ။ ဒါကိုတော့ ကျွန်တော် သတိပြုမိခဲ့ပါသည်။

သူမသည် ရင့်ကျက်သော မျက်ဝန်းများ ရှိသည်။ စာရေးဆရာတွင် ဘာကိုမျှ မသိနားမလည်သော အပြစ်ကင်းစင်သည့် မျက်လုံးများ ရှိသည်။ သူမတွင် နုပျိုသော နှုတ်ခမ်းများ ရှိသည်၊ စာရေးဆရာတွင် ခြောက်သွေ့ရင့်ရော်သော နှုတ်ခမ်းများ ရှိသည်၊ သူမတွင် သွယ်လျ သန့်ရှင်းသော လက်ချောင်းများ ရှိသည်၊ စာရေးဆရာတွင် မသေမသပ်၊ ခပ်ညစ်ညစ် လက်ချောင်းများ ရှိသည်။ သူမက မျိုသိပ်တတ်သည်။ စာရေးဆရာက ဖွင့်ဟ ပေါက်ကွဲတတ်သည်။ အဒေါ်ကြီး၏ စကားများအရဆိုလျှင် သူမတို့နှစ်ဦး အကြားတွင် တူညီသောအရာမှာ ရန်ဖြစ်လျှင် စာအုပ်များဖြင့် ပစ်ပေါက်လေ့ရှိခြင်းပင် ဖြစ်သည်။

အခြားအကြောင်းအရာများမှာ ပို၍ စိတ်ဝင်စားဖွယ်ကောင်း၏။

သူမသည် နေ့စဉ် စာဖတ်ခြင်းအလုပ်ကိုသာ လုပ်သူဖြစ်ပြီး စာရေးဆရာကတော့ ဘယ်တော့မှ စာမဖတ်ဘဲ စာရေးခြင်းအလုပ်ကိုသာ လုပ်သည်။ သူမတို့သည် ညစဉ် ပျင်းရိငြီးငွေ့ဖွယ်ရာ ခေါင်းစဉ်များဖြင့် စကားပြောနေတတ်ကြသည်။ အများအားဖြင့် စကားပြောသူမှာ သူမဖြစ်ပြီး နားထောင်သူမှာ စာရေးဆရာ ဖြစ်သည်။ တစ်ခါတစ်ရံ စကားပြောနေရင်းမှ ခဏလေးဟု ထထွက်သွားပြီးမှ မှတ်စုစာရွက် တစ်ထပ်ဖြင့် ပြန်

www.burmeseclassic.com

www.burmeseclassic.com



ရောက်လာကာ ချက်ချင်း ကောက်ခြစ် ရေးမှတ်တတ်သူမှာ လည်း စာရေးဆရာသာ ဖြစ်သည်။ ထိုအချိန်များတွင် သူမသည် ကျေနပ်နှစ်သိမ့်လျက် ခင်ပွန်းဖြစ်သူကို ချစ်မြတ်နိုးသော အကြည့်ဖြင့် ကြည့်ကာ ပြောလက်စ စကားများကို နောက်ထပ် စိတ်ရှည်လက်ရှည် ပြန်ပြောနေပြန်တော့သည် တဲ့။ မက်မောနှစ်သက်စွာ ခုံးသွတ်ခံရတော့မည့် လှပ မွှေးပျံ့သော ပန်းကလေးတစ်ပွင့်၏ မာနမျိုးဖြင့် လန်းဆန်း မော်ကြွားနေခဲ့လိမ့်မည်ဟု ကျွန်တော် ထင်ပါသည်။

သူမ ဤမြို့ကလေးသို့ ရောက်လာသည့် နှစ်ပေါင်း နှစ်ဆယ်အတွင်း ကျွန်တော်တို့အားလုံး ထူးခြားသော ပြောင်းလဲမှုတစ်ရပ် မရှိခဲ့ပါ။ မြို့လူဦးရေ အနည်းငယ် တိုးခြင်း၊ စားသောက်ဆိုင် သုံးခု အသစ်တိုးခြင်း၊ ဈေးတစ်ခု တိုးလာခြင်း၊ သစ်ပင်များ လျော့နည်းကာ ပို၍ ပူအိုက်လာခြင်းတို့သာ ပြောင်းလဲမှုရှိခဲ့ပါသည်။ သို့သော် သူတို့လင်မယားကတော့ အကြီးအကျယ် ပြောင်းလဲခဲ့သည်။

စာရေးဆရာသည် ပို၍ အောင်မြင်ထူးချွန်လာပြီး သူ၏ စာများမှာ ယခင်ကလို ခပ်ပေါ့ပေါ့ မဟုတ်တော့ဘဲ နက်နဲပြောင်မြောက်လာခဲ့သည်။ သူ၏ အတွေးများ၊ ခံစားချက်များ၊ အာနများသည် ပြင်းပြ စူးရှဲသော စာကြောင်းများ အဖြစ် ပြောင်းလဲလာခဲ့သည်။

ယခင်က ကျွန်တော်အလေးအနက်မထားခဲ့သော စာရေးဆရာသည် အိပ်မက်တစ်ခုနှယ်ပင် အဝေးမှာ ကျန်ရစ်ခဲ့ပြီ၊ ယခု ကျွန်တော်တို့ တွေ့နေသော စာရေးဆရာမှာ လူတော်တစ်ယောက် ဖြစ်နေလေသည်၊

- သူမကတော့ သူမ၏ ကဗျာဆရာအဖြစ်ကို စွန့်လွှတ်လိုက်သလား။ သူမ၏ ကဗျာများကို ဆယ်နှစ်အတွင်း တစ်ခုမျှ မြင်ရတော့ပါ၊ ကျွန်တော်တို့ မြို့ကလေးက သူမ၏စိတ်ကူးအား ဝါးမျိုပစ်လိုက် သကဲ့သို့ပင် ဖြစ်သည်။သူမ၏ဖတ်

www.burmeseclassic.com



မရှိသတ်များ သူမနာမည်ကို မေ့စပြုလာခဲ့တော့သည်။ သူမကို မမေ့နိုင်သူက ကျွန်တော် တစ်ယောက်တည်းသာ ဖြစ်ပါသည်။ သူမ အားသာပြန်ခဲ့သော ဂျာမန်ကဗျာများ၊ ပြင်သစ်ကဗျာများကို ကျွန်တော် မကြာခဏ ထုတ်ဖတ်ဖြစ်ခဲ့ကြောင်း သူမကို ပြောပြခွင့်ရမည့် နေ့ကို ကျွန်တော် စောင့်စားရင်း အချိန်ကုန်လွန်သွားတော့သည်။

ကျွန်တော် သူမကို စာရေးဆရာကတော်လေး အဖြစ်ထက် ပို၍ စိတ်ဝင်စားကြောင်း သူမကို ကျွန်တော် ပြောပြချင်သည်။ သူမ၏ တည်ငြိမ်ရွှန်းမြသော မျက်ဝန်းများအကြောင်းကို ကျွန်တော် သိချင်သည်။ သန့်ရှင်း သွယ်လျသော လက်ချောင်း ကလေးများ အကြောင်းကို ကျွန်တော် သိချင်လာသည်။ သူမ၏ ရဲရင့် ပြင်းပြသော စိတ်ကူးများ၊ နက်ရှိုင်းသော ကြေကွဲမှုများ၊ နာကြည်းသော ဝေဒနာများ အကြောင်းကို ကျွန်တော် သိချင်သည်။ သူမသာ ကဗျာ ဆက်ရေးဖြစ်လျှင် သူမ၏ စကားလုံးများ၊ အလျင်များ၊ သူမ ရွေးချယ်ထားသော သင်္ကေတများကို အကဲခတ်ပြီး သူမကို အနည်းအကျဉ်း သိနိုင်ဦးမည်။ ယခုတော့ သူမသည် နှစ်ပေါင်းများစွာပင် ငြိမ်သက်သွားခဲ့ပြီ။

မိန်းမတစ်ယောက်၏ အသုံးဝင်မှုအကြောင်း ကျွန်တော် မစဉ်းစားဖြစ်ခဲ့တာ ကြာပါပြီ။ မိန်းမတစ်ယောက်၏ ဦးနှောက်သည် သူမ၏ ကိုယ်ခန္ဓာလောက် အသုံးကျလိမ့်မည်ဟု ဘယ်တုန်းကမှ ကျွန်တော် မထင်ခဲ့မိပါ။ တစ်ခါတစ်ရံ မထင်မှတ်သော အရာများ ကြုံလာရသည့်အခါ လူတွေ ဘာလုပ်ကြသလဲ ကျွန်တော် မသိပါ။ ကျွန်တော်ကတော့ မထင်မှတ်သော အရာကို ကြုံလာရပြီး ကိုယ်လည်း ဘာမျှ မတတ်နိုင်သည့်အခါ ညတိုင်းလိုလို အရက်သောက်ဖြစ်နေပါသည်။ အရက်ဝိုင်းတွင် ဖန်ခွက်ချင်း ထိမိသည့် အခါများ၌ 'ကျွန်တော် လေးစားတဲ့ မိန်းမတစ်ယောက်အတွက်' ဟု ရေရွတ်မိတတ်သည်။ ကျွန်တော့်

www.burmeseclassic.com

www.burmeseclassic.com



အပေါင်းအသင်းများက လျှောင်ရယ် ရယ်ကြ၏။ မိန်းမဆိုတာ....။ တောင်စဉ်ရေမရ ပါးစပ် အရသာခံပြောသည့် သူတို့စကားများကို ကျွန်တော်မခံရပ်နိုင်သည့် အဆုံးမှာတော့ အနီးဆုံးက လူကို ဆွဲထိုးပစ်ပြီး ကျွန်တော်တို့ အရက်ဝိုင်း အဆုံးသတ်ရလေ့ ရှိပါသည်။

လပေါင်းများစွာ နှစ်နှင့်ချီ၍ ကာလကြာမြင့်ခဲ့ပြီးနောက် သူမတို့ အိမ်ရှေ့မှ ဖြတ်သွားသော အကြိမ် များလာသည့်နည်းတူ ကျွန်တော် မြင်ရသော သူမ၏ မျက်လုံးများကို တစ်စတစ်စ အကဲခတ်တတ်လာသည်။ သေချာသည်မှာ သူမ၏ မျက်လုံးများ တဖြည်းဖြည်း ပြောင်းလဲသွားခြင်းပင် ဖြစ်၏။ သူမ၏ မျက်လုံးများတွင် တက်ကြွမှုများ၊ ကျေနပ်နှစ်သိမ့်မှုများ ပျောက်ကွယ်သွားပြီး သရော် လှောင်ပြောင်မှုများ၊ ဘာကိုမျှ တန်ဖိုးမထားသော ပစ်စလက်ခတ်အရိပ်များ အစားထိုးဝင်ရောက်လာခဲ့သည်။

ကျွန်တော် စိတ်ကူးယဉ်လေ့ရှိသော သူမ၏ ကဗျာများအကြောင်း ပြောပြရန် ကြိုးစားမှု စိတ်ကူးများ သည်လည်း တစ်ခါမှ အကောင်အထည်မပေါ်ဘဲ ရှိနေခဲ့သည်။

သည်လိုနှင့်ပင် အေးမြသော ဇန်နဝါရီ နံနက်ခင်းတစ်ခုတွင် သူမ သေဆုံးသွားသည့် သတင်းကို ကျွန်တော် သိလိုက်ရသည်။ ထိုနံနက်က ကျွန်တော် ဘာကိုမျှ မယုံကြည်နိုင်ဘဲ ဖြစ်သွားခဲ့ရသည်။ သူမကို မေ့လျော့ထားကြ သူများက သူမကို မမြင်တာ ကြာပြီဖြစ်ကြောင်း၊ နာတာရှည်ရောဂါ တစ်ခုခု ခံစားနေရသည် ဆိုကြောင်း၊ သတင်းစကားအဖြစ် သုံးသပ်ဆွေးနွေး နေကြချိန်တွင် ကျွန်တော် နာကျင် တုန်လှုပ်စွာ ငေးမောနေခဲ့ရသည်။

သူမမှာ ဘာရောဂါမျှ မရှိကြောင်း ကျွန်တော် ဘယ်လိုလုပ် ပြောနိုင်ပါမည်နည်း။

မသေဆုံးမီ ညနေခင်းက သူမကို နောက်ဆုံး တွေ့မြင်ခွင့်ရသော အပြင်လူမှာ ကျွန်တော်သာ ဖြစ်ခဲ့သည်။ ထိုည

www.burmeseclassic.com

www.burmeseclassic.com



နေခင်းတွင် သူမသည် ခြံတံခါးအနီးတွင် မတ်တတ်ရပ်လျက်ရှိသည်၊ ဖွာလန်ကြဲနေသော အညိုရောင်လိုင်းများအဖြစ် ဆံပင်များ ဝဲသွင့်လျက် ကျွန်တော့်ကို လှမ်းကြည့်လိုက်သော သူမ၏ မျက်လုံးများတွင် တောက်ပမှု ကင်းမဲ့သယောင် ရှိသော်လည်း ရောဂါ အရိပ်အယောင် မရှိပါ။ မနက်ဖြန် သေတော့မည့် လူတစ်ယောက်၏ မျက်လုံးမျိုးလည်း မဟုတ်ပါ။

တစ်ခုခု ဖွင့်ပြောလိုက်တော့မလို မျက်လုံးများဖြစ်သည်။ ကျွန်တော်နှင့် သူမ မျက်လုံးချင်းဆုံချိန် အကြာရှည်ဆုံး ညနေခင်း တစ်ခုလည်း ဖြစ်သည်။ သို့သော် ထုံးစံအတိုင်း ကျွန်တော်တို့ ဘာမျှ မထူးခြားစွာပင် မျက်နှာလွှဲခဲ့ကြပါသည်။

တစ်ညအတွင်း လူတစ်ယောက် ရုတ်တရက် သေဆုံးနိုင်ပါသလား၊ ဘာရောဂါဖြင့် သေဆုံးရသလဲ။ ဘယ်သူမှ မသိကြပါ။ ဆရာဝန် ရောက်ချိန်တွင် သူမ သေဆုံးနေပြီဟူသော အကျဉ်းချုပ် သိခဲ့ရသည်။

ခေါင်းတလားထဲမှာ သူမသည် ငြိမ်းချမ်းစွာ အိပ်ပျော်နေသူပမာ သေဆုံးလျက်ရှိကြောင်း အမှန်တကယ် ကျွန်တော် မြင်တွေ့ခဲ့ရပါသည်၊ သူမ ရင်ဘတ်ပေါ် တင်ထားသော လက်ဖျားလေး တစ်ခုကိုပင် ကျွန်တော် မဝံ့မရဲ တို့ထိကြည့်ခဲ့ပါသေးသည်။ ထိုလက်ကလေးမှာ အေးစက်လျက် ရှိသည်၊ ကျွန်တော် သူမကို စိုက်ကြည့်ရင်း ဝမ်းနည်းလာခဲ့၏။ ကျွန်တော် တန်ဖိုးထားသော လက်ကလေးကို ချစ်မြတ်နိုးစွာ ကိုင်တွယ်ကြည့်ခွင့်ရချိန်သည် သူမ သေဆုံးသွားချိန်မှသာ ဖြစ်သည်။

ထိုအဖြစ်သည် ကျွန်တော်ယူကြုံးမရဖြစ်ရလောက်အောင် မထူးဆန်းပါ။ အသက်ရှင်နေစဉ် သူမ၏ လက်ကလေးကို ကိုင်ထိခွင့်ရရန်လည်း ဘာအကြောင်းမျှ မရှိ၊ သူမသည် ကျောင်းဆရာမ တစ်ဦး ဖြစ်ခဲ့ပြီး ကျွန်တော်က စာအုပ်များကို ချသော ကားမောင်းသမား တစ်ယောက်သာ ဖြစ်နေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ထိုညက ကျွန်တော် အရက်မူးရင်း မျက်ရည် ကျခဲ့ရသည်။

နောက်တစ်နေ့တွင် သူမကို ဂူသွင်း သင်္ဂြိုဟ်ပါသည်။ သူမ၏ အသုဘတွင် စာရေးဆရာမှာ သနားစဖွယ် ဖြစ်နေ၏။ တရားနှင့် ဖြေဖို့ ဝိုင်း၍ နားချ နှစ်သိမ့်ပေးနေသော လူများ အား သူက ဒေါသတကြီး အော်ဟစ်ကာ ပေါက်ကွဲ ငိုကြွေး နေခဲ့သည်။ 'ကျွန်တော့် ဇနီးဟာ ခင်ဗျားတို့ ထင်ထားတာ ထက် တန်ဖိုးကြီးတဲ့ မိန်းမဗျ'ဟု တတွတ်တွတ် ရေရွတ် ဝမ်း နည်း နေခဲ့သည်၊ သူ့ဝမ်းနည်းမှုကို အများတကာထက် ပို၍ ကျွန်တော် သိနိုင်သည်ဟု ထင်ပါသည်။

သူမ၏ အုတ်ဂူပေါ်တွင် တင်ရန် ပန်းတစ်ပွင့်တလေကိုမျှ ကျွန်တော် သယ်ဆောင်သွားခြင်း မရှိပါ။ သူမ ကိုယ်တိုင်သည် ပင် အလွန် အဖိုးထိုက်တန်သော ပန်းပင် တစ်ပင် ဖြစ်နေခဲ့ပြီး သည့်နောက် ကျွန်တော် သယ်ဆောင်လာသမျှ မည်သည့်ပန်းပွင့် က ရော သူမအတွက် ထူးခြားနိုင်ပါတော့မည်နည်း။

ထိုညနေ သင်္ချိုင်းမှ အပြန်တွင် ကျွန်တော့်ဘဝ၌ တစ်ခါ မျှ မလုပ်ဖူးသော အလုပ်တစ်ခုကို ကျွန်တော် ပြုလုပ်လိုက်၏။

သူမကို ဂုဏ်ပြုသည့် အနေဖြင့် သူမအတွက် ပန်းပင် တစ်ပင် စိုက်ပျိုးမိခြင်းပင် ဖြစ်ပါသည်။

ဂျူး


(အမှတ် ၃၊ ပင်လယ်မဂ္ဂဇင်း)

www.burmeseclassic.com

www.burmeseclassic.com

ကန္တာမြေရဲ့

# ချစ်သူ



www.burmeseclassic.com

www.burmeseclassic.com

## ကမ္ဘာမြေရဲ့ချစ်သူ

သူကသာ ကျွန်မကို နှုတ်မဆက်လျှင် ကျွန်မ သူ့ကို လုံးဝမှတ်မိမှာ မဟုတ်ပါ။ သူသည် ကျွန်မ ချစ်ခဲ့ဖူးသော လူတစ်ယောက် မဟုတ်တော့ဘဲ လူစိမ်းတစ်ယောက် ဖြစ်နေပြီ။ သူ့အသားအရေက ညိုမောင်းလျက်၊ သူ့ကိုယ်ခန္ဓာကတော့ ကျစ်လျစ်တုတ်ခိုင်နေ၏။ သူ၏ နူးညံ့ ညိုလဲ့သော မျက်ဝန်းများနှင့် ပြုံးလိုက်လျှင် ချိုင့်သွားသော ညာဘက် နှုတ်ခမ်း ထောင့်စွန်းက အချိုင့်ရာကလေးကိုသာ မမြင်ရလျှင် သူ...ဟု ကျွန်မ ဘယ်လိုမှ ထင်မိမှာ မဟုတ်။ အနှစ် နှစ်ဆယ်ဟူသော အချိန်ကာလသည် မြတ်နိုးစုံမက်စွာ ချစ်ခဲ့မိသူတစ်ယောက်အား မမှတ်မိနိုင်လောက်အောင် မကြာမြင့်လှပါ၊ သို့သော် ထိုအချိန်ကာလအတွင်းမှာ သူက အပြောင်းလဲကြီး ပြောင်းလဲသွားခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ဟိုစဉ်တုန်းက သေသပ်စွာ ဖြီးသင်ထားလေ့ရှိသော ခပ်တိုတို အညိုရောင် ဆံပင်လိုင်းကလေးများ ပျောက်ကွယ်လျက် ဖွာကြမ်းတွန့်လိမ်သော နီညိုရောင်၊ ဆံပင်ရှည်များ ရောက်နေသည်။ မကျဉ်းမကျယ် ပြေလျော့သော နဖူးသည် ဆံပင်ရိုင်းများအောက်တွင် ပျောက်ကွယ်လုနီးပါး ဖြစ်နေ၏။ နူးညံ့သော ပန်းသွေးဖျော့ဖျော့ နှုတ်ခမ်းများသည် တင်းမာ ခြောက်သွေ့သော အညိုရောင် နှုတ်ခမ်းများအဖြစ် ပြောင်းလဲနေပေပြီ။

'နှု ခရီးသွားမလို့လား'

သူ့အသံသည်လည်း ဟိုတုန်းက နူးညံ့သိမ်မွေ့မှုများ ပျောက်ကွယ်လျက် မာကျော ပြတ်တောက်နေ၏။ သို့သော် မျက်လုံးများ၏ နူးညံ့မှုကတော့ ကံကောင်းထောက်မစွာ ကျန်ရှိနေဆဲဖြစ်သည်။

'ဟုတ်ကဲ့၊ အို....မဟုတ်ဘူး၊ သားတို့ ရထားများ ဆိုက်မထားလို့ လာစုံစမ်းတာ'

သူက ကျွန်မ၏ လှုပ်ခတ်သွားသော အနေအထားကို သဘောကျသလား မသိ၊ ပခုံးများ လှုပ်သွားအောင် ရယ်မောလေသည်။ ထို့နောက် လွယ်ထားသောကျောပိုးအိတ်ကို နေရာတကျ ပြန်ပြင်လိုက်၏။

'ဘာရထားလဲ'

'ဟိုက ပုံမှန် ညနေ ၅ နာရီခွဲ ထွက်တဲ့ရထားပဲ၊ စပယ် ရှယ် တရိန်းပေါ့'

'အား.... ဒါဆို မမျှော်လင့်နဲ့ဦး၊ အိမ်ကို အေးအေး ဆေးဆေး ပြန်နားဦး၊ အဲဒီရထားက မနက်တစ်နာရီ အစောဆုံး ရန်ကုန်ကို ဝင်မယ်တဲ့'

သူ့စကားကို ဘယ်တုန်းကမျှ မယုံကြည်ခဲ့သော ကျွန်မသည် ဤတစ်ကြိမ်တွင်လည်း မယုံသက်ာ ပြန်မေးမိ၏။

'ရှင်က ဘာဖြစ်လို့ အတိအကျ ပြောနိုင်ရတာလဲ'

သူက ပခုံးတွန့်ပြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘာဖြစ်လို့လဲဆိုတော့ ကိုယ်အခုပဲ မေးထားလို့ပေါ့။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်ကလဲ အဲဒီရထားနဲ့ ပြန်လိုက်မှာမို့ ပေါ့'

ကျွန်မသည် စိတ်ပျက်စွာပင် လက်မှနာရီကို ကြည့်လိုက်မိသည်။

'ဒုက္ခပဲ....မနက်ခုနစ်နာရီ ဝင်ရမယ့် ရထားက ညတစ်နာရီမှ ဝင်မယ်ပေါ့၊ ဘုရား ဘုရား....ရထားလမ်းတွေများ ဘာဖြစ်သွားသေးလဲ မသိ၊ ဘယ်လိုအချိန် ဘယ်ကာလကျမှ ရထားတွေ အချိန်မှန် ထွက်နိုင်မှာလဲ မသိ၊ ကျွန်မဖြင့် တစ်နေ့လုံး ဘူတာကို စုန်းဆက်တဲ့အလုပ်ပဲ လုပ်နေရတာပဲ'

သူက ကျွန်မကို ပြုံးရုံ ပြုံးကြည့်လျက် ဘာမှ မပြောချေ။

ထို့နောက် ကျွန်မတို့သည် ရှုတ်ရှုတ်သဲသဲ ပြည့်လျှံတိုးကြိတ်နေသော လူအုပ်ကြီးထဲမှ တရွေ့ရွေ့ တိုးဖောက်လျက် ဝင်ပေါက်ရှိရာသို့ ပြန်ထွက်လာကြသည်။ သူ့အရပ်ကြီးက ဟိုတုန်းကထက်ပင် ကျွန်မအပေါ် အုပ်မိုးနေသဖြင့် ခံစားရသည်။ သူ ဤရထားနှင့် ပြန်မည်ဆိုလျှင် သူလည်း နံနက် တစ်နာရီအထိ ရထားစောင့်ရတော့မှာပေါ့။ ကျွန်မ သူ့ကို စာနာစွာ တစ်ချက် လှည့်ကြည့်လိုက်တော့ သူက ကျွန်မကို ငုံ့ကြည့်ပြီးနေ၏။ သူ့မျက်လုံးတွေကတော့ လွန်ခဲ့သည့် နှစ်ပေါင်း နှစ်ဆယ်က ကျွန်မကို ကြည့်ခဲ့သည့် မျက်လုံးမျိုးအတိုင်း ဖြစ်၏။

'နု....အခု ဘာအလုပ် လုပ်နေသလဲ'

'သူငယ်ချင်းတစ်ယောက်နဲ့ ကုမ္ပဏီတစ်ခု စပ်တူဖွင့်ထားတယ်'

သူက လေတစ်ချက် ချွန်လိုက်သည်။

'တယ်ဟုတ်ပါလား၊ တက်ခြေရော ကိုက်ရဲ့လား'

ကျွန်မ သူ့ကို စေ့စေ့ကြည့်ပြီး ပြုံးပြလိုက်ပါသည်။

'နုနုမေတို့က မပိုင်ရင် ဘာမှမလုပ်ဘူးလေ'

သူက သဘောကျစွာ ရယ်မောလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒါနဲ့ ကိုမြင့်ဆွေရော ဘာလုပ်နေလဲ'

သူက ချက်ချင်းမဖြေသေးဘဲ ပြုံးနေ၏။ ဘူတာဆင်ဝင်ဘက် ထွက်မိတော့မှ ကျွန်မကို ငဲ့ကြည့်ပြီး ညင်သာစွာ ခေါင်းယမ်းရင်း ဖြေပါသည်။

'ကိုယ့်အလုပ်ကို နု စိတ်ဝင်စားမှာ မဟုတ်ပါဘူး။ ကိုယ့်အလုပ်က ဝင်ငွေမကောင်းဘူး နုရဲ့'

ကျွန်မသည် သူ့အပြောကြောင့်ပင် စိတ်ဝင်စားလာကာ မျက်မှောင်ကြုတ်မိ၏။

'စိတ်ဝင်စားတယ်၊ ဘာအလုပ်လဲ'

သူက တစ်ချက် ရယ်ပြုံးသည်။

'တက္ကစီအငှားကား ထောင်သလို ဆင်အငှားလိုက်စားတဲ့ အလုပ်'

'ဆင်....ဟုတ်လား'

ကျွန်မ တအံ့တသြ ဖြစ်သွားသည်ကို သူက သဘောကျ၍ မဆုံးနိုင်အောင် ရှိသည်။

'ကိုမြင့်ဆွေမှာ ဆင်ရှိတယ်ပေါ့'

'အင်းလေ'

'ဘယ်နှယ်ကောင် ရှိလဲဟင်'

'နှစ်ကောင်၊ တစ်ကောင်က နည်းနည်း ငယ်သေးတယ်'

ကျွန်မ သူ့မျက်နှာကို စူးစိုက်ကြည့်မိ၏။

'ဟား....ဒါများ ဝင်ငွေမကောင်းဘူး ပြောရသေးလား ဆင်တစ်ကောင်ကို ကာလပေါက်စျေး တစ်ဆယ်လောက် ရှိတာ နှစ်ကောင်ဆိုတော့'

ကျွန်မ စကား မဆုံးမီ သူ မျက်ခုံးပင့်ပြ၏။

'နုက အလကားကြီးပဲ၊ ဆင်အကြောင်း သိလိုပါလား ကောင်း နုရဲ့ ကုမ္ပဏီက သစ်ကုမ္ပဏီ ဖြစ်ရမယ်'

ကျွန်မနှင့် ပတ်သက်သမျှ သူ့ ခန့်မှန်းချက်များ အမြဲ မှားယွင်းလေ့ရှိသလို သည်တစ်ခါလည်း သူ မှားယွင်းပါသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟင့်အင်း၊ ပဲအမျိုးမျိုးနဲ့ နှမ်း'

ထို့နောက် ကျွန်မတို့နှစ်ယောက် ဟက်ဟက်ပက်ပက် ရယ်မောရင်း ဟိုတုန်းကလို ပြန်လည် ရင်းနှီးသွားကြသည်။

'ဒါနဲ့ ကိုမြင့်ဆွေ တစ်ယောက်တည်းလား'

'တစ်ယောက်တည်းပဲ'

'အခု ရထားမဝင်သေးဘူးဆိုတာ အတိအကျ သိရပြီဆိုတော့ အခုကျန်နေတဲ့ ခုနစ်နာရီလောက် အချိန်တွေကို ရှင် ဘယ်လို ဖြုန်းမှာလဲ'

သူ ကျွန်မကို စူးစူးစိုက်စိုက် ကြည့်နေ၏။

'ဘူတာမှာ ပုဆိုးတစ်ထည် ဖြန့်ခင်းပြီး အိပ်စောင့်လိုက်မှာပေါ့ နုရဲ့'

ကျွန်မ သူ့ကို မျက်စောင်းထိုးလိုက်မိသည်။

'ကြည့်၊ ပစ်စလက်ခတ် နေတတ်တဲ့ အကျင့်က မပျောက်သေးဘဲကိုး။ ခြင်က ကိုက်နဲ့ ကိုမြင့်ဆွေနှယ်'

'ရန်ကုန်က ခြင်လောက်များတော့ ကိုယ် မဖြုံပါဘူး။ ကိုက်မှန်းတောင် မသိရဘူး။ ကိုယ်တို့ဆီက ခြင်တွေ မှက်တွေကို မြင်ရင် နု ဖျားတောင် ဖျားသွားနိုင်တယ်'

'နေပါဦး၊ ရှင် အခု ဘယ်မှာနေတာလဲ၊ မန္တလေးမှာလား'

'မဟုတ်ဘူး၊ သံတောင်နားမှာပဲ ဆိုပါတော့'

'ဘယ်က သံတောင်လဲ'

ကျွန်မ စပ်စပ်စုစု မေးတော့ သူပြုံးသည်။

'လိပ်ကျ နားကပေါ့'

သူပြောသည့် နေရာတွေကို ကျွန်မ မသိပါ။

'ဘာလဲ လိပ်ကျ....'

'လိပ်ကျဆိုတာ ပြင်ဦးလွင်နားက ရွာကြီးပဲ ဆိုပါတော့ နုရယ်၊ နု သိမှာ မဟုတ်ပါဘူး။ သံတောင်ဆိုတာ ရွာသေးသေး

www.burmeseclassic.com

www.burmeseclassic.com



ကလေး၊ ကိုယ်နေတာက အဲ့ဒီ သံတောင်နဲ့ သုံးလေးမိုင်ဝေးတဲ့ နေရာကလေး'

ကျွန်မသည် သူ့မျက်ဝန်းထဲက အေးစက် တည်ငြိမ်မှုကို ပြန်လည် မှတ်မိသွား၏။

'ကျွန်မ နားလည်ပြီ၊ ဒါလောက်ခေါင်တဲ့ တောမှာ ရှင် ဘာဖြစ်လို့ သွားနေသလဲဆိုတာ ကျွန်မ မမေးတော့ပါဘူး'

ထို့နောက် အနားမှာ ရှုပ်ယှက်ခတ်စွာ ဝင်ထွက်သွားလာနေကြသော လူများကို ရှောင်တိမ်းငဲ့ပေးရင်းက ကျွန်မ ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်သည်။

'အတော်ပဲ ကိုမြင့်ဆွေ.... ရှင် ကျွန်မတို့အိမ်မှာ ညစာ လိုက်စားပေ့ါ၊ အေးအေးဆေးဆေး စကားပြောကြရအောင်၊ ညတစ်နာရီမှာ ကျွန်မယောကျ်ားက သားတွေ လာကြိုရင်း ရှင့်ကို ဘူတာလိုက်ပို့ပေးပါလိမ့်မယ်'

သူ ငြင်းတော့မည့်ပုံစံဖြင့် တွန့်ဆုတ်သွားခိုက် ကျွန်မက ကမန်းကတန်း လှည့်ထွက်လိုက်သည်။

'လာ....ကျွန်မယောကျ်ားကို ရှင်တစ်ခါမှ မတွေ့ရသေးဘူး၊ သူ့ကို ရှင် သဘောကျမှာပါ။ သူက တော်တော် သိမ်မွေ့တယ်၊ သဘောလဲ ကောင်းတယ်'

ကားရပ်ထားရာသို့ ကျွန်မတို့ လျှောက်လာခဲ့ကြစဉ် ညနေခင်းသည် လျင်မြန်စွာ မှောင်လာတော့သည်။

✱✱✱

သူနှင့် ကျွန်မ ချစ်သူတွေဖြစ်ခဲ့ကြသည်မှာ တော်တော် အံ့ဩစရာကောင်းသော မှားယွင်းမှုတစ်ခုပင် ဖြစ်သည်။ ကျွန်မတို့ နှစ်ယောက်သည် ခရီးဆုံး ပန်းတိုင်ချင်း မတူညီကြ။ ဘဝတန်ဖိုးချင်း မတူညီကြ၊ လောကအမြင်ချင်း မတူညီကြပေ။

ကျွန်မဘဝ၏ တန်ဖိုးသည် စားဝတ်နေရေး အဆင့်အတန်း မြင့်မားသော မြို့ပြယဉ်ကျေးမှုပြစ်ပြီး သူ၏ ဘဝတန်ဖိုး က အေးဆေးတည်ငြိမ်စွာ လူနေမှု နိမ့်ကျသော တောနယ်၏

www.burmeseclassic.com

www.burmeseclassic.com



အရိုင်းသက်သက် အလှပင် ဖြစ်သည်။ ကျွန်မက လူ့လောကမှာ အလယ်အလတ် ဟူသော အဆင့်ထက်ပင် ထိုးဖောက် ကျော် ဖြတ်ကာ အမြင့်ဆုံး ဟူသော ပညာ၊ သို့မဟုတ် ဂုဏ်သိက္ခာ၊ သို့မ ဟုတ် ငွေကြေး ပိုင်ဆိုင်မှုကို လိုချင် တပ်မက်သူ။ သူကတော့ လူသူအရောက်နည်းလှသော တောတောင်ရေမြေမှာ နေထိုင်၍ သဘာဝနှင့် ရင်းနှီးကျွမ်းဝင်မှုကို လိုချင်တပ်မက်သူ။ ကျွန်မက လူသား၏ အံ့မခန်း ထူးချွန်လှသော စက်ကိရိယာ တီထွင်မှုများ၊ ဖန်တီးပြုပြင်မှုများကို လေးစားမြတ်နိုးသူ။သူကတော့ သဘာဝ၏ အဆင့်ဆင့် ပြောင်းလဲမှု၊လျှို့ဝှက်နက်နဲသော ဆန်းကြယ်မှုများကို လေးစားမြတ်နိုးသူ။ ကျွန်မတို့ နှစ်ယောက်သည် ရှားပါးသစ်ပင် အပေါ် ထားသည့် သဘောထားနှင့် အဖိုးတန် ကားတစ်စီး အပေါ် ထားသည့် သဘောထားကအစ ကွဲပြားခြားနားကြ သည်။

သူတွယ်တာသည့် နှစ်တစ်ရာ၊ နှစ်နှစ်ရာ သက်တမ်းရှိသည့် သစ်မာပင်များ၏ တန်ဖိုးကို စာအုပ်စင်၊ ဗီရို၊ စားပွဲ စသည့် အသုံးအဆောင်များအဖြစ်ထက် ပို၍ ကျွန်မ မမြင်မိသလို သူက လည်း ကျွန်မ သဘောကျသည့် ကားတစ်စီးကို မြင်တိုင်း ကျွန်း ပင်ကြီးများကိုသာ နှမြောတမ်းတတတ်သူ ဖြစ်သည်။

ရေငုပ်သင်္ဘော တစ်စီး အကြောင်း စကားစပ်မိလျှင်ပင် ကျွန်မတို့ နှစ်ယောက်၏ ဦးတည်ချက်တွေက အမြဲ ပြောင်းပြန်။ ကျွန်မက ရေငုပ်သင်္ဘောတီထွင်သူ၏ ပညာရပ်၊ စက်ကိရိယာပိုင်း အောင်မြင်မှု၊ လူသားတို့၏ အဖိုးထိုက်တန်လှသော ဦးနှောက် များဆီသို့ စကားလမ်းကြောင်း ဦးတည်ဆဲမှာ သူက သမုဒ္ဒရာ အောက်ခြေက တောင်စဉ်တောင်တန်းများအကြောင်း၊ သမုဒ္ဒရာ ရေစီးကြောင်းများ အကြောင်း၊ ရှားပါး ရေသတ္တဝါများ အကြောင်း စကားလွှဲယူသွားတတ်သည်။

ကျောင်းပိတ်ရက်ရှည်များတွင် သူက ကျွန်မ အနီးမှာ ကျွန်မရှိရာဒေသမှာ နေထိုင်ဖို့ထက် မြန်မာနိုင်ငံအစွန်အဖျားဒေသ

www.burmeseclassic.com

www.burmeseclassic.com



များသို့ သွားရောက်လည်ပတ်ဖို့သာ စိတ်ဝင်စားသည်။ ကျွန်မက တော့ ကျွန်မ၏အနီးမှာ သူမရှိသည့်အခါ စာအုပ်ပေါင်းများစွာ ဖတ်၊ နိုင်ငံခြားရုပ်ရှင်များကို ကားလဲတိုင်းလိုလို ကြည့်ဖြစ်ကာ အချိန်ဖြုန်းရတတ်သည်။ ကျောင်းပြန်ဖွင့်၍ နေ့စဉ် တွေ့ဖြစ်ကြသည့်အခါ ကျွန်မက ကျွန်မ ဖတ်ခဲ့ရသော စာအုပ်များ၊ ကြည့်ခဲ့ရသော ရုပ်ရှင်များအကြောင်း သူ့ကို ပြန်လည်ပြောပြပြီး သူကတော့ သူ ရောက်ခဲ့သည့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲပြီး လူသူအရောက်အပေါက် နည်းလှသော ဘောင်တန်းဒေသများ အကြောင်း၊ အုပ်ဆိုင်း နက်ရှိုင်းသော သစ်တောကြီးများ အကြောင်း၊ ပင်လယ်ပြင်နှင့် ကျွန်းများအကြောင်းကို တခမ်း တနား ပြောပြတတ်လေသည်။

သူသည် ငွေရှာဖို့၊ ကြီးပွားချမ်းသာဖို့ နည်းနည်းမျှ စိတ်ဝင်စားသူ မဟုတ်။ ကျွန်မ မိဘက ကျွန်မကို ပေးအပ်နိုင်သည့် လူနေမှုအဆင့်အတန်းထက် မနိမ့်ကျအောင် ကျွန်မကို တင့်တင့် တယ်တယ် လက်ထပ်ယူဖို့ ဆိုတာကိုသည်း မစဉ်းစားပေ။ သူ စိတ်ဝင်စားသော တောတောင်ရေမြေကို စိတ်မဝင်စားခဲ့သည့် ကျွန်မအား သူ အားမလိုအားမရ ဖြစ်ရသလို ကျွန်မ တန်ဖိုး ထားသည့် ဂုဏ်သိက္ခာရှိရှိ၊ အဆင့်မြင့်မြင့် စီးပွားရေး အမြင်ကို စိတ်မဝင်စား တန်ဖိုးမထားသည့် သူ့အပေါ်လည်း ကျွန်မ နည်းနည်းမှ မကျေနပ်နိုင်ခဲ့ပါ။

'နုက အစားထိုးလို့မရနိုင်တဲ့ သဘာဝရတနာတွေအပေါ်မှာ နည်းနည်းမှ စိတ်မဝင်စားဘဲကိုး' ဟု သူက စွပ်စွဲတတ်သေး၏။

'မောင်ပဲ အဲဒီ ရတနာတွေကို ဖက်ပြီး နေပေတော့၊ နုကတော့ ကိုယ့်ဘဝ တိုးတက်မြင့်မားဖို့ပဲ စိတ်ဝင်စားတယ်၊ လူသားရဲ့ စွမ်းအားက သဘာဝ စွမ်းအားထက် စိတ်ဝင်စားစရာ ကောင်းတယ် ဆိုတာ မောင် တစ်နေ့ သိလာလိမ့်မယ်'

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကျွန်မတို့သည် တစ်ယောက်ကို တစ်ယောက် အလွန် ချစ်မြတ်နိုးခဲ့ကြပါသည်။ ကျွန်မ၏ စိတ်ကောက်မှုဒဏ်ကို တစ်ရက်ထက်ပို၍ ဘယ်တုန်းကမျှ သူ မခံနိုင်ခဲ့သလို ကျွန်မက လည်း သူ့ဒေါသကို တစ်နာရီထက် ပို၍ မြင်တွေ့နိုင်ဖို့ ဘယ် တုန်းကမျှ ခွန်အားမရှိခဲ့သောကြောင့် ကျွန်မတို့နှစ်ယောက်သည် အမြဲလိုလို တစ်ယောက်ကိုတစ်ယောက် သူ့ထက်ငါ အရှုံးပေး ပေးဖို့ စဉ်းစားခဲ့ကြသည်။ ထို့ကြောင့်လည်း သူနှင့်ကျွန်မ ဘယ် တော့မှ မကွဲကွာနိုင်ဟု ကျွန်မ ယုံကြည်စိတ်ချခဲ့သည်။ ဘဝ၏ တန်ဖိုးနှင့် ရောင့်ရဲကျေနပ်မှု၊ အယူအဆ မတူညီသည့် ချစ်သူ ဘဝကို အချစ်မြဲ ခိုင်မြဲစွာ ပေါင်းစပ်ဖို့ ကျွန်မတို့ နှစ်ယောက် လုံး အမှန်တကယ် ကြိုးစားခဲ့ကြပါသည်။ သို့သော် နောက်ဆုံး တော့ တစ်ယောက်ကို တစ်ယောက် မုန်းတီးမှု၊ မနှစ်သက်မှုများ မရှိဘဲ သွေးအေးစွာ ကွဲကွာခဲ့ကြသည်။

ကျွန်မတို့ နှစ်ယောက် ဘယ်လို ကွဲကွာခဲ့ရပါလိမ့်။ အကြောင်းရင်းကို ရှာဖွေစဉ်းစားကြည့်တော့လည်း ရေရေရာရာ မရှိ။ ကျောင်းပြီးသွားသောအခါ ကျွန်မသည် ကျွန်မ ပျော်ရွှင် နှစ်သက်သော စီးပွားရေးနယ်ထဲသို့ ဝင်လိုက်၏။ သူက ကျွန်မ၏ မြတ်နိုးစုံမက်မှုကို လျစ်လျူရှုကာ သူ စိတ်ဝင်စားသည့် ဒေသ များသို့ မကြာခဏ ရက်ရှည်လများ သွားရောက် အလုပ်လုပ်ကိုင် ရင်းဖြင့် ကျွန်မတို့ နှစ်ယောက်ကြားက ပူနွေးသည့် အချစ်သည် အေးခဲသွားလေသည်။သူနှင့်ကျွန်မသည် ဗြုန်းခနဲ ဝေးကွာသွား ခြင်း မဟုတ်ဘဲ တရွေ့ရွေ့နှင့် တစ်စတစ်စ ဝေးကွာသွားကြ ခြင်း ဖြစ်သည်။ ယခုအချိန်အထိ သူက အလျှင် အိမ်ထောင်ကျ ခဲ့သလား၊ ကျွန်မက အလျှင် အိမ်ထောင်ကျခဲ့သလား ကျွန်မ သေိ၊ အမှန်ကတော့ သူ အိမ်ထောင်ကျမကျပင် ကျွန်မ မသိ ပါ။ သူ လက်ထပ်ပြီးပြီဟု ကျွန်မ ယူဆသည်။

ယောကျ်ားတစ်ယောက်သည် ဆန့်ကျင်ဘက်လိင် မိန်းမ၏ နူးညံ့စွာ ကြင်နာလိုက်လျောမှု မပါဝင်ဘဲ နှစ်ပေါင်း နှစ်ဆယ်

www.burmeseclassic.com

www.burmeseclassic.com



ကျော် သူ့ဘဝကို ပျော်ရွှင်အားရနိုင်လိမ့်မည် မဟုတ်။ သိပ်ကို သေချာသည်။ သဘာဝ နိယာမများကို မဆန့်ကျင်တတ်သော ဖြစ်ရာဘဝတွင် ရှိသမျှ ငွေကြေးနေနှင့် ရှောင့်ရဲတတ်သော သူ့ အတွက် မိန်းမတစ်ယောက်ယောက်ကို အိမ်ထောင်ပြုရန် ပို၍ပင် သေချာနေပါသည်။

✱✱✱

ကျွန်မ၏ ခင်ပွန်းသည် သူ့ကို အစပထမတွင် ကျွန်မနှင့် အတူ ပါလာသော ညီသည်တစ်ယောက်ကို ကြိုဆိုလိုက်သော မျှမျိုးဖြင့်သာ ဆက်ဆံခဲ့သော်လည်း သူ၏ အရပ်ဒေသနှင့်အလုပ် အကိုင်ကို တစ်စွန်းတစ်စ သိရသောအခါ တော်တော် စိတ် ဝင်စားသွားသည်။ ကျွန်မတို့ ညစာထမင်းဝိုင်းသည် ခဏအတွင်း ရယ်မောသံများဖြင့် နွေးထွေးသွားတော့သည်။

'ကျွန်တော်လဲ Wildlife ကို သိပ် စိတ်ဝင်စားတယ်ဗျ၊ တစ်နှစ် တစ်ခေါက်လောက်တော့ အဲဒီ ဘဝမျိုးမှာ နေချင် တယ်ဗျာ'

ကျွန်မ၏ ခင်ပွန်းသည် တကယ်ပင် စိတ်အားထက်သန် သော မျက်လုံးများဖြင့် သူ့ကို အလေးအနက် ပြော၏။ ကျွန်မ မယုံပါ။ ဆယ့်ခုနစ်နှစ်တိုင်တိုင် ပေါင်းသင်းလာခဲ့သော ကျွန်မ ယောကျ်ား ဘာကို စိတ်ဝင်စားတတ်သည် ဆိုတာတော့ ကျွန်မ သိပြီးသားပါ။

'ကျွန်တော့်ဆီ လာလည်ပေါ့ ကိုကျော်နိုင်၊ ကျွန်တော့် နေရာက ပြင်ဦးလွင်နဲ့စာရင် ပြင်စာနဲ့ ပိုနီးတယ်၊ သံတောင်အထိ သွားရလာရ လွယ်ကူပါတယ်၊ သံတောင် ကျော်ရင်တော့ တော က နက်သွားပြီ၊ ခင်ဗျား လာမယ့်ရက်ကို ကြိုပြောထား၊ ရွာက လူတွေကို ကျွန်တော့်ဆီ လိုက်ပို့ဖို့ မှာထားရအောင်လို့'

ကျွန်မကတော့ ထမင်းကိုသာ ငုံ့သက်၍ စားရင်း အရင်နဲ့ ဘယ်လောက်တောင် ခြားနားခဲ့ပြီလဲဟု တွေးနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့သည့်နှစ်ပေါင်းများစွာက ကျွန်မသိခဲ့ဖူးသော ကိုမြင့်ဆွေမှ ဟုတ်တော့ဘဲ။ ကျွန်မ သိသည့် ကိုမြင့်ဆွေသည် ထမင်းကို ဇွန်းခက်ရင်းဖြင့် သေသပ်စွာ စားတတ်သည်။ ထမင်း တစ်ပန်းကန်ထက် ပို၍ စားကျင့်မရှိ။ ဟင်းကိုလည်း တို့ကနန်း ဆိတ်ကနန်းသာ စားတတ်သည်။ ယခု ကိုမြင့်ဆွေကတော့ ဟင်းအများအပြားဖြင့် ထမင်းကို သုံးပန်းကန်ပြား မောက်မောက် ကုန်အောင် စားခဲ့၏။ ဇွန်း ခက်ရင်းကိုလည်း ကိုင်ကျင့် သိပ်ရှိတော့ဘူးဟု ကျွန်မ ထင်သည်။ ဇွန်း ခက်ရင်း ကိုင်ထားသော သူ့လက်များသည်လည်း တက္ကသိုလ်ကျောင်းသားဘဝတုန်းကလို ရှည်သွယ်မနေတော့ဘဲ လက်ဆစ်ကြီးမားပြီး တုတ်ခိုင်လာသည်။ လက်ချောင်းများ၏ အရင်းနေရာတို့တွင် လက်ဖဝါးမှာ အသားမာ တက်နေပြီ။

'ဘယ့်နှယ်လဲ နု....ကိုယ်တို့ တစ်ခါလောက် သွားလည်ကြမလား'

ကိုမြင့်ဆွေ ဆိုသူသည် မိမိဇနီး၏ ဟိုတုန်းက ရည်းစား ဖြစ်ခဲ့ဖူးသည်ကိုတော့ သိပါလျက်နှင့် ဘာသဘောဖြင့် ပြောလိုက်တာလဲဟု ကျွန်မ စဉ်းစားမရပါ။

'ကိုနိုင် သွားပေါ့၊ နုတော့ စိတ်မဝင်စားပါဘူး၊ နေ့ခင်းပြီး နုက လျှပ်စစ်မီး မရှိတဲ့ ဒေသမျိုးမှာ တစ်ရက်တောင် မနေချင်ဘူး'

ကျွန်မ ရယ်မော၍ ငြင်းရပါသည်။ သူက ကျွန်မတို့ ဝိုင်း သူ ပတ်ဝန်းကျင်မှ လျှပ်စစ်ပစ္စည်းများကို ဝေ့ဝဲကြည့်ကာ ပြုံးသလိုက် သူ့အပြုံးကတော့ ဟိုး လွန်ခဲ့သည့် နှစ်များစွာကလိုပင် ကျွန်မ ပေါ် သိ။ တို လက်လျှော့ပေးသော၊ အရှုံးပေးသော အပြုံးဖြစ်၏။

'ခင်ဗျားတို့ဆီက အသားငါး ပေါရဲ့လား'

'အသား အစုံရှိတာပေါ့၊ ခင်ဗျားတို့ မစားဖူးတဲ့ ဒါသည် တွေတောင်ရှိတယ်၊ တောနက်တော့ သားကောင်တွေ ပေါသည်။ ကိုး၊ စမ်းချောင်းတွေမှာလဲ ငါး ပုစွန် ရတတ်ပါတယ်' အခု

www.burmeseclassic.com



'ခင်ဗျား အမဲတော့ လိုက်ဖူးမှာပေါ့နော်'

ကိုနိုင်က စိတ်ဝင်စားစွာ မေးတော့ ကျွန်မ ပြုံးမိသည်။ ကိုနိုင်က သူများ အမဲလိုက်တာကိုသာ အားကျတတ်တာ၊ သူ ကိုယ်တိုင်ကဖြင့် လေးဂွကားက ဆတ်ကြီးတွေ အနားတောင် ကပ်ခဲ့တာမဟုတ်၊

'ဟိုဟုန်းကတော့ အမဲ လိုက်ဖူးပါတယ်၊ ဒါတောင် အပျော်ခဲ့ဘာ့ မလိုက်ခဲ့ဖူးဘူးဗျ၊ စားစရာ ပြတ်လတ်တဲ့ အခါ မျိုး မှိုရှာနဲ့လဲ အဆက်ပြတ်နေတဲ့ အခါမျိုးမှာ ဟင်းအတွက် လိုက်ဖူးတယ်'

'ရသလား'

သူက ပြုံး၍ ခေါင်းညိတ်သည်။

'ရတာပေါ့ဗျာ၊ တောဝက်နှစ်ကောင် ရဖူးတယ်၊ ပြောင် တစ်ကောင် ရဖူးတယ်၊ အများအားဖြင့်တော့ ချေနဲ့ဆတ်ပေါ့'

သူ့လက်တွေ ကြမ်းတမ်းနေတာ ကျွန်မ မအံ့သြတော့ပါ။ သူ့မှာ တကယ့်မုဆိုးကြီး တစ်ယောက်၏ ဟည်ငြိမ်မှုမျိုး ရှိ အောင် သူ သတ္တဝါတယ်နှစ်ကောင်ကို သတ်ဖြတ်ခဲ့ပြီလဲ။

'ဒါပေမယ့် ခင်ဗျားတို့ အံ့သြမလားဒ မသိဘူး၊ကျွန်တော် တို့က ဧရစ်တို့ မိုတို့ ဟင်းသီးဟင်းရွက်တွေကိုပဲ အများဆုံး စား မယုံကြတာပါ'

ယောဂ 'ခင်ဗျားတို့ အမဲလိုက်အုပ်စုမှာ လူ ဘယ်နှစ်ယောက် ပါ သိပြီးသ

သူက ကိုနိုင့်ကို စူးစိုက်စွာကြည့်၍ ခေါင်းယမ်း၏။

နေရာက မဟုတ်ဘူး၊ ကျွန်တော့်မှာ အုပ်စုမရှိဘူး၊ ကျွန်တော် သွားရခက်တည်းပဲ၊ ကျွန်တော် နေတဲ့နေရာတွေက ရွာနဲ့ ဝေး က နက်ရှုနောက်ပြီး ကျွန်တော် အရင်က အမဲလိုက်တဲ့ အရှေ လူတွေကို ခဲ့ဖူးတာ ဝန်ခံပါတယ်၊ အခုတော့ ကျွန်တော်က ကြာရတာထက် သူတို့ရဲ့ ဘဝကို စောင့်ကြည့်ရတာကို အရင်နဲ့ အားထက်သန်လာတယ်ဗျ၊ ခင်ဗျားတို့ မြို့ပေါ်မှာ

www.burmeseclassic.com

www.burmeseclassic.com



နေလို့ သိမှာမဟုတ်ဘူး၊ကျွန်တော်တို့ကတော့ သိနေတယ်၊ တောထဲမှာ တိရစ္ဆာန်တွေလဲ ရှားကုန်ပြီဗျ၊ ကမ္ဘာ့စျေးကွက်မှာ Wildlife က စျေးကောင်းရတာကိုး၊ အခုတော့ ကိုယ့်ကို ရန်မူတဲ့ သားကောင်မျိုးနဲ့မှ တွေ့မှပဲ ကိုယ့်အသက်ကို လုဖို့အတွက် ရှောင်လွှဲမရှောင်သာ ကျွန်တော် သတ်တော့တယ်ဗျာ၊တစ်ခါတစ်ခါ သားကြီးကို အဖော်ခေါ်ပါတယ်'

'သား....ဟုတ်လား'

သူ့မှာ သားသမီး ရှိနေနိုင်သည်ကို ကျွန်မကြိုတင်တွေးမိပြီး ဖြစ်ပါလျက် တကယ်တမ်း ကြားရတော့ ကျွန်မ နေသားကျော့စွာပင် အံ့ဩသွားသေး၏။

'ကိုယ့်မှာ သားသုံးယောက်ရှိတယ် နူရဲ့'

ထိုသားသုံးယောက်၏ မိခင်သည် ဘယ်လို မိန်းမမျိုးဖြစ်ပါလိမ့်။

'ခင်ဗျား အမျိုးသမီးက ဘာလုပ်တာလဲ'

ကျွန်မ သိချင်သော မေးခွန်းကို ကိုနိုင်က မေးလိုက်၏။

'မိသားစု ဝင်ငွေအတွက်တော့ သူ ဘာမှမလုပ်ဘူး ဆိုပါတော့ဗျာ၊ အတန်းပညာလဲ မတတ်ရှာပါဘူး၊ ဒါပေမယ့် သူက အံ့ဩဖို့ကောင်းတဲ့ မိန်းမဗျ၊ ဆင်တွေနဲ့ သူနဲ့ ပိုရင်းနှီးတယ်။ ကျွန်တော် ရလာတဲ့ အမဲကို အကောင်လိုက် သားရေမပျက်အောင် သူဖျက်ပေးနေကျပဲ'

ကျွန်မ အနည်းငယ် စိတ်သက်သာရာရသွားသည်ကို သူ မရိပ်မိအောင် ထမင်းပန်းကန်များကို စုသိမ်းရန် ပြင်ဆင်လိုက်သည်။ တောထဲ သွားနေမှတော့ တောက မိန်းမပဲ ရမှာပေါ့လေ၊ မထူးဆန်းပါဘူး၊ ဒါပေမယ့် လှများ လှသလား မသိ။

'သူက လှရဲ့လား ကိုမြင့်ဆွေ'

မနေနိုင် မထိုင်နိုင် လွှတ်ခနဲ မေးမိတော့ သူပြုံးပါသည်။ သူ့မျက်လုံးများ ထူးခြားစွာ တောက်ပလျက် ရှိသည်။

'တောသူဆိုတော့ ငယ်ငယ်က လှခဲ့ဖူးရင်တောင် အခု

www.burmeseclassic.com



အချိန်မှာ မိန်းမတစ်ယောက် ရှိရမယ့် အလှတွေ ဘယ်ကျန်နိုင်တော့မလဲ နေ့ရဲ့ ဒါပေမယ့် သူ့ဘဝ အားမာန်နဲ့ သူ့ကျမ်းကျင်မှုကို အလှလို ပြောနိုင်မယ်ဆိုရင်တော့ သူ တော်တော်လှပါတယ်'

ထို့နောက် သူက ကျွန်မယောကျ်ားဘက်သို့ လှည့်ကြည့်လိုက်သည်။

'သိပ် အံ့ဩစရာကောင်းတဲ့ ကျွန်တော့် မိန်းမရဲ့ ကျွမ်းကျင်မှုကတော့ သစ်တောနဲ့ ဆင်ပဲဗျ။ သူ့အဖေက ဟိုတုန်းက ဆင်ဦးစီးပေါ့၊ နောက်ပြီး ဆင်တွေကို လေ့ကျင့်ပေးတဲ့အလုပ်မှာ တော်တော် နာမည်ကြီးခဲ့တယ်၊ ကျွန်တော့်မိန်းမက ကျွန်တော့်တို့ တောရဲ့ လျှို့ဝှက်ချက်တွေနဲ့ ပတ်သက်လို့ အများကြီး သင်ပေးခဲ့တယ်၊ သူက ကျွန်တော့်ထက် ၅ နှစ် အသက်ကြီးတယ်'

ဒါဆို ကိုနိုင်နဲ့ ရွယ်တူပဲပေါ့။ ဟင်းပန်းကန်များကိုသိမ်းရင်း မသိသော ကျွန်မ ပြုံးမိ၏။ သူတို့ ဘယ်လိုများ တွေ့ဆုံခဲ့ကြပါလိမ့်။ ကျွန်… ကိုနိုင်ကတော့ လိုင်းကူးသော စီးပွားဖက်ချင်းဆိုတော့ ဆ… …ယ်သော တွေ့ဆုံမှု မဟုတ်။

ည ကိုးနာရီတွင် ကျွန်မ ဘူတာသို့ ဖုန်းဆက်ကြည့်မိပြန်သည်။

'ကိုမြင့်ဆွေရေ....ရှင့်ရထားက အခုထိ ပျဉ်းမနားတောင် ဝင်မလာသေးဘူးတဲ့၊ နောက် ခုနစ်နာရီနဲ့ ထည့်ပေါင်းကြည့်ရင် ရန်ကုန်ကို သူ အစောဆုံး ဝင်နိုင်မယ့် အချိန်က မနက် လေးနာရီပဲ၊ ဒီတော့ ရှင် ဒီမှာ အိပ်ရမယ့် သဘောပဲ'

'သားကြီးအခန်းမှာ ဧည့်သည်အတွက် နေရာ လုပ်ပေးလိုက်ပါ နော်'

သို့သော် ကျွန်မတို့ သုံးယောက်သည် ဘယ်သူမှ ကိုယ့်အိပ်ရာ ကိုယ် မသွားဖြစ်ကြဘဲ ဧည့်ခန်းမှာ စကားဝိုင်းဖွဲ့ ပြောနေခဲ့ကြသည်။

'ဒါနဲ့ ရှင် တောမှာ ပျော်ရဲ့လား ကိုမြင့်ဆွေ'

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ မေးခွန်းသည် ဖြေဆိုရန် ခက်ခဲသော မေးခွန်း မဟုတ်ပါ။ မည်သူမဆို ပျော်တယ်၊ မပျော်ဘူး ယေဘုယျ ခံစားချက်ကို လျှပ်တစ်ပြက် ပြောနိုင်ကြပါသည်။ သို့သော် သူကတော့ ရိုးစင်းသော မေးခွန်းကလေးကိုပင် နက်နဲစွာ စဉ်းစားရပုံမျိုးဖြင့် ငြိမ်သက်သွားလေသည်။

***

'သစ်တော ဆိုတာ ဘဏ်မှာ အပ်ထားတဲ့ ငွေရင်းငွေနှီး လိုပဲဆိုတာ ခင်ဗျားတို့လဲ သိသားပဲ၊ ကျွန်တော်တို့ စားရမှာက ငွေတိုးဗျ၊ အမြတ်အစွန်း နှစ်တိုးကို စားရမှာ၊ အရင်းကို စားရမှာ မဟုတ်ဘူး၊ ဒါပေမယ့် ဘယ်လောက် စိတ်ဆင်းရဲဖို့ကောင်းသလဲ၊ အခု အဲဒီ ငွေရင်းတွေ တော်တော်ကို လျော့နေပြီ၊ ခင်ဗျားတို့က မြို့မှာလဲ နေတယ်၊ သစ်ထုတ်လုပ်ငန်းနဲ့လဲ ဝေးတယ်ဆိုတော့ သစ်တော ဘယ်လောက် ရှိခဲ့တယ်၊ ဘယ်လောက် ပြုန်းကုန်တယ်၊ တောကွက်ရေိယာ ဘယ်လောက်ကျန်တယ်ဆိုတာ သိကြမှာ မဟုတ်ဘူး၊ ကျွန်တော်က သိနေတယ်၊ မြင်နေတယ်၊ ဒီတော့ ကျွန်တော် ပျော်ပါတယ်လို့ ဘယ်လိုလုပ်ပြီး ဖြေနိုင်ပါ့မလဲ။

'သစ်တောအားလုံးလိုလို ကျွန်တော် ရောက်ဖူးပါတယ်၊ ကျွန်တော်က သစ်ပင်တွေကို ချစ်တယ်၊ ကျွန်တော့် မိန်းမကလဲ သစ်ပင်တွေကို ချစ်တယ်၊ သစ်မာတွေ၊ ဝါးတွေကို ကျွန်တော်တို့ ကိုယ်တိုင် အိမ်ဆောက်ဖို့၊ လှေထွင်းဖို့ ခုတ်ခဲ့ဖူးပါတယ်၊ ကြိုးဝိုင်းပြင် တောနက်တွေထဲမှာ ရက်တော်တော်ကြာအောင်လဲ သွားခဲ့ဖူးတယ်၊ ဒါပေမယ့် ကျွန်တော်တို့က အပင်ကို ကျွန်တော်တို့အတွက် ရွေးတာထက် သစ်တောရဲ့ အသက်ရှည်မှုအတွက် ရွေးခဲ့တာပါ၊ ကျွန်တော်တို့ တတ်နိုင်သမျှ တောတွေကို စောင့်ရှောက်ခဲ့ပါတယ်၊ အပင်ရဲ့ အသက်ကို တွက်တတ်အောင်၊ တောရဲ့

www.burmeseclassic.com



အသက်ကို တွက်တတ်အောင်၊ နောက်ပြီး သစ်ပင်လှဲနည်း၊ မျိုးဆက်နည်းတွေ အားလုံး ကျွန်တော့် မိန်းမက ကျွန်တော့်ကို သင်ပေးခဲ့တာ'

သူသည် ကမ္ဘာပေါ်မှာ အလွန် ရှားပါး တန်ဖိုးကြီးသော ရတနာတစ်ခု အကြောင်း ပြောနေသလို မျက်လုံးများ အရည်လဲ့ကာ တောက်ပနေ၏။ သူ့မိန်းမအပေါ် ထားအပ်သည့် တန်ဖိုးလား၊ သစ်တော အပေါ် ထားအပ်သည့် တန်ဖိုးလား သူသာလျှင် သိနိုင်ပေလိမ့်မည်။

'သစ်တစ်တောကို မျိုးဆက်ဖို့ မြေဩဇာအနေအထားကို သိရမယ်၊ မြေဩဇာ အနေအထားကို နှိုင်းယှဉ်သိဖို့ သစ်ပင်တစ်ခုချင်းရဲ့ အမြင့်၊ သစ်တောတစ်ခုလုံးရဲ့ အမြင့်ကို တွက်တတ်ရမယ်၊ တကယ်တော့ သဘာဝဟာ သိပ်စိတ်ဝင်စားဖို့ကောင်းပါတယ်၊ ကျွန်တော်တို့ လူသားတွေ ပြန်ဖန်တီးဖို့ မဖြစ်နိုင်လောက်အောင် လျှို့ဝှက် နက်နဲတယ်၊ ကမ္ဘာ့ရဲ့ အသက်ပေါ်မှာ မူတည်ပြီး....'

ကျွန်မတို့နှစ်ယောက် ကွဲကွာခဲ့ကြသည်မှာ မှန်ကန်သော အဆုံးသတ်တစ်ခုဖြစ်ကြောင်း ယခုတော့ ကျွန်မ သိလိုက်ပါပြီ။ ကျွန်မသည် ကျွန်မနှင့်ထပ်တူ တွေးခေါ်ယုံကြည်သော ခင်ပွန်းတစ်ယောက်ကို လက်ထပ်ယူခဲ့မိပြီး၊ သူကလည်း သူနှင့် ထပ်တူ တွေးခေါ်ယုံကြည်သော မိန်းမတစ်ယောက်ကို ပေါင်းသင်းခဲ့မိခြင်း ဖြစ်သည်။ သူက အလျင် လက်ထပ်ခဲ့လေသလား၊ ကျွန်မက အလျင် လက်ထပ်ခဲ့မိသလား ဆိုတာကတော့ သူ့ထံမှ ကျွန်မ သိချင်သမျှ အခြားအရာတို့ထက် ပို၍ စိတ်ဝင်စားဖွယ်ကောင်းသော အချက် ဖြစ်နေသည်။ သို့သော် မမေးအပ်တူးလား မသိ၊ သို့မဟုတ် သူ့စကား အစအနထဲမှ ကောက်ယူနိုင်မည်လား မသိ။

'ကျွန်တော် နေတဲ့ နေရာကလေးက ပင်လယ်ရေပြင် အထက် ပေ သုံးထောင့်လေးရာကျော် မြင့်တယ်ဗျ၊ မြေပြန့်မှာ

www.burmeseclassic.com



မဟုတ်ဘူး၊ တောင်စောင်းမှာ၊ တောင်ကလဲ ကျောက်လွှာမြေပဲ၊ ချောက်ကမ်းပါးယံကြီးရဲ့ အစွန်း၊ကွက်လပ်ဧရိယာ တော်တော်ကျယ်တဲ့ မြေနေရာကလေး ရှိတယ်၊အဲဒီနေရာကလေးကို ရွေးပြီး သစ်လုံးအိမ် ခိုင်ခိုင်ခံ့ခံ့ကလေး ဆောက်ထားတယ်၊ ဒွင်ဝတီမြစ်ကို ကျွန်တော် အောက်ဘက်မှာ မြင်ရတယ်၊ အပေါ်ဘက် တောင်စောင်းမှာတော့ ပေရှစ်ဆယ် ကိုးဆယ် မြင့်တဲ့ သစ်မာပင်ကြီးတွေပေါ့၊ အောက်ဘက် ချောက်ကမ်းပါးရဲ့ တစ်ဖက်စွန်းက သစ်တော အနိမ့်တွေ၊ ဘဝေးမှာ ဖြူဖွေးနေတဲ့ မြစ်ကြောင်း၊ အထက်တည့်တည့်မှာတော့ တိမ်တွေပေါ့ဗျာ၊ တစ်ခါတစ်ခါ တိမ်တွေက ကျွန်တော့်အိမ်ထဲအထိ ဝင်လာတတ်တယ်၊ သဘာဝအားဖြင့်တော့ သိပ်စိတ်ချမ်းသာရတဲ့နေရာကလေးပါပဲ၊ ဒါပေမယ့် တစ်ခါ တစ်ခါ ကျွန်တော် မပျော်နိုင်ဘူး၊ ခင်ဗျား ယုံမလား၊ လောကမှာ သစ်တောရဲ့ ခုတ်ပတ် ဆိုတာတောင် ထည့်မစဉ်းစားတဲ့ လူတွေ တော်တော် များတယ်ဗျ'

သူသည် ထိုလမ်းကို သူကိုယ်တိုင် ရွေးချယ်ခဲ့ခြင်း ဖြစ်၏၊ ကိုယ်တိုင် ရွေးချယ်ခဲ့သော လမ်းတွင် စိတ်မသက်သာစရာ ရှာဖွေတွေ့လာသောအခါ လူသည် အကြောင်းမဲ့ ဒေါသကြီးမိတတ်၊ ရိုင်းစိုင်းတတ်သည်၊ သူ့ ယခင်ကထက် ရိုင်းစိုင်း ခက်ထန်နေခြင်းမှာ သူချစ်သော တောကြောင့် မဟုတ်ဘဲ တောကိုဖျက်ဆီးသူများကြောင့် ဖြစ်ဟန်တူသည်။

'ပထမတန်းစား သဘာဝအရိုင်း သက်ရင့် သစ်ပင် တစ်ပင်ရဲ့ တန်ဖိုးအတိုင်း လိုချင်ရင် မျိုးဆက်တဲ့ သစ်ပင်ကို တကယ့် သဘာဝက ပေးတဲ့ အနေအထားအတိုင်း ပေးထားရမှာပေါ့၊ အခုတော့ မျိုးဆက်ဖို့တောင် မစဉ်းစားဘဲ တောတစ်ခုလုံး ပြောင်အောင် ရှင်းကြတာပဲဗျ၊ဖိလစ်ပီး(န်)ဆိုရင် ဘယ်လောက် သစ်တော ကောင်းလိုက်သလဲ၊ ခင်ဗျားတို့လဲ သိမှာပါ ကိုဧော် နိုင်၊ ဖာဒီနန်မားကို့စ်နဲ့ သူ့ဆွေမျိုး နောက်လိုက်တွေရဲ့ ကြောက်ခမန်းလိလိ အသုံးစရိတ်တွေအတွက် ထောင်နှချီနေတဲ့

www.burmeseclassic.com

www.burmeseclassic.com



အပူပိုင်းသစ်တောခြောက် ဓရိယာတွေကို ရှောင်းစားပြီး သစ်တွေ ထုတ်နေကြတယ်၊ ဘယ်သူက ဘာတတ်နိုင်ခဲ့လို့လဲ၊ သိသိကြီးနဲ့ ကြည့်နေရတဲ့ အဖြစ်ပဲ'

ကျွန်မ စိတ်မဝင်စားသော ဘာသာရပ်အပေါ် တုံ့ပြန်လေ့ရှိသည့်အတိုင်း ကျွန်မ မျက်တောင်အနည်းငယ် စင်းလာ၏။ ထို့ကြောင့် နေရာမှ ခဏထွက်လာပြီး လိမ္မော်သီးများ ထုတ်ယူလာ အခွံနွာနေလိုက်ရပါသည်၊ သားတို့ ရထားများ ပျဉ်းမနားကို ဝင်လာပြီလား။ သားနှစ်ယောက်သည် ရထားရပ်ထားသည့် မြေပြင်ပေါ်မှာ အညောင်းပြေ လမ်းလျှောက်ရင်း ခရီးသည်တော ရထားထွက်သောအခါ ကျန်ရစ်နေခဲ့လေမလား။ ရန်ကုန်သို့ ရထားဝင်လာသည့်အခါ ရထားပေါ်မှာ သားတို့နှစ်ယောက်မှ ပါလာပါ့မလား။ ကိုနိုင် အပြစ်တင်မည်ဆိုလည်း ရှိချင်ရှာ၊ ကျွန်မသည် မဖြစ်လာသေးသော၊ ဖြစ်နိုင်ခြေလည်း အလွန် နည်းပါးသော၊ ဖြစ်လျှင်လည်း မိမိ ဘာမျှ တတ်နိုင်မည် မဟုတ်သော ကိစ္စများတွင် သည်လိုပဲ စိုးရိမ်ပူပန်တတ်သလေ မွတ်၄

'လွန်ခဲ့တဲ့ ခြောက်နှစ်လောက်ကတော့ ကျွန်တော့်အိမ်အဆုံး ...က်ခြေ လျှိုထဲကနေ ဖြတ်သွားတဲ့ ကျားတစ်ကောင်ကို မြင်ကျွန်မ ...ရဖူးတယ်၊ အခုတော့ ကျားတွေ ကျားသစ်တွေ မမြင်ရတော့ ...ဘူး၊ ကျွန်တော်တို့ တောထဲမှာရော ရှိမှ ရှိသေးရဲ့လား မသိဘူး'

ကျားဆိုသော အသံကြောင့် ကျွန်မ မျက်စိကျယ်လာသည်။ ယောကျ်ားနှစ်ယောက်ရှေ့သို့ လိမ္မော်သီးပန်းကန် ချပေးလိုက်သည်။

'တိရစ္ဆာန်ရုံထဲက ကျားလိုပဲ မဟုတ်လား ဟင်'

'အင်း....တောနက်ထဲက ကျားက ပိုလှပြီး ပိုကျက်သရေရှိတာပေါ့ဗျာ၊ သူ့ခန္ဓာကိုယ်က ပန်းပု ထုထားသလိုပဲဗျ၊ တော်တော်ကို ကြည့်ကောင်းတယ်၊ လျှိုဒီဘက်ထိပ်ကနေ ဟို

www.burmeseclassic.com

www.burmeseclassic.com



ဘက်ထိပ်ကို လွှားခနဲ ခုန်ကူးလိုက်တာမျိုး ဘယ်လိုအလှမျိုးနဲ့မှ မတူဘူး၊ ကျွန်တော်မှာ ခေတ်ပုံတွေ ဆလိုက်တွေ အများကြီးပဲဗျ၊ ခင်ဗျားတို့နဲ့ တွေ့ဖြစ်မယ်မှန်းသိရင် ကျွန်တော် ယူလာပါတယ်'

သူက ကျွဲကို ကြောင်တစ်ကောင်လို သဘောထားပြောနိုင်သော်လည်း ကျွန်မကျောထဲက စိမ့်လာသည်။ ကျွဲရှိသည်ဆိုလျှင်တော့ ရှိသမျှစည်းစိမ် ပုံပေးလျှင်တောင် သူ့နေရာသို့ ကျွန်မ မလိုက်နိုင်ပါ။ ကိုနိုင်လည်း မလိုက်စေရပါ။ ဘာထူးမှာလဲ၊ တိရစ္ဆာန်ရုံမှာလည်း ကျွဲဇတွ ရှိနေတာပဲ။

'ဘယ် ထရပ်ကားမျိုး၊ ဘယ်လို အင်ဂျင်မျိုးမှ မတတ်နိုင်တဲ့ သယ်ယူပို့ဆောင်ရေးလုပ်ငန်းကို ဆင်တွေက လုပ်နိုင်တယ်ဗျ၊ ကြိုးပြင့်တော အစွန်အဖျားခုတ်ကွက် တော်တော်များများက မြေညီမဟုတ်ဘူး၊ တောင်စောင်းတွေ၊ တချို့တောင်စောင်းတွေဆို တော်တော်မတ်စောက်တယ်၊ အဲဒီက သစ်လုံးတွေကို ကားလမ်းပေါက်နိုင်တဲ့ နေရာအထိ ရောက်အောင် လျှိုတွေ ချိုင့်တွေ ဖြတ်ပြီး သယ်ပေးနိုင်တဲ့ ယာဉ်က ဆင်တစ်မျိုးတည်းပဲ၊ ဘယ်မြေနေရာက မာတယ်၊ ဘယ်လမ်းကနေဆင်းရင် ခြေကုတ်မြဲမယ်ဆိုတာ သူတို့က သိတယ်၊ တောင်ဆင်းမှာ လိမ့်ဆင်းကျသွားတဲ့ သစ်လုံးတွေထဲက ဘယ်လိုသစ်လုံးမျိုးကို ရွှေ့သယ်ရမယ်ဆိုတာတောင် သူတို့ သိတယ်၊ သဘာဝမြေပြင် အနေအထားကို လူတွေထက် ဆင်တွေက ပိုသိတယ်၊ ပိုရွေးတတ်တယ်၊ ပတ်ဝန်းကျင် ရာသီဥတုကို ခန့်မှန်းတတ်တယ်၊ ချောင်းထဲကို သစ်မျှောဖို့အတွက်လဲ ဆင်တွေကို အားကိုးရတယ်၊ မြစ်ဝကနေ ခေါင့်ပြီး သစ်လုံးတွေ ဆယ်ဖို့လဲ ဆင်တွေကိုပဲ အားကိုးရတယ်....

'ပတ်ဝန်းကျင်ထိန်းသိမ်းရေး အဖွဲ့အစည်းရဲ့ လက်သုံးစကားနဲ့ ပြောရရင် အကောင်းစား သစ်လုံးတစ်ခု ထုတ်ယူဖို့အတွက် တခြားသစ်ပင် နှစ်ဆယ်ကို ခုတ်လှဲဖျက်ဆီးရမယ်တဲ့၊

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ဆင်က အဲဒီလောက် မဆိုးဝါးအောင် ထိန်းပေး နိုင်တာ အမှန်ပဲဗျာ'

'ဒါ့ဆင်က ဆင်ကို ကိုယ်တိုင်မောင်းသလား'

ကျွန်မ မြွတ်မေးသောအခါ စကားအသုံးအနှုန်း ရွေး ချယ်မှုအတွက် ကိုနိုင်ရော၊ သူရော သဘောကျစွာ ရယ်မော လိုက်ကြသည်။ ကိုမြင့်ဆွေက ခေါင်းယမ်း၏။

'ဒီကိစ္စ ကိုယ်နဲ့ မဖြစ်ပါဘူး နုရယ်၊ အင်း....ဒါပေမယ့် သားကြီးကတော့ ဆင်ကို ဘာသာရပ်တစ်ခုအနေနဲ့ စိတ်ဝင်စား နေတယ်'

'သားက ဘယ်နှစ်တန်းလဲ'

သူ့သားနှင့် ကျွန်မသား၏ အသက်အရွယ်ကို နှိုင်းယှဉ် ကြည့်လိုစိတ်ဖြင့် မေးမိ၏။

'ကိုယ့် သားတွေကို အတန်းကျောင်းမထားဘူး၊ ဒီတော့ ဘယ်နှစ်တန်းအဆင့်ရှိသလဲ ကိုယ်မပြောတတ်ဘူး၊ သူတို့ကို ကိုယ် ပဲ စာသင်ပေးထားတယ်၊ သစ်ပင်အမြင့်ကို ထောင့် ဒီဂရီတွေနဲ့ တွက်တတ်အောင်၊ သစ်တောရေိယာတွေ၊ တောထွက်တွေ တွက် တတ်အောင် သင်္ချာသင်ပေးထားတယ်၊ သဘာဝ ရေနဲ့ လေထု ထဲက ဓာတ်ငွေ့ အချိုးအဆတွေ၊ ကာဗွန်ဒိုင်အောက် ဆိုက် အန္တရာယ်တွေ တွက်တတ်အောင် ဓာတုဗေဒသင်ပေးထားတယ်၊ ကမ္ဘာ့ မြေထုနဲ့ ကျောက်လွှာတွေ၊ မြေဆီလွှာတွေ သိအောင်၊ ရာသီဥတုသိအောင် ပထဝီလဲ သင်ပေးထားတယ်၊ သစ်တော တွေမှာ ရှိတတ်တဲ့ ထောင်နဲ့ချီနေတဲ့ အင်းဆက် မျိုးစိတ်တွေ၊မြေ ကြီးထဲက ရေထဲက ယက်ရှိတွေသိအောင် ဇီဝဗေဒ သင်ပေးထား တယ်၊ မြန်မာစာနဲ့ အင်္ဂလိပ်စာကို ကျွမ်းကျွမ်း ကျင်ကျင် ရေး တတ် ဖတ်တတ်တယ်၊ အောင်လက်မှတ်တွေတော့ မရှိဘူးပေါ့၊ ဝန်ထမ်းအလုပ်တော့ လုပ်လို့မရဘူးပေါ့၊ ဒါပေမယ့် သူတို့နဲ့ သင့်တော်သလောက် ပညာကိုတော့ သူတို့တတ်ကြတယ် တော် ပြီပေါ့'

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ သူ့ကို ပါးစပ်အဟောင်းသားဖြင့် ငေးကြည့်နေမိတော့သည်။

ကျွန်မ၏ သားကြီးကို စီးပွားရေး ပညာရှင်တစ်ယောက်ဖြစ်ဖို့ ကျွန်မနှင့် ကိုနိုင် စိမ်ကိန်း ရေးဆွဲခဲ့ကြသည်။ အသက်၁၆ နှစ်သာ ရှိသေးသော သားကြီးသည် ယခုဆိုလျှင် စီးပွားရေး ဘာသာရပ်၌ တော်တော်စိတ်ဝင်စားနေပြီ။ ဈေးကွက် သုတေသန၊ ကမ္ဘာ့ဘဏ်လုပ်ငန်း၊ ငွေကြေးလည်ပတ်မှု၊ ငွေကြေးဖောင်းပွမှု စသည်တို့အပေါ် အသက်အရွယ် ဉာဏ်အဆင့် အလိုက် တော်တော် လေ့လာပြီးနေပြီ။ ကျွန်မက သားကြီး အတွက် ဂုဏ်ယူနိုင်ရန် စိတ်ရောကိုယ်ပါ အားသွန်ခွန်စိုက် ကြိုးစားနေချိန်တွင် သူကတော့ သူ့သားတွေကို ကျောင်းပင် မထားခဲ့ပါ တဲ့။ ကျွန်မ သူ့ကို ဘယ်လို နားလည်ရမှန်း မသိတော့ပေ။

'သားတွေက သဘာဝတောတောင်ရေမြေနဲ့ တော်တော် ရင်းနှီးကြတယ်၊ ချစ်ခင်ကြတယ်၊ တောတောင်တွေ ရှားပါး တိရစ္ဆာန်တွေကို သူတို့ ထိန်းသိမ်းတတ်ကြမယ်၊ သစ်တော သုတေသနကို ကျွန်တော်နဲ့ ကျွန်တော့်မိန်းမ တတ်သလောက် သူတို့ တတ်ကြမယ်၊သူတို့မွေးလာမယ့် သားသမီးတွေကို သဘာဝ အကြောင်း အသက်ရှင်နေထိုင်မှုအကြောင်း သင်ပေးနိုင်မယ်၊ သဘာဝ ဘေးအန္တရာယ်တွေကနေ ကာကွယ်ပေးနိုင်ကြမယ်၊ ကျွန်တော်တို့ မျှော်မှန်းတဲ့ သားတွေရဲ့ အနာဂတ်ကတော့ အဲဒါ လောက်ပါပဲ'

ကျွန်မသည် မသိမသာ ခေါင်းခါယမ်းမိ၏။

'ရှင်က ရှင့်သားသမီးတွေရဲ့ အနာဂတ်ကို တားဆီးပိတ်ပင် နေတာပဲ ကိုမြင့်ဆွေ၊ သိပ်ကျယ်ပြန့်တဲ့ ကမ္ဘာကြီးကို သူတို့ သိအောင် ဖွင့်မပေးဘူး၊ သူတို့အတွက် ရှင်ကိုယ်တိုင်ပဲ တံခါးတွေကို ပိတ်ထားတာပဲ'

ကျွန်မ လှတ်ခနဲ ဝေဖန်လိုက်သောအခါ သူက ခေါင်းမော့ ၍ ပြုံး၏။



www.burmeseclassic.com

www.burmeseclassic.com



'အဲဒါတော့ နု မှားနေပြီ၊ ကိုယ့်သားတွေအတွက် ကိုယ် တံခါးပိတ်မထားပါဘူး၊ အခု ကိုယ့်ကျောပိုးအိတ်ထဲမှာ ဘာ တွေပါမယ်လို့ ထင်လဲ၊ သားဘော့ ဖတ်ဖို့ စာအုပ်တွေ....'

သူက အိတ်ထဲမှ စာအုပ်များကို စိတ်လိုက်မာန်ပါ ထုတ် ပြသည်။ National Geographic မဂ္ဂဇင်း စာအုပ်များ Environmental Crisis စာအုပ်များ၊ အိုဇုန်းနည်းပါးခြင်း နှင့် ဂရင်းဟောက်စ်အကျိုးဖက် စာအုပ်များ၊ လေထုညစ်ညမ်းမှု သစ်တောကာကွယ်ရေး၊ ကျွန်မ ပခုံးတွန့်လိုက်မိ၏။ လူငယ်တစ် ယောက်ရဲ့အနာဂတ်ကို သူ့ စိတ်တိုင်းကျကန့်သတ်မယ့်စာအုပ်တွေ ဟုသာ ကျွန်မ မြင်ပါသည်။ ကျွန်မ သူနှင့် လက်မထပ်ဖြစ်ခဲ့တာ အလွန်မှန်ကန်သည်ဟု ဒုတိယအကြိမ် စိတ်သက်သာစွာတွေးမိ၏။

ကိုနိုင်ကတော့ အစစအရာရာ လိုက်လျောတတ်သူ ပီပီ စာအုပ်များကို စိတ်ဝင်တစား လှန်လှောဖတ်ကြည့်ကာ မျက်လုံး များ တောက်ပြောင်လျက်ရှိသည်။

'ခင်ဗျားစာအုပ်တွေက ကောင်းသားပဲ၊ သူတို့ ဒီအင်္ဂလိပ် စာတွေ ဖတ်နိုင်သလား'

'ဝါကျတွေက ရှင်းတာပဲ၊ သူတို့ ဖတ်နိုင်ပါတယ်၊တချို့ စကားလုံးတွေကို အဘိဓာန်ကြည့်၊ တချို့ စကားလုံးတွေ ကျွန်တော့်ကို မေးပေါ့လေ'

ထို့နောက် ကျွန်မတို့သုံးယောက်လုံး အတွေးကိုယ်စီဖြင့် ငြိမ်သက်သွားကြသည်။

အတန်ကြာမှ သူက စကားဆက်၏။

'ဟိုတစ်လောက အမျိုးသမီး ဆရာဝန်တစ်ယောက် ရေးတဲ့ စာအုပ်တစ်အုပ် ကျွန်တော် ဖတ်လိုက်ရတယ်ဗျ၊ ကန္တာ ရူပိုဟ် ထိန်းသိမ်းရေး စာအုပ်နဲ့ တူပါရဲ့၊ တော်တော် ဖတ်လို့ ကောင်းတယ်၊ သစ်ပင်တွေဆိုတာ ကမ္ဘာကြီးရဲ့ အဆုတ်တွေပဲတဲ့ သူ တင်စားတာ တော်တော်ကောင်းတယ်၊ စက်ရုံထုတ် စက် တွေ၊ ပလတ်စတစ် စက်ရုံတွေကြောင့် လေထု၊ ရေထု အဆိပ်

www.burmeseclassic.com



အတောက်ဖြစ်တဲ့အကြောင်းတွေလဲ ပါတယ်ဗျ၊ စိတ်ဝင်စားစရာကောင်းတယ်၊ ရှားပါးတဲ့ သစ်တောကြီးတွေရဲ့ အဖိုးထိုက်တန်မှုကို လူ့ယဉ်ကျေးမှုကပဲ ဖျက်ဆီးပစ်လိုက်ပြီပေါ့ဗျာ၊ ကျွန်တော်တို့ အဆိပ်ဇင့်တွေကြားထဲမှာ နေမှန်းမသိ နေနေကြတာပဲ၊ အင်း....ဒါပေမယ့် ခင်ဗျားတို့ ရန်ကုန်ပတ်ဝန်းကျင်နဲ့ စာရင်တော့ ကျွန်တော်တို့ ပတ်ဝန်းကျင်က အဆိပ်အတောက် ပိုနည်းမှာပေါ့၊ ဘာဖြစ်လို့လဲဆိုတော့ ကာဗွန်ဒိုင်အောက်ဆိုက်တွေကို သစ်တောတွေက စုပ်ယူနေတာကိုး၊ နောက်ပြီး ဓာတုစက်ရုံတွေလဲ မရှိဘဲကိုးဗျ၊ တောနေလူတန်းစား ကျန်းမာရေးကောင်းတာ အဲဒီအချက်လဲ ပါနိုင်တာပေါ့'

ကျွန်မ သူ့ကို အမှတ်တမဲ့ မျက်စောင်းထိုးပစ်လိုက်မိတော့ သူတို့နှစ်ယောက်စလုံး ရယ်မောကြသည်။

'အဲဒါတော့ အမှန်ပဲဗျ၊ ကျွန်တော်တို့ဟာ တရွေ့ရွေ့နီးလာနေတဲ့ အန္တရာယ်ကို ဘယ်သူမှ သတိမထားမိကြဘဲကိုး၊ ဖားစမ်းသပ်ချက်ဆိုတဲ့ စကားတစ်ခု ခင်ဗျားလဲ ကြားဖူးမှာပေါ့ ကိုမြင့်ဆွေ၊ ဖားတစ်ကောင်ကို ရေအေးထဲမှာ ထည့်လိုက်ပြီးတော့ အဲဒီရေကို နည်းနည်းချင်း မသိမသာ အပူပေးကြည့်၊ တဖြည်းဖြည်း ရေပူလာနေတာကို ဖားက မသိဘူး၊ နောက်ဆုံး အပူကြောင့် သေသွားရော ဒီရေထဲက ထွက်ပြေးဖို့ ဖားက မစဉ်းစားဘူးဗျ၊ ဒါပေမယ့် ပွက်ပွက်ဆူနေတဲ့ ရေပူထဲကို ရုတ်တရက် ဖားကို ထည့်ကြည့်လိုက်၊ ဖားက အပူဒဏ်ကြောင့် ထခုန်ပြီး လွတ်သွားတတ်တယ်ဗျ၊ ကျွန်တော်တို့လဲ တဖြည်းဖြည်း အပူပေးခံရတဲ့ ဖားလိုပဲပေါ့ဗျာ'

နောက်ဆုံးတော့ သူတို့နှစ်ယောက်ကို ကျွန်မ နှုတ်ဆက်ပြီး အိပ်ခန်းထဲ ဝင်လာခဲ့သည်။ ယခုမှ တွေ့ဖူးသော ယောကျ်ားနှစ်ယောက်သည် အနှစ်နှစ်အလလ ရင်းနှီးခဲ့သည့် မိတ်ဆွေများကဲ့သို့ စကားအမျှင်မပြတ်ဘဲ ကျန်ရစ်ခဲ့သည်။

***

www.burmeseclassic.com

www.burmeseclassic.com



နံနက် ငါးနာရီ မိနစ်နှစ်ဆယ်ကျမှ သားတို့ရထား ဝင်လာသည်၊

သားနှစ်ယောက်သည် ကြာမြင့်လှသော ခရီးကြောင့် နွမ်းနယ်မှု အရိပ်အယောင် မရှိ။ ရထားနောက်ကျသည့် အတွေ့အကြုံကို သူ့ထက်ငါ ဦးအောင် ဖအေအား ပြန်လည်ပြောပြနေသော သားနှစ်ယောက်ကို ကျွန်မ ပြုံးကြည့်နေမိသည်။ ကျွန်မကိုတော့ ခပ်လှမ်းလှမ်းမှာ မတ်တတ်ရပ်နေသည့် ကိုမြင့်ဆွေက ပြုံးကြည့်နေခဲ့လေသည်။

'နောက်တစ်ခါ ရန်ကုန်လာဖြစ်ရင် မိသားစုပါ ခေါ်ခဲ့ပေါ့'

ကျွန်မက လှစ်ခနဲပြုံး၍ ပြောမိတော့ သူ ခေါင်းယမ်းပါသည်။

'အမျိုးသမီးနဲ့ သားငယ်လေးက ရန်ကုန်ကို တစ်ခါမှတောင် မရောက်ဖူးဘူး၊ သူတို့က စိတ်လဲ မဝင်စားဘူး၊ ဒါပေမယ့် နတ္တိုနဲ့ တွေ့ပေးဖို့ ခေါ်ကြည့်ပါဦးမယ်'

'ဒါနဲ့ သားကြီးက ဘယ်အရွယ် ရောက်နေပြီလဲ'

သူက ကျွန်မကို စူးစူးစိုက်စိုက် ကြည့်နေပြီးမှ သက်ပြင်းရှိုက်၍ ဖျော့နွမ်းလွှဲကာ ဖြေပါသည်။

'ဆယ့်ကိုးနှစ်'

'ဩော်....'

ကျွန်မတို့နှစ်ယောက်ကြားတွင် ဘယ်သူက ရှုံးသည်၊ဘယ်သူက နိုင်သည် ဆိုသော မေးခွန်းက အရေးမကြီးတော့ပါ။ ကျွန်မက စောပြီး အိမ်ထောင်ကျခဲ့လျှင်လည်း သူ့အပေါ် နိုင်ရာအကြောင်း မဟုတ်သလို၊ သူက စော၍ အိမ်ထောင်ပြုဖြစ်ခဲ့သောကြောင့်လည်း ကျွန်မ သူ့အပေါ် မရှုံးနိမ့်နိုင်ပါ။ သို့သော် ကျွန်မ၏ရင်ထဲမှာ ပြောမပြတတ်သည့် ခံစားချက်တစ်ခုဖြစ်ပေါ်သွားတာတော့ သေချာပါသည်။ ထို ခံစားချက်သည် မကျေနပ်မှုလား၊ ဝမ်းနည်းမှုလား ကျွန်မကိုယ်တိုင် ရေရေရာရာ

www.burmeseclassic.com

www.burmeseclassic.com



မသိပါ။ ထို့ကြောင့်လည်း ကျွန်မ ဘာစကားမှ မပြောဖြစ်ဘဲ ပြုံးရုံသာ ပြုံးနေခဲ့ပါသည်။


ကျွန်မတို့မိသားစု ဘူတာထဲမှ ထွက်လာသည့်အခါ လူအုပ်ကြားမှ မြင့်မားစွာ ထင်းထင်းကြီး ရပ်လျက် ကျွန်မတို့ကို မျက်စိတစ်ဆုံး လှမ်းကြည့်ရင်း သူ ကျန်ရစ်ခဲ့ပါသည်။

ဂျူး

(၁၉၉၄၊ ဇန်နဝါရီလ၊ ကလျာမဂ္ဂဇင်း)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## စောင့်ဆိုင်းခြင်း၏ နိယာမ

နောက်တစ်လခန့်ကြာလျှင် သူနှင့် တွေ့ရတော့မည် ဟူသော အသိသည် မယုံကြည်နိုင်ဖွယ်ရာပင် ဖြစ်သည်။

သို့သော် သူပြန်လာတော့မည်။ အိပ်မက်တစ်ခု မဟုတ်ပါ။ ဒါ တကယ့်အဖြစ်မှန်ပဲ။ သုံးနှစ်ကြာ ခွဲခွာနေရသော ခင်ပွန်းသည်နှင့် ပြန်လည်ဆုံတွေ့ရတော့မည့် အသိတရားသည် မိန်းမသား တစ်ဦးအတွက် အဖိုးထိုက်တန်လှသော ပြည့်စုံမှု တစ်ခုပင် ဖြစ်သည်။

ဖြူဆွတ်သော စာရွက် ကလေးသည် ပါးလှပ်သော ကြောင့် လက်ထဲမှာ ကိုင်ထားလျက်ကပင် တဖျပ်ဖျပ် လှုပ်ပါတော့မတတ် ဖြစ်သည်။ ဤစာရွက်ကလေးပေါ်မှ အနက်ရောင် လက်ရေး သော့သော့ များသည် ကျွန်မတို့ နှစ်ယောက်၏

www.burmeseclassic.com

www.burmeseclassic.com



ကုန်ဆုံးသွားသော ဖြစ်ရပ်များကို သယ်ဆောင်လာခဲ့သည်။ ရှေ့ဆက်၍ ရင်ဆိုင်ရမည့် စိတ်ခံစားမှုများကိုလည်း ကြိုတင်ပြောပြနေသည်။

ကျွန်မတို့နှစ်ယောက်၏ ကုန်လွန်ခဲ့ပြီးသော ပဋိပက္ခများ၊ ပျော်ရွှင်မှုများ၊ စိတ်ဆင်းရဲမှုများ၊ ယင်းတို့အပြင် ကျွန်မတို့ နှစ်ယောက်၏ ချစ်ခြင်းမေတ္တာများ....။

သူ ထွက်ခွာသွားသည့်နေ့က ရန်ကုန်မြို့တွင် မိုးဖွဲဖွဲ ရွာနေသည်၊

လေဆိပ်ခန်းမထဲတွင် ကျွန်မ မျက်ရည်မကျခဲ့ပါ။ ညတစ်ညလုံးနှင့် တစ်မနက်လုံး ကျွန်မ သူနှင့်ခွဲခွာရန် နှုတ်ဆက်အားတင်းရင်း မျက်ရည် ဝေ့သီခဲ့ပြီးပြီ။

'လူတွေနဲ့ ဆက်ဆံတဲ့အခါ သိပ်ပြီး မရိုးသားပါနဲ့နော်၊ ခင်းရင်ထဲမှာ ရှိတာတွေကို အတတ်နိုင်ဆုံး မျိုသိပ်ထား၊ ဘယ်သူ့ကိုမှ မယုံနဲ့နော်'

'အာပဲလုပ်လုပ် သတိထားနော်၊ မင်းက နမော်နမဲ့ ပစ်စလက်ခတ် လုပ်ချင်တယ်၊ စနစ်ကျကျ စည်းကမ်းထားနော်။

'...ကိုယ်ပြန်လာတဲ့အခါ ကိုယ်တို့ ဒီအိမ်ခန်း သေးသေးကလေးကနေ ပြောင်းကြမယ်၊ ဒါကို စိတ်ထဲမှာ အမြဲတွေးထား'

ခွဲခွာရမည့်ဇနီးသည်ကို နောက်ဆုံးညတွင် သူ မှာကြားသွားသော စကားများက အလွန် လက်တွေ့ ကျလွန်းသောကြောင့် လွမ်းဆွတ် အားငယ်ရန်ပင် ကျွန်မ မေ့လျော့နေခဲ့သည်။

လေဆိပ်မရောက်မီ အငှားကားပေါ်တွင် သူက ရယ်မောနိုင်မည့် စကားများကို ရွေးချယ် ပြောဆိုနေခဲ့၏။

'ကြည့်စမ်း၊ ကိုယ် နောက်တစ်နာရီကျော်လောက် ကြာသွားတဲ့အခါ မြန်မာစကား လုံးဝ ပြောရတော့မှာ မဟုတ်ဘူး၊ အခုနေ အားရအောင် ပြောထားမှ ဖြစ်မယ်၊ ကိုယ်တို့ စကားပြောကြစို့လား'

www.burmeseclassic.com

www.burmeseclassic.com



ခန်းမထဲတွင် ကျွန်မ လွမ်းဆွတ်ချိန်မရပါ။ သူက လေဆိပ်သို့ အချိန်ကိုက် ဝင်ရောက်ပြီး စာရွက်စာတမ်းများ၊ ပုံစံများ ဖြည့်ရင်းဖြင့် အလုပ်ရှုပ်ပြနေခဲ့သည်၊ စစ်ဆေးရေးကောင်တာသို့ ဝင်ခါနီးမှာတော့ ကျွန်မကို တစ်ချက်ပြုံးပြကာ ခေါင်းဆတ်၍ နှုတ်ဆက်၏။

ထို့နောက် ကျွန်မရှိရာဘက်သို့ လုံးဝလှည့်မကြည့်တော့ဘဲ ကောင်တာ တစ်ခုချင်း ကျော်ဖြတ်သွားကာ မှန်လုံခန်းနောက်သို့ ဝင်ရောက် ပျောက်ကွယ်သွားသည်။

စစ်ဆေးပြီး ခရီးသည်များ အခန်းတွင် ရှိနေစဉ် တစ်ချိန်လုံး ကျွန်မက လေဆိပ်စားသောက်ခန်းတွင် ကော်ဖီတစ်ခွက်ဖြင့် အချိန်ကုန်စေခဲ့ရသည်။ လေယာဉ်ထွက်ခါနီး အချိန်မှာတော့ လေဆိပ် ဝရန်တာဘက် ထွက်ကာ ရှာရှာဖွေဖွေ နောက်ဘက်အုတ်ခုံတန်းပေါ် အထိ ကျွန်မ တက်၍ မတ်တတ် ရပ်ခဲ့လေသည်။

ကျွန်မ ကြိုတင်ကြံရွယ်ချက်ဖြင့် ဂျပန်နိုင်ငံလုပ် သုံးဆစ်ချိုး ခေါက်ထီး အနီရဲရဲကလေးကို ကိုင်လာကာ ထီးကလေးဖွင့်ဆောင်း၍ သူ့ကို နှုတ်ဆက်ခဲ့သည်။ သူ လေယာဉ်ပေါ် အတက် သည်ဘက်လှည့်အကြည့်တွင် လူအုပ်ကြားမှာ ထင်းနေသော အနီရောင်ကလေးကို သူမြင်မှာပဲ။ သူ ပြုံးလိုက်တာ ကျွန်မ မြင်ရသည်။ ကျွန်မ၏ ထီးကလေးကို ပြုံးပြတာလား၊ လေဆိပ် ဝရန်တာ လူအားလုံးကို ပြုံးပြတာလား ကျွန်မ မသိ။

နုနယ်လှသေးသော ကျွန်မတို့ အိမ်ထောင်သက် အတွင်း သူမပါဘဲ ကျွန်မဘဝကို ပထမဆုံးအကြိမ် ဖြတ်သန်းရတော့မည်ဟူသော အတွေးဖြင့် ရင်ထဲမှာ နောက်ကျိ လေးပင်နေခဲ့သည်။ သူမရှိဘဲ ကျွန်မ၏ နေ့ရက်များကို ဘယ်လို ကုန်ဆုံးစေရမည်ပါလိမ့်။ ကျွန်မ ကြာရှည်မှ ရင်ဆိုင်နိုင်ပါ့မလား။

လေဆိပ်မှအပြန်တွင် ကျွန်မ၏ ခန္ဓာကိုယ်ကသာ ကားပေါ် ပါလာလျက် စိတ်ဝိညာဉ်က သူ့အပေါ်တွင် ကျန်ရစ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏ သစ္စာကို ကျွန်မ ယုံကြည်ပါသည်။ ထို့ပြင် ကျွန်မ၏ သစ္စာကိုလည်း ကျွန်မယုံသလို သူယုံကြည်ပါသည်။ သို့သော် လက်တွေ့ ကုလွန်းသော သူသည် သူမပါဘဲ ရင်ဆိုင်ရမည့် ကျွန်မ၏ နေ့ရက်များကိုတော့ လုံးဝ ထည့်မတွက်ခဲ့ပါ။

သူ မရှိသော ကျွန်မတို့ အိမ်ခန်းကလေးသည် ဝမ်းနည်းခြင်း အငွေ့အသက်များဖြင့် တိတ်ဆိတ်ငြိမ်သက်၍ ကျန်ခဲ့သည်။ အပြင်ဘက်မှ ဝင်ရောက်တိုက်ခတ်သော လေသည် သူရှိစဉ်ကလို မသန်းဆန်း မအေးမြလှဘူးဟု ထင်သည်။

နံနက်အိပ်ရာထချိန် ကျွန်မ ဖျော်သော ကော်ဖီသည် သူ ဖျော်ပေးသော ကော်ဖီလောက် အရသာမရှိဘူးဟုထင်သည်။ ကျွန်မ ကြိုးစားဖတ်ရမှာ ပျင်းသော ဝတ္ထုများကို သူဖတ်ပြီး တစ်ကြောင်းချင်း ဘာသာပြန်ပေးတတ်သော ည အိပ်ရာဝင် အချိန်များတွင်တော့ ကျွန်မရင်ထဲမှ စူးနစ်သည့် နာကျင်မှုသည် ဘယ်တော့မှ မပျောက်ကွယ်နိုင်တော့သလို ထင်ရသည်။

သူနှင့် ခွဲခွာပြီး ကျွန်မ အသက်ရှင် ရပ်တည်မည်ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါ။ ချို့ငဲ့စွာ နေရချင် နေရပါစေ၊ နှစ်ယောက်အတူ နေပြီး ချို့ငဲ့ခြင်းသည် တစ်ယောက်တည်းသာကျန်ပြီး ပေါများ ကြွယ်ဝခြင်းထက် ပို၍ ပြည့်စုံပါသည်။ သို့သော် ခေါင်းမာသော ကျွန်မခင်ပွန်းကတော့ ကျွန်မကို ထားရစ်ခဲ့ပြီ ဖြစ်သည်။

စောင့်နေရသူ တစ်ယောက်အတွက် အချိန်သည် အလွန်အမင်း ကြန့်ကြာလှရှိသည်။ ကျွန်မအတွက် အချိန်များသည် ကုန်ဆုံးရန် ရှည်ကြာလှ၏။ ပထမပိုင်းတွင် အချိန်ကုန်ဆုံးစေရန် ရုံးချိန်ပြင်ပများတွင် သိုးမွေးထိုးခြင်း၊ စာဖတ်ခြင်း အလုပ်ကို ဂရုတစိုက် လုပ်ယူရသည်။ နောက်ပိုင်းမှာတော့ ကျွန်မသည် တစ်ယောက်တည်း ကျန်နေခြင်းနှင့် နေသားတကျ ဖြစ်လာပါသည်။

စားသောက်ပြီးသွားသော ထမင်းပန်းကန်များ၊ ကော်ဖီ

www.burmeseclassic.com

www.burmeseclassic.com


ပန်းကန်များကို ချက်ချင်းမဆေးဘဲ လက်ဆေးကန်တွင် သည်အတိုင်း ချထားပြီး စာဖတ်ခွင့် ရရှိသည့်အခါမှာတော့ ကျွန်မ၏ တမ်းတမှုများ နည်းနည်း သက်သာရာ ရခဲ့သည်။

ရှုံးချိန်နီး၍ကမန်းကတန်း ရေချိုး၊ အလှပြင်ရသည့်အခါ ဖတ်လက်စ စာအုပ်များကို မေ့ရာပေါ် သည်အတိုင်း ပစ်ထားခဲ့ရတာကလည်း ထူးခြားသော အရသာ တစ်မျိုး ဖြစ်သည်။

ရှုံးသွားခါနီး သူ့အတွက် ကသုတ်ကရက် ထမင်းဘူးထည့်ပေးရသည့် တာဝန်တစ်ခု လျော့နည်းသွားသည်ကို တဖြည်းဖြည်း သတိထားမိလာသည်။ ကျွန်မကတော့ နေ့လယ်စာကို ကြုံသလို စားတတ်သည်။ ကျွန်မ သိပ်ပျင်းလျှင် နေ့လယ်စာကို ရုံးဘေးက စားသောက်ဆိုင်တွင် ဖြစ်သလို စားသောက်ပစ်လိုက်တတ်၏။

အင်း....သူသာရှိလျှင်တော့ သူက သည်လို ပြင်ပအစားအစာများကို ကြိုက်နှစ်သက်တတ်သူမဟုတ်။ သူက နေရာတကာ ရွံရှာတတ်သည်။ တစ်ခါတစ်ခါ လမ်းဘေးက ပူရီဆိုင်၊ မုန့်ဟင်းခါးဆိုင်တို့တွင် ကျွန်မစားချင်၍ သူပါ ဝင်ရောက်စားသောက်ဖို့ ကြိုးစားသည့်အခါ ရေချိုင့်ထဲတွင် ပန်းကန်ဆေးနေသည့်ပုံစံကို မြင်ပြီး သူလည်း လုံးဝ မစားချင်၊ ကျွန်မကိုလည်း လုံးဝ စားခွင့် မပေးတော့ဘဲ ဇွတ်ထွက်သွားတတ်သည်။

လမ်းဘေးက အကြော်၊ ပြောင်းဖူးပြုတ်တို့ကို ကျွန်မ ဝယ်စားဖို့ ခဏခဏ ကြိုးစားပြီး ဘယ်တော့မှ မစားရပါ။ သူက ထိတ်လန့်တကြား တားမြစ်တတ်သောကြောင့် ဖြစ်သည်။ ကျွန်မကလည်း ပြောင်းဖူးပြုတ်တို့၊ ရေခဲပလုပ်တုပ်တို့၊ အချဉ်ပေါင်းတို့လို ထွေလီကာလီ သွားရည်စာများကို အလွန် မက်မောတတ်သူ။

သူ နိုင်ငံခြား ထွက်သွားပြီး လေးငါးလ ကြာသည့်အခါမှာတော့ ကျွန်မ ထိုအစားအစာများနှင့် တော်တော့်ကို ရင်းနှီးကျွမ်းဝင်နေပြီ။ သူက ကြိုတင် မှန်းဆမိပုံ ရ၏။



www.burmeseclassic.com

www.burmeseclassic.com



'လမ်းဘေးက အစားအသောက်တွေကို မစားနဲ့နော်၊ မင်း ဝမ်းကိုက်ရောဂါ ပြန်ထနေမယ်'

သူ ကျွန်မဆီ စာရေးလျှင် အမြဲ သတိပေးတတ်၏။ ကျွန်မက ဝမ်းသာအားရ သူ့ကို လိမ်ရသည်။

'စိတ်ချစမ်းပါကွယ်၊ ကိုယ့်အိမ်မှာ ချက်တဲ့ အစားအသောက်က လွဲပြီး ဘာမှ မစားဘူး၊ ရေတောင် ရေကျက်အေးပဲ သောက်တာ'

တကယ်တော့ ကျွန်မ အပြင်မှာ ကြုံသမျှ လမ်းဘေး အစားအသောက်များကို မြိန်ရေရှက်ရေ စားသောက်နေချိန် ဖြစ်လေသည်။

လွန်ခဲ့သည့် နှစ်တွေတုန်းကတော့ ဗီဇာကြောင်သည့် လူ တစ်ယောက်နှင့် လက်ထပ်ရလိမ့်မည်ဟု ကိုယ့်ဟာကိုယ် ဘယ် တွေးခဲ့မိပါ့မလဲ။တကယ်ကို ကျွန်မ တွေ့ဖူးသမျှ လူအားလုံးတွင် ကျွန်မ ခင်ပွန်းသည် ဗီဇာအကြောင်ဆုံးလူ ဖြစ်သည်။ သူက ပျော့ရှော့မှုထက် စနစ်တကျဖြစ်မှုကို ပို၍ လိုလားသည်။ ကျွန်မလို နမော်နမဲ့နိုင်သူ တစ်ယောက်ကို သူ ဘာဖြစ်လို့ သိသိကြီးနှင့် လက်ထပ်ခဲ့ရသလဲဟု တစ်ခါတစ်ရံ စိတ်လိုလက်ရ ကျွန်မ မေး လျှင် သူ ပြုံးကာ 'အချစ်ပေါ့'ဟု ဖြေတတ်၏။ ကျွန်မက သူ၏ အချစ်ကို ကျေးဇူးတင်သည်။ သူ၏ စနစ်ကျမှု၊ ထိန်းချုပ်တတ် မှုကို လေးစားသည်။

သို့သော် အချစ်သည် စနစ်တကျ ဖြစ်မှုနှင့် ပေါင်းစပ် လိုက်သောအခါ ဗီဇာကြောင်မှု ဖြစ်ပေါ်လာကြောင်းကိုတော့ လက်ထပ်ပြီးမှ ကျွန်မ သိရသည်။

အိမ်ခန်းရှာသည့် အချိန်ကစ၍ ကျွန်မတို့ နှစ်ယောက်၏ ပဋိပက္ခများ စတင်ခဲ့သည်။ ကျွန်မက နွေးထွေးလိုက်လျောသော လူနေရပ်ကွက်မှာ အိမ်ခန်းရှာချင်သည်၊ သူက လူတွေကို မှန်သူ ပိပိ အေးစက်စွာ သီးသန့်နေတတ်သည့် ရပ်ကွက်ကို သဘော ကျသည်။

www.burmeseclassic.com

www.burmeseclassic.com



'မင်းမှာ ဝတ်စုံဘယ်နှစ်ခုဆိုတာ လိုက်ကြည့် ရေတွက်ပြီး အတင်း ပြောတတ်တဲ့ ရပ်ကွက်မျိုးကို မင်း သဘောကျတယ် ပေါ့၊ တစ်အိမ်နဲ့တစ်အိမ် ဝင်ထွက် စကားများ၊ ဟိုပစ္စည်း ငှား၊ ဒီပစ္စည်း ငှား၊ ဆနွင်းမှုန့်ကအစ တောင်း'

'အိုး....ဒါ နွေးထွေးလိုက်လှဲတတ်တဲ့ လူတွေ၊ ကူညီတတ်တဲ့ လူတွေ'

'နွေးထွေး လိုက်လှဲတာနဲ့ စပ်စုတာနဲ့ တခြားစီကွ'

သူ ကျွန်မကို အလျှော့ပေးခြင်း မဟုတ်ဘဲ ကျွန်မတို့၏ ငွေကြေးပမာဏကို အလျှော့ပေးလိုက်ရသဖြင့် လူနေအိမ် ထူထပ်သပ်ညပ်သော ရပ်ကွက်ကလေးမှာ အခန်း တစ်ခု ရခဲ့သည်။ ကျွန်မတို့ လမ်းထဲက လူတွေက ကျွန်မကို ချစ်ခင်ကြပြီး သူ့ကို ကြောက်ကြသည်။ သူ့ရှေ့မှာ လမ်းထဲက အမျိုးသမီးတွေနှင့် ကျွန်မ ဘယ်မော စကားပြောတာ ကြာသွားလျှင် အိမ်ရောက်တော့ သူ ကျွန်မကို မဆုံးနိုင်အောင် ဆူပူနေတော့သည်။

'ဒီမိန်းမတွေက တစ်ချိန်လုံး သူများအကြောင်း လည် ပြောနေတဲ့ လူတွေ၊ ပျော်ပျော်ရွှင်ရွှင်ကြီး အနာဂတ်မဲ့နေတဲ့ လူတွေ၊ မင်း သူသို့ကိုသာ လိုက်လျှောနေရရင် မင်းဘဝ ဘယ် တော့မှ တိုးတက်မှာ မဟုတ်ဘူး'

သူကတော့ မျက်နှာထား တည်တည်ဖြင့် ခပ်မှန်မှန်သာ နေလေ့ရှိသဖြင့် သူတို့အားလုံးက ရှောင်ကြ၏။ သူ ရှိနေလျှင် ကျွန်မတို့အိမ်သို့ ဘယ်သူမှ မလာပါ။ တစ်ခါတစ်ရံ သူ မရှိခိုက် အိမ်နီးချင်းများကို ညှော့ခံစကားပြောမိတုန်း သူ ပြန်လာလျှင် သူက နည်းနည်းမှ အားနာမှု မရှိ။ ကျွန်မအနီး ရောက်လာပြီး အလုပ်မရှိ အလုပ်ရှာ၍ ကျွန်မကို ခိုင်းတတ်သည်။

'ဟာ....မင်း ရေချိုးခန်းထဲမှာ အဝတ်တွေ ဒီအတိုင်း ထားပြီး စကားထိုင်များနေတာလား၊ ကိုယ့် အလုပ် ကိုယ် လုပ်ကွ၊ ထ....'

ကဲ....ကျွန်မ ဘယ်လောက် မျက်နှာပူရမလဲ။ ထိုညသည်

www.burmeseclassic.com

www.burmeseclassic.com



မိန်းမ မျက်နှာ မည်းခနဲ ဖြစ်သွားကာ ချက်ချင်း ထပြန်သွား၏။

'နေဦးပါဦး၊ ဘာဃကြ အဝတ်တွေ စိမ်ထားလို့လဲ'ဟု ကျွန်မ မေးလျှင်တော့ သူက ထုံးစံအတိုင်း 'ဘာအဝတ်မှ မစိမ်ပါဘူး ကိုယ် အမြင်ကတ်လို့'တဲ့။အလကား သူများ အလုပ်ပျက်အောင် လာနှောင့်ယှက်တဲ့ မိန်းမတွေတဲ့။

'ဘာအလုပ်မှဖြင့် မရှိဘဲနဲ့'ဟု ကျွန်မ ငြူစူလျှင် သူက ကျွန်မကို လက်မောင်းမှ ဆွဲခေါ်ကာ ကြိုးတန်းပေါ်တွင် တိုးလိုးတန်းလန်း ဖြစ်နေသော ချိတ်များနှင့် အင်္ကျီများ၊ ကျွန်မ၏ ထဘီခင်တန်းပေါ်မှ အင်္ကျီများ၊ထဘီများကို ပြလေသည်။ သူက အင်္ကျီတန်းပေါ်တွင် ဝတ်လက်စအင်္ကျီ တစ်ထည်ထက် ပိုရှိနေခြင်းမျိုးကို မနှစ်သက်ပေ။

သူက အာဏာဟု မသိသာလောက်အောင် ပျော့ပျောင်းသည့် တိုက်တွန်းမှုမျိုးကို ကျွန်မအပေါ်မှာ ကျွမ်းကျင်စွာ ပြုလုပ်တတ်သေး၏။

သနပ်ခါးတွေ လိမ်းလျော်ကျင်း သို့မဟုတ် လက်ဖက်ရည်ဆိုင်မှာ စကားပြောရင်း တစ်ခုခုကို ကျွန်မ သဘောကျကာ တဟားဟား အော်ရယ်မိလျှင် သူ မျက်စိမျက်နှာပျက်ကာ ကမန်းကတန်း တားမြစ်၏။

'ဟာ....တာ....ဒီလို မရယ်ရဘူးလေ၊ တိုးတိုး....တိုးတိုး'

သူ၏ နူးညံ့သော ကန့်ကွက်မှုကို ကျွန်မ ကျေနပ်စွာ လက်ခံ လိုက်လျောခဲ့ပါသည်။

သူက ကျွန်မကို သူ့အကြိုက် အဝတ်အစားများကိုသာ ဝတ်ဆင်အောင် အနူးအညွတ် တောင်းပန်တတ်သေး၏။

'မင်းနဲ့ ဒီလည်ပင်း ကျယ်ကျယ် ပုံစံတွေနဲ့ မလိုက်ဘူး သိလား၊ လည်ပင်းကျယ်တဲ့ အင်္ကျီတွေက လူအများရှေ့မှာ အမြဲ သတိထားနေရတာမျိုး၊ လူကျပ်တဲ့ ဘတ်စ်ကားထဲ တိုးဝှေ့ဝင်ရတဲ့အခါ၊ ဟိုင်းလပ်ကစ်ကားပေါ် ငုံ့တက်တဲ့အခါ၊ ကိုယ်ကို

www.burmeseclassic.com

www.burmeseclassic.com



တိုင်းပြီး ကားပေါ်က ဆင်းတဲ့အခါ၊ အို.... မကောင်းပါဘူး ကွာ၊ မဝတ်ပါနဲ့နော်၊ ကိုယ်က မင်းအနားမှာ မင်းကို တစ်ချိန်လုံး စောင့်ကြည့် သတိပေးနေနိုင်တာမှ မဟုတ်တာ၊ နောက် မဝတ်နဲ့နော်'

သူ ဝယ်ပေးသမျှ တီရှပ်တွေက အမြဲ လည်ပင်းက အတိအကင်၊ ကျွန်မကတော့ ဒီလောက်လည်း သတိထားတတ်သူ မဟုတ်၍ ကျွန်မအတွက် ဘာမှ မထူးခြားပါ။ သူ မဝတ်စေချင်သော အင်္ကျီမျိုးကိုမှ ဝတ်ချင်လှချည်ရဲ့ဟူသော စိတ်လည်း မရှိပါ။ ထို့ကြောင့်လည်း သူမရှိသည့် ကာလများအတွင်း ကျွန်မ၏ လုံခြုံမှုအတွက် သူ့စကားများကို လိုက်နာကာ သူသတိပေးသည့်အတိုင်း နေခဲ့ပါသည်။

သူ ကျွန်မဆီ ရေးသမျှ စာတိုင်းသိုလိုတွင် ကျွန်မ၏ အနေအထိုင် အပြောအဆိုကို ဆင်ခြင်ရန် သတိပေးလေ့ ရှိသည်။ လမ်းဖြတ်ကူးရင်း ကားတိုက်မလို ခဏခဏ ဖြစ်၍ ဆွဲဆွဲထိန်းရသော ကျွန်မကို သူ ဘယ် စိတ်ချနိုင်ပါ့မလဲလေ။ သူ့ပူပန်မှုကို ကျွန်မ ခံစား၍ ရပါသည်။

'လမ်းကူးတဲ့အခါ တတ်နိုင်သမျှ မီးပွိုင့်ကနေ ကူးပါ၊ သူငယ်ချင်းနဲ့ လမ်းမှာ တွေ့ပြီး စကား အမျှင်မပြတ် ပြောရင်း လမ်းဖြတ်ကူးတာမျိုး မလုပ်နဲ့၊ လမ်းဖြတ်ကူးရင် ကားတွေက လွှဲပြီး ဘာကိုမှ အာရုံမထားပါနဲ့'

ဘတ်စ်ကား အတက်အဆင်း နွေးကွေးလှသော ကျွန်မကို သူ အမြဲ ကရုဏာဒေါသဖြင့် ဆူပူလေ့ရှိသည်။

'မင်းဟာလေ ကိုယ် သတိထား ကြည့်နေတာ ကြာပြီ၊ အဘွားအိုလေးလို တုံ့နှေးတုံ့နှေး လုပ်မနေနဲ့၊ ကိုယ်ပိုင်ကား မဝယ်နိုင်သေးတဲ့ ဘဝမှာ ဘတ်စ်ကား တိုးရင် ဒီလောက်တော့ ဒုက္ခခံရမှာပဲ၊ ကိုယ်တက်တဲ့ ဘတ်စ်ကားမှာ ရအောင် ခုတ် တက်ဖို့က မင်းတာဝန်ပဲ၊ ကိုယ် နေရာတကာ မင်း လက်ကို ဆွဲ ခေါ်မပေးနိုင်ဘူး'

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတုန်းက သူနှင့်ကျွန်မ ဘတ်စ်ကား အတူတက်ကြပြီး သူက ကားထဲ အရင်ရောက်သွားကာ ကျွန်မက လူတွေတိုးမှုကြောင့် နောက်မှာ ကျန်ခဲ့ဖူး၏။ လူကျပ်လွန်းသောကြောင့် သူကျွန်မ ပါမလာမှန်း တော်တော်နှင့် မသိပေ။ အိမ်ရောက်ခါနီးကျမှ သူ သိသည်တဲ့။ ထိုနေ့က သူ့နောက် နာရီဝက်လောက်ကြာမှ ကျွန်မ အိမ်ပြန်ရောက်သွားသည်။ သူ အိမ်ဝရံ့ာမှ ကျွန်မကို ထွက်မျှော်နေတာ လမ်းထိပ်ကတည်းက ကျွန်မ မြင်ရလေသည်။

ယခုတော့ သုံးနှစ်အတွင်း ကျွန်မလည်း ဘတ်စ်ကားတွေနှင့် နေသားကျနေပြီ။ သူ ပူပန်သလိုလည်း တစ်ခါမှ မဖြစ်တော့ပေ။ သူကတော့ စာရေးသည့်အခါ ထည့်ရေး သတိပေးမြဲဖြစ်သည်။

'ရှေ့ခန်းမှာ နေရာရလို့ရှိရင် ကားတံခါးဖွင့် ဆင်းခါနီးမှာ အလျှင်မလိုနဲ့၊ မှတ်တိုင်ဆိုဘာ ကားတစ်စီးနဲ့တစ်စီး အမြဲပြိုင်ကျော်နေကြတဲ့ နေရာ၊ နောက်ကား ဂရုစိုက်ကြည့် ပြီးမှ တံခါးဖွင့်ဆင်း၊ ကြားလား'

သူကတော့ နေရာတကာ စနစ်ကျသူပီပီ ဘယ်နေရာမှာမှ အမှားအယွင်း မရှိပေ။ ကျွန်မ မှားယွင်းလျှင်လည်း အဖေတစ်ယောက်လိုပင် ဆုံးမ၍ မပြီးတော့ချေ။

ကျွန်မ ပစ္စည်းတစ်ခုခု ပျောက်သွားလျှင် သူများ မြင်မိသလား၊ ကိုင်မိသလား သွားမမေးနှင့်။ ပျောက်သည့် ပစ္စည်းတန်ဖိုးနှင့် မမျှတအောင် သူ ဝေဖန်သည့် ဒဏ်ကို ခံရ၏။ ကျွန်မ မကြာခဏ ပျောက်တတ်သော ပစ္စည်းများမှာ ဖတ်လက်စ စာအုပ်၊ လက်ပတ်နာရီ၊ လက်စွပ်၊ မီတာဆောင်ရန် ဖြတ်ပိုင်း စသည်တို့ ဖြစ်သည်။

'မေ ငြ်ရေ....ကိုယ့်နာရီလေးများ ဘယ်မြင်မိလဲဟင်' ဟု မေးမိလျှင် သူက ဒေါသတကြီး....

'မသိဘူး' ဟု ခပ်ပြတ်ပြတ် ဖြေတတ်၏။

www.burmeseclassic.com

www.burmeseclassic.com



'ကိုယ့်ပစ္စည်း ကိုယ် ဘယ်နားထားမိမှန်း မသိနိုင်လောက်အောင် နမော်နမဲ့ နိုင်တဲ့ မိန်းမ' တဲ့။

နောက်ပိုင်းတော့ ကျွန်မဘာသာ တိတ်တိတ်ကျိတ်၍ရှာရသည်။ ဒါပေမယ့် တစ်နည်းနည်းနှင့် သူသိသွားတာပါပဲ။ ဥပမာ ကျွန်မ လက်ပတ်နာရီမပါဘဲ ရုံးသွားသည့် အခါမျိုး၊ စာကြည့်တိုက်မှာ စာအုပ် ပြန်အင်ရက် ရက်စွေသည့်နေ့ နံနက်ပိုင်းတွင် တစ်ခန်းလုံး ဒေါင်းတောက်အောင် စာအုပ် ရှာဖွေနေရသည့် အခါမျိုး။ ထိုအခါမျိုးတွင် သူပြုံးသည့် အပြုံးက အလွန်မုန်းဖို့ကောင်းလှသည်။ သိလား၊ သရော်သည့် အပြုံးလေ။ ပစ္စည်းပျောက်ကို ကူရှာပေးဖို့တော့ ဝေးလေစွ။ သူနှင့် ဘာမှ မသက်ဆိုင်သလို အထက်စီးအပြုံးဖြင့် ကြည့်နေတတ်သည်။ အင်း....အဲဒါက သူနှင့် မသက်ဆိုင်သည့် ပစ္စည်းမျိုးမှာပေါ့လေ။

သူနှင့်ပါ သက်ဆိုင်သည့် ပစ္စည်းမျိုး ပျောက်မိလျှင်တော့ ထိုပစ္စည်း မတွေ့မချင်း ကျွန်မ နေစရာပင် မရှိတော့။ ဥပမာ လက်သည်းညှပ်လို ပစ္စည်းမျိုး၊ ဧည့်ခန်း နံရံကပ်မှန်မှာ တင်ထားသည့် ဘီး၊ စာအုပ်ဗီရိုမှ စာအုပ် တစ်ခုခု၊ စားပွဲ အံဆွဲထဲမှ ဘောလ်ပင်၊ ဖောင်တိန်။

သူ့အပေါ် ပို၍စိတ်ဆိုးရသည်မှာတော့ သူ စိတ်ကောက်လျှင် ကြာတတ်လွန်း၍ ဖြစ်သည်။ တစ်အိမ်တည်းနေ၊ တစ်စားပွဲတည်း ထမင်းစား၊ တစ်ခုတင်တည်းအိပ်၊ တစ်ချိန်တည်းရုံးသွားရုံးပြန်ရသည့် လင်မယားနှစ်ယောက်အတွက် သူ့လို စိတ်ကောက်ကြာရှည်ခြင်းမျိုးက မဖြစ်နိုင်ဟု ထင်ရသော်လည်း သူက စိတ်ဆိုးဒေါသဖြစ်ရာတွင် တကယ် ကြာရှည်တတ်သည်။ ပထမတော့ ကျွန်မက ထိန်းချုပ်နိုင်စွမ်းအားနည်းသေးသဖြင့် ကျွန်မကချည်း စစ ခေါ်မိသည်။ နောက်ပိုင်းတော့ ကျွန်မက လည်ပတ်သွားပြီလေ။ ဤကမ္ဘာမြေလောကတွင် သူမရှိလည်း ဖြစ်သည်ဟူသော ပုံစံ အချိုးမျိုးဖြင့် နေတတ်သွားပြီ။

ထမင်းကျွေးစရာ ရှိလျှင် 'မောင်ရေ...ထမင်းစားရ...' ဟု

www.burmeseclassic.com

www.burmeseclassic.com



ဝတ္တရားမပျက် ခေါ်၊ ရှုံးသွားချိန်မှာ သူ့ထမင်းဘူးကို ဝတ္တရားမပျက် စီစဉ်ပေး၊ ကျန်သည့် အပိုစကား တစ်ခွန်းမှ မပြောမိအောင် စိတ်ကို ထိန်းချုပ်၊ မျက်နှာကိုလည်းစိတ်ကောက်သူ၏ မျက်နှာမျိုး စူပုပ်မထားမိစေနဲ့၊ သာမန် တည်ငြိမ်မှု ရအောင် ထိန်းထား၊ ညအိပ်ရာဝင် ကျွန်မအတွက်ကော်ဖီထည့်မဖျော်လျှင်လည်း ဝမ်းမနည်းနဲ့၊ ကိုယ့်ဘာသာ မီးဖိုထဲ သွားဖျော်သောက်၊ သူ တစ်ခုခု မေးလျှင် စိတ်ကောက်ပြီး မဖြေဘဲ မနေနှင့်၊ ပုံမှန်အတိုင်း ဖြေ၊ ပြီးလျှင်တော့ ကိုယ့်ဆန္ဒနဲ့ စကားတစ်ခွန်းမှမပြောမိစေနဲ့၊ ထိုနည်းများမှာ အိမ်ထောင်သက် တစ်နှစ်အတွင်းမှာ ကျွန်မ လျင်မြန်စွာ တတ်လာသော နည်းများ ဖြစ်ပါသည်။ ထိုနည်းများမှာ ထင်သည်ထက်လည်း ပို၍ အောင်မြင်တတ်ပါသည်။ သည်လိုနှင့် မူလက စိတ်ဆိုး ဒေါသဖြစ်သူမှာ သူဖြစ်သော်လည်း နောက်ပိုင်းတွင် ကျွန်မက စိတ်ကောက်သူအဖြစ် ပြောင်းလဲသွားတတ်၏။

သူ၏ မျိုးသိပ်နိုင်စွမ်းနှင့် ကျွန်မ၏ မျိုသိပ်နိုင်စွမ်း ယှဉ်သည့် ပွဲတွင် အမြဲလိုလို ကျွန်မ အနိုင်ရလေ့ ရှိသည်။ ကျွန်မမှာ ရှိသည့် လျှို့ဝှက်ချက်က ရှင်းရှင်းကလေးပါ။ သူက ကျွန်မလို အပေါင်းအသင်းဆံ့သူ မဟုတ်၍ သူ၏ နောက်တစ်နေ့ အစီအစဉ်မှာ ရှုံးစင်းသည်၊ စိတ်လှုပ်ရှားဖွယ်မရှိ၊ စိတ်ကူးဖြင့် ပျော်ရွှင် နှစ်သိမ့်နေဖို့ မဖြစ်နိုင်။ ကျွန်မက အပေါင်းအသင်း များသည်မို့ ကျွန်မ၏ နောက်တစ်နေ့ အစီအစဉ်ကို စိတ်ကူးဖြင့် ပျော်ရွှင်နေလျှင် ဘေးနားမှာ ငှူငှူကြီး ရှိနေတာကို မေ့ပျောက်ထားလို့ ရနေသည်။ သူနှင့်အတူ တစ်ခန်းတည်း နေရပြီး သူ့လျစ်လျူရှုမှုကို သည်းခံနိုင်ရန် စိတ်ကူးအာရုံ တစ်ခုခုဖြင့် အစားထိုးထားကြောင်း သူ မသိပါ။

ဥပမာ....မနက်ဖြန် ကုမ္ပဏီရှုံးဆင်းချိန်မှာ အိမ်ကို ချက်ချင်း ပြန်မလာသေးဘဲ ရှုံးက သူငယ်ချင်းတွေနှင့် ခေါက်မုန့် သွားစားမည်။ ဘုရားသွားမည်။ သို့မဟုတ် နေ့လယ်တွင် ရှုံးမှာ လက်

www.burmeseclassic.com

www.burmeseclassic.com



ကော်သုပ် တပျော်တပါး သုပ်စားကြမည်။ အားလုံးကုန်ကျစရိတ်ကို ကျွန်မ စိုက်ထားပြီး လခထုတ်သည့်နေ့မှ ပြန်ဖြတ်မည်။ တစ်ယောက်ကို ပိုက်ဆံဘယ်လောက် ကောက်သင့်ပါသလဲ။ သို့မဟုတ် ကျွန်မနှင့် မတည့်သော လက်ထောက်မန်နေဂျာ အမျိုးသမီးရှေ့တွင် သူမအား ခပ်ရှိတ်ရှိတ် ဖြစ်နေသော အဘိုးကြီးတစ်ယောက်၏ အိမ်ထောင်စုအကြောင်း၊ မယားပြိုင်များအကြောင်း သူမကြားနိုင်ရုံ လေသံဖြင့် ခပ်ကျိတ်ကျိတ် ဆွေးနွေးပြမည်၊ သို့မဟုတ် နက်ဖြန် ရုံးကို Pias နှုတ်ခမ်းဆိုးဆေးဘူး ယူသွားပြီး ဆိုးရမည်၊ သို့မဟုတ် ကျောင်းတုန်းက သူငယ်ချင်းတွေနှင့် ရုပ်ရှင်သွားကြည့်ရန် တနင်္ဂနွေကျ ဖုန်းဆက်ပြီးချိန်းကြမည်။ အေးအေးဆေးဆေး စကားပြောကြမည်။ ကိုယ့်ယောကျ်ားတွေ၏ လျှို့ဝှက်ချက်များကို တစ်လှည့်စီ ပြောပြ ဆွေးနွေးကြမည်။

ကျွန်မမှာ အစီအစဉ်တွေ၊ စိတ်ကူးတွေ များလွန်းသဖြင့် သူ့ကို အသံတိတ် ယှဉ်ပြိုင်တိုက်ခိုက်ရာတွင် ငြီးငွေ့မှုကို ဖယ်ထုတ်ထားနိုင်ခဲ့၏။

(ဤနည်းကို သူ့ကို ပြောပြ၍ မဖြစ်၊ ကျွန်မတို့ စိတ်ဆိုးရာ ကိစ္စတွေ အများကြီး ရှိသေးသည်)နောက်ဆုံးတော့ သူသာ အောင်ပွဲ ဖြစ်သွားရလေသည်။

'နေစမ်းပါဦးကွ၊ အခုဟာက ကိုယ်က မင်းကို စိတ်ဆိုးနေခဲ့တာလား၊ မင်းက ကိုယ့်ကို စိတ်ဆိုးနေတာလား ဟင်'

ကျွန်မ ရယ်ချင်စိတ်ကို ထိန်းချုပ်ကာ 'မသိဘူးလေ'ဟု ပြောလိုက်ချင်တော့ သူက သက်ပြင်းတစ်ချက် ချကာ မတတ်သာ၍ လိုက်လျောရသည့် ပုံစံမျိုးဖြင့် ကျွန်မကို ပုံမှန်အတိုင်း ပြန်ပြောရတော့သည်။ သည်လိုဆိုပြန်တော့ ကျွန်မ ခင်ပွန်းကို ပြန်၍ ချစ်ဖို့ကောင်းနေပြန်ပါသည်။

သူသွားခါစက ကျွန်မ နေ့စဉ်လိုလို မျက်ရည် ဝဲလေ့ရှိ လွမ်းဆွတ် တမ်းတပြီး စာရေးတိုင်း သူ ကြာကြာမနေရန်၊ သိပ် လောဘမကြီးရန် မှာမိသည်။

www.burmeseclassic.com

www.burmeseclassic.com



'မောင်မရှိဘဲ နေရတဲ့ ဘဝမှာ အမြဲတမ်း ကိုယ် ငိုချင်နေတော့တာပဲ....'

'ပျော်ရွှင်မှုဆိုတာ နှစ်ယောက်အတူ ရှိနေမှ ကြုံရတော့မယ်၊ ဒီနှစ်တွေကို ကိုယ်ဘယ်လို ရင်ဆိုင် ဖြတ်ကျော်ရမှာလဲ'

သူက ကျွန်မကို အားပေးနှစ်သိမ့်ခဲ့ရလေသည်။

***

သူနှင့် နှစ်ယောက်တစ်ဘဝ နေလာရာမှ တစ်ယောက်တည်း ဘဝ ဖြစ်လာသော အခါ ကျွန်မ၏ စိတ်ခံစားမှု များက တဖြည်းဖြည်း သိမ်မွေ့စွာ ပြောင်းလဲလာသည်။ ဒါကလည်း ရုပဗေဒ သဘောထားအရ ဆိုလျှင်တော့ ရှင်းရှင်းကလေးပါ။

အရာဝတ္ထုတိုင်းမှာ နေမြဲနေလိုသည့်ဆန္ဒ (အင်နားရှား) ဆိုသည့်သဘော ရှိသည်တဲ့၊ လူတွေမှာလည်း ထိုသဘောတရား ရှိမနေဘူးဟု ဘယ်လို ငြင်းဆိုနိုင်ပါမည်လဲ။ ချစ်ခင်သူ များနှင့် အတူတကွ ပေါင်းသင်းတွဲဖက်နေရသည့် စိတ်ရသကို ဆက်လက် ထည့်မြဲလိုလူက မတည်မြဲခြင်းကို ကိုယ်တိုင်ကြုံရသော အခါ ကျွန်မတို့ ငိုကြွေးကြရသည်။ ကျွန်မတို့ အင်နားရှားအရ တစ်နည်းအားဖြင့်တော့ ကျွန်မတို့၏ အတ္တအရ ငိုကြွေးကြခြင်းဖြစ်ပါလိမ့်မည်။

ယခုတော့ သူနှင့်ခွဲနေရသည့် သုံးနှစ်နီးပါးကာလတွင် ကျွန်မ၏ နေသားတကျဖြစ်မှုက ပြောင်းလဲလာပြီဖြစ်သည်။

ဆူပူမည့်သူ မရှိဘဲ စိတ်လွတ်လက်လွတ် ပစ္စည်းတွေ ခဏခဏ ပျောက်ရသည့် အရသာ၊ တစ်ယောက်တည်း သုံးလေးရက် ရှာဖွေပြီး ပြန်တွေ့လျှင် ပျော်ရွှင်ရသည့်အရသာ၊ သူရှိစဉ်က သူ မကြာခဏဖွင့်လေ့ရှိသော ချိုက်ကော့စကီး၊မိုးဇာ့(တ်) နှင့် ရှူးဘတ်တိပ်ခွေတို့ကို တိတ်ခွေဘူးကြီး၏ ဟိုးအောက်နားသို့ ပျော်ပျော်ရွှင်ရွှင် ထည့်သိမ်းထားပြီး ဘွန်နီတိုင်လာနှင့် ရေဗဒ် စတီးဝပ်တို့ကို အဆက်မပြတ် နားထောင်ရသော အရသာ၊

www.burmeseclassic.com

www.burmeseclassic.com


အဝတ်ခြင်းထဲ အဝတ်ညစ်တွေ စုပုံနေလည်း 'မင်းအဝတ်တွေ သိပ်များနေပြီ၊ ဒီလောက်ညစ်ပတ်သို့ ဖြစ်မလား၊ကွ၊ နည်းနည်း လျှော်ဦးမှပေါ့၊ ဘာလဲ....ကိုယ့်အဝတ် ကိုယ့်ဟာကိုယ် လျှော် ဖွတ်တာကို မင်း ကျေးဇူးမတင်သေးဘူးလား၊ မင်းအဝတ်တွေ ကိုယ်လျှော်ပေးရဦးမှာလား' ဟု မြည်တွန်တောက်တီးမည့်သူ မရှိဘဲ စိတ်ရှိသလို ပျင်းရိခွင့်ရှိသော အရသာ၊ တစ်ခါတစ်ခါ ထမင်းချက်ရမှာပျင်းလျှင် ပေါင်မုန့်ကို ယိုဘင်မျိုးသုတ်လျက် ကော်ဖီဖျော်ကာ အလွယ်တကူ တင်းတိမ်ပစ်လိုက်ခွင့်ရှိသော အရသာ၊ လမ်းမှာ အမှတ်မထင် သူငယ်ချင်းဟောင်း တစ်ယောက်တလေနှင့်တွေ့ပြီး ရှေးဖြစ်ဟောင်းများကို တမေ့တမော ပြန်ပြောနားထောင်၍ ပျော်ရွှင်ကျေနပ်နေသည့်အချိန်၊ သူ စိတ်ပူနေမလားဟု နောက်ဆံမငင်ရသော လွတ်လပ်မှုအရသာ....။

ကျွန်မသည် တစ်ယောက်တည်း နေရတာ ကြာသော် ဘဝတွင် တစ်ယောက်တည်းနေရခြင်း၏ အရသာကို မက်မောစွာ သိရှိသွားပြီ၊ အချစ်သည် ဖူးရာရာတွင် ပြည့်စုံစေသည်ဟူသော အချက်ကို ပထမဆုံးအကြိမ် သံသယရှိလာပြီ၊ အချစ်၏ အသုံးဝင်မှုသည် ခြွင်းချက်များ ရှိနေလိမ့်မည်ဟု ယုံချင်လာပြီ။ ယခင်က သူမရှိဘဲ လောကတွင် ရပ်တည်ဖို့ မဖြစ်နိုင်ဟု တမ်းတ ကြေကွဲခဲ့လေသမျှ ယခုတော့ လောကတွင် သူမပါလျှင်လည်း ဘာမှ မယုတ်လျော့ပါဘူးဟု ရိုးစင်းစွာ ဝန်ခံချင်စိတ်တွေ ဝင် လာခဲ့ပြီ။

သူ ကျွန်မအပေါ် ချစ်သည့်အတိုင်းအဆကို ကျွန်မ သိ သည်။ ကျွန်မ သူ့အပေါ် ချစ်သည့် အတိုင်းအဆကိုလည်း သူ သိသည်။ သို့သော် ယခုဖြစ်နေသည့် ကိစ္စက အချစ်ကိစ္စ သက် သက် မဟုတ်ပါ။

ယခုတော့ ကျွန်မ၏ 'နေသားတကျဖြစ်မှု' ကို နောက် ထပ် 'နေသားတကျဖြစ်မှု' တစ်မျိုးဖြင့် အစားထိုးနိုင်ဖို့ ကြိုးစား ရပေဦးမည်၊ ဤကိစ္စ လွယ်ကူမည်လား၊ ခက်ခဲမည်လား ကျွန်မ


www.burmeseclassic.com

www.burmeseclassic.com



မသိပါ၊ ကျွန်မခင်ပွန်း ပြန်လာတော့မည်ကို ကျွန်မအပြောဖြင့် သိရသော မိတ်ဆွေသူငယ်ချင်းများက ကျွန်မကို အမျိုးမျိုး စ နောက်နေသည်ကို စိတ်ကုန်စွာပင် ကျွန်မ ကြိုးစား ပြုံးနေ တော့သည်။

တစ်စုံတစ်ခုကို ကာလ ကြာရှည်စွာ စောင့်ဆိုင်း နေရ သည့်ကိစ္စတွင် ထိုတစ်စုံတစ်ခုကို 'ရရှိလာမှု'နှင့် 'အလိုဆန္ ပြည့်ဝ ကျေနပ်မှု'ဟာ အမြဲတမ်း တစ်ထပ်တည်း မကျနိုင်ဘူးဟု ကျွန်မ ဘယ်လို ရှင်းပြတတ်ပါမလဲ။ ဒါကို ကျွန်မ ဘယ်သူ့ကိုမှ ထုတ်ဖော်ပြောဖို့ မဖြစ်နိုင်ပါ။ အထူးသဖြင့် ကျွန်မကို ချစ်မြတ် နိုးသော ခင်ပွန်းသည်ကို ပြော၍ မဖြစ်ပါ။

လောလောဆယ် အရေးကြီးသည့်အချက်က သုံးနှစ်တာ ခွဲခွာနေရသော ခင်ပွန်းသည်ကို ကြိုဆိုရမည်။ ကြိုဆိုရာတွင်လည်း သုံးနှစ်တာ တမ်းတမှု၏ ပမာဏ အပြည့်အဝဖြင့် ကြိုဆိုရမည်။ လင်မယားနှစ်ယောက် ခွဲခွာတိုင်း ဖြစ်လေ့ဖြစ်ထရှိသော ယုတ္တိ ဗေဒနည်းအတိုင်း ကြိုဆိုရမည်။ နွေးထွေးမှု၊ လှိုက်လှဲမှု၊ ဝမ်း သာမှု၊ တင့်အင်း...မဟုတ်ဘူး၊ စိတ်ကျဉ်းကျပ်မှု၊ မကျေနပ်မှု၊ ရင်တွင်းခံစားချက်ဗလာဖြစ်မှု။ လူတစ်ယောက်သည် အရာဝတ္ထု တစ်မျိုးတည်းအပေါ်မှာ ခံစားချက်အမျိုးမျိုး တစ်ပြိုင်တည်း ဖြစ်ပေါ်တတ်ကြောင်း ကျွန်မ ယခုမှ သိပါသည်။

စောင့်ဆိုင်းသူတစ်ယောက်အတွက် မျှော်လင့်သလို ဖြစ် လာတိုင်းလည်းစိတ်ကျေနပ်မှု မရတတ်ပါ။ 'မျှော်လင့်ထားသော အရာကို လက်ဝယ်ရရှိခြင်း'၊ 'ဆန္ဒပြည့်ဝ ပျော်ရွှင်ခြင်း'၊ ထို နှစ်မျိုး၏ အကြားမှ ဂပ်ဖဲကတော့ အချိန်ကာလပဲ ဖြစ်သည်။

ဂျူး
(၁၉၆၃၊ ဇန်နဝါရီလ၊ ကလျာမဂ္ဂဇင်း)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

၅

## မြတင်းပေါက်

သူ အိမ်ပြန်ရောက်သောအခါ သူ့ဇနီးကို တွေတွေချင်း တစ်ခုခုတော့ မှားနေပြီဟု သူ သိလိုက်၏။ သူ့ဇနီး၏ မျက်နှာ အမူအရာမှာ ပုံမှန် မဟုတ်ပါ။ သူက လူကဲခတ် ကောင်း သည့်အပြင် သူ့ဇနီးက ဟန်ဆောင်မှု ညံ့ဖျင်းလှသောကြောင့် သူမစိတ်တွင်း ခံစားချက် တော်တော်များကို သူ အမြဲ ရိပ်မိလေ့ ရှိပါသည်။ ယနေ့ည သူ့ကိုကြိုဆိုသော ဇနီး၏အပြုံးမှာ လျော့ရိ လျော့ရဲ ဖြစ်နေသည်။

'ဆာပြီလား အေး....ဆောရီးကွာ၊ ကိုယ် ကားတစ်စီး သွားကြည့်နေလို့'

သူမ သူ့ကို ဘာမှ ပြန်မပြောပါ။ သူ လှမ်းပေးလိုက် သော လက်ဆွဲအိတ် အပြားကလေးကို ရုံးစားပွဲရှိရာသို့ သွား

www.burmeseclassic.com

www.burmeseclassic.com

## ပြတင်းပေါက်

သူ အိမ်ပြန်ရောက်သောအခါ သူ့ဇနီးကို တွေတွေချင်း တစ်ခုခုတော့ မှားနေပြီဟု သူ သိလိုက်၏။ သူ့ဇနီး၏ မျက်နှာ အမူအရာမှာ ပုံမှန် မဟုတ်ပါ၊ သူက လူကဲခတ် ကောင်း သည့်အပြင် သူ့ဇနီးက ဟန်ဆောင်မှု ညံ့ဖျင်းလှသောကြောင့် သူမစိတ်တွင်း ခံစားချက် တော်တော်များကို သူ အမြဲ ရိပ်မိလေ့ ရှိပါသည်။ ယနေ့ည သူ့ကိုကြိုဆိုသော ဇနီး၏အပြုံးမှာ လျော့ရိ လျော့ရဲ ဖြစ်နေသည်။

'ဆာပြီလား အေး....ဆောရီးကွာ၊ ကိုယ် ကားတစ်စီး သွားကြည့်နေလို့'

သူမ သူ့ကို ဘာမှ ပြန်မပြောပါ။ သူ လှမ်းပေးလိုက် သော လက်ဆွဲအိတ် အပြားကလေးကို ရုံးစားပွဲရှိရာသို့ သွား

www.burmeseclassic.com

www.burmeseclassic.com



ထားရင်း အသုပ်ရှုပ်ချင်ဟန် ဆောင်နေ၏။ သူ စိတ်ထင့်ခနဲ ဖြစ်သွားသည်။ သူ့ကို နောက်ကျောခိုင်းထားသော ဇနီး၏ မျက်နှာကို မြင်ရသည်အထိ သူ မတ်တတ်ရပ်၍ စောင့်ကြည့်နေလိုက်သည်။ ခဏကြာတော့ သူ ရပ်ကြည့်နေမှန်း မသိသော ဇနီးသည်က သည်ဘက် လှည့်လာသည်။ ထိုမျက်နှာကို သူ အမိအရ မြင်လိုက်ရ၏။

သူမ သူ့ကို စိတ်ဂေ ာက်နေခြင်း မဟုတ်ပါ။ သူမသည် တစ်စုံတစ်ရာကို နှမြောတသနေသူတစ်ဦး၏ ယူကျုံးမရ မျက်နှာမျိုး ဖြစ်နေပြီး ထိုမျက်နှာကို သူရိပ်မိမှာ စိုးရိမ်နေသည်။ သူ လှမ်းကြည့်နေမှန်း သိသွားသောအခါ ကပျာကယာမျက်နှာလွှဲလိုက်သော မျက်လုံးများ၌ ခိုးကြောင်ခိုးဝှက် ဟန်တစ်မျိုး ပါဝင်နေသည်။ ထိုမျက်လုံးများတွင် စိတ်ညစ်ညူးမှုကိုလည်း သူ သတိထားမိပြန်သည်။ သူ့ ဘာမှ မရိပ်မိသလို လှည့်ထွက်လာခဲ့၏။

သူတို့ အိပ်ခန်းသည် ထုံးစံအတိုင်း အရာရာ စနစ်ကျနစွာ ရှင်းလင်းနေ၏။ အခန်းသည် သာမန်ကန်ထရိုက်တိုက်ခန်း တစ်ခု၏ အိပ်ခန်းအတိုင်း ခပ်ကျဉ်းကျဉ်းသာ ဖြစ်၏။ အပြင်ကျသော နံရံတွင် မှန်တံခါးတပ် ပြတင်းပေါက်ကျယ်တစ်ခု ရှိ၏။ အခန်းထဲ ဝင်လိုက်လျှင် ဝင်လိုက်ချင်း ထူးခြားချက်တစ်ခုကို သူသတိထားမိလိုက်သည်။ အမြဲတမ်း ဖွင့်ထားလေ့ရှိသော ထိုပြတင်းပေါက် ပိတ်နေခြင်းပင် ဖြစ်သည်။

ထို ပြတင်းပေါက်သည် သူတို့တိုက်ခန်း တစ်ခုလုံး၏ တစ်ခုတည်းသော ပြတင်းပေါက်လည်း ဖြစ်သည်။ သူ့ဇနီးသည် နေ့နေ့ညည ပြတင်းပေါက်ဖွင့်ထားမှ အသက်ရှူဝသည်ဟု သူ သိထားသည်။ နေ့တစ်နေ့၏ အစတွင် ပြတင်းပေါက်ကို စတင်ဖွင့်သူမှာ သူ့ဇနီးဖြစ်ပြီး နေ့တစ်နေ့၏ အဆုံး ညနက်ချိန်းတွင် ပြတင်းပေါက်ကို ပိတ်ရသူမှာ သူပဲ ဖြစ်လေ့ရှိသည်။ ယခုတော့ ပြတင်းပေါက်သည် ထူးထူးခြားခြားပိတ်ပြီးသား ဖြစ်နေပြီ။

www.burmeseclassic.com

www.burmeseclassic.com



သူ ပြတင်းပေါက်ကို တစ်ချက် လှမ်းအကဲခတ်ပြီးနောက် အခန်းထဲ လှည့်ပတ်ကြည့်နေမိသည်။ သူတို့ခုတင်သည် မွေ့ရာဖုံး အဖြူရောင်ဖြင့် သပ်ရပ်ညီညာနေသည်။ ခုတင်ခြေရင်းက အဝတ်စင်တန်းတွင်လည်း အဝတ်များ စနစ်တကျ ရှိနေ၏။

အသစ်ချိတ်ထားသော သူမ၏ ဝတ်လက်စ အဝတ်များ မရှိ၊ မနေ့ကတည်းက ရှိနေသော သူမ၏ ပန်းနုရောင် ယုန်မွေး ဆွယ်တာ တစ်ထည်ကို မြင်ရသည်။

ဤအခြေအနေအရ သူမ ယနေ့ အပြင်မထွက်ဖြစ်ဘူးဟု သူ ကောက်ချက်ချလိုက်သည်၊ သူ အဝတ်လဲနေစဉ် အတောအတွင်း အိပ်ခန်းထဲသို့ သူ့ဇနီး လိုက်လာခြင်း မရှိပါ။

ညစာ ထမင်းစားပွဲတွင် သူ့ဇနီးသည် ခါတိုင်းထက် စကားနည်းနေ၏၊ ထမင်းစားပွဲသည် လေးထောင့်ရှည်ရှည် ဖော်မီကာခင်း စားပွဲကြီး ဖြစ်ပြီး လူဆယ်ယောက် ဝိုင်းထိုင်နိုင်သည်၊ သို့သော် သူတို့အိမ်မှာ ထမင်းစားသူက အမြဲတမ်းလိုလို သူတို့ နှစ်ယောက်တည်းသာ ဖြစ်သည်၊ ထို့ကြောင့် စားပွဲ၏ ထောင့်စွန်းဆီမှာ သူတို့နှစ်ယောက် စုကပ် ထိုင်ကြရ၏။ မုန်လာဥ ချဉ် ရည်ဟင်းသည် အငွေ့တထောင်းထောင်းဖြင့် ပူခနွေးကာ အရသာ ရှိလှသည်။

သူ့ဇနီးက ဟင်းချက် ကောင်းသည်၊ မိန်းမ ပီသသည်၊ သို့သော် ခပ်နုံနုံ၊ ခပ်အအ၊ ရုပ်ရည်ကလည်း စုံမက်ဖွယ် မရှိ၊ ရှက်ကြမ်း ရေကျို ရုပ်မျိုးဟု ညာညာတာတာ ပြောနိုင်သည်၊ သူသည် သူ့ဇနီးကို လက်ထပ်ရန် ကိုယ်ပိုင် ဆုံးဖြတ်ချက်ဖြင့် ရွေးချယ်ခဲ့ခြင်း ဖြစ်သည်၊ ဤမိန်းမသည် မိမိ အိမ်ထောင်နှင့်ပတ်ဝန်းကျင် ကွက်ကွက်ကလေးအကြောင်းကိုသာ စိတ်ဝင်စားသည်။

သို့သော် ခင်ပွန်းဖြစ်သူ တစ်လဝင်ငွေ ဘယ်လောက်မှန်း မသိ၊ စပ်စုရကောင်းမှန်းလည်း မသိ၊ နေ့စဉ် ဈေးသုံးရန် ခေါင်းအုံးအောက်မှာ သူထားပေးသော ပိုက်ဆံကိုသာ သုံးတတ်သည်။ အိမ်မှာ ကားတစ်စီး ရှိသော်လည်း ကားမမောင်းတတ်၊

www.burmeseclassic.com

www.burmeseclassic.com



သူ အားလပ်၍ ပို့ပေးမှ တစ်နေရာရာကို ရောက်ရသူ ဖြစ်သည်။ သူမဘာသာ မြို့ထဲ တစ်နေရာရာ ဘတ်စ်ကား စီးသွားဖို့လည်း ဘယ်ကားက ဘယ်ရောက်မှန်း မသိ၊ ဗိုလ်ချုပ်ဈေးက လွဲပြီး ဘယ်မှ မသွားတတ်။ ခင်ပွန်းဖြစ်သူ၏ အလုပ်ရုံ ဘယ်မှာရှိမှန်း မသိ၊ ခင်ပွန်း ဖြစ်သူ အိမ်အပြင်မှာ ဘာလုပ်လို့ ဘယ်သွားမှန်းလဲ မသိ။ သင်္ချာအစိကနှင့် ဘွဲ့ရထားသော ပညာတတ် တစ်ယောက် ဖြစ်သော်လည်း မိမိစိတ်ကိုမိမိ ပိုင်နိုင်စွာ မတွက်ချက်တတ်သူဖြစ် သည်။

သူ ခပ်သွက်သွက် ထမင်းစားခိုက်မှာပင် သူ့ ဇနီးကို အကဲခတ် ကြည့်နေမိသည်။ သူမ ယနေ့ တော်တော်ကြီးကို စကား နည်းနေပါသည်။ မနက်တုန်းက ခုနစ်နာရီ မခွဲမီ သူ အလုပ်ရုံ သွားခဲ့သည်။ သည်တုန်းကတော့ သူမ ပုံမှန်ပါပဲ။ ယခု ဘယ်လို ဖြစ်နေသလဲ၊ ငါးကြော်ကို အရိုးထွင်ပေးသော သူမ၏ မျက်နှာ တွင် ကြည်လင်ရွှင်ပျမှု မရှိပါ။

အလုပ်ထဲတွင် ကြုံခဲ့ရသော ရယ်စရာ အဖြစ်အပျက် တစ် ခုကို သူ ပြောပြတော့ သူ့ဇနီးက ပြုံးရုံသာပြုံးသည်။ အပြုံးမှာ တက်တက်ပက်ပက်မရှိ၊ အပြုံးမည်ကာမတ္တသာ ဖြစ်သည်။ ဒါ စိတ် ကောက်နေခြင်း မဟုတ်၊ သူမသည် စိတ်ကောက်လျှင် စိတ် ကောက်တာကို သူ မသိမှာ စိုးရိမ်၍ သိသိသာသာပင် မျက်နှာ ကြော တင်းပြတတ်သည်။ တစ်ခါ တစ်ခါ သူ မသိချင်ယောင် ဆောင်လျှင် ခြေလှမ်း ခပ်ကြမ်းကြမ်း လှမ်းခြင်း၊ ပန်းကန် ခွက် ယောက်များကို အသံမြည်အောင် ဆောင့်ချခြင်း၊ သူ မေးသည့် မေးခွန်းကို မဖြေခြင်းတို့ဖြင့် အသိပေးလေ့ ရှိ၏။

ယခုကိစ္စမှာတော့ စိတ်ကောက်သလို သူသိအောင်ပြခြင်း မဟုတ်ဘဲ သူ မသိအောင် ကွယ်ဝှက်ပြီး စိတ်ညစ်နေခြင်းမျိုး ဖြစ်သည်။ သူ ထမင်းကို လက်စသတ် စားရင်း ဖြုန်းခနဲ မေးခွန်း တစ်ခုကို ကောက်မေးလိုက်၏။

'အေး ဘာဖြစ်နေလဲ'

www.burmeseclassic.com

www.burmeseclassic.com



သူမ ကမန်းကတန်း မော့ကြည့်သည်။ သူမ မျက်လုံးများတွင် အံ့အားသင့်မှုကို တွေ့ရ၏။ သူ စိုက်ကြည့်သော မျက်လုံးဒဏ်ကို သူမ မခံနိုင်ပါ။ ရုတ်တရက် မျက်လွှာချကာ....

'ဟင့်အင်း၊ ဘာမှ မဖြစ်ပါဘူး'ဟု ဖြေသည်။

တစ်ခုခု ဖြစ်နေတာ မြင်ရလျက်သားနှင့် ဘာမှ မဖြစ်ပါဘူးဟု လိမ်ညာခံရသောအခါ သူ စိတ်တိုသွား၏။ ထမင်းပန်းကန်ကို ရှေ့သို့ ခပ်ကြမ်းကြမ်း တွန်းပစ်ရင်း သူမမျက်နှာကို စိုက်ကြည့်လိုက်၏။

'မင်း တစ်ခုခု ဖြစ်နေတယ်'

သူ့စကားသည် မေးခွန်းတစ်ခု မဟုတ်ဘဲ စွပ်စွဲချက်တစ်ခုသာ ဖြစ်၏။ သူမ သူ့ကို မမော့မကြည့်တော့ပါ။ ထမင်းကို နှေးကွေးစွာ ငုံ့ဝါးနေတော့သည်။ ထမင်း စားနေသည်နှင့် မတူဘဲ အိပ်မက်တစ်ခု မြင်၍ ပုံဖော် စဉ်းစားနေသလို ရှိသည်။

'အေး....'

သူ့အသံ ခပ်ဆတ်ဆတ်ကြောင့် သူမ ပြုံးဆို မော့ကြည့်သည်။ သူမ မျက်နှာတွင် စိတ်ပျက်သော အမူအရာ ပေါ်လွင်နေ၏။

'ဘာမှ မဖြစ်ဘူး အစ်ကို၊ ခေါင်းနည်းနည်း မူးနေလို့ပါ'

သူ စိတ်မရှည်လွန်းစွာပင် စုတ်သပ်လိုက်၏။

'မဟုတ်ဘူး၊ ဒါ ခေါင်းမူးတာ မဟုတ်ဘူး၊ တစ်ခုခုဖြစ်ကို ဖြစ်နေတယ်၊ မင်း ကိုယ့်ကို မညာနဲ့'

အိမ်ထောင်သက် နှစ်နှစ်အတွင်း သူ့ဇနီး၏ စိတ်ခံစားမှုကို ကြေညက်စွာ လေ့လာသိရှိပြီးသော ခင်ပွန်းတစ်ယောက်၏ အသံဖြင့် ပိုင်နိုင်စွာ သူ ပြောချလိုက်သည်။ သူ့စကားကြောင့် သူမ အယောင်ယောင်အမှားမှား ဖြစ်ကာ ထမင်း စားလို့ မပြီးသေးဘဲ ပန်းကန်တွေ စုသိမ်းနေတော့သည်။

မဖြစ်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



သူ့ဇနီး တစ်ခုခုကို မျိုသိပ်ထားတာတော့ အမှန်ပဲ၊ ထို အရာကို သူ ဖော်ထုတ်ရမည်။ ဇနီးသည်၏ ဖြစ်ပျက်သမျှ ကိစ္စတို့ ကို ခင်ပွန်းသည်က သိကို သိရမည်။

အိမ်ထောင်တစ်ခုတွင် လျှို့ဝှက် မျိုသိပ်မှု ဆိုသည်မှာ မဖြစ်သင့်သော အရာတစ်ခုပဲ။

'အမှန်အတိုင်း ပြောစမ်း အေး....မင်း ဘာဖြစ်နေလဲ'

မိးဖိုချောင်ကိစ္စ ပြီးသည်အထိ သူစောင့်၍ မဖြစ်ပါ။ ဤ ကိစ္စကို သူ စ၍ မေးမိပြီ ဆိုမှတော့ လိမ်ညာဖို့အတွက် စိတ်ကူး ဉာဏ် ကွန့်မြူးခွင့် မပေးနိုင်တော့ပါ။

'ဒုက္ခပဲ....ဘာဆို ဘာမှ မဖြစ်တဲ့ဥစ္စာ၊ ဘာသွားပြောရ မှာလဲ၊ ဘာဖြစ်လို့ ဒီလောက်တောင် မယုံမကြည် ဖြစ်နေရတာ လဲ....'

အနည်းငယ် စိတ်ပျက်သော လေသံဖြင့် ခပ်မာမာ ပြော သော သူ့ဇနီး စကားသံ အဆုံးမှာတော့ သူ၏ သံသယ ပို၍ ကြီးမားလာသည်၊ 'မယုံမကြည်' ဟူသော စကားကို သူ မကြိုက် ပါ။ ပန်းကန်တွေ စုထပ်ကာ လက်ဆေးကန် ရှိရာသို့ သယ်သွား သော 'အေး' ဆီသို့ သူ တိတ်ဆိတ်စွာ လိုက်သွား၏။

'အေး....'

သူမ၏ နောက်မှ ကပ်၍ ရပ်လိုက်ရင်း အသံပြတ်ဖြင့် ခေါ်တော့ သူမ တုန်လှုပ်သွားကာ ပန်းကန်တစ်ချပ် လက်ဆေး ကန်ထဲ လွတ်ကျသွား၏။ သူ ကိုတော့ လုံးဝ လှည့်မကြည့်ပါ။

'ပန်းကန်တွေကို နောက်မှ ဆေး၊ အခု မင်းလက်ကို ဆေး ပြီး ငါနဲ့ အပြင်ခန်း လိုက်ခဲ့၊ တို့ စကား ပြောကြရအောင်'

'ဟင့်အင်း'

သူမ၏ ဇလုံးဇထွေး ငြင်းပယ်သံမှာ ကယောင်ကတမ်း ဖြစ်နေသည်။ သူ ဖြုန်းခနဲ သူမ၏ လက်မောင်းကို ဆုပ်ညှစ် လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'အေး....ကိုယ်ပြောနေတာ ကြားလား၊ ကိုယ့်စိတ်ကို မင်း သိတယ်နော်၊ လက်ဆေး'

သူမ၏ ဆံပင် ကပိုကရို ကြားထဲတွင် မြင်နေရသော သူမ၏ မျက်နှာတစ်ခြမ်းမှာ စိတ်အားငယ်မှုနှင့် ကြောက်ရွံ့မှုကို တွေ့လိုက်ရ၏။ သူ အနည်းငယ် သနားစိတ် ဝင်သွားသည်။ သို့သော် သူ မညှာနိုင်ပါ။ အချိန်တိုတိုအတွင်း ဤကိစ္စ ရှင်းလင်း သွားရန် အရေးကြီးသည်။ သူမအား စဉ်းစားခွင့် လုံးဝ မပေး နိုင်ပါ။ လက်ဆေးပြီးသွားသော 'အေး'ကို စိတ်မြန်လက်မြန်ပင် လက်မောင်းမှ ဆွဲခေါ်လာခဲ့၏။

'ကဲ....ထိုင်စမ်းပါဦး အေး၊ ဒီနေ့ အိမ်မှာ ထူးထူး ခြား ခြား ဘာတွေ ဖြစ်သလဲ'

သူကိုယ်တိုင်ကတော့ ဇနီးနှင့် ကပ်၍ မထိုင်ဘဲ မျက်နှာ ချင်းဆိုင်မှ ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။

'ဘာမှ ထူးထူးခြားခြား မဖြစ်ပါဘူး'

စိတ်ရှုပ်ဟန် မျက်နှာပေးဖြင့် သူမ ဖြေသော်လည်း မျက် လုံးထဲမှ စိုးရိမ်မှု အရိပ်ကို သူမြင်ရသည်။ သူ မချင့်မရဲ ဖြစ်လာ ကာ ထိန်းချုပ်ထားလျက်က ဒေါသ ထွက်သွား၏။ ထိုင်နေသော ကုလားထိုင်ကို ရှေ့သို့ ကြမ်းတမ်းစွာ ဆွဲယူပြီး 'အေး' နှင့် နီး ကပ်သွားအောင် ရွှေ့လိုက်သည်။

သူမက အလန့်တကြား နောက်သို့ ကိုယ်ကို ယိမ်းယူလိုက် လေသည်။ သူမ မျက်လုံးမှာ မျက်ရည်များ ဝေ့လည်နေသည်ကို ဖန်ချောင်းမီးရောင်ဖြင့် ပြိုးပြက်စွာ မြင်ရသည်။

သူသည် ဒေါသကို အကြီးအကျယ်ထိန်းချုပ်ကာ စိတ်ကို ဖြေလျှော့လိုက်၏။ သူ ကြိုးစားပမ်းစား ပြုံးပြလိုက်၏။

'ဒီမယ် အေး၊ ကိုယ် မင်းကို အရိပ်လို ကြည့်လာခဲ့တဲ့ကောင် ပါ အေးရဲ့၊ မင်းမျက်လုံးကို ကိုယ်ဖတ်တတ်တယ်၊ မင်း တစ်ခုခု ဖြစ်နေတာကို ကိုယ်သိတယ်၊ မင်း မပြောဘဲထားရင် ဒီကိစ္စ ပြီး

www.burmeseclassic.com

www.burmeseclassic.com



သွားမယ် မထင်နဲ့၊ မင်း သိထားဖို့က လင်မယား နှစ်ယောက် ကြားမှာ လျှို့ဝှက်ချက်ဆိုတာ မရှိရဘူးကွ'

သူမ သူ့ကို တွေဝေစွာ စိုက်ငေးကြည့်နေရာမှ ခေါင်းခါ ယမ်းလိုက်သည်။

'တာ....မဖြစ်ပါဘူး'

'မဖြစ်ပါဘူးဆိုတာ ဘာပြောတာလဲ အေး၊ မင်း ဘာမှ မဖြစ်ဘူးလို့ ညာချင်တာလား၊ ဒါမှမဟုတ် မင်းဖြစ်ခဲ့တာကို ကိုယ့် ကို ပြန်ပြောလို့ မဖြစ်ဘူးလို့ ပြောချင်တာလား'

သူ တစ်နေကုန် စကားပြောရပါ များလွန်း၍ ဘာစကား မှ မပြောတဲ့ အေးအေးဆေးဆေး အနားယူ လဲလျောင်းချင်လှပြီ။ သို့သော် ဤကိစ္စ မပြေလည်မချင်း သူ စိတ်အနားရမည် မဟုတ် ပါ...။

သူ့ရှေ့မှာ အရုပ်ကလေး တစ်ခုလို ပျော့ခွေစွာ ထိုင် နေသော သူ့ဇနီးကို သူ ဂရုတစိုက်ကြည့်၍ စူးစမ်းနေမိသည်။ သူမ မျက်လုံးများ မို့အစ်ခြင်း မရှိ၊ ငိုကြွေးထားပုံလည်း မရ။ သူ့ ဇနီးကို စိတ်အနှောင့်အယှက် ပေးနိုင်သော ကိစ္စများကို တန်းစီ၍ သူ စဉ်းစားကြည့်နေမိသည်။

အားလုံးသော အနှောင့်အယှက်များသည် သူ့ကို ပြော ပြမှ ပြေလည်သွားမည့် ကိစ္စများသာ ဖြစ်သည်။ သူ့ဇနီး မျို သိပ်ထားစရာ အကြောင်း မရှိပါ။

'ဘယ်လိုလဲ အေး၊ မင်းကြုံခဲ့ရတာကို ကိုယ့်ကို ပြန်မပြော ချင်ဘူးလား၊ ကိုယ့်ကို မင်း မယုံကြည်ဘူးလား၊ ကိုယ့်ကို အား မကိုးဘူးလား'

သူ စိတ်မရှည်နိုင်ဘဲ ခပ်ဆတ်ဆတ် မေးမိတော့ သူ့ ဇနီးက ခေါင်းယမ်း၏။ ဘာမှ မဖြေပါ။

'ကိုယ့်ကို မင်းတစ်ခါမှ မလျှို့ဝှက်ခဲ့ဖူးဘူးနော်....အေး'

သူ့ကို မော့ကြည့်သော 'အေး' ၏ မျက်လုံးများ ဇဝေ ဇဝါ ဖြစ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



'ဒါပေမယ့် လောကမှာ လင်က မယားကို၊ မယားက လင်ကို ဖွင့်မပြောဘဲ ထားရင် ပိုကောင်းမယ့် လျှို့ဝှက်ချက် ဆိုတာတွေတော့ ရှိမှာပဲ မဟုတ်လား အစ်ကို'

သူ ပင့်သက်တစ်ချက် ရှိုက်လိုက်သည်။ 'အေး' မှာ သူ့ကို လျှို့ဝှက်ထားသော အရာတစ်ခုတော့ ရှိနေတာ သေချာသည်။ ထိုအရာကို ဖွင့်ပြောရန် သင့်မသင့် သူမဘာသာ ချင့်ချိန်ခနေပြီ။ ထိုအရာကို ဖွင့်ပြောရန် သူ တွန်းအားပေးနိုင်ဖို့ပဲ အရေးကြီးသည်။

'ဒီမှာ ကြည့်စမ်း၊ ဒီကိစ္စ ကိုယ့်ကို ဘာမှ မဖြေရှင်းဘဲ ထားရင် ကိုယ် တစ်သက်လုံး မင်းအပေါ် သံသယကြီး ဝင် သွားမှာကို မင်း မစိုးရိမ်ဘူးလား'

'အေး'က ဖျတ်ခနဲ မော့ကြည့်၏။

'ဒါပေမယ့်....'

ထို့နောက် ဘာစကားမှ ဆက်မပြောဘဲ မျက်နှာ ပြန်လွှဲသွားသောအခါ သူ 'အေး'၏ လက်ဖျားများကို ဆုပ်ကိုင်လိုက် သည်။

'ဒါပေမယ့် ဘာဖြစ်လဲ အေး'

'အေးမှာ ဖြစ်နေတဲ့ ကိစ္စတိုင်းကိုတော့ အစ်ကိုသိဖို့ မလို ပါဘူး'

'ဘာကွ'

သူ ဒေါသတကြီး ဖြစ်သွား၏။ သူ့ဇနီးလက်ကို ဖြုန်းခနဲ လွှတ်ချပစ်လိုက်ပြီး သူ မတ်တတ်ရပ်လိုက်လေသည်။ အပေါ် စီးမှ သူ ငုံ့ကြည့်လိုက်သောအခါ သူ့ဇနီး ကိုယ်ကလေးက ကျုံ့ဝင်သွားသည်။

'မဟုတ်ဘူးလေ၊ တချို့ ကိစ္စတွေကျတော့ မပြောဘဲ ထားရင် ပိုကောင်းမယ်လို့ အေး ထင်တာ'

သူမ၏ အထစ်ထစ်အငေါ့ငေါ့ ဖြေရှင်းသံသည် သူ့ ဒေါသကို ပို၍ ကြီးအောင် ပင့်ပေးလိုက်သလို ရှိသည်။ သူ



www.burmeseclassic.com

www.burmeseclassic.com



ထက်တစ်ချက် ခေါက်ပြီးနောက် သူမ၏ ကုလားထိုင်ကို ခြေထောက်နှင့် ပိတ်ကန်ပစ်လိုက်၏။

'မင်း....ဒီနေ့ အပြင်သွားသေးလား၊ ပြောစမ်း'

သူမ တုန်လှုပ်စွာ မော့ကြည့်ရင်းခေါင်းယမ်းလေသည်။ သူမ မျက်လုံးများတွင် လိမ်ညာရိပ် မရှိပါ။ သူ ဆက်တိုက် မေးခွန်း ထုတ်လိုက်၏။

'ဈေးသွားသေးသလား'

'ဟင့်အင်း....'

ဒါလည်း အမှန်ပဲ။

တစ်နေ့က ဝယ်ထားသော ဟင်းလျာများကိုသာ ယနေ့ ချက်ထားသည်။

'ဒါဖြင့် အိမ်ကို ဘယ်သူလာသလဲ'

'ဘယ်သူမှ မလာပါဘူး'

ဘယ်သူမှလည်း မလာ။

ဘယ်ကိုမှလည်း မသွား၊

မနက်က သူအိမ်မှ ထွက်သွားစဉ်က အကောင်းကြီး။ ယခုည ချက်ချင်း သူမ အမူအရာ ပျက်သွားသည်မှာ ဘာအကြောင်းများပါလိမ့်၊ သူ အတွေးရ ကျပ်သွား၏။ သူနှင့် ပတ်သက်ခဲ့ဖူးသော၊ ပတ်သက်နေသော အမျိုးသမီးများနှင့် ဆက်ဆိုင်ရအောင်ကလည်း ဘာသဲလွန်စမှ သူ မထားခဲ့ပါ။

'နေ့လယ်က မင်း ဘာလုပ်နေလဲ'

အသံခပ်ပြတ်ပြတ်ဖြင့် မေးတော့ သူမ ခဏ ကြောင်သွား၏၊ သွားပြီ။ ဒါ လိမ်လည်ဖို့ အကြံထုတ်နေတာပဲ။ သူ သူမမျက်နှာကို ငုံ့စိုက်ကြည့်နေလိုက်၏၊ သူမ တော်တော်နှင့် မဖြေပါ။

'အေး....'

'အစ်ကိုကလဲ ဘာတွေလာမေးနေတာလဲ၊ အေးဘာသာ ဘာပဲ လုပ်လုပ်ပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'ဟာကွာ'

သူ ဖြူနီးခန့် သူမအနီးတွင် ထိုင်ချလိုက်၏။ သူမ မျက်လုံးများတွင် ကြောက်စိတ်မရှိတော့ဘဲ ခံပြင်းသည့် အရိပ်အယောင် ပေါ်လာ၏၊ အာခံသလို ထုံပေပေ မျက်နှာထား ဖြစ်လာသည်ကို သူအခံရခက်စွာ မြင်ရ၏၊ သူ နောက်ဆုတ်၍ မဖြစ်တော့ပါ။

'အဝတ်လျှော်တဲ့ မီန်းမ လာသလား'

'ဟင့်အင်း....'

'တစ်နေကုန် မင်း ဘာလုပ်နေသလဲ'

'ဗွီဒီယို ကြည့်နေတယ်'

သူ့ဇနီးကို သူ အကဲခတ်ကြည့်လိုက်၏၊ သူ့ ဇနီးက မျက်နှာ အောက်ငုံ့ထားသည်၊

'ဘာကားကြည့်တာလဲ၊ မင်း သွားငှားသေးလား'

'ဟင့်အင်း....အိမ်မှာရှိတဲ့ အခွေဟောင်းပဲ'

'ဘာခွေလဲ'

ခေါင်းတော်နှင့် မဖြေပါ၊ သူမ လိမ်နေပြီ။ မိမိကြည့်သော ကားနာမည်ကို ဒီလောက် စဉ်းစားနေစရာ မလိုပါ။ သူ့ဇနီးသည် မြန်မာကားကိုပဲ ကြည့်တတ်သည်။ နိုင်ငံခြားကားကို ကြည့်လေ့မရှိပါ။

'ဘာကားလဲလို့ ကိုယ်မေးနေတယ်'

ထိန်းချုပ်ထားလျက်က သူ့ဒေါသက လွတ်ထွက်သွားပြန်၏။ သူမ မဖြေပါ။ တရားခံစစ် စစ်သည်ဟု ထင်သွားသလား မသိ၊ မျက်နှာထား ခပ်မာမာဖြင့် နှုတ်ခမ်း တင်းတင်း စေ့ကာ ငြိမ်သက်နေသည်။

သူ ထိုင်ရာမှ ဝုန်းခနဲထကာ ရုပ်မြင်သံကြားစင်ရှိရာသို့ စိတ်မြန်လက်မြန် ထလျှောက်သွားလိုက်သည်။ အောက်ခံစင်ထဲမှာရှိသော တိပ်ခွေများကို စစ်ဆေးကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



သူ ညက ကြည့်လက်စ တိပ်ခွေနှင့် ဟိုဘစ်နေ့က သူကြည့်ထားသော တိပ်ခွေများသာ ရှိသည်။ မြန်မာကားထုပ်မထားပါ။ သူ့ဇနီးရှိရာသို့ ဖြုန်းဆို လှည့်ကြည့်လိုက်သည်။ သူမသူ့ကို လှမ်းကြည့်နေသည်။ သူမမျက်လုံးများတွင် ကြောက်ရွံ့စိုးရိမ်စိတ် လုံးဝမမြင်ရသည့်အပြင် တွန်းလှန်လိုစိတ်ကို မြင်ရ၏။ သူ့ရင်သဲမှာ မာကျောခက်ထန်စွာ အေးစက်သွား၏။

သူ့ဇနီးနှင့် သူ့အကြားတွင် ယခင်က မရှိခဲ့ဖူးသော အဟန့်အတား တစ်ခုတော့ ရှိနေပြီ။ သူသည် မတ်တတ်ရပ်နေရာမှ ညှော့ခန်းကျယ်ကို ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း မတ်ပတ်လည်တွင် ပုံမှန်မဟုတ်သော အပြောင်းအလဲ တစ်စုံတစ်ရာကို တွေ့ရမလား ရှာဖွေကြည့်နေမိ၏။

ညှော့ခန်းစားပွဲမှာ သူ့ဇနီး၏ လက်ဖြစ် တစ်ချောင်းထိုးလက်ရာ ဇာပန်းပွင့် စားပွဲခင်း အဝါနုရောင်။

၎င်းပေါ်မှာ ဖန်ပန်းအိုး ပြာပြာထဲတွင် ပိန္နဲပန်းနီနီသုံးခက်နှင့် ကျောက်ခက် စိမ်းစိမ်း သုံးခက် ဝေဆာစွာ စိုက်ထား၏။

ရှုံးစားပွဲတွင် သူ့စာအုပ်များ၊စာရွက်စာတမ်းများ စနစ်တကျ စီစီရီရီ ရှိနေသည်။

မတ်တတ်ကုလားထိုင်ကို စားပွဲအောက်သို့ ထုံးစံအတိုင်းထိုးသွင်းထားသည်။သူနှင့် မျက်နှာချင်းဆိုင်နံရံတွင် သူ့စိတ်ကြိုက်ဂျပန်ပြက္ခဒိန်နှစ်ခု ချိတ်ထား၏။

တစ်ဖက်နံရံတွင် သူ့ဇနီး ကြိုက်သော မြန်မာ ရုပ်ရှင်မင်းသားတစ်ဦး၏ ကိုယ်လုံးအပြည့် ဝေါလ်ပိုစတာကြီး ချိတ်ထားသည်။

အားလုံး ပုံမှန်ပဲ။

မှန်ဗီရို အမြင့်ကြီးမှာ ထုံးစံအတိုင်း သော့ပိတ်လျက်။ အတွင်းတွင် မင်္ဂလာလက်ဖွဲ့အဖြစ် ရထားသော ကြွေထည်ပစ္စည်း

www.burmeseclassic.com

www.burmeseclassic.com



များ၊ ဖန်ထည်များ၊ ခွက်ဘူးများအပြင် ပန်းပုရုပ် သေးသေး ကလေးများ နေသားတကျ ရှိနေသည်။

အားလုံး ယခင် နေ့များအတိုင်း မထူးခြားပါ။

တစ်ခန်းလုံးတွင် ထူးခြားနေသည်မှာ အိပ်ခန်းထဲက ပိတ်ထားသော ပြတင်းပေါက်သာ ဖြစ်၏။

သူ ကြမ်းတမ်းစွာ လမ်းလျှောက်နေရာမှ တုံ့ခနဲ ရပ်လိုက်သည်။

'အေး....အိပ်ခန်းထဲက ပြတင်းပေါက်ကို မင်း ပိတ်ထားတယ်'

ရုတ်တရက် ပြောလိုက်သော သူ့အသံမှာ ကြမ်းရှစွာ မာဆက်နေ၏။ စကားသံမှာ စွပ်စွဲချက်တစ်ခုနှင့် တူနေသည်၊ သူ့စကားကြောင့် သူမ သိသိသာသာ တုန်လှုပ်သွား၏။ သူ့ကို မကြည့်တော့ဘဲ ပိန်းပန်းနီနီကလေးကို စိုက်ကြည့်နေလေသည်။ သူသည် သူ့ဇနီး၏ တုန်လှုပ်မှုကြောင့် ကျေနပ်သွား၏။

ပြတင်းပေါက်ကို ပိတ်ထားသည်မှာ ပုံမှန်မဟုတ်ကြောင်း သေချာသွားပြီ။ သူ ခြေလှမ်းကျဲကျဲဖြင့် သူမ ရှိရာသို့ လျှောက်သွားသည်။

'ဘာဖြစ်လို့ ပြတင်းပေါက် ပိတ်ထားတာလဲ'

သူမ မဖြေပါ၊ သူ စိတ်တိုနေတာကို ဂရုမစိုက်သလိုပင် ဖြစ်သည်။

'အေး'

'နည်းနည်း အေးလာလို့ပါ'

သူ့ကို မော့ကြည့်ရင်း ဖြေသော သူမ မျက်လုံးများတွင် ခိုးကြောင်ခိုးဝှက်ဟန်နှင့် မလုံမလဲဟန် အမူအရာကို မြင်ရသည်။ သူ့စိတ်ထဲမှ ဆဲပစ်လိုက်၏၊ 'မင်း ရှေ့ဆက်ပြီး မညာနဲ့တော့' တူသော အထက်စီး အပြုံးမျိုးဖြင့် သူ ပြုံးပြလိုက်ပြီး ရှာခနဲ လှည့်ထွက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ပြတင်းပေါက်ကြောင့် သူမ မျက်နှာ ပျက်နေတာပဲ။ ပြတင်းပေါက်မှ **တစ်ဆင့်** သူမ ဘာကို မြင်သွားသနည်း။

သူ အိပ်ခန်းထဲ အလောတကြီး ဝင်သွားကာ ခုတင်ပေါ် တက်လိုက်၏။ ခုတင်၏ ခေါင်းရင်းဘက် အထက်ကျကျ နေရာတွင် ပြတင်းပေါက် ရှိသည်၊ သူ ပြတင်းပေါက်အနီးတွင် ထိုင်ချလိုက်ပြီး မင်းတုပ်ကို ဖွင့်လိုက်သည်။ မှန်တံခါး ဖွင့်ဖွင့်ချင်း အေးမြသော လေက သူ့မျက်နှာကို ဖြတ်တိုက်သွားလေသည်။

ပြတင်း သံတန်းကလေးများအကြားမှ မြင်ရသော ရှုခင်းသည် သာမန် မြို့ပြရှုခင်းတစ်ခုသာ ဖြစ်သည်။ လမ်းမီးတိုင်များ၊ သစ်ပင်များက အောက်မှာ ကျန်ခဲ့သည်။ သူတို့အခန်းသည် သုံးထပ် ခြောက်လွှာ ကန်ထရိုက် တိုက်ခန်း၏ အပေါ်ဆုံးလွှာ ဖြစ်သည်၊ ပတ်ဝန်းကျင်မှ အိမ်များ၊ တိုက်ခေါင်မိုးများ၊သစ်ပင်များထက် မြင့်နေသည်။ အလွှာ တူညီသော ကပ်လျက် တိုက်ခန်းများလည်း မရှိ။ ထို့ကြောင့် သူတို့ ပြတင်းပေါက်နှင့် အခြား ပြတင်းပေါက် တစ်ခုခု ဆက်စပ်မှုလည်း မရှိပါ။

သူသည် ပြတင်းပေါက်သံချောင်း ကွက်လပ်ကလေးများ အကြား မြင်ရသမျှ ပတ်ဝန်းကျင်ကို ငုံ့ကြည့် စူးစမ်းသည်၊

ခေါင်းရင်းဘက် ခပ်လှမ်းလှမ်းမှာ လမ်းကျယ်မှ ဖြတ်သွားနေကြသော ကားများ၊ လူများကို ရှုပ်ယှက်ခတ်စွာ မြင်နေရ၏။

တိုက်ခန်း ခြေရင်းဘက်ဆီမှာတော့ လူခြောက်သွေ့သော နောက်ဖေး လမ်းကြား ကျဉ်းကျဉ်းကလေး ရှိသည်။

လက်ဝဲဘက် (သူ မျက်နှာချင်းဆိုင်ရာ)လေးငါးအိမ်သည် တစ်ထပ်တိုက်၊ နှစ်ထပ်တိုက်ပုပုကလေးများဖြစ်ပြီး အမိုးများကိုသာ မြင်ရ၏။

ဟိုး ခပ်ဝေးဝေးမှာတော့ ဆောက်လက်စ တိုက်ခန်း အမြင့်များ ရှိပါရဲ့၊ သို့သော် ဝေးလွန်းသည်၊ ဆက်စပ်မှုမရှိ။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက် အောက်နားဆီမှ သီချင်းသံ ခပ်သဲ့သဲ့ အပေါ်သို့ လွင့်တက်လာသည်။ သူ ငုံ့ကြည့်လိုက်၏။ မျက်စိ ရှေ့တူရူ ခပ်လှမ်းလှမ်းမှာ ယာလယာဟင်းလင်း ခြံဝိုင်းကျယ် တစ်ခု ရှိသည်။ ထိုခြံဝိုင်းတွင် မကြာသေးမီကမှ လက်ဖက်ရည် ဆိုင်တစ်ခု ဖွင့်လှစ်ခဲ့၏။

အပေါ်စီးမှ ခပ်စောင်းစောင်းကြည့်သောအခါ သစ်ပင် ပုပုကလေးများပေါ်မှ မီးလုံးရောင်စုံကလေးများသည် ကလေး တစားစရာ အရုပ်များနှင့် တူနေ၏။

ကျိုးတိုးကျဲတဲ သစ်ပင်ပုပုကလေးတွေအောက်က ထိုင်ခုံ ပုများနှင့် စားပွဲပုကလေးများမှာ လူတွေ ထိုင်နေကြသည်။ အပေါ်စီးမှကြည့်ရတာ ရယ်စရာကောင်းနေ၏။ သို့သော် သူ မရယ် နိုင်ပါ။ သူ့ဇနီး၏ ဖြစ်နိုင်ခြေကို စိုးရိမ်တကြီး ရှာဖွေ ဖော်ထုတ် နေရသော အဖြစ်မှာ ရယ်စရာ မဟုတ်ပါ။

ခပ်သွက်သွက် လှုပ်ရှားပြီး တစ်ဝိုင်းနှင့် တစ်ဝိုင်း ကူး သွားနေသော စားပွဲထိုးကောင်ကလေးများမှာ ဆယ်နှစ်၊ ဆယ့် ငါးနှစ် ပတ်ဝန်းကျင်လောက် ဖြစ်သည်၊

သွပ်မိုး အဖီချထားသော နောက်ဘက်က အဆောက် အအုံကလေးမှာ လက်ဖက်ရည်ဖျော်သော နေရာနှင့် ကောင်တာ ဖြစ်သည်။

သွပ်မိုးအောက်မှ ဆိုင်အခင်းအကျင်း တစ်ပိုင်းတစ်စကို မြင်ရသည်။ ကောင်တာမှာ ထိုင်နေသူက အမျိုးသမီး ဖြစ် သည်၊ အသက်က သူ့ဇနီးအရွယ်လောက် ဖြစ်နိုင်သည်။ အကွာ အဝေး မြင့်လွန်းသောကြောင့် ရေရေရာရာ မကွဲပြားပါ။

လက်ဖက်ရည်ဖျော်သောနေရာကို သူ မမြင်ရ။ သူ မမြင် လျှင် သူ့ဇနီးလည်း မြင်ရမှာ မဟုတ်ပါ။

အကွယ်အကာမရှိ မြင်နိုင်သမျှမှာ ဆိုင်သို့ လာသော ဖောက်သည်များ၊ ဝိုင်းဖွဲ့စကား ပြောသူများသာဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ခြံဝိုင်းရှေ့မှာ ကားသုံးလေးစီး တန်းစီရပ်ထား၏။ ဝင်လာသူများ၏ မျက်နှာများကို အပေါ်စီး အနေအထားဖြင့် သူ မြင်ရသည်။ မိမိသိကျွမ်းသူ မဟုတ်လျှင် မျက်နှာသွင်ပြင်ကို ဖမ်းမိဖို့ မလွယ်ပါ။ အကွာအဝေးက မြင့်နေသည့်အပြင် လူအားလုံးသည် မိမိ၏ အထက်သို့ မော့ကြည့်ပြီး လမ်းလျှောက်လေ့မရှိပါ။

သူ မြင်ရသလောက်မှာ မည်းနက်သော ဦးခေါင်း၊ ပခုံးနှစ်ဖက်၊ ခပ်စောင်းစောင်း မြင်ရသော ကိုယ်ခန္ဓာ....ဒါပဲ။

သူမ ဘာကို မြင်သွားခဲ့ပါသနည်း။

သူမ မြင်ရသောအရာကို ယခု သူမြင်နိုင်သလား။

ဘယ်တုန်းကမှ ပြတင်းပေါက်မပိတ်သော သူ့ဇနီးသည် ယခု ပြတင်းပေါက် ပိတ်ထားခဲ့သည်။ ဘယ်တုန်းကမှ မမြင်သော အရာကို သူမ မြင်သွားလေသလား။

သူမ မြင်သွားသည်မှာ လူတစ်ယောက်ယောက် ဖြစ်လေမလား။

သူသည် ယခု ချက်ချင်း သူ့ဇနီး ပခုံးကို ဆွဲဆောင့် လှုပ်ယမ်းပြီး မေးချင်လာ၏။

သူမကို သွားခေါ်ပြီး ရအောင် မေးမည်ဟူသော ဆုံးဖြတ်ချက်ဖြင့် ပြတင်းပေါက်မှ သည်ဘက် ပြန်လှည့်လိုက်သည်။ ထိုအချိန်တွင် သူ့ဇနီးကိုမြင်တွေ့ရသည်၊ သူမသည် အခန်းဝတွင် မတ်တတ်ရပ်လျက် သူ့ကို ငေးကြည့်လျက် ရှိသည်။

သူမ ဝတ်ထားသော အပြာနုရောင် ဝိုင်စအင်္ကျီပွပွကလေးသည် ပြတင်းမှလေကြောင့် လှုပ်ခတ်နေသည်၊ ကျောလယ် အထိ ဖြန့်ချထားသော ဆံပင်တို့သည် မျက်နှာကျက်မှ ဖန်ချောင်း မီးရောင်ဖြင့်အလင်းတင်ကာဖြာလက်နေ၏။ သူမပုံစံက အိပ်ပျော်နေရင်း ယောင်ယမ်း လမ်းလျှောက်နေသူနှင့် တူနေသည်။

'အေး'

www.burmeseclassic.com

www.burmeseclassic.com



သူ့အသံသည် ခြောက်သွေ့စွာ ခက်ထန်နေ၏။ ထိုအသံတွင် နားမလည်နိုင်မှု၊ ပေါက်ကွဲမှု၊ အလျှင်စလိုဖြစ်မှုများ ရောထွေး ပါဝင်နေသည်။

'ဒီကို လာစမ်း'

သူ့ဇနီးက သူ့အသံကို မကြားသလိုပင် မတုန်မလှုပ် ရပ်နေ၏။ သူ ဒေါသတကြီး ခုတင်ပေါ်မှ ဆင်းကာ သူ့ဇနီးဆီသို့ ခြေလှမ်းကျဲများဖြင့် ရောက်သွား၏။ထို့နောက် သူမကို ဆွဲခေါ်လိုက်သည်။

'လာစမ်းပါ အေး၊မင်း ဘာကိုမြင်ရတယ်ဆိုတာ ကိုယ့်ကို ပြောပြမှဖြစ်မယ်'

သူမသည် အကျောက်အကန်ငြင်းဆန်တော့မလို တောင့်တင်းသွားပြီးမှ လက်လျှော့လိုက်သလို ပျော့ခွေစွာ သူနှင့်အတူ ပါလာ၏။ သူမ မျက်နှာသည် ဖြူဖပ်ဖြူရော် ဖြစ်နေသည်။ခုတင်ပေါ် ထိုင်မိကြတော့ သူ့ဇနီး၏ ပခုံးနှစ်ဖက်ကို သူ တင်းကျပ်စွာ ဆုပ်ညှစ်ထား၏။

'ဟောဒီနေရာမှာ မင်း အမြဲတမ်း ထိုင်နေ ကြည့်နေတတ်တယ် မဟုတ်လား၊ ကဲ....ပြောစမ်း၊ မင်း ဘာကို မြင်ရသလဲ၊ ဘယ်သူ့ကို မြင်ရသလဲ၊ ကိုယ့်ကိုပြောစမ်း'

သူ့ဇနီးကို ပြတင်းပေါက် သံချောင်းကလေးတွေနှင့် မျက်နှာ အပ်မိသည်အထိ သူတွန်းကပ်၍ မေးလိုက်သည်။ သူမ ထိတ်လန့်တုန်လှုပ်စွာ ရှုန်းကန်ရာမှ လွတ်ခနဲအော်လိုက်လေသည်၊

သူ ရှုတ်တရက် ပေါက်ကွဲသွားသော ဒေါသကို ထိန်းချုပ်လိုက်ပြီးနောက် သူ့ဇနီးကို သူနှင့် မျက်နှာချင်းဆိုင်ဖြစ်အောင် ဆွဲလှည့်ယူလိုက်သည်။ သူ့ဇနီးကိုသူ စိုက်ကြည့်သောအခါ သူမကမျက်ရည်ပြည့်လျှံနေသောမျက်လုံးများဖြင့်ပြန်ကြည့်နေ၏။ ထိုမျက်လုံးများတွင် နာကြည်းမှုကို တွေ့လိုက်ရသောအခါ သူ့တစ်ကိုယ်လုံးရှိ အင်အားများ ဆုတ်ယုတ်သွားလေ

www.burmeseclassic.com

www.burmeseclassic.com



သည်၊ သူ့ဇနီးကို ဆုပ်ကိုင်ထားသော လက်များ ဖြေလျော့သွားသည်။

'လူဘယ်ယောက် မပြောချင်တဲ့ကိစ္စတစ်ခုကို အစ်ကို ဘာဖြစ်လို့ မေးသလဲ'

သူမ၏အသံက ကြောက်လန့်နေသူတစ်ဦး၏ အသံမဟုတ်သလို တည်ငြိမ်အေးစက်နေသည်။

'ဘာဖြစ်လို့လဲဆိုတော့ မင်းက ကိုယ့်မိန်းမ ဖြစ်နေလို့ပေါ့'

သူ့အသံက အက်အက်ကွဲကွဲ။

'ကဲ....ဒီလောက်တောင် သိချင်နေရင် ပြောရတာပေါ့။ ဒါပေမယ့် သိပြီးတဲ့အခါ အစ်ကို နောင်တရလိမ့်မယ်၊ မသိရင် ပိုကောင်းမယ်ဆိုတာ အစ်ကို သိလာလိမ့်မယ်'

သူမအသံက ရှေ့ဖြစ်ဟောသူတစ်ဦး၏ အသံလို အနိမ့်အမြင့်မရှိဘဲ တစ်သမတ်တည်း ဖြစ်နေသည်။ သူသည် သူ့ဇနီးကို နားမလည်နိုင်စွာ စိုက်ကြည့်နေမိ၏၊

'သူ ဒီနေ့ လက်ဖက်ရည်ဆိုင်ကို ရောက်လာတယ်'

လမ်းမဆီမှာ ကားတစ်စီး ဖြတ်မောင်းသွားသံသည် သူ့ရင်ထဲသို့ တုန်ခါစွာ ဝင်ရောက်သွားသည်။

'သူ....ဟုတ်လား၊ သူ ဆိုတာ ဘယ်သူလဲ'

ကယောင်ကတမ်း မေးလိုက်သောအခါ သူ့ဇနီးက ပြုံးသည်၊ ယခုညနေခင်းအတွက် ပထမဦးဆုံးသော အပြုံးဖြစ်သည်၊ ထိုအပြုံးသည် ဓားသွားတစ်ခုလို အေးစက်သည်။

'သူ ဆိုတာ အေးရဲ့ အရင်တုန်းက ချစ်သူဟောင်းပေါ့'

သူ့ရင်သည် ဒေါသဖြင့် ပူလောင်စွာ နာကျင်သွားသည်။

'မဟုတ်ဘူး'

သူ အော်လိုက်၏။ သူနှင့် လက်ထပ်ချိန်ထိ သူ့ဇနီးမှာ ချစ်သူရည်းစား တစ်ယောက်မှ မရှိခဲ့ပါ။

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်'

သူ့ဇနီးက ခိုင်မာစွာ အတည်ပြုလိုက်၏။

ထို့နောက် သူ့မျက်လုံးများကို စိုက်ကြည့်ကာ ဆက်ပြောလိုက်သည်။

'သူက အရက်မသောက်ဘူး၊ ဒေါသမကြီးဘူး၊ မကြမ်းတမ်းဘူး၊ အောက်တန်းမကျဘူး'

ပြင်းသောသူမအသံသည် သူ့ရင်ထဲသို့ နက်ရှိုင်းစွာ စိုက်ဝင်သွားသည်။

'သူက ဝက်တစ်ကောင်လိုလဲ မဝဘူး'

သူ့ကိုယ်ခန္ဓာက နောက်သို့ အနည်းငယ် ယိုင်သွား၏။

'သူချွေးထွက်တဲ့အခါ အရက်စော်မနံဘူး၊ ဆေးလိပ်စော် မနံဘူး၊ ချိုင်းပပ်စော် မနံဘူး၊ သူ့ပါးစပ်ကလဲ ကြက်သွန်ဖြူစော် မနံဘူး'

အေးစက်သော အသံသည် မာကျောကြမ်းရှစွာ သူ့မျက်နှာကို ဖြတ်ရိုက်ပစ်လိုက်လေသည်။

'သူက သူဖြစ်ချင်တဲ့ဆန္ဒကို နောက်မှာထားပြီး အေးဖြစ်ချင်တဲ့ဆန္ဒကိုပဲ အမြဲဦးစားပေးခဲ့တာ၊ သူနဲ့စကားပြောတဲ့အခါ ကိုယ့်ကိုယ်ကို တရားခံ တစ်ယောက်လို ဘယ်တော့မှ မခံစားရဘူး၊ သူက အေးကို တရားခံစစ်သလို ဘယ်တုန်းကမှ မစစ်ဆေးခဲ့ဘူး၊ တရားခံတစ်ယောက်လိုလဲ ဘယ်တုန်းကမှ အမိန့်ချမပေးခဲ့ဘူး'

သူမ၏ အသံမှာ အိပ်မက်ကို ပြန်ပြောနေသူ တစ်ဦး၏ စဉ်းစားပုံဖော်မှုများ ပါဝင်နေသည်။ သူ ပါးစပ်အဟောင်းသားနှင့် ငေးစိုက်ကြည့်နေမိသည်။

'သူ့မျက်လုံးတွေက နူးညံ့တယ်၊ ပိုက်ဆံရဖို့အတွက် လူတွေကို ကောက်ကျစ် လိမ်ညာတဲ့ မျက်လုံးမျိုး မဟုတ်ဘူး၊ ဒါကြောင့် သူ့မှာ တိုက်မရှိဘူး၊ ကားလဲ မရှိဘူး၊ အလှ်ံရှိလဲ မရှိဘူး၊ ဂိုဒေါင်လဲ မရှိဘူး'



www.burmeseclassic.com

www.burmeseclassic.com



သူ နောက်သို့ မသိမသာ ဆုတ်လိုက်သည်။

'ဒါပေမယ့်....သူ့မှာ အချစ် ရှိတယ်'

'တော်တော့....'

သူ၏ ထိန်းချုပ်သည်းခံနိုင်စွမ်းကို ကျော်လွန်သွားသော စကားလုံး ဖြစ်သည်။ သူ့ဇနီးကမရပ်ပါ။ သူ့ကိုစိုက်ကြည့်လျက် တစ်လုံးချင်း ဆက်ပြောနေပြန်၏။

'သူက အေးကို အနံ့ အအလို့ တစ်ခါမှ မပြောခဲ့ဖူးဘူး၊ သုံးမရတဲ့ မိန်းမလို့လဲ တစ်ခါမှ မပြောခဲ့ဖူးဘူး၊အေးရဲ့နှာခေါင်းကို စွေစွေကြည့်ပြီးလဲ တစ်ခါမှ မသရော်ခဲ့ဖူးဘူး၊ သူ့ကို အေး တစ်ခါမှတောင် မမုန်းခဲ့ဖူးဘူး၊ တစ်ခါမှလဲ စိတ်မပျက်ခဲ့ဖူးဘူး'

'မင်း လိမ်နေတာ'

သူ့အသံသည် အက်ကွဲပြတ်တောက်စွာ ထွက်သွား၏။ ထိုအသံကို သူ့ဇနီးက မကြားသလိုပင် တတွတ်တွတ် ပြောနေပြန်သည်၊

'အေး ဒီကနေ လှမ်းကြည့်နေတာကို သူ မြင်သွားတယ်၊ သူ အေးကို ကောင်းကောင်း မြင်ရတယ်....သေချာတယ်၊နောက် နေ့တွေလဲ သူ လာဦးမှာပဲ'

သူ လက်သီးကို တင်းကျပ်နေအောင် ဆုပ်ထားလိုက်မိသည်။ စိတ်ကို ထိန်းထားစမ်း၊ ဒီမိန်းမ မဟုတ်တမ်းတရားတွေ လာပြောနေတာ။ အရူး တစ်ယောက်လို လျှောက်ပြောနေတာ။ အရူးတစ်ယောက်ရဲ့ စကားကို အရူး တစ်ယောက်ကပဲ ယုံမှာပဲ။ သို့သော် ရင်ထဲမှာ ဒေါသငွေ့ဖြင့် ပူပြင်းလောင်မြိုက်နေ၏။

'ဒီပြတင်းပေါက်ကလေး ရှိနေလို့သာပဲ'

'တော်တော့....'

ဗြုန်းခနဲ သူ့ဇနီး၏ ပခုံးနှစ်ဖက်ကို ဆုပ်ကိုင် လှုပ်ခါ ယမ်းပစ်လိုက်၏။

'ဒီကနေ ကြိုးကလေးနဲ့ ချည်ပြီး သူ့ဆီကို တစ်ခုခုချပေး

www.burmeseclassic.com

www.burmeseclassic.com



လို့ရတယ်၊ သူကလဲ တစ်ခုခု ပေးချင်ရင် အဲဒီကြိုးစမှာ ချည်ပေး လိုက်လို့ ရသာယ်၊ ဒီလိုနည်းနဲ့....'

သူ လုံးဝ စိတ်မထိန်းနိုင်တော့ဘဲ သူ့ဇနီး မျက်နှာကို အားကုန် လှဲ့ရိုက်ချလိုက်လေသည်။

တတွက်တွတ် ပြောနေသော အသံက ဟိခနဲ ရပ်သွား သည်။

သူမသည် မျက်နှာကို လက်နှစ်ဖက်ဖြင့် အုပ်ကာ တစ် ကိုယ်လုံး တုန်လှုပ်နေ၏။ ကျိတ်၍ ငိုရှိုက်နေခြင်း ဖြစ်သည်၊ သူ အံကြိတ်၍ စိုက်ကြည့်နေသည်။

နောက်ထပ် စကားတစ်ခွန်း ပြောကြည့်စမ်း၊ များများ ပြောစရာ မလိုဘူး၊ တစ်ခွန်းတည်းပဲ ပြောကြည့်စမ်း။ သူသည် ဒေါသဖြင့် ဆူပွက်နေကာ ရန်လိုစွာ စောင့်ကြည့်နေ၏။

သူ့ဇနီး အသံတစ်ချက် ထွက်လာလျှင် လက်က ရိုက်ချ ပစ်ဖို့ အသင့်စောင့်နေသည်၊ သို့သော် သူမ လုံးဝ စကားမပြော တော့ပေ။

သူ့ရင်ထဲမှာ နာကျင်မှုသည် တစ်စက္ကန့်ပြီး တစ်စက္ကန့် ပိုပြင်းထန်လာ၏။

သူတို့ မိနစ်ပေါင်းများစွာ သည်အတိုင်း ငြိမ်သက်နေကြ သည်၊ လမ်းမဆီမှ ကားသံများ သူတို့နှစ်ယောက်ဆီသို့ လိမ့်ဝင် လာသည်။ ထို့နောက် စကားပြောသံ....၊ ရယ်မောသံ....၊ ကား ဟွန်းသံ....၊ လက်ဖက်ရည်ဆိုင်မှ သီချင်းသံ ခပ်သဲ့သဲ့က အပေါ် ဆုံးထပ် အခန်းထဲထိပင် ပျံ့လွင့်လာ၏။

သူ ဖြုန်းခနဲ လှုပ်ရှားလာကာ မှန်တံခါးကို ဒေါသ တကြီး ဆွဲပိတ်ပစ်လိုက်သည်။

အခန်းသည် ရုတ်တရက် တိတ်ဆိတ်သွား၏။

ဂျူး

(၁၉၉၃ ခု၊ ဖေဖော်ဝါရီလ၊ မဟေသီမဂ္ဂဇင်း)

www.burmeseclassic.com

www.burmeseclassic.com

ချစ်ခြင်း၏

# အနုပညာ



Monotype #174

www.burmeseclassic.com

www.burmeseclassic.com

## ချစ်ခြင်း၏ အနုပညာ

သူ မရှိသောအခါ သူ့ သစ်ပင်များသည် ကျွန်မ အာရုံ ကို မျှော်လင့်မှုပေးနိုင်စွမ်းသော မြတ်နိုးဖွယ်ရာ သက်ရှိများ ဖြစ်လာတော့သည်။ သူရှိစဉ်ကတော့ ထိုသစ်ပင်များကိုပင် ကျွန်မ ငြူစူမုန်းတီးခဲ့ဖူးပါသည်။

***

ကျွန်မတို့ ခြံစည်းရိုး သံတိုင်များ နောက်ကွယ်တွင် သစ်ပင်များ တန်းစီ၍ စိုက်ရန် သူ ကြိုးစားကတည်းက ကျွန်မနှင့်သူ အချေအတင် စကားများခဲ့ရသည်၊ ဤသည်မှာ သူ၏ သစ်ပင်စိုက် ဝါသနာအစပင် ဖြစ်သည်။ ကျွန်မက ခြံစည်းရိုးမှ အပြင်သို့ တိုး လျှိုပေါက် လှမ်းမြင်ချင်သည်။ ခြံထဲသို့ တစ်စုံတစ်ယောက် ကျော်လွှား ဝင်လာလျှင်တောင်မှ တိုက်ထဲကနေ လှမ်းမြင်ရချင်

www.burmeseclassic.com

www.burmeseclassic.com



သည်။ သူ့သစ်ပင်တွေက ကန့်လန့် ကန့်လန့် ပိတ်ဆီးထားမည်ကို ကျွန်ုပ်မ မလိုလားပါ၊ နောက်ပြီး သူ စိုက်မည်ဟု ရည်ရွယ်ထား သော အပင်အမျိုးအစားကို သိရတော့ ကျွန်ုပ်မ၏ မကျေနပ်မှုက ထိတ်လန့်မှုအဖြစ် ပြောင်းသွား၏။ ဆိုက်ပရပ်စ်ဟု ခေါ်သော ထင်းရှူးပင်ပေါက်တစ်မျိုး သူ မှာထားသည်....တဲ့။ ထို အပင် များသည် ရာသီမရွေး စိမ်းမှောင် လန်းဆန်းပြီး ရှည်သွယ်သော ကြောင့် ခြံစည်းရိုးအဖြစ် သုံးသော အပင်မျိုး ဖြစ်သည်....တဲ့။

'နေစမ်းပါဦး၊ အဲဒီ ဆိုက်ပရပ်စ် ဆိုတာက သူတို့ဆီမှာ လူသေရင် ဝမ်းနည်းတဲ့ အထိမ်းအမှတ်အဖြစ် စိုက်တာ မဟုတ် လား၊ ရှင်က ကျွန်ုပ်မတို့အိမ်ကို အမင်္ဂလာအိမ် ဖြစ်အောင် လုပ် မလို့လား'

ထိုအခါ သူက စုတ်တစ်ချက် သပ်ကာ 'အဲဒါက မြူနစ် ရယ်လ်ဆိုက်ပရပ်စ်ကွ၊ အခု ကိုယ်စိုက်မှာ အရီဇိုနာ (Arizona) ဆိုက်ပရပ်စ်'ဟု စိတ်မရှည်သလို ပြောပြီးနောက် ထိုအပင် အမျိုး အစားများကို အားရပါးရ ခွဲခြား ရှင်းပြနေလေသည်။ ရုက္ခဗေဒ အဓိကဘာသာ ရပ်ဖြင့် ဘွဲ့ထားသူ တစ်ယောက်ဟု ထင်ရသည်။ သို့သော် သူသည် ဘီအေဘွဲ့ရ ကျောင်းဆရာတစ်ယောက်ဖြစ်ပြီး သူ သင်ကြားရသည်မှာ သမိုင်းဘာသာ ဖြစ်ပါသည်။ ကျွန်ုပ်မက သူ့အစီအစဉ်ကို အကြောင်းပြချက်နှစ်မျိုးဖြင့် ငြင်းပယ်ခဲ့သော် လည်း နောက်ဆုံးတော့ သူက မျှတအောင် လုပ်ပေးတော့မည့် ဒိုင်လူကြီး အပြုံးမျိုးဖြင့် ဆုံးဖြတ်ပေး၏။ ကျွန်ုပ်မ မစိုက်စေချင် သော အပင်မျိုးကို သူ အလျှော့ပေးလိုက်ပြီး သူ ဖြစ်စေချင် သော ခြံစည်းရိုးပင် တစ်မျိုးကို စိုက်ပျိုးခဲ့ခြင်းပင် ဖြစ်ပါသည်။

ထိုအချိန်မှစ၍ ကျွန်ုပ်မတို့ ခြံဝိုင်းထဲသို့ အပင်တစ်မျိုးပြီး တစ်မျိုး ရောက်လာခဲ့သည်။ ပထမတော့ သူ့ အပင်များနှင့် ကျွန်ုပ်မအား မိတ်ဆက်ပေးသေး၏၊ မြန်မာအမည်၊ နိုင်ငံခြား အမည်၊ ရုက္ခဗေဒ နာမည်တို့ဖြင့် ပြောပြသည်။ တစ်မျိုးပြီး တစ်မျိုး များလာသောအခါ ကျွန်ုပ်မ မမှတ်မိနိုင်တော့ပါ။ သူ

www.burmeseclassic.com

www.burmeseclassic.com



တန်ဖိုးထားသော သစ်ပင်များသည် ကျွန်မ မျက်စိထဲမှာတော့ နည်းနည်းမျှ တန်ဖိုးမရှိ၊ ငှက်မွေးပုံသဏ္ဌာန် ဖြာထွက်သော ရွက်မြွာများ ပါဝင်သည့် ဥရင်ကောက်ပင်ဟု သူ ပြောသော အပင်အချို့ကို တိုက်နံရံ ထောင့်များအထိ ကပ်၍ ပန်းအိုးဖြင့် စိုက်လာသောအခါ ကျွန်မ အနည်းငယ် စိတ်တိုစပြုလာပြီ၊ သူ ပြောတော့ အစိမ်းနုဖျော့ဖျော့ တိုက်နံရံမှာ အစိမ်းရင့် ငှက်မွေး ရွက်ပေါင်းများ ဖြာထွက်စင်းကျနေသည်မှာ အလွန်လှပ ကြည့် ကောင်းသည် ဆိုပဲ။ ပထမတော့ သူပြောသလို လှပချင် လှပ ပါလိမ့်မည်။ နောက်ပိုင်း သူ့မှာ အပင်တွေ များပြားလာပြီး ခြံဝိုင်းတစ်ခုလုံး အမျိုးမျိုးသော အိုးစိုက်အပင်များ၊ မြေစိုက် အပင်များ၊ တွဲလွဲဆွဲအပင်များဖြင့် ပြည့်ကျပ်သွားသောအခါ မလှပတော့ပါ။

သစ်ပင်တွေ ရောက်လာကတည်းက ကျွန်မနှင့် သူ့ အကြား အေးအေးဆေးဆေး စကားပြောရချိန်မရှိ၊ ကျောင်းက ပြန်လာကတည်းက သစ်ပင်တွေအနီး ရောက်နေလိုက်သည်မှာ ညစာစားဖို့ နှစ်ခါလောက်ခေါ်မှ အိမ်ထဲ ဝင်လာသည်၊ ညစာ စားပြီးတော့လည်း အမှောင်ထဲမှာ ခြံထဲတစ်ခါဆင်း၍ သစ်ပင် တွေကြား သူ လမ်းလျှောက်ရသေး၏။ အပင်ကြို အပင်ကြား ပိုးမွှားတွေဘာတွေ ကိုက်မှာ စိုးရိမ်သော ကျွန်မက အိမ်ထဲဝင်ဖို့ သွားပြောလျှင် ကျွန်မကပဲ သူမရှိလျှင် မနေတတ်သူ ဖြစ်ရ ပြန်၏၊ သစ်ပင်များအပေါ်ပင် ကျွန်မက မနာလိုသူ ဖြစ်ရပြန်၏။

'ရှင်သေရင် သူများလို ဥစ္စာစောင့်ဖြစ်မှာ မဟုတ်ဘူး၊ သစ်ပင်စောင့်မြို့တွာပဲ ဖြစ်မှာ' ဟု ကျွန်မက ဆူပူလျှင်လည်း သူက အပြုံးပင် မပျက်ပေ။

'ရက္ခစိုးနတ်လို့ ပြောပါကွာ' ဟု ကျွန်မ၏ ကောက်ချက် ကို ပြင်ပေးသေး၏။

သူ့ သစ်ပင်များကို စိတ်လိုလက်ရ ရေလောင်းပေးမိပြန် တော့ ကျွန်မ၏လုပ်ရပ်ကို သူ မကြိုက်ပြန်ပါ။

www.burmeseclassic.com

www.burmeseclassic.com



'ဘယ်အပင်ဟာ ရေ ဘယ်လောက်လိုတယ်လို့ မင်းသိလို့လား၊ တချို့အပင်တွေက ရေအိုင်ရင် အမြစ်ပုပ်တယ်၊ မင်းနားလည်လား'

သူ့ သစ်ပင်တစ်ခုတစ်လေကို အစီအစဉ်တကျ မလှဘူးထင်ပြီး အဆင်ပြေအောင် နေရာ ရွှေ့ပေးမိပြန်တော့ သူ ကျွန်မကို တတွတ်တွတ် အပြစ်ဆို၍ မပြီးတော့ချေ။

'တချို့အပင်က တစ်ဝက်တစ်ပျက်အရိပ်ကို ကြိုက်တယ်၊ တချို့အပင်က နေတောက်ပတဲ့နေရောင်ကို ကြိုက်တယ်၊ အပင်တွေရဲ့ လိုအပ်မှုအလိုက် ကိုယ်က နေရာချထားပေးတယ်၊ မင်းက နည်းနည်းမှ နားမလည်ဘဲ နေရာရွှေ့တယ်၊ ဥယျာဉ်ပညာဟာ မျက်စိပသာဒ တစ်ခုတည်းအပေါ် ဆုံးဖြတ်လို့မရဘူး'

စေတနာဖြင့် လုပ်မိသော အမှုကိစ္စကလေးနှင့် မထိုက်တန်စွာပင် သူ့ရှင်းပြချက်တွေကို နားငြီးရသေးသည်။ သည်သောက် ကဲကဲဆတ် ဖြစ်လာတော့ ကျွန်မ ဒေါပွလာသည်။ သူ့အပင်တွေက ဘာမို့လဲ။ နောက်တော့ ကျွန်မ သူ့အပင်တွေကို လုံးဝ မထိတော့၊ လုံးဝ ကို လှည့်မကြည့်တော့ချေ။

'ရှင်သေရင် အဲဒီသစ်ပင်တွေ ခေါ်းနဲ့ နုပ်နုပ် စဉ်းပစ်မယ်' ဟု ကျွန်မ မကြာခဏ ကြုံးဝါးမိသည်။ သည်လိုဆိုပြန်တော့ သူက ခပ်ပြုံးပြုံးပဲ။

'ကိုယ်လက်လှုပ်ရှားမှု မလုပ်ဘဲ တစ်နေကုန် စက်မှာထိုင်ပြီး ဆွဲတာဆိုးနေတဲ့ မင်းကသာ အရင် သေချင်သေမယ်၊ ကိုယ်က ကျန်းမာရေး ကောင်းတယ်၊ ကိုယ့်သစ်ပင်တွေနဲ့ ကိုယ် အဆင်ပြေနေတာပဲ'

သစ်ပင်တွေနှင့် ပတ်သက်ပြီး သူ့ကို ကျွန်မ စိတ်ကုန်စပြုလာသောအခါ သူ့ သစ်ခွပင်မှ ဦးဦးဖျားဖျား အပွင့်များကို ကျွန်မကို လာပေးလျှင်မကောင်းမှ သူ ကုသိုလ်ရဖို့ ဘုရားကပ်လှူပေးရုံသာဖြစ်ပြီး သူ ကျွန်မကို ချစ်ဟန်ဘူပါရဲ့ဟု မကြည်နူးမခံစားနိုင်တော့ပေ။

www.burmeseclassic.com



ခြံဝိုင်းထဲတွင်မကာ တစ်ဆင့်တက်ပြီး ဝရန်တာထောင့်မှာ မြေအိုးဖြင့် အပင်လာစိုက်သောအခါ ကျွန်မ၏ သည်းခံ လျှစ်လျူရှုစိတ် တစ်ထစ်လျော့သွား၏။

'ရှင့်ဟာရှင် မြေကြီးပေါ်မှာပဲ အပင်စိုက်၊ ကျွန်မ ဝရန်တာမှာ လာမစိုက်နဲ့' ဟု ကျွန်မ ရန်တွေ့သောအခါ သူက ကျွန်မကို အပြုံးဖြင့် ဆွဲဆောင်လေသည်။

'ဒီလိုပန်းပင်မျိုးက ဝရန်တာမှာ စိုက်လို့ သိပ်အဆင်ပြေတာကွ၊ သူက သိပ်စိုထိုင်းတာကို မကြိုက်ဘူး၊ သူ့အပွင့်တွေက သေးလို့ပဲ ရဲရဲတောက်နေမှာ၊ စောင့်ကြည့်၊ ပင်စည်တံကနေပြီး အညှာတွေ ဖြာထွက်ပြီး အဆုပ်လိုက် လုံးဝိုင်းနေအောင် ပန်းပွင့်တာ၊ ဘယ်လောက် တိကျသလဲဆိုရင် အရွက် ခုနစ်ရွက်ပဲ ထွက်တယ်၊ မပိုဘူး၊ သူ့နာမည်ကလဲ သိပ်လှတယ်၊ ကက်သရင်းတဲ့'

ကျွန်မကတော့ အရွက်ထွက်လာတာကြည့်ပြီး ဂမုန်းပင်လိုပဲဟု အောက်မေ့သည်။

ထိုအပင်က ပန်းပွင့်လာအောင် နှစ်နှစ်စောင့်ရ၏။ ပွင့်လာတော့လည်း သူပြောသလောက် မလှပပါ။ ဘာလုံးပန်းဟု ကျွန်မတို့သိသော ပန်းပုံစံမျိုးပါပဲ။ ဘာများ ထူးခြားလို့သဲ။

နောက်ထပ် တစ်ဆင့်တက်ပြီး ညှို့ခန်းမှာ တောင်ထန်းငင်လို ပန်းပင်ပုပုတစ်မျိုး ပန်းအိုးဖြင့် လာစိုက်တော့ ကျွန်မ၏ သည်းခံစိတ်တွေ ကုန်ပြီဟု အောက်မေ့လိုက်သည်။ ထိုပန်းအိုးကို သူ့ရှေ့မှာ ရိုက်ခွဲမပစ်မိအောင် မနည်း ထိန်းထားရသည်။

'နေစမ်းပါဦး၊ မင်းရွက်ထားရတာလဲ မဟုတ်ဘဲနဲ့၊ အပြစ်မရှိတဲ့ သစ်ပင်တွေကို ဘာဖြစ်လို့ မုန်းနေရတာလဲ'

တကယ်တော့ ကျွန်မ သစ်ပင်တွေကို အရင်တုန်းက မုန်းမပါ။ သူ ဂရုစိုက်လွန်း အကဲပါလွန်းသောကြောင့်သာ မုန်းခြင်း ဖြစ်သည်။ သူပြောသည့် သစ်ပင်စိုက်ခြင်းအကျိုးများကို ကျွန်မက တန့်နန့် ဒေါသထွက်ရသည်။ စဉ်းစားကြည့်ပါ၊ ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



တို့ တောင်ပေါ်မြို့လေးမှာ သည်လောက် လေကောင်းလေသန့် ပေါများတာ၊ အောက်စီဂျင် ထုတ်ပေးပြီး ကာဗွန်ဒိုင်အောက်ဆိုဒ် ခေတ်ငွေ့ စုပ်ယူသည်ဆိုသော သူ့သစ်ပင်တွေ၏ အကူအညီ ဘယ်မှာလိုလို့လဲ။ မတောက်တခေါက် စာတွေဖတ်ပြီး ပေါက်တတ်ကရတွေ လျှောက်လုပ်သည်ဟုသာ ကျွန်မ မြင်သည်။

ထိုအပြုအမူမျိုးကို လွန်လွန်းလှပြီထင်နေသော ကျွန်မသည် နောက်ဆုံးတော့ ဘယ်လိုမှ သည်းခံ၍မရသော အဖြစ်အပျက်ကို ကြုံတွေ့ရတော့သည်။ ကျွန်မတို့ အိပ်ခန်းထဲတွင် ပြတင်းပေါက်နှင့်နီးသော အခန်းခေါင်းရင်းထောင့်၌ ပန်းအိုးကြီးဖြင့် သစ်ပင်တစ်ပင် စိုက်လာခြင်း ဖြစ်ပါသည်။

❋❋❋

ကျွန်မ၏ သည်းခံနိုင်စွမ်းကို ချိုးဖျက်လိုက်သော ထိုအပင်သည် အပင်ပေါက်ကလေး ဘဝကတည်းက ရုပ်ဆိုးလှသည်။ ကျွန်မ မြင်ဖူးသမျှ အပင်များထဲတွင် ရုပ်အဆိုးဆုံး ဖြစ်သည်။

ကျွန်မ ခါးခါးသီးသီး ကန့်ကွက်တော့ သူက 'အချိန်စောင့်ကြည့်ပါဦး' ဟု တောင်းပန်ခဲ့လေသည်။ ဤအပင်၏ တန်ဖိုးကို တစ်နေ့တော့ ကျွန်မ သိလာမှာပါတဲ့။ ဘာသိရမှာလဲ၊ ဘာတန်ဖိုးတွေရှိလို့ သိရမှာလဲ၊ အမွှေးအမျှင်တွေနဲ့ ဆူးချွန်တွေနဲ့ လိမ်ခြောက်ခြောက် တစောင်း ပြာသာဒ်ပင် တစ်ပင်မှာ ဘာတန်ဖိုးရှိမှာမို့လဲ။ သူက နားမလည်သော ကလေး တစ်ယောက်အား စိတ်ရှည်စွာ ရှင်းပြတော့မည့် ကျောင်းဆရာ မျက်နှာထားပီသစွာဖြင့် ပြုံးလေသည်။ 'သစ်ပင်တိုင်းမှာ တန်ဖိုး တစ်မျိုးစီ ရှိကြတာပဲ' တဲ့။

နှစ်နှစ်လောက် ကြာသောအခါ ထိုအပင်သည် အလွန်ကြီးမားပြီး ပို၍ အရုပ်ဆိုးလာတော့သည်။ အခန်းနံရံဆီသို့ တွယ်တက်လိုဟန်ရှိသော ရှည်မျော့မျော့ ပင်စည်ချောင်းများသည် ကိုးရိုးကားရား နိုင်လှ၏။ ပိန်ခြောက်ခြောက် လက်တံတွေနှင့်

www.burmeseclassic.com

www.burmeseclassic.com



တူသော အစိမ်းပုပ်ရောင် ဇောင်းနှုတ်ခမ်းတွေမှာ ဆူးချွန်တွေ အမွေးရှည်တွေနှင့် ဖြစ်၏။ လိမ်ကောက် ရှည်လျားပုံက သူ့အနီးသို့ ရောက်လာသော တစ်စုံတစ်ခုကို နှယ်ရစ်စုပ်ယူတော့မလို ထင်ရသည်။ ကျွန်မဖြင့် ထိုအပင်ကို လုံးဝ ကြည့်မရပါ။ ဘယ်တော့များ သူ အပြင်ပြန်ထုတ်လေမလဲဟု စောင့်နေရင်းက ရက်တွေ လတွေ ကြာလာခဲ့သည်။

ဘာစိတ်ကူးဖြင့် ဒီလောက် ကိုးရိုးကားရား နိုင်လှသော အပင်ကြီးကို ကျွန်မတို့ အခန်းထဲ သယ်လာခဲ့ရပါလိမ့်။

ညခပ်မှောင်မှောင်မှာ အခန်းထဲဝင်မိလျှင် ထို အပင်ကို မကြည့်မိအောင် သတိထားရသည်၊ အရုပ်ဆိုးလှသော ထိုတစောင်းပင်သည် ထိတ်လန့် ချောက်ချားစေသော အစွမ်းသတ္တိသည်း ရှိဟန်တူ၏။ သူ ထိုအပင်နားသွားပြီး စစ်ဆေးကြည့်ရှုနေချိန်များတွင် ကျွန်မခပ်လှမ်းလှမ်းမှ ရင်ထဲ လေးလံပြီး စိုးရိမ်ပူပန်သလို ခံစားရသည်၊ တစ်ခါတစ်ရံ ညသန်းခေါင်တွင် သူ အိပ်ရာမှထသွားတတ်သည်။ ကျွန်မတစ်ရေးနိုးချိန် သူ့နေရာကို စမ်းသပ်ကြည့်၍ သူမရှိလျှင် ကျွန်မစိုးရိမ်ပူပန်ရမြဲ။ ခေါင်းရင်းဘက်နံရံသို့ လှမ်းကြည့်လိုက်တိုင်းလည်း ထိုအပင်ဘေးတွင် သူခပ်ကိုင်းကိုင်းငုံ့ရပ်နေသည်ကို မြင်ရမြဲ။ ထိုသို့ မြင်ရတိုင်းလည်း ထိတ်လန့်ချောက်ချားမှုနှင့်အတူ စိုးရိမ်ပူပန်မှုက တိုးတိုးလာခဲ့သည်၊

'ဘာလုပ်နေတာလဲ' ဟု မေးကြည့်တော့ သူက ခပ်ရှိုးရှိုးပင်၊ 'ပန်းပင်က အဖူးများထွက်လာပြီလားလို့ ကြည့်တာ' တဲ့။

'ပန်းပင်....ဟုတ်လား၊ ဘယ်မှာလဲပန်းပင်' ဟု ကျွန်မ မသိသားဆိုးဝါးစွာ ခပ်ရိရိမေးလျှင်တော့ သူကလိမ်ခြောက်ခြောက်အပင်ရှည်ကြီးကို မေးငေါ့ပြတတ်သည်။ အမွေးအမျှင်များ၊ ဆူးချွန်များပြည့်နေသော အခွံထူထူ၊ ဇောင်းရှရှ အချောင်းများဖြင့် ထိုအပင်ကို ပန်းပင်ဟု ကျွန်မ ဘယ်လိုမှ တွေးယူ၍မရပါ။



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မတို့မိဘတွေ နေဖူးတဲ့ အညာမှာတော့ တစောင်း
ကို ဟင်းချက်စားရတာပဲ။ မှိုဟင်းလိုပဲ သိပ်စားလို့ကောင်းတ

ကျွန်မက အံပြစ်ကင်းစင်သည့် မျက်နှာပေးမျိုးဖြင့် မ
မသော တွယ်ထည့်လိုက်တော့ သူ မချိသလို ပြုံးလေသည်။
နောက် 'ပန်းပွင့်ဖို့ကောင်းပြီ' ဟု သူ့ဟာသူ တစ်ယောက်တ
ပြောသလို တိုးတိုးရေရွတ်တတ်၏။

ထိုအင်ကတော့ ဘာမျှ မထူးခြားပါ။ ဘာပန်းမှလ
မပွင့်။ ဘာတန်ဖိုးမှလည်းမပြ။ အခန်းထောင့်မှာ ထီးထီး
ဘွန့်လီမ်နေတော့သည်။ ဘယ်လိုမှ ကျက်သရေမရှိသော သစ်
ကြီးဟု ကျွန်မ တွေးမိသည်။

'သစ်ပင်တွေကို မင်း မနာလို ဖြစ်နေတာလား' ဟု
အတည်ပေါက် မေးဖူး၏။ ကျွန်မနှုတ်ခမ်းမဲ့ပြီး အထက်စီး
ငြင်းခဲ့ဖူးပါသည်။ 'သစ်ပင်တွေကို မင်း မချစ်ဘူးလား' ထိုစကာ
ကိုတော့ ခါးသီးသော မျက်လုံးများဖြင့်သာ ကျွန်မဖြေခဲ့သည
ကျွန်မအတွက်ကတော့ သို့မွေးချည်တွေကိုချစ်မှ ပိုက်ဆံရတာ
ဟုပြောလိုက်ရအကောင်းသားနော်။ သူကတော့ ကျွန်မမျက်
ထဲ စူးစိုက်ကြည့်ပြီး ပြုံး၏။ ထို့နောက် ရှည်လျားသော စကာ
များကို စိတ်လိုလက်ရ ပြောခဲ့လေသည်။

'သစ်ပင်တစ်ပင်ကို ချစ်တတ်ရင် လူတစ်ယောက်ကို ချ
တတ်ဖို့မခဲယဉ်းပါဘူး၊အခု အရွယ်ကြီးကျမှ အချစ်ဆိုတာ ဘာ
လို့ မင်းကို ရှင်းပြရင် မင်းက ငါ့ စိတ်ဖောက်ပြန်သွားပြီ ထင်
မယ်။ တကယ်တော့ အချစ်ဆိုတာ ခံစားစိတ် သက်သက် မဟု
ဘူး၊ အကဲခတ်တတ်မှုပါတယ်၊ နားလည်မှုပါတယ်၊ ပြုစုပ
ထောင်မှုပါတယ်၊ ကိုယ် ဒီသစ်ပင်တွေကို အမျိုးအစား အ
ကြီး စိုက်လာခဲ့တာနဲ့အမျှ တစ်ခုချင်းရဲ့ ကွဲပြားခြားနားတဲ့
အပ်မှု၊ ဖြစ်ပေါ်မှု အခြေအနေအားလုံးကို ကိုယ် သိတယ်၊ သူ
အတွက် ကိုယ်ဘာလုပ်ပေးရမလဲ ဆိုတာ ကိုယ်သိတာကိုယ်၊ကို
စိတ်ရဲ့ လိုအင်ဆန္ဒဆိုတာ ကိုယ်မေ့ထားနိုင်ပြီ သစ်ပင်တွေ

www.burmeseclassic.com

www.burmeseclassic.com



လိုအပ်ချက်ကို အမြဲစောင့်ကြည့် ဖြည့်ဆည်းပေးတတ်တဲ့လူ ဖြစ်လာတယ်။ ဘယ်သစ်ပင်က ဘယ်ရာသီမှာ ဘယ်လိုအနေအထား ပြောင်းတတ်တယ်၊ ဘယ်သစ်ပင်က လေဒဏ်ကို ကြောက်တယ်၊ ဘယ်သစ်ပင်အမြစ်က မိုးပေါက်ဒဏ်ကို ကြောက်တယ်.... ဒါတွေကို ကိုယ်နားလည်လာတယ်၊ သူတို့ လိုအပ်မယ့် နှစ်သက်မယ့် အနေအထားကို ကိုယ်အကဲခတ်ပြီး ပြုပြင် လိုက်လျောပေးတယ်၊ ဒီမြို့ပေါ်က ပန်းခြံတွေထဲမှာ ကိုယ့်ဆီက အပင်တွေ ဘာကြောင့် ထူးထူးခြားခြားသန့်စွမ်းလှပနေသလဲဆိုတဲ့ အဖြေက အဲဒါပဲ။

'....သစ်ပင်တွေနဲ့ အရိပ်အကဲကို သိတဲ့ ကိုယ်ဟာ မင်းအရိပ်အကဲကို ဘာကြောင့် မသိရမှာလဲ၊ မင်း ဘာလိုချင်တယ်၊ ဘာဖြစ်စေချင်တယ်ဆိုတာ ကိုယ် အားလုံးသိတယ်၊ အချစ်ဆိုတာ မင်းထင်သလိုခံစားမှုသက်သက်မဟုတ်ဘူး၊ အတတ်ပညာ တစ်ခုပဲ၊ သစ်ပင်စိုက်သလို ပြုစုပျိုးထောင်သလို ဘေးကနေ အရိပ်အကဲကြည့်ပြီး ပြုပြင်လိုက်လျောပေးရတဲ့ အတတ်ပညာတစ်ခုပဲ၊ မင်းကတော့ ထင်မှာပေါ့၊ ကိုယ့်အပေါ် ချစ်တဲ့ မင်းအချစ်က ပိုတယ်လို့ မင်းထင်မှာပေါ့၊ မင်းဘဝမှာ ကိုယ်မရှိရင် မဖြစ်ဘူးလို့ မင်းခံစားနေရတယ်၊ ဒီခံစားချက်ဟာ မင်းရဲ့ အချစ်အတိုင်းအဆလို့ မင်းထင်တယ်၊ တကယ်တော့ အဲဒီလို မင်းဘဝမှာ ကိုယ်မရှိရင် မဖြစ်ပါဘူး ဆိုတဲ့ အသိမျိုးနဲ့ မင်း အသက်ရှင်နေထိုင်နိုင်ဖို့ ကိုယ်မင်းအတွက် ဘာတွေ လိုက်လျော ခဲ့တယ်ဆိုတာ မင်း မတွေးမိဘူး မဟုတ်လား'

ကျွန်မ မျက်နှာမှ မဲ့ပြုံးကို သူ မြင်သွားသောအခါ သူ ပင့်သက်တစ်ချက် ရှိုက်၍ စကားရပ်ပစ်လိုက်၏။ ထို့နောက် နေရာမှ ထွက်သွားရန် ဟန်ပြင်သည်။ ကျွန်မ ပြုန်းခနဲ သူ့လက်ကို ဖမ်းဆွဲထားလိုက်မိလေသည်။

'အို....ပြော စမ်းပါဦး၊ ရှင် ကျွန်မကို ဘာတွေများ လိုက်လျောခဲ့ပါလိမ့်'

www.burmeseclassic.com

www.burmeseclassic.com



သူ ရုတ်တရက် မျက်နှာ နီမြန်းအောင် ဒေါသထွက်သွား၏။

'ကောင်းပြီ.... မင်း သိချင်ရင် ကိုယ် ပြောပြမယ်၊ ပထမဆုံးအချက်အနေနဲ့ မင်းက ဟောဒီဇာတိမြို့ကလေးကို ချစ်တယ်၊ ကိုယ်က မြို့ကြီးကို သဘောကျတယ်၊ ကိုယ်နဲ့အတူ လိုက်နေသမျှ မင်းရဲ့ နှစ်နှစ်ကာလဟာ ကိုယ် ဘယ်လို ကြိုးစားဆွဲခေါ်ခေါ် မင်းအတွက် နေသားတကျ မဖြစ်ဘူး၊ မင်းရဲ့ အသုံးဝင်မှုဟာ ဘာလဲဆိုတာ မင်းကိုယ်မင်း မသိဘူး၊ မင်းကိုယ်မင်း အားမရဘူး၊ မင်း ဘဝကို မကျေနပ်ဘူး၊ ကိုယ့်အသိုင်းအဝိုင်းမှာ မင်း မပျော်ဘူး၊ မင်းရဲ့ညှိုးနွမ်းမှုကို ကြာရှည် ကိုယ်မြင်ရက်ပါ့မလား၊ မင်းနဲ့ အသင့်တော်ဆုံးနေရာကို ကိုယ်သိအောင် ကြိုးစားပြီး ကိုယ်ဒီမှာနေဖို့ ဆုံးဖြတ်လိုက်ရတော့တာပေါ့၊ ဒီမြို့ ရောက်တဲ့ အခါ မင်းဟာ မင်းကိုယ်တိုင်ရဲ့အရေးပါမှုကို ခံစားဖူးလာတယ်၊ ကျေနပ်ထက်ကြွလာတယ်၊ မင်းရဲ့လက်တွေက သိုးမွေးချည်တွေကို ကိုင်တွယ်တဲ့ နေရာမှာ အကျွမ်းကျင်ဆုံး၊ မင်း မျက်လုံးက ဒီဇိုင်းပုံဆန်းတွေ အကွက်ဖော်တဲ့နေရာမှာ အတောက်ပဆုံး၊ ဒါတွေကို ကိုယ် မသိဘဲနဲ့ ကိုယ့်အလုပ်ကိုယ့်ဆန္ဒကို ပစ်ပယ်ပြီး ဒီလိုချောင်ကျကျနေရာမှာ လာနေပါ့မလား'

သူ့ စကားများကို ကျွန်မ ယုံရမလား၊ မယုံရဘူးလားဝေခွဲမရပါ။

'ကိုယ် ဒီမြို့ကလေးမှာ ကျောင်းဆရာ ဝင်လုပ်တာ ကိုယ့်အတွက်လို့ မင်းထင်နေသလား၊ မင်းက ကိုယ့်ကို မင်းနဲ့ အနီးဆုံးနေရာမှာ နေစေချင်တယ်၊လောကအပေါ်၊ပတ်ဝန်းကျင်အပေါ် ကိုယ် ဘယ်လို အသုံးကျမလဲလို့ မင်း မတွေးဘူး၊ မင်းအတွက် အသုံးကျဖို့ပဲ မင်း စဉ်းစားတယ်၊ အိုးမကွာ အိမ်မကွာ နေရတဲ့ အလုပ်မျိုး ကိုယ်လုပ်မှ မင်း စိတ်ချမ်းသာတယ်၊ မင်းက ကိုယ် ခရီးထွက်မှာကို သေမလောက် ကြောက်တယ်၊ ခရီးက ပြန်လာရင် ဘယ်အရေးကြီးတဲ့ ကိစ္စကိုမှ မလုပ်ဘဲ မင်းဆီကို ချက်ချင်း

www.burmeseclassic.com

www.burmeseclassic.com



အရောက် လာစေချင်တယ်၊ ခရီးက ပြန်တဲ့အခါ အသေးအဖွဲ့ ပစ္စည်းလေးတွေကိုပဲဖြစ်ဖြစ် ကိုယ့်အမှတ်တရ လက်ဆောင်အဖြစ် မင်း မက်မောတယ်၊ မင်း ဘာကို သဘောကျတယ် ဆိုတာ ကိုယ် အမြဲ လေ့လာပြီး မင်း သဘောကျအောင် ကြိုးစား နေထိုင်ခဲ့ တယ်၊ ဥပမာကွာ.... လူရှေ့သူရှေ့ ထမင်းစားရတဲ့အခါ မင်း ပန်းကန်ထဲကို ဟင်းထည့်ပေးတဲ့ ကိုယ့်အပြုအမူကို မင်းမက်မော တယ်၊ ကိုယ့်ပန်းကန်ထဲကိုလဲ ဟင်းထည့်မပေးဘဲ မာနကြီးနေတဲ့ မင်းရဲ့ အပြုအမူကို မင်းမက်မောတယ်၊ ဘတ်စ်ကားနဲ့ ဖြစ်ဖြစ် ရထားနဲ့ ဖြစ်ဖြစ် ခရီးရှည်သွားရတဲ့အခါ မင်း အနားမှာ ကိုယ် ထိုင်နေတာနဲ့တင် မင်း ကျေနပ်တယ်၊ တတွတ်တွတ် စကားများ တာကို မင်း မကြိုက်ဘူး၊ ပူးပူးကပ်ကပ် ယုယတာမျိုးကို မင်း မကြိုက်ဘူး၊ ဒီ လင်မယား နှစ်ယောက်က တစ်ယောက်ကို တစ် ယောက် အေးတိအေးစက် နေနိုင်လိုက်တာ....ဆိုတဲ့ ဘေး ထင် မြင်ချက်မျိုးကို မင်း မက်မောတယ်၊ လမ်းခရီးမှာ တွေ့ရတဲ့ မြင် ကွင်းတွေအကြောင်း တစ်ယောက်တည်းတွေးနေရတာကို စကား ပြောရတာထက် ပိုကြိုက်တယ်၊ ဘေး ခရီးသွားဖော်တွေနဲ့ ကိုယ် စကားလက်ဆုံကျတာကို မင်း မကြိုက်ဘူး၊ မင်း မကြိုက်လိုက် တာ.... ဆိုတဲ့ အပြုအမူမျိုး ကိုယ့်ဆီမှာ ဘယ်နှစ်ခါ တွေ့ဖူး လို့လဲ'

ကျွန်မ မပြုံးဘဲ မနေနိုင်တော့ပါ။

'မိဘ ဆွေမျိုး အသိုင်းအဝိုင်းကြားမှာ ပြဿနာ ဖြစ်တဲ့ အခါ၊ မင်း စိတ်ညစ်ရတဲ့အခါ မင်းက မာနကြီးတစ်ခွဲသားနဲ့ ပြောပြတိုင်ပင်ဖို့ ဝန်လေးဘတ်ပေမယ့် ကိုယ်က မင်း အရိပ်အကဲ ကို သိတယ်၊ မင်းရဲ့ ဒေါသတွေကို ကိုယ့်ဆီ လမ်းလွှဲလာအောင် ကိုယ်က မျှယူပေးရတယ်၊ မင်းကို ဆရာ လုပ်တာ မင်း မကြိုက် ဘူး၊ အထက်စီးလေသံနဲ့ ကိုယ် အကြံပေးမိရင် အဲဒီ အကြံ ချက်ကို မင်းက ပြောင်းပြန်ဖြစ်အောင် လုပ်ပစ်တတ်တယ် မှား သွားတော့မှ ကိုယ်မသိအောင် ကျိတ်ခံတယ်၊ ဒါတွေကို ကိုယ်

www.burmeseclassic.com

www.burmeseclassic.com



မသိဘဲ နေပါမလား၊ မင်းပြဿနာကို ကိုယ် ဖြေရှင်းပေးတဲ့ အခါတိုင်း ကိုယ် ဖြေရှင်းပေးတယ်လို့ မထင်ရအောင်၊ မင်းရဲ့ ကိုယ်ပိုင်စိတ်ကူးတွေလို့ ထင်အောင် ကိုယ် ဆွဲခေါ်သွားခဲ့တယ်၊ မင်းရဲ့ ဝမ်းနည်းမှု၊ နာကျည်းမှုတွေဟာ ဘယ်တော့မှ အချိန်မကြာခဲ့ရပါဘူး၊ မင်းဘဝမှာ အားလုံး ကျေနပ်နှစ်သိမ့်အောင် ကိုယ် ကြိုးစားခဲ့တာချည်းပါပဲ'

ထူးဆန်းသော စကားများကို သူ တောက်လျှောက် ပြောသွားပြီး သူ့ သစ်ပင်ကို ရေလောင်းဖို့ ပြင်ဆင်သောအခါ စကားဆက် ပြတ်သွားတော့သည်။ ထိုအကြောင်းများကို နောက်ထပ်လည်း စကားမစပ်မိကြပါ။ ကျွန်မ မနှစ်သက်သော ဤသစ်ပင်ကို ဤအခန်းထဲ ကာလကြာရှည်စွာ ထားနေသေးသော သူ့ အပြုအမူနှင့် သူ ပြောသွားသော စကားများကို ဖြစ်နိုင် မဖြစ်နိုင် ချိန်ဆရင်း ကာလများစွာ ကုန်ခဲ့ရပြန်သည်။

ကျွန်မတို့ အခန်းထဲသို့ ထိုအပင် ရောက်လာပြီး သုံးနှစ်ကျော်သောအခါမှာတော့ ကျွန်မ၏ သည်းခံနိုင်စွမ်း ကုန်ဆုံးသွားသည်၊ သည်လောက်ဆို တော်လောက်ပြီဟု ကျွန်မ ဆုံးဖြတ်ကာ ကျွန်မ အခန်းပြောင်းလိုက်ပါတော့သည်၊ သည်တော့လည်း သူက မတုန်မလှုပ် ဆေးလိပ် ထိုင်သောက်ရင်း ကျန်ခနေခဲ့လေသည်၊

သည်တစ်ခါ ကျွန်မ၏ အခန်းထဲသို့ နောက်ထပ် အပင် တစ်ခု ယူလာလျှင်တော့ သူနှင့်ကျွန်မ အပြတ်ပဲဟု စိတ်ကူးဖြင့် ဘိုတင်ကြိမ်းဝါးရင်း ဒေါသထွက်နေခဲ့သော်လည်း သူ ဘာပင်မှ သယ်မလာတော့ပါ။ သူ့ အပင်ကို မမြင်ရတာ ကြာတော့လည်း ကျွန်မဒေါသတွေ ပြေကာ မေ့စပြုလာသည်။ တစ်ခါ တစ်ရံ ထမင်းဝိုင်းမှာ သစ်ပင်တွေအကြောင်း သူ ပြောပြခဲ့လျှင်တော့ ကျွန်မ ရုတ်တရက် သတိရသွားကာ သူ့ အခန်းထဲက တစောင်းပင်ကြီး၏ အခြေအနေကို လှမ်းမာ အခြေအနေ မေး

www.burmeseclassic.com

www.burmeseclassic.com



သလို မေးမိသည်။ သူ့ထံမှ မထူးခြားသော အဖြေကိုသာ တစ်သမတ်တည်း ရ၏။

သည်လိုနှင့် ဤအပင်ရောက်ပြီး ငါးနှစ်လောက် ကြာသော နေ့တစ်နေ့တွင် သူ ရုတ်တရက် ကွယ်လွန်ခဲ့ပါသည်။

***

သူကွယ်လွန်မည့်နေ့က ညဉ့်အတော်နက်သည်အထိ ခြံထဲမှာ သူရှိနေသည်။ ထိုညက လသာ၏။ ပင်လယ်ကဗွီးပင်ကြီးအောက်တွင် ပက်လက်ကုလားထိုင်ပေါ်၌ ထိုင်ရင်း သူ အိပ်ပျော်သွားခဲ့သည်။ ကျွန်မ အိပ်ရာဝင်သည်အထိ သူ ခြံထဲက တက်မလာသေးပါ။ ပထမတော့ သူ့သွားခေါ်လျှင် သူ တစ်မျိုးတစ်မည် ထင်မှာစိုး၍ ပေကတ်အိပ်ဖို့ ကြိုးစားသေး၏။ နောက်တော့ နှင်းတောထဲတွင် သူ့ကို စိတ်ချလက်ချထားပြီး မအိပ်နိုင်တော့သဖြင့် သွားခေါ်ရသည်။ ကျွန်မနှိုးတော့ သူ့လက်ဖျားများ အေးစက်လျက်ရှိသည်။ သူက လွယ်လွယ်ကူကူပင် ထလိုက်လာ၏။ ကျေးဇူးပဲ....ဟုပင် သူ ပြောခဲ့ပါသေးသည်။ နောက်တစ်နေ့ သူ့အခန်းထဲက ထွက်မလာ၍ ဝင်ကြည့်တော့ သူ အိပ်ရာပေါ်မှာ မလှုပ်ရှားနိုင်တော့ဘဲ ဝူးဝူးဝါးဝါး ဖြစ်နေသည်။ ကျွန်မ ထိတ်လန့်ငိုကြွေးကာ ဆရာဝန်ပင့်တော့ ဆရာဝန်က မရနိုင်တော့ဘူးဟု အသိပေးသည်။ ဦးနှောက်သွေးကြောပြတ်ပြီတဲ့။ ထိုည သန်းခေါင်အချိန်တွင် သူ ကွယ်လွန်ခဲ့ပါသည်။

တကယ်တမ်း သူ ကွယ်လွန်သည့်အခါမှာတော့ ကျွန်မ သူ့အပင်များကို ခေါ်နှင့် မခွတ်ဖြစ်တော့ပါ။ အပင်တစ်ပင်တိုင်းသည် သူ့လက်ဖြင့် ထိတွေ့ပြုစုထားလို့လား မသိ၊ ကျွန်မနှင့် အလွန် ရင်းနှီးနေသလို ခံစားရပါသည်။ အပင်တိုင်းကို ကျွန်မ ကိုင်တွယ် ချဉ်းကပ်လေသမျှ သူ့အရိပ်အငွေ့များ ထင်ဟပ်ကာ နွေးထွေးနေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ သစ်ပင်မှုန်းတီးကြောင်း သူ ပြောပြထားခဲ့လေသလား မသိ၊ သူ့မိတ်ဆွေတချို့က ကျွန်မထံ ဟိုအပင်လာတောင်း၊ သည်အပင်လာတောင်း လုပ်သေး၏။ ကျွန်မ ဘယ်သူ့ကိုမျှ ဘာအပင်မျှ မပေးခဲ့ပါ။ သူ့ဘဝ၏ တစ်ဝက်တစ်ပိုင်းသည် ကျွန်မဖြစ်၍ ကျန်တစ်ပိုင်းသည် သစ်ပင်များ ဖြစ်သည်၊ သားသမီးသဖွယ် သူသဘောထားခဲ့သော သစ်ပင်များကို ကျွန်မ မစွန့်ပစ်ရက်ပါ။ ကျွန်မသည် သူ့အပေါ် ချစ်မြတ်နိုး တမ်းတစိတ်ဖြင့် ဥယျာဉ်ထဲမှာ အပင်များကို လိုက်လံငေးမော ရေတွက်ရင်း မျက်ရည်ကျခဲ့ရသော ရက်များ မနည်းလှပါ။ သူမရှိသောအခါ အပင်များသည် တဖြည်းဖြည်း ညှိုးငယ်လာသည်။ အပင်များကို မနေ့စဉ် ကြည့်ရှုနေရင်းက သူတို့ တစ်ယောက်ယောက်ကို လိုအပ်နေပြီဟု ကျွန်မ နားလည်လာသည်၊ ခက်တာက မည်သည့်အပင်ကို မည်သည့်ပိုးသတ်ဆေး ဖျန်းပေးရမည်နည်း၊ မည်သည့် အကိုင်းအခက်ကို မည်သည့်အချိန်တွင် ဖြတ်တောက်ပေးရမည်နည်း။ ကျွန်မ ဘာမျှ မသိပါ၊ မာလီတစ်ယောက်လောက် ငှားရမည်လား။ သို့သော် သူ့လက်ဖြင့် ကိုင်တွယ်မျိုးယူခဲ့သော အပင်များကို ကျွန်မ လက်ဖြင့်သာ ထိတွေ့ ပြုစုလိုပါသည်။

နောက်တော့ သူ့နေရာကို ကျွန်မ ဝင်ဖို့ ဆုံးဖြတ်လိုက်သည်၊

ကံကောင်းထောက်မစွာပင် အမြော်အမြင်ကြီးလှသောသူက အပင်တိုင်းတွင် နာမည်ကတ်ပြားများ ချိတ်ဆွဲထားခဲ့လေသည်၊ ကျွန်မက ထိုကတ်ပြားမှ နာမည်ကို ဖတ်ကာ သူ့စာအုပ်စင်မှ ရုက္ခဗေဒစာအုပ်များ၊ ဥယျာဉ်စိုက်ပျိုးနည်း စာအုပ်များဖြင့် တိုက်၍ လေ့လာဖတ်ရှုရသည်၊ ရုက္ခဗေဒ နာမည်များသည် ကျွန်မ ခေါင်းကိုက်ရလောက်အောင် ရှည်လျား ရှုပ်ထွေးလှ၏။ အပင်တစ်ပင်၏ နာမည်ကို စာအုပ်ထဲတွင်တွေ့ရပြီး ပြုစုနည်းကို ဖတ်ရှု သိရှိရသောအခါ ကျွန်မ စိတ်ကြည်နူး ချမ်းမြေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com


တချို့ပန်းပင်ကို သူက သံစည်ပိုင်းဖြင့် စိုက်ပျိုးပြီး တချို့ပန်းပင်ကို မြေကြီးတွင်ချ၍ စိုက်ပျိုးခဲ့သည်။ တချို့ ပန်းပင်ကို မြေပန်းအိုးဖြင့် စိုက်ပျိုးပြီး တချို့ကို သစ်ပင်ကြီးများတွင် ကပ်၍လည်းကောင်း၊ သစ်ချောင်းခွက်ကလေးများပြုလုပ်၍ ကြိုးဖြင့်ချိတ်ဆွဲပြီး လည်းကောင်း စိုက်ခဲ့သည်။ လိုအပ်သော အပူချိန်၊ အစိုဓာတ်၊ အမြစ်၏ ရေထိန်းသိမ်းနိုင်စွမ်းအား စသည်တို့ကို ယခုတော့ ကျွန်မ နားလည်ခဲ့ပါပြီ။ အပင်တွင် တွယ်ကပ်နေသော ပိုးဥများ၊ ပျားဥများကို ကျွန်မ ရှာဖွေ ဖယ်ရှားတတ်ပြီ။ ဒီဒီတီ ပိုးသတ်ဆေးလိုသော အပင်နှင့် ဆာလဖာမှုန့်လိုသော အပင်ကို ခွဲခြားတတ်ပြီ။ ရေဝပ်ရမည့်အပင်၊ ရေစီးကြောင်း ဖွင့်ပေးဖို့ လိုအပ်သည့်အပင် ခွဲခြားတတ်ပြီ။ အရိပ်ကြောက်သော အပင်နှင့် အရိပ်ခံနိုင်ရည်ရှိသော အပင်ကိုလည်း ခွဲခြားတတ်ပြီ။

တကယ်တော့ သစ်ပင်များသည် စိတ်ဝင်စားဖို့ကောင်းပါသည်။ သူသည် ကျောင်းမှာ ကျောင်းသားများကို ပြုပြင်ထိန်းသိမ်းပြီး အိမ်မှာ အပင်များကို ထိန်းသိမ်းသူဖြစ်သည်။ သူ့သစ်ပင်များကို သူမြတ်နိုးသလိုပင် ကျွန်မ တွယ်တာမိနေပြီဖြစ်ကြောင်း သူသိစေချင်လှပါသည်။ ကျွန်မက သူ့ထက်သာသည့် အချက်မှာ မိန်းမပီပီ အနေအထား အလှအပ ခန့်မှန်းတတ်ပြီး လှပစွာနှင့် မှန်ကန်စွာ နေရာချထားပေးတတ်ခြင်းပင် ဖြစ်သည်။ သစ်ပင်များကို ပြုပြင် ထိန်းသိမ်းရင်း သူ့ကို မေ့အောင်ကြိုးစားနေခိုက် တစ်ညမှာတော့ ကျွန်မ သူ့ကို အိပ်မက် မက်ပါသည်။

နိုးလာသော အချိန်ကျမှသာ အိပ်မက်ဟု သိလိုက်ရသော်လည်း တကယ်ဖြစ်နေသလို ကျွန်မ ခံစားနေခဲ့ရဘာ ကျွန်မ မှတ်မိသည်။ အိပ်မက်ထဲမှာ သူ့ အဝတ်အစားတွေက ကပိုကရို။ ဟိုတုန်းကလိုပဲ သူ့အခန်းထဲက ခုတင်ပေါ်တင်ပြီး ငုတ်တုတ်ထိုင်၍ ဆေးလိပ်သောက်နေသည် တဲ့။ ကျွန်မက သူ့ဆေးလိပ်ကို ဆွဲယူလွှင့်ပစ်ရန် ကြိုးစားတော့ သူက ခေါင်းမော့စွာ ပြုံးသည်။ ကျွန်မက အမြင်မှာလိုပင် ရှေ့သကြီးလျှက်

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို အခန်းထဲက နှင်ထုတ်သည် တဲ့။ သည်တော့ သူက အထက် စီး အပြုံးဖြင့် ခေါင်းယမ်းသည်။

'ဘာဆိုင်လဲ၊ ဒါ ကိုယ့်အခန်းလေ၊ ဆေးလိပ်နံ့မခံနိုင်ရင် မင်းအခန်းထဲ မင်းသွားနေပေါ့' တဲ့။

ထိုည သန်းခေါင်ကျော်တွင် ကျွန်မ ဖြုန်းခနဲ လန့်နိုး လာတော့ သူ့ဆေးလိပ်နံ့ကိုပင် ရလာသလို ခံစားရသည်။တစ် ယောက်တည်း အထီးကျန်ရက်များစွာ ကုန်လွန်အောင် ကျွန်မ၏ အခန်းထဲမှာ တိတ်ဆိတ်ခက်ခဲစွာ ရင်ဆိုင်ဖြတ်ကျော်ခဲ့ရသည်ကို တွေးမိတော့ ရင်ထဲ တင်းကျပ် ဆို့နင့်ကာ ချက်ချင်း ငိုချပစ် လိုက်ချင်၏။ တိတ်ဆိတ်ကြေကွဲဖွယ်ညတွင် ငြိမ်သက်စွာ ငေးမော ဝမ်းနည်းရင်းက ခေါင်းရင်း အခန်းထဲသို့ ကျွန်မ မဝင်ဖြစ်တာ ကြာပြီပဲဟု သတိရနေသည်။ ထိုအခန်းထဲသို့ ယခုနေ ကျွန်မ ဝင် သွားချင် အိပ်မက်ထဲကလိုပင် ခုတင်ပေါ်မှာ ထိုင်နေသော သူ့ကို မြင်ရမလားဟု မရေမရာ စိတ်ကူးဆန်းပြားလျက် သွား လည်း သွားချင်၊ သွားလည်း မသွားရဲဘဲ ဖြစ်နေသည်။ ကျွန်မ သည် ငြိမ်သက်စွာ လဲလျောင်းရင်းက တဒိတ်ဒိတ် ရင်ခုန်လှုပ်ရှား လာကာ လက်ဖျားတွေ အေးစက်တုန်ခိုက်လာ၏။

ကျွန်မ ကြောက်နေတာလား၊ မဖြစ်နိုင်ပါ။ ကျွန်မသည် သူ့ကို ချစ်မြတ်နိုးစွာ လွမ်းဆွတ်နေဆဲ ဖြစ်သောကြောင့် သူနှင့် ဖြုန်းခနဲ ရင်ဆိုင်တွေ့ဖို့ အကြိမ်များစွာ မျှော်လင့် ရှူးသွပ်ခဲ့ဖူး ပါသည်။

ထိုညက ပြန်လည်အိပ်ပျော်အောင် ကြိုးစားရင်း တဖြည်း ဖြည်း မျက်စိကြောင်လာကာ နာရီသံကို နားစွင့်လျက် မြန်မြန် မိုးလင်းပါစေဟု ဆုတောင်းနေရသည်။ကျွန်မ ဆုတောင်း မပြည့် ပါ။ အချိန်သည် ကုန်နိုင်ခဲလှ၏။ နောက်ဆုံး ဘယ်လိုမှ သည်း မခံနိုင်တော့သောအခါ ဝုန်းခနဲ ကျွန်မ ထထိုင်လိုက်မိသည်။

သူ့ အခန်းမှာ ဖုန်တွေ ထုတက်ကိုလို့ ရှိမှာပဲ၊ အလှ်အသန့် အရှင်း ကြိုက်တဲ့သူဟာ သူ့ အခန်းကို သည်လို တံခါးပိတ်ပြီး ပစ်

www.burmeseclassic.com

www.burmeseclassic.com



စလက်ခတ်ထားတာ တွေ့ရင် ဘယ်လောက်များ ဒေါသကြီးလိုက်မလဲ။

ကျွန်မ သူ့အခန်းသို့ အားတင်း၍ ဝင်ရောက်သွားပါသည်။

တံခါး ဖွင့်လှျင် ဖွင့်ချင်း ကျွန်မ သတိထားမိသည်မှာ ထူးဆန်းသော အနံ့တစ်မျိုး ဖြစ်သည်။ အိပ်မက်ထဲကလို ဆေးလိပ်နံ့ မရပါ။ ရေမွှေးနံ့လိုလို ပန်းနံ့လိုလို သင်းမွှေးသော ရနံ့ဖြစ်သည်။ ကျွန်မ စိတ်ထင်တာများလားဟု ကြောက်လန့်တကြား ရှူရှိုက်ကြည့်တော့ တဏှာယ့်ကို ဧပြုပြစ်သော မွှေးရနံ့ ဖြစ်သည်။ ကျွန်မ ရင်တဒိတ်ဒိတ်ခုန်ရင်းက မီးခလုတ်ကို စမ်းကာ ဆွဲချဖွင့်လိုက်သည်။

လင်းထိန်သွားသော မီးရောင်အောက်တွင် သူ့ခုတင်သည် ဘာပစ္စည်းမှ မရှိဘဲ အထီးကျန်စွာ ရှင်းလင်းနေလေသည်။ သူနှင့်တူသော အရိပ်အယောင်ကလေးမျှမရှိ။ ထူးခြားဆန်းကြယ်သော အရာဟူ၍လည်း မရှိ။ မြင်နေကျ အရာများဖြင့် ခြောက်သွေ့တိတ်ဆိတ်သော အခန်းသည် ကြေကွဲဖွယ်ရာ ညှိုးငယ်နေသည်။ ထူးခြားတာ တစ်ခုကတော့ မွှေးရနံ့ပဲ ဖြစ်ပါသည်။ ကျွန်မသည် အသက်ကင်းမဲ့နေသော အခန်းကို ငေးမောနေရာမှ ပင့်သက်တစ်ချက် ရှိုက်ကာ ပြန်လှည့်ထွက်ဖို့ ပြင်ဆင်လိုက်သည်။

ထိုအချိန်မှာပင် ကျွန်မ၏ မျက်စိထောင့်တွင် တစ်စုံတစ်ခု လှုပ်ရှားသွားသလို ရိပ်ခနဲ မြင်လိုက်ရ၏။ နှလုံးခုန် ခဏ ရပ်သွားသည်။ အသက်ရှူဖို့ပင် မေ့လျော့သွားကာ အားတင်း၍ လှမ်းကြည့်လိုက်ပါသည်။ ထိုအရာကို ခေါင်းရင်းထောင့်ဆီမှာ မြင်လိုက်ရသည်။ ရှည်မျောသော ထိုအရာသည် ကျွန်မ ချောက်ချားရလောက်အောင်ပင် လေဖြင့် လှုပ်ရှားခဲ့ဟန် တူပါသည်။

သူ့ကို ကျွန်မ မေ့နေခဲ့သည်မှာ မည်မျှ ကြာပြီနည်း။

အရှုပ်ဆိုးလှသော အပင်ကြီးသည် လက်တံရှည်များ ဖြာထွက်လျက် အုတ်နံရံတွင် မျက်နှာကျက်ထိလုနီးပါး တွယ်တက်



www.burmeseclassic.com

www.burmeseclassic.com



တွန့်လိမ်နေသည်။ တဒိုင်းဒိုင်း ခုန်သွားသော နှလုံးရှိရာသို့ ငြိမ်သက်အောင် လက်ဖြင့်ဖိလျက် ထိုအပင်ကြီးကို ထိတ်လန့်စွာကြည့်မိသောအခါ ကျွန်မသည် ထူးခြားမှုကို မြင်ရသည်၊ အမွေးအမျှင်များ၊ ဆူးချွန်များဖြင့် စိမ်းမှောင်သော လက်တံကိုင်းများအကြားတွင် ရှည်မျော့မျော့ အဖြူရောင်အရာတစ်ခု တွဲလောင်းကျနေ၏၊ ကျွန်မ ခြေလှမ်း တစ်လှမ်းချင်း တွန့်ဆုတ်စွာ လှမ်း၍ တိုးကပ်သွားမိသည်။ အပင်နှင့် နီးကပ်လာလေလေ မွှေးရနံ့က ပို၍ သင်းပျံ့လာလေ ဖြစ်သည်။ လက်တစ်ကမ်းအကွာမှာ ကျွန်မသည် သတိဖြင့် ရပ်တန့်လိုက်၏။ မြင်ရသောအရာကို မယုံကြည်နိုင်စွာ ငေးစိုက် ကြည့်နေမိခဲ့လေသည်။

နောက်ဆုံးတော့ ရှားစောင်းပင်ကြီးမှာ ပန်းပွင့် ပွင့်ခဲ့ပြီ။

ပန်းပွင့်သည် ဖြူဖွေးကာ ရှည်လျားလှ၏၊ လက်တစ်ထွာကျော်ကျော်လောက် ရှိသည်။ ကျွန်မသည် ပန်းပွင့်ကို မဝံ့မရဲ လက်ဖျားဖြင့် ထိတို့ကြည့်မိ၏။ နူးညံ့သော ပွင့်ဖတ်၏အတွေ့သည် အေးစက်နေသည်၊ ထို့နောက် ပင်စည်လား အရွက်လား ကျွန်မ မခွဲခြားတတ်သော အမွေး ဖုံးလွှမ်းသည့် အစိမ်းရောင် လက်တံများကို တဖြည်းဖြည်းချင်း ထိတို့ကြည့်မိသည်။ အပင်ကြီးသည် ရေလောင်းမည့်သူနှင့် ကင်းဝေးနေပြီး ပင့်ကူမျှင်များ တိုးလို့တွဲလောင်း ငြိတွယ် အိမ်ဖွဲ့လျက် ရှိသည်။

ကြည့်နေရင်းမှာပင် ကျွန်မ စိတ်ကို ဆုံးဖြတ်ချက်ချလိုက်ပြီး ဖြစ်သွား၏၊ မနက်ဖြန်မှစပြီး ကျွန်မ ဤအခန်းထဲသို့ ပြောင်းရွှေ့တော့မည်၊

နောက်တစ်နေ့နံနက် အခန်းထဲသို့ ကျွန်မ ဝင်ရောက်သွားသောအခါ ထူးဆန်းမှုတစ်ခု တွေ့ရပြန်၏။ညတုန်းက ဆန်းဆန်းစွာ ပွင့်ခဲ့သော ပန်းပွင့်ဖြူကြီးသည် ငုံပိတ်လျက် ရှိလေသည်။ ပထမတော့ ကျွန်မ ထိတ်လန့်တုန်လှုပ်သွား၏၊ နောက်ပိုင်းတော့

www.burmeseclassic.com

www.burmeseclassic.com



စာအုပ်များမှ တစ်ဆင့် အဖြစ်အပျက်မှန်ကို နားလည်လာပါသည်။

ပန်းအိုးပေါ်မှ နာမည်အရ ဤအပင်သည် ရှားစောင်းဘုရင်မဟု ခေါ်သော သစ်ပင် ဖြစ်သည်။ ရုက္ခဗေဒ နာမည်မှာ ဆဲရပ်စ် ဂရမ်ဒီဖလိုးရပ်စ် (Cereus grandiflorus) ဖြစ်သည်၊ နွယ်တက်တတ်သော သဘော ရှိသည်။ ရနံ့သင်းသော အဖြူရောင်ပန်းပွင့် ပွင့်သည်၊ သို့သော် ပန်းပွင့်မှာ ညအချိန်ရောက်မှ ပွင့်သည်။ ရေများလွန်းခြင်းသည် အမြစ်ကို ပုပ်စေတတ်သည်။ ရေစီးကြောင်း ကောင်းသော အိုးတွင် စိုက်ပျိုးရမည်။

ထိုနေ့မှစ၍ ကျွန်မ ဤအခန်းကို ရှင်းလင်းကာ သူ့အပင်ကို စနစ်တကျ ပြုစု စောင့်ရှောက်ခဲ့ပါသည်။ ညတွင် ထို ပန်းရနံ့က နှစ်သက်မိန်းမူးဖွယ် ကောင်းလှသည်။ ကျွန်မသည် တစ်ခါတစ်ရံ အခန်းမီး ပိတ်လျက် ပြတင်းပေါက် ဖွင့်ကာ လရောင်အောက်က ထိုအပင်ကို တိတ်ဆိတ်စွာ ငေးမောနေတတ်ပါသည်။ တွန့်လိမ်ကြမ်းတမ်းသော ထိုအပင်ကြီးမှ လှပမွှေးပျံ့သော ပန်းပွင့်ဖြူတစ်ပွင့် ပွင့်လာသည်မှာ မယုံနိုင်စရာပင် ဖြစ်သည်။

တစ်ခါတစ်ရံ လေပြင်း တိုက်ခိုက်မှုကြောင့် ထိုအပင်၏ အကိုင်းအလက်များ အနည်းငယ် လှုပ်ရှားသွားလျှင် ခပ်တိုးတိုး ညည်းညူသံကို ကြားလိုက်ရသလို ရှိသည်။ အသား များပြီး အရည်ရွှမ်းသော ထိုအချောင်းများထဲတွင် ရေတွေ ရှိနေဟန်တူသည်။ ပင်စည်ထဲက နူးညံ့ညင်သာသော ရေသံသည် သူ ညည်းညူလိုက်သည့် အသံလိုပင် ချိုမြ၏။ ထိုအသံမှာ နားထောင်ကောင်းသောကြောင့် တစ်ခါတစ်ရံ လေမတိုက်သည့်ညများတွင် ကျွန်မ လက်ဖြင့် အသာအယာ လှုပ်ရှားပေးပြီး နားထောင်လေ့ရှိပါသည်။

တဖြည်းဖြည်း ကျွန်မနှင့် ထိုအပင် ရင်းနှီးလာသည်။ သူသည် တစ်ခါ ပန်းပွင့်လျှင် ရက်အကြာကြီး ခံ၏။ နံနက်ခင်းလင်း၍

www.burmeseclassic.com



အိပ်ရာမှ နိုးချိန်တွင် ပန်းပွင့်သည် ငုံသွားတတ်ပြီး ည အိပ်ရာဝင်တွင် ပြန်ပွင့်လာပြန်၏။ ထိုအချိန်မှာတော့ အခန်းထဲတွင် လေထုသည် မွှေးပျံ့လျက် လန်းဆန်းနေလေသည်။ ပန်းရနံ့၏ ထုံယစ်မှု အောက်တွင် ကျွန်မသည် ပူပင်သောကများ ကင်းစင်ကာ တဖြည်းဖြည်း အိပ်ပျော်သွားတော့သည်။ သူ့ မွှေးရနံ့ဖြင့် အိပ်ပျော်ရင်း မက်ရသော အိပ်မက်များသည် အမြဲ လှပနေတတ်သည်။

ဤအပင်သည် ပတ်ဝန်းကျင် အပူကို စုပ်ယူပေး၏။ အခန်း အပူချိန် မြင့်တက်လာပြီး ထိုင်းမှိုင်းလာချိန်တွင် သူက တွန့်လိမ်ရင်း ထောင်မတ်လျက် ရှိသည်။ အခြားအခန်း၏ အပူချိန်ထက် ဤအခန်း၏ အပူချိန်က ပို၍ လျော့နည်းသွားသည်ဟု ကျွန်မ ထင်ပါသည်။ ပြင်ပ အပူချိန်ကို သူ အားလုံး စုပ်ယူလိုက်သလိုပင် ဖြစ်သည်။ တကယ်တော့ သူသည် အပူချိန်ကိုသာမက အခြား အရာများကိုလည်း စုပ်ယူနိုင်ကြောင်း တဖြည်းဖြည်း ကျွန်မ သိလာပါသည်။

ပတ်ဝန်းကျင်ကြောင့် ထိခိုက် ရှနာမှုများကို ခံစားရင်း အဆင်မပြေမှုများဖြင့် အထီးကျန်စွာ ရင်ဆိုင်နေရသော ကျွန်မသည် တစ်ခါတစ်ခါ ခင်ပွန်းဖြစ်သူအား အားကိုး တိုင်တည်လိုစိတ်ဖြင့် တမ်းတမိသည်။ ထိုသို့ တမ်းတမိတိုင်း ရှားစောင်းပင်ကြီးရှေ့မှာ မတ်တတ်ရပ်ကာ တွန့်လိမ်ကြမ်းရှသော လက်တံစိမ်းများကို ထိတို့လှုပ်ရှားပေးရင်း ကြေကွဲစွာ ငေးမောမိသည်၊ ပင်စည်အတွင်းမှ သူ့ရယ်သံနှင့် ဆင်တူသော ခပ်တိုးတိုးဖွဖွအသံများကို အာရုံ စူးစိုက်နားထောင်နေမိသည်။ ဘာပဲဖြစ်ဖြစ် ထိုတစ်ခဏမှာ ကျွန်မ၏ စိတ်ဒဏ်ငယ်မှုများ ပြေပျောက်သွားတတ်လေသည်။ နာကျည်းဒေါသများ၊ ဝမ်းနည်းတုန်လှုပ်မှုများသည် တိုးတိတ်သည့် အသံအောက်မှာ လွင့်စဉ် ကွယ်ပျောက်ခဲ့ရတော့ပါသည်။

***

www.burmeseclassic.com



တစ်ခါ တစ်ခါတော့ သူ့သစ်ပင်များကို ပြုစု စောင့်ရှောက်ရင်း သူ့အကြောင်း မကြာခဏ စဉ်းစားမိပါသည်။

သူ့ဘဝတွင် သူအလိုချင်ဆုံးအရာက ဘာလဲ၊ သူ အဖြစ်ချင်ဆုံးဘဝက ဘာလဲ၊သူ အတောင့်တဆုံး ဆန္ဒက ဘာလဲ၊ကျွန်မကို သူ ဘယ်လို ဖြစ်စေချင်ခဲ့သလဲ၊ ကျွန်မ ပြောစေချင်သောစကားချိုးက ဘာလဲ၊ လောကအာလယ်တွင် ကျွန်မကို ရပ်တည်စေချင်သော ပုံစံက ဘာလဲ။

သူ့အကြောင်းကို စဉ်းစားကြည့်ရသည်မှာ အဖြေမထွက်သော ပုစ္ဆာတစ်ပုဒ်ကို ထပ်တလဲလဲ တွက်နေရသလို တခါလည်းလည် ရှိလှသည်။ ယခုတော့ သူ့ဆန္ဒတွေကို ကျွန်မ အကဲခတ်သိနိုင်ဖို့ လုံးဝ နောက်ကျသွားခဲ့ပြီ။


ဂျူး
(၁၉၉၃၊ ဇွန်လ၊ မြားနတ်မောင်)

www.burmeseclassic.com

www.burmeseclassic.com

ပ ၆ ၃

# အိမ်






www.burmeseclassic.com

www.burmeseclassic.com

ဈ ဒ် ည

# အိမ်



Monotype #165

www.burmeseclassic.com

www.burmeseclassic.com

## ချစ်သူ့အိမ်

ဘူတာသို့ ရထားဆိုက်ချိန်သည် ညနေ ၆ နာရီခွဲနေပြီ ဖြစ်သော်လည်း မှောင်ရီပျိုးစသာ ရှိသေး၏။ သူ သယ်ယူရမည့် ပစ္စည်းများမှာ လက်ဆွဲအိတ်တစ်လုံးနှင့် ပန်းချီဆွဲရာတွင် အသုံးပြုသည့် သုံးချောင်းထောက် ခုံသာ ဖြစ်သည်၊ သို့သော် သုံးမိနစ် အချိန်ကလေးတွင် ကုန်ပစ္စည်းများကို ရထား ပြတင်းပေါက်မှ ကျော်၍ တင်သူတင်၊ ဆင်းသူဆင်း၊ တက်သူတက်ဖြင့် ရှုပ်ယှက်ခတ်နေသော လူအုပ်ကြားမှာ သူ ခက်ခဲစွာ တိုးထွက်လာခဲ့ရ၏။

သူသည် သုံးချောင်းထောက် ခုံ တစ်ဖက်၊ လက်ဆွဲအိတ် တစ်ဖက်ဖြင့် ဘူတာပေါက်ဝသို့ ရောက်သွားသောအခါ သူ မျှော်လင့်သည့်အတိုင်း သူ့ မိတ်ဆွေ လာကြိုနေသည်ကို တွေ့လိုက်ရသည်၊ သူ့ မိတ်ဆွေ မာတင်ပုံဆရာသည် သူ့ ထံသို့ ပြုံးယား ဖား

www.burmeseclassic.com

www.burmeseclassic.com



ယား ပြေးလာပြီး သူ့ထံမှ လက်ဆွဲအိတ်ကို လှမ်းယူသည်။ မတွေ့ရတာ နှစ်တော်တော်ကြာပြီဖြစ်သော မိတ်ဆွေနှစ်ဦးသည် တစ်ယောက်လက်ကို တစ်ယောက် အကြာကြီး ဆုပ်ကိုင်ထားကာ ပြုံးနေရင်း ချက်ချင်း စကားမပြောနိုင်ကြဘဲ ရှိနေ၏။

သူတို့နှစ်ယောက်စလုံး အသက်အရွယ်တူ လေးဆယ်ကျော် ပတ်ဝန်းကျင် ဖြစ်ကြသည်။ မြို့ကြီးမှာနေသော ပန်းချီဆရာက ရုပ်ရည်ပို၍ ရင့်ရော်လျက် အသက်ပိုကြီးသလို ထင်ရသည်။ နှစ်ယောက်စလုံးပင် ကိုယ်လုံးကိုယ်ထည် ပိန်သွယ်ပြီး အရပ် ရှည်ကိုင်းကြ၏။ အဖြူရောင်နှင့် မီးခိုးရောင် စွက်နေသော ဆံပင်များကို နောက်ပြန် လှန်ဖြီးထားကြသည်။

'လာဗျာ....ဟိုရှေ့မှာ မြင်းလှည်း ရပ်ထားခဲ့တယ်၊ မြို့ကို ရောက်ဖို့ နှစ်မိုင်လောက် သွားရဦးမယ်'

ဘူတာရှေ့ ခပ်လှမ်းလှမ်းတွင် ရပ်ထားသော မြင်းလှည်း ဆီသို့ သူတို့လျှောက်လာကြသည်။ မြင်းလှည်းမောင်းသူ ရှိမနေပါ။

'ကျွန်တော့်သားရဲ့ မြင်းလှည်းဗျ၊ အလှူတစ်ခုမှာ သူ့ကို ခေတ်ပုံရိုက်ခိုင်းလိုက်ပြီး ကျွန်တော်ကိုယ်တိုင် ခင်ဗျားကို လာကြိုတာ၊ အလုပ်ချင်း ခဏ လဲလိုက်တာပေါ့ဗျာ'

ထို့နောက် သူတို့နှစ်ယောက် နွေးထွေးစွာ ရယ်မောကြသည်။

မြင်းလှည်းရှေ့ပိုင်းတွင် သူတို့နှစ်ယောက်လုံး ပူးကပ်၍ ထိုင်ကြသည်။ အနောက်ဘက် ကောင်းကင်တွင် နီရောင်သန်းဆဲ လင်းလက်နေသော်လည်း အထက်ကောင်းကင်မှာတော့ ပြာမှောင်စ ပြုပြီ။ လင်းပြင်သည် မျက်စိတစ်ဆုံး ကျယ်ပြန့်လှ၏။ လမ်းဘေး တစ်ဖက်တစ်ချက် ကျယ်ပြန့် ပြေလျှောသော မြေပြင်ပေါ်၌ ကျိုးကျဲစွာ ပေါက်ရောက်နေသော ထန်းပင်တို့သည် ရေပြင်ညီနှင့် ဒေါင်လိုက် မျဉ်းများအဖြစ် အချိုးကျ လှပနေလေသည်၊ အညိုနုရောင် လွင်ပြင်၌ မည်းနက်သော ထန်းပင်

www.burmeseclassic.com

www.burmeseclassic.com



ပင်စည်များ၊ ထိုမှတစ်ဆင့် စိမ်းညို့သော ထန်းရွက်မြွှာများ အားလုံးသည် ခြောက်သွေ့သော ပန်းချီကားတစ်ချပ်အဖြစ် ငြိမ်သက်နေသည်။

လှည်းပြင်ကို သွက်လက်စွာ ဖြတ်သန်းနေချိန်တွင် သူတို့နှစ်ယောက်သည် စီးပွားရေးအကြောင်း၊ အိမ်က သားသမီးများ၏ ပညာရေးအကြောင်း၊ အလ္လာပသလ္လာပ ပြောလာခဲ့ကြသည်။ ထို့နောက် မြင်းလှည်းသည် ကုန်းမြင့်တစ်ခုဆီသို့ နှေးကွေးစွာ တက်နေရလေသည်။ ကုန်းအတက်သည် မြင့်မားသော်လည်း ပြေလျော၏။ ပန်းချီဆရာအတွက်တော့ မြင်ကွင်းသည် ကျယ်ဝန်း လွတ်လပ်နေသည်။ ထန်းပင်များ၊ ကုက္ကိုပင်ကြီးများကို ကျော်လွန်၍ မြင်ကွင်းအဆုံးမှာတော့ ကုန်းမြင့်အောက်ခြေ ဟိုးချိုင့်ဝှမ်း အနိမ့်ထဲမှာ ဝပ်နေသော မြို့ကလေးကို မြင်လိုက်ရလေသည်။ မြို့ကလေးသည် မှိန်ပျပျ အလင်းရောင်ကလေးများ ကျိုးကျဲစွာ ပျံ့နှံ့နေသော်လည်း မြို့တစ်မြို့၏ မီးရောင်နှင့် မတူလှပါ။ တောအုပ် ခပ်မည်းမည်းတွင် ပိုးစုန်းကြူးကလေးများ ပျံ့လွင့် ပြေးလွှားနေသလို ယင်ရသည်။

သူတို့သည် ဆူညံလှုပ်ရှားနေသော မြို့သေးသေးကလေးထဲသို့ ဝင်ရောက် ဖြတ်သန်းခဲ့ကြပြီးနောက် မြို့၏ အနောက်ဘက်စွန်းဆီသို့ ဆက်လက် မောင်းနှင်လာခဲ့ကြသည်။ လေထဲတွင် သံမှုန်သေးသေးကလေးများ လွင့်ပါလာသဖြင့် သူ့နှုတ်ခမ်းမှာ ကြမ်းရှရှ အသိကလေးကို ခံစားရသည်။ ညနေခင်း လေသည် ခြောက်သွေ့ လန်းဆန်းနေ၏။

'ဟောဟိုမှာ....ကျွန်တော့်အိမ်'

အိမ်ကြီးသည် ချောင်းကမ်းပါးအမြင့်တွင် ထီးထီးကြီး မြင့်မားစွာ တည်ရှိနေသည်။ ခြံဝင်း မြေပြင်သည် ကျယ်ဝန်းလှ၏။ ခြံဝင်း၏ အနိမ့်ပိုင်း အောက်ခြေတွင် ချောင်းပြင်သည် သောင်ထွန်းလျက် ကွေ့ဝိုက်စွာ တည်ရှိသည်။ ချောင်းထဲမှ ရေအိုးကိုယ်စီရွက်၍ တက်လာကြသော အမျိုးသမီးကလေး

www.burmeseclassic.com

www.burmeseclassic.com



များကို ခပ်ဝေးဝေးမှာ မြင်တွေ့ရသည်။ ခြံစည်းရိုး တစ်လျှောက်လုံးသည် သူမြင်နေကျ ဝါး၊သစ်သား တစ်ခုခုမဟုတ်ဘဲ ရွှားစောင်းပြာသာဒ်ပင်များကို စိပ်စိပ်ကလေး ပူးကပ် စိုက်ထားသော ခြံစည်းရိုးတု ဖြစ်သည်။ ခြံတံခါးလည်း လုံးဝမရှိချေ။ သူသည် ခြံတံခါးမရှိသော ကုန်းမြင့် အိမ်မည်းမည်းကြီးကို ကြည့်ရင်း အလွန်သဘောကျသွားသည်။

'ခင်ဗျားအိမ်ကို ဟစ်ချ်ကော့မြင်ရင် လျှို့ဝှက်သည်းဖို ရုပ်ရှင်ကားတစ်ခု ဖြစ်လာနိုင်တယ်'

ခေါတ်ပုံဆရာက တစ်ချက် ရယ်မောကာ သူ့ဘက် လှည့်ကြည့်၏။

'တကယ်ပဲ လျှို့ဝှက်သည်းဖို အိမ်ကြီးဗျ၊ ညစာ စားပြီးတော့ ကျွန်တော် ပြောပြမယ်၊ ခင်ဗျား အံ့သြမယ့် စကားတစ်ခုလဲ ပြောရဦးမယ်၊ ဒီအိမ်ကြီးရဲ့ ရာဇဝင်မှာ ခင်ဗျားလဲ ပါနေတယ်ဗျ'

ဤ ရွာမက မြို့မကျ ဒေသကလေးသို့ တစ်ခေါက်မျှ မရောက်ဖူးသော ပန်းချီဆရာသည် သူငယ်ချင်း၏ မယုံကြည်စရာ စကားကြောင့် ရယ်မောလိုက်မိပါသည်။

အိမ်ကြီးသည် အမိုးချွန်ချွန် အခန်းဆောင်များ ထုတ်ထားသော ရှေးဟောင်း အိမ်အိုကြီး ဖြစ်သည်။ ပျဉ်နံရံများသည် ရေနံချေးဖြင့် မည်းနက်နေ၏။ ဆင်ဝင်အောက်၌ မြင်းလှည်း ရပ်သောအခါ မြင့်မားသော အိမ်ကြီးက သူတို့ကို ငုံ့ကြည့်နေသလို ခံစားရသည်။ ကြီးမား မည်းနက်သော ကျွန်းတိုင်ကြီးများ၏ တန်ဖိုးကို သူ စိတ်တွက် တွက်ကြည့်ရင်း အိမ်ထဲသို့ လိုက်ဝင်သွားသည်။

အိမ်အဝင် ဧည့်ခန်းတွင် သူ့ကို ဆွဲဆောင်နိုင်ဆုံး အရာမှာ ဆည်ဘက်သို့ လှည့်၍ ချိတ်ထားသော ကြီးမားသည့် ဓာတ်ပုံကြီး ဖြစ်သည်။ ဓာတ်ပုံဆရာတစ်ယောက်၏ အိမ်တွင် တစ်ခေါ်လောက်ရှိသော ဓာတ်ပုံကြီး ချိတ်ထားတာ အံ့သြစရာ မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



သော်လည်း ဓာတ်ပုံထဲမှ အမျိုးသမီး၏ မျက်လုံးများသည် သူ့ကို ဆွဲဆောင်သို့ ယူလျက် ရှိလေသည်။ ပြတင်းပေါက် တစ်ခုမှ အပြင်သို့ လှမ်းကြည့်နေသော မျက်နှာကလေးသည် လှပစွာပင် လျှို့ဝှက်မှုအပြည့် ရှိနေသည်။ အပြင်လောကအပေါ် စူးစမ်းလိုမှု၊ စွန့်စားလိုမှု၊ ရဲဝံ့မှုတို့ကို မျက်လုံးတွင် မြင်နေရသည်၊ သူတွေ့ဖူးသမျှ ဘူငယ်ချင်း၏လက်ရာ ဓာတ်ပုံများတွင် စိတ်ကို ဖွင့်လှစ်ဖော်ပြပေးနိုင်ဆုံး ဓာတ်ပုံ ဖြစ်သည်။ ခွေလိပ်သော ဆံပင်ကလေးများက နဖူးပြင်ကျယ်ကျယ်ပေါ်မှာ ဝဲကျလျက်။ သေးမျှင်သော မျက်ခုံးများ မသိမသာ ချီလျက် တောက်ပဝိုင်းစက်သော မျက်လုံးများသည် သူ့ရင်ထဲသို့ ထွင်းဖောက် စူးစမ်းကြည့်နေသလို ခံစားရသည်။

'ကောင်းလိုက်တဲ့ ဓာတ်ပုံကြီးဗျာ'

သူ ဧရွှတ်တော့ ဓာတ်ပုံဆရာက ပြုံးလေသည်။

မိတ်ဆွေ၏ ဇနီးနှင့် သားများကို စကားပြောရသော အခါမှာတော့ သူသည် ဓာတ်ပုံကို နောက်ထပ်တစ်ကြိမ် လှမ်းကြည့်မိပြန်သည်၊ လက်စသတ်တော့ သူ့ဇနီး၏ ဓာတ်ပုံပဲကိုး။ ဓာတ်ပုံထဲမှာ ပို၍ ငယ်နုနေ၏၊ ဓာတ်ပုံဆေးသား အရောင်အရ နှစ်များစွာ လွန်ခဲ့ပြီဟု သိလိုက်သည်။ သူ့ကို ပြုံးရွှင်စွာ နှုတ်ဆက်သော အမျိုးသမီး၏ မျက်လုံးများမှာတော့ ဓာတ်ပုံထဲကလို ရဲဝံ့ကျီစယ်မှုများ မရှိဘဲ နူးညံ့သိမ်မွေ့နေသည်၊ အသက်လေးဆယ်အရွယ်၏ တည်ငြိမ်ရင့်ကျက်သော အလှများကတော့ ရှိနေဆဲ၊

သူ့မိတ်ဆွေ ဓာတ်ပုံဆရာသည် ဘဝမှာ ပြည့်စုံကျေနပ်သူ တစ်ဦး ဖြစ်သည်။ သူ့တွင် ကြင်နာတတ်သည့် ဇနီးလိမ္မာ တစ်ယောက် ရှိသည်။ သားနှစ်ယောက် ရှိသည်၊ သားအကြီးကို ကြက်သွန်ပွဲရုံလုပ်ငန်းမှာ တွဲခေါ် သင်ပြပေးနေပြီး သားအငယ်ကို မြင်းလှည်းတစ်စီး ထောင်ပေးထားသည်။

'ဒီကောင်က မြင်းတွေကို စိတ်ဝင်စားတယ်ဗျ၊ မြင်းအကြောင်း ကျွန်တော့်ထက် ပိုသိတယ်'



www.burmeseclassic.com

www.burmeseclassic.com



မြင်းတွေကို စိတ်ဝင်စားသော သားငယ်သည် အသက် ၁၆–နှစ်လောက်သာ ရှိသေးသည်၊ ဖအေလိုပင် ညိုမောင်းသော အသားအရေ ရှိသည်။ မျက်ခုံးထူထူ၊ မျက်လုံးက အနည်းငယ် ကျဉ်းသော်လည်း တောက်ပသည်။ မျက်နှာ အနေအထားက ဖအေထက်ပင် ကြမ်းတမ်းစွာ ခိုင်မာသည်၊ ကြက်သွန်ကို စိတ်ဝင်စားသော သားအကြီးကတော့ မခအနှင့်တူစွာ ချောမောသိမ်မွေ့သည်၊

'ခင်ဗျား ဒီအိမ်မှာ အေးအေးဆေးဆေး နေလို့ရတယ်၊ ခင်ဗျားတို့မြို့လို မျက်စိနား မရှုပ်ဘူး၊ ဟိုး ချောင်းကမ်းပါးမှာ ပန်းချီဆွဲစရာ နေရာတွေ အများကြီးရှိတယ်'

'ကျွန်တော်က ဒီအိမ်ကြီးကိုပဲ ပန်းချီဆွဲချင်တာဗျ'

သူက ပြောတော့ သူ့မိတ်ဆွေက ခေါင်းတညိတ်ညိတ် သဘောကျနေလေသည်။

'ဟုတ်တာပေါ့ဗျ၊ ခင်ဗျား စိတ်ဝင်စားတဲ့ ဒီအိမ်ကြီးကို ဘယ်နေရာကနေ ပန်းချီဆွဲရင် အလှဆုံးဖြစ်မလဲဆိုတာ လွန်ခဲ့တဲ့ နှစ်ပေါင်း နှစ်ဆယ်ကျော်လောက်ကတည်းက ခင်ဗျားအတွက် ကျွန်တော် လေ့လာခဲ့ပြီးသားပါ'

သူ တအံ့တဩ လှည့်ကြည့်လိုက်တော့ ခေတ်ပုံဆရာက သူ့ကို စိုက်ကြည့်နေ၏၊

'ဒါပေမယ့် ခင်ဗျား ဒီမြို့ကို ရောက်လာတာ အိမ်ထောင်ကျမှ ဆို၊ ခင်ဗျားတို့ အိမ်ထောင်သက် နှစ်ဆယ် မခကျော်သေးပါဘူး'

ထိုအခါ သူငယ်ချင်းက လျှို့ဝှက်သော အပြုံး ပြုံးကာ သူ့အနားသို့ တိုးကပ်လာ၏။

'ဒီမယ်...ခင်ဗျား မသိတဲ့ ကျွန်တော့် အကြောင်းတွေကို ကျွန်တော် ဒီနေ့ည ပြောပြမယ်၊ ဒါပေမယ့် ဒီအိမ်ထဲမှာ မပြောချင်ဘူး၊ကျွန်တော်တို့ လမ်းလျှောက်ရင်းစကားပြောကြတာပေါ့'

✱✱✱

www.burmeseclassic.com

www.burmeseclassic.com



ညသည် သူတို့နှစ်ယောက်အတွက် ငြိမ်သက် အေးချမ်းလှသည်။ အိမ်ကြီး၏ ခေါင်းရင်းဘက်ဆီသို့ ဖြာထွက်သွားသော လမ်းချိုးကျဉ်းကျဉ်းကလေးတွင် သူတို့နှစ်ယောက် လမ်းလျှောက်ချိန်သည် ည ၉–နာရီ ခွဲနေပြီ။ လမ်းဘေး ဝဲယာသည် ကြခတ်ဝါးရုံများ စီတန်းနေသော တောအုပ် နိမ့်နိမ့်ကလေး ဖြစ်၏။ အဝေးဆီမှာ ချောင်းရေချိုးနေကြသူများအသံ သဲ့သဲ့ ကြားနေရသည်။

ဖြည်းညင်းစွာ လမ်းလျှောက်ရင်း သစ်ပင်များ ကျိုးကျဲလာသော ဆင်ခြေလျှောကလေးတစ်ခုသို့ ရောက်လာသည်။ ထိုနေရာသည် အိမ်ကြီး၏ ခေါင်းရင်းတည့်တည့် ဖြစ်သည်၊ မတ်စောက်သော သွပ်ခေါင်မိုးများ အောက်မှ အဆောင်အခန်းသီးသန့်စီဖြင့် ကြီးမားလှသော အိမ်ကြီးသည် လရောင်အောက်တွင် အကွယ်အကာမရှိ မြင့်မားကာ လောကတစ်ခုလုံးကို အုပ်မိုးနေသည်။ ခေါင်းရင်း အဆောင်တစ်ခုမှ ပြတင်းပေါက်သည် ပွင့်လျက်ရှိသည်။ ပြတင်းသည် ရှေးအိမ်ကြီးများတွင် တွေ့ရလေ့ရှိသော အမိုးခုံးမြင့်မြင့် မှန်ကူကွက် စက်ဝိုင်းခြမ်း။ တံခါးရွက်မှာ တရုတ်ကပ်မှန် ပုံစံမျိုး သစ်သားချပ် အထပ်ကလေးများ စီထားသည့် တံခါးရွက် ဖြစ်သည်။ ထိုပြတင်းပေါက်ကို မြင်ရသောအခါ အိမ်ဧည့်ခန်းမှာ ချိတ်ထားသော စောစောက ဓာတ်ပုံကို သတိရသွားသည်။

'ခင်ဗျား မိန်းမရဲ့ မျက်လုံးတွေက ဓာတ်ပုံထဲမှာ သိပ်တောက်ပတာပဲ နော်'

သူ့စကားအဆုံးတွင် ဓာတ်ပုံဆရာက လမ်းလျှောက်နေရာမှ တုံ့ခနဲ ရပ်ပစ်လိုက်၏။ သူ့ကို လှည့်ကြည့်သော ဓာတ်ပုံဆရာ၏ မျက်ဝန်းများသည် လရောင် မှုန်ပျပျအောက်တွင် ရီဝေနေကြသည်။

'အဲဒီဓာတ်ပုံက ကျွန်တော့်မိန်းမ မဟုတ်ဘူးဗျ'

www.burmeseclassic.com

www.burmeseclassic.com



သူ့သူငယ်ချင်း သူ့ကို နောက်ပြောင်လိုက်တာပဲဟု ထင်ရှည်သည့်သော ထိုမျက်လုံးများမှာ အိမ်မင်းရင့်ရော်နေ၏။နောက်ပြောင်သူ တစ်ယောက်၏ မျက်လုံးများ မဟုတ်။

'ကျွန်တော် ခင်ဗျားကိုတော့ ပြောပြချင်ပါတယ်ဗျာ၊ ဒါပေမယ့် ခင်ဗျားနဲ့ မတွေ့ဖြစ်ကြဘူး၊ ဒီကိစ္စမျိုးက စာနဲ့ရေး ပြောလို့လဲ မကောင်းဘူးလေ၊ ခင်ဗျား ညှော်ခန်းမှာ မြင်ရတဲ့ ဓာတ်ပုံထဲက မိန်းမဟာ ကျွန်တော့်ရဲ့ အချစ်ဦးပဲ ဆိုပါတော့၊ ကျွန်တော့်မိန်းမလို့ ခင်ဗျား ထင်မိတာ ခင်ဗျား မလွန်ပါဘူး၊ အဲဒီ မိန်းမနဲ့ ကျွန်တော့်မိန်းမက ရုပ်ချင်းဆင်တယ်၊ ဆင်မှာပေါ့ ဗျာ၊ သူတို့က သားအမိကိုး'

သူသည် ကြားလိုက်ရသော စကားကို အံ့သြလွန်းသဖြင့် သူ့မိတ်ဆွေကို ငေးမောကြည့်မိသည်။

'ဒါဖြင့်....'

'ဟုတ်တယ်၊ အဲဒီ ဓာတ်ပုံက ကျွန်တော့် ယောက္ခမရဲ့ ဓာတ်ပုံ'

ထို့နောက် ဓာတ်ပုံဆရာက ခါးသီးစွာ ရယ်မောလိုက်လေသည်။

'ဒါပေမယ့် အဲဒီ အချိန်က ကျွန်တော့်ယောက္ခမ မဖြစ်သေးဘူး'

ထို့နောက် နှစ်ပေါင်းများစွာ မျိုသိပ်ထားသော ဖြစ်ရပ်ကို သူငယ်ချင်းဖြစ်သူ သူ့အား တိုးတိတ်စွာ ရင်ဖွင့် ပြောပြခဲ့သည်။

'ခင်ဗျား ကြားဖူးမှာပေါ့ ဒဏ္ဍာရီမျိုးလို သဘောထားပြီး နားထောင်ပေါ့ဗျာ၊လွန်ခဲ့တဲ့ နှစ်ပေါင်း အစိတ်တုန်းက အသက် ၁၈ နှစ်ပဲ ရှိသေးတဲ့ ကောင်ကလေး တစ်ယောက်ဟာ သူ့ဘဝမှာ ပထမဦးဆုံးအကြိမ် မိန်းမတစ်ယောက်ကို ချစ်မြတ်နိုးခဲ့တယ်၊ မြင်မြင်ချင်း ချစ်တဲ့ အချစ်မျိုးကို ခင်ဗျား ယုံကြည်မှာ ပေါ့လေ၊ ကျွန်တော်ဟာ အဲဒီမိန်းမကို မျက်စိစိမ်းမှိတ်စား၊မျက်

www.burmeseclassic.com

www.burmeseclassic.com



တောင် တစ်ခတ်စာ အတွင်းမှာပဲ ချစ်သွားတော့တာပဲ၊ ကျွန်တော်က အဲဒီတုန်းက ခင်ဗျားသိတဲ့အတိုင်း ကျွန်တော့်မြို့မှာ နာမည်သိပ်မရသေးတဲ့ ဓာတ်ပုံဆရာ ပေါက်စကလေးပေါ့၊ ဒါပေမယ့် ကျွန်တော့်မြို့နဲ့ ၁၅ မိုင်လောက် ဝေးတဲ့ ဒီမြို့ကလေးကို မကြာခဏ ဓာတ်ပုံသွာရိုက်ရလေ့ ရှိတယ်၊အများအားဖြင့် အလှူ၊ မင်္ဂလာဆောင်၊ ဘုရားပွဲ၊ ဆုပေးပွဲတွေပေါ့ဗျာ။

'....တစ်နေ့တော့ ကျွန်တော်က အလှူတစ်ခုမှာ ဓာတ်ပုံ လာရိုက်ရတယ်၊ ပွဲစ,နေ့ရယ် ပွဲကြီးနေ့ရယ်ဆိုပြီး နှစ်ရက် ကျင်းပတော့ ကျွန်တော်က အလှူအိမ်မှာ တစ်ညအိပ်ရဘာပေါ့ဗျာ၊ ထိုးစံပဲ၊ ပွဲစ,နေ့ ညနေ လူရှင်းခါစ အချိန်မှာ ကျွန်တော်က ကင်မရာလေးနဲ့ ထရိုင်ပေါ့(ဒ်)ကလေး လွယ်အိတ်ထဲ ထည့်သယ်ရင်း ချောင်းကမ်းပါးတစ်လျှောက် ရှုခင်းလေး ဘာလေး လှည့်ကြည့်တာပေါ့ဗျာ၊ အဲဒီမှာ ချောင်းစပ်အမြင့်မှာ ဆောက်ထားတဲ့ အိမ်ကြီးတစ်အိမ်ကို ကျွန်တော် သွားတွေ့တယ်၊ အိမ်ကြီးက ဆွဲဆောင်မှု ရှိလွန်းလို့ အဲဒီဘက်ကို တဖြည်းဖြည်းချင်း လျှောက်သွားမိတယ်။ အိမ်ရဲ့ဘေး အောက်ခြေမှာ ကျွေ့ဝိုက်စီးနေတဲ့ ချောင်းရေပြင်က အခုလို သောင်မထွန်းသေးဘူး၊ အိမ်ကြီးရဲ့ ခိုင်မြဲမှု၊ အထီးကျန်မှု၊ငြိမ်းပယ်မှုတွေကို ကျွန်တော် ခံစားနေရသလိုပဲ၊ အိမ်ရဲ့ ပျဉ်နံရံတွေက ရေနံရည်ဝပြီး မည်းနက်လို့ တံစက်မြိတ် အောက်ခြေတွေမှာ စုလစ်မွန်းချွန် ထွင်းထားတော့ လှလဲလှ၊ ခွန်အားလဲ အပြည့်ပေါ့ဗျာ၊ ဒါနဲ့ပဲ ကျွန်တော်က အိမ်ကြီးကို ပတ်ချာလှည့်ပြီး ကြည့်မိတယ်၊ ထူးဆန်းတာက အိမ်ကြီးမှာ လူရှိတဲ့ အရိပ်အယောင် မတွေ့ရဘူး၊ လသာဆောင် နှစ်ခုစလုံးဟာ လေထဲမှာ တွဲလွဲခိုနေသလို လွင့်နေတာများ သိပ်လှတာပဲ၊ ကျွန်တော်လဲ အိမ်ခေါင်းရင်း နေရာခပ်လှမ်းလှမ်းအကြာကြီး ရပ်နေမိပြီး ဒီနေရာဟာ အိမ်ကြီးရဲ့ အလှဆုံး မြင်ကွင်းပဲလို့ သိလိုက်တယ်၊ အဲဒီမှာတင် ကျွန်တော်က သုံးချောင်း

www.burmeseclassic.com



ထောက်တိုင်ကို အကျအန ပြင်ဆင်တော့တာပဲ၊ ဟောဟို နေရာမှာပေါ့''

ဓာတ်ပုံဆရာက စကားဖြတ်၍ ခပ်လှမ်းလှမ်း ကြခတ်ဝါးပင်ပေါက် စုစုနေရာဆီသို့ လက်ညိုးညွှန်ပြ၏။ သူ လှမ်းကြည့်လိုက်သည်။ လ ရောင်အောက်တွင် ဝါးရွက်ချွန်ချွန် သေးသေးကလေးများ လေဖြင့် ယိမ်းနွဲ့နေကြသည်။ အရွက်ကျဲကျဲ ဝါးပင်စုစုကလေး အနီးမှာ စိတ်ထက်သန်စွာ စူးစိုက် ငေးမောနေသော ကောင်မလေးတစ်ယောက်ကို မြင်ယောင်မိ၏။ ထိုကောင်ကလေးသည် ရှစ်တန်းစာမေးပွဲကျစဉ်က သူနှင့်အတူ အိမ်မှထွက်ပြေးဖို့ ကြိုးစားဖူးသော သူ့သူငယ်ချင်းကလေး ဖြစ်သည်။

'ကျွန်တော်က ကင်မရာကို သုံးချောင်းထောက် တိုင်ပေါ်မှာ တင်ပြီး ကင်မရာမြင်ကွင်းထဲကနေ အိမ်ကြီးကို လှမ်းချိန်နေလိုက်တယ်၊ ကြည့်ရင်း ကြည့်ရင်း ကျွန်တော် အိမ်ကြီးကို ချစ်လာတယ်၊ တစ်ချိန်တည်းမှာပဲ ခင်ဗျားကို သတိရသွားတယ်ဗျာ၊ ခင်ဗျားသာဆိုရင် ဒီအိမ်ကြီးကို ပန်းချီဆွဲချင်မှာပဲလို့၊ ခင်ဗျားအတွက် ကျွန်တော် ထောင့်အမျိုးမျိုး၊ မြင်ကွင်းအမျိုးမျိုးနဲ့ အိမ်ကြီးကို ဓာတ်ပုံရိုက်တော့တာပေါ့၊ ပြီးတော့ ပိတ်ထားတဲ့ ပြူတင်းပေါက်ဒတွေကို သတိထားမိတယ်၊ ခင်ဗျား ပန်းချီဆွဲဖူးတဲ့ ပြူတင်းပေါက်မျိုးဗျ၊ အမိုးခုံး အဝိုင်းနဲ့ အဲဒီအောက်ဘက် စက်ဝိုင်းခြမ်းမှာ မှန်တွေကို စိတ်ဖြာပြီး တပ်ထားတယ်၊အောက်ပိုင်းတံခါးရွက်ကျတော့ ပျဉ်ချပ်ကလေးတွေကို တစ်ခုချင်း ထပ်စွေထားတဲ့ တံခါးရွက် ရှည်ရှည်ကြီး၊ ဒါနဲ့ပဲ ကျွန်တော် ကင်မရာမှာ တယ်လီတပ်လိုက်ပြီးတော့ အဲဒီ ပြူတင်းပေါက် တစ်ခုတည်းကို ဆွဲချိန်ယူလိုက်တယ်၊ ခလုတ်ကို နှိပ်တော့မယ့်ဆဲဆဲမှာပဲ ပြူတင်းပေါက်က ဖြုန်းခနဲ ပွင့်လာပြီး ကျွန်တော်မြင်ဖူးသမျှအလှမှာ အလှဆုံး မျက်နှာတစ်ခု ပေါ်လာတော့တာပဲ။

....'ဇာကယ့်ကို အိပ်မက်တစ်ခုပါပဲဗျာ၊သူ့ကိုယ်အထက်ပိုင်းကလေးကို ပြူတင်းပေါက် ပေါင်က ကျွန်တော့်အတွက် ပေါင်

www.burmeseclassic.com

www.burmeseclassic.com



ခတ်ပေးပြီးသား။ ဒီဘက်ကို ဘာမှ သတိမထားမိဘဲ လှမ်းကြည့် စူးစမ်းလိုက်တဲ့ မျက်လုံးဟာ တောက်ပ ကြည်လင်လွန်းလို့ ကျွန်တော့်ကို ဆွဲညို့ယူထားလိုက်တာ ကျွန်တော်ဖြင့် အယောင်ယောင် အမှားမှားနဲ့ ခလုတ် ဘယ်လိုနှိပ်လိုက်မိမှန်းတောင် မသိဘူး။ နဖူးပေါ်မှာ ခွေကျနေတဲ့ ဆံပင်ခွေ မည်းမည်းနက်နက် ကလေးတွေက ဝါဝင်းနေတဲ့ သူ့မျက်နှာကလေးနဲ့ သိပ်လိုက်ဖက်တာပဲ။ ကျွန်တော် ဖလင်ကို တစ်ကွက်ပြီးတစ်ကွက်ရစ်ပြီး ခလုတ်ကို တစ်ချက်ပြီးတစ်ချက် နှိပ်နေခဲ့တော့တာပဲ၊ သူ့မေးစေ့အောက် တည့်တည့်နဲ့ နှုတ်ခမ်းထောင့်က မှဲ့ကလေး တစ်ခုစီဟာ ကျွန်တော့်မျက်စိထဲမှာ စွဲကျန်ရစ်ခဲ့တယ်။ ကြယ်ကလေးတွေလို စူးရှတောက်ပတဲ့ သူ့မျက်လုံးတွေကို ကင်မရာ မှန်ဘီလူးထဲကနေ ကြည့်နေမိရာက ဖြုန်းခနဲ သူ ပြန်ပျောက်ကွယ်သွားတော့ ကျွန်တော့်ရင်ထဲမှာ ဟာပြီး မောကျန်ရစ်ခဲ့တယ်။နောက်ထပ်များ ပေါ်လာဦးမလားလို့ ကင်မရာမှန်ဘီလူးကို ဒီအတိုင်းတပ်ထားပြီး ကျွန်တော် အကြာကြီး စောင့်ကြည့်နေခဲ့တယ်၊ ပေါ်မလာတော့ပါဘူး။

'....အဲဒီညက ကျွန်တော် အလှူအိမ် ပြန်ရောက်တဲ့အထိ ရင်တွေ ခုန်နေတယ်၊ တော်တော်နဲ့ အိပ်လို့ မရဘူးဗျာ၊ သူ့မျက်နှာလေးကို နောက်ထပ် မြင်ချင်တဲ့စိတ်နဲ့ ကတုန်ကယင်ဖြစ်ပြီး တလူးလူးတလိမ့်လိမ့်ပေါ့ဗျာ၊ တော်တော် အခံရခက်တဲ့ ဝေဒနာပါပဲ။

'....နောက်တစ်နေ့ မနက် ရောက်တော့ အလှူအိမ်မှာ ဓာတ်ပုံရိုက်နေတုန်း အသုဘသတင်းတစ်ခုကို ကြားရတော့တာပဲ၊ ရွာနောက်ဘက်ထိပ်က အိမ်မည်းကြီးမှာ လူသေလို့ဆိုတဲ့ သတင်းပေါ့၊ သူတို့က အဲဒီအိမ်ကို အိမ်မည်းကြီးလို့ ခေါ်တယ်ဗျ၊ ကျွန်တော်လဲ ဒီသတင်း ကြားတော့ မဖြစ်နိုင်မှန်းသိပေမယ့် ခြိမ်းခြောက်ထိတ်လန့် စိုးရိမ်သွားတယ်၊ ကျွန်တော့် မိန်းမလှလေးသား ဖြစ်နေမှာ စိုးလို့ပေါ့လေ၊ ဒါနဲ့ ဘယ်သူလဲ ဘယ်သူလဲလို့

www.burmeseclassic.com

www.burmeseclassic.com



မေးမိတယ်၊ အဘိုးကြီး တဲ့။ ဪ....အဖေကြီးလား....လို့ ကျွန်တော် စပ်စုလိုက်တော့ လူတွေက ဝိုင်းရယ်ကြတယ်၊ 'အဲ့ဒါ....မင်းက ဒီရွာ ရောက်ဘာမှ ဘယ်နှစ်ခေါက်မှ မရှိသေးဘူး၊ ကောင်မလေးကို သိလိုက်ပြီပေါ့လေ၊ တကယ် သွက်တဲ့ကောင်' တဲ့၊ ကျွန်တော့်ကို ချီးကျူးကြတယ်၊ အဲဒီ အသုဘဟာ ကျွန်တော့်အတွက်တော့ သတင်းကောင်းပဲဗျ၊ ဘာဖြစ်လို့ ပဲဆိုတော့ ကျွန်တော့်ကို အဲဒီအိမ်ကြီးမှာ အသုဘအခမ်းအနားကို ဓာတ်ပုံရိုက်ဖို့ လာပြောလို့ပဲ၊ အဲဒီတုန်းက အသုဘ အခမ်းအနားကို ကျွန်တော် တစ်ခါမှ ဓာတ်ပုံမရိုက်ဖူးသေးတာ အမှန်ပဲ၊ အသုဘမှာ ဓာတ်ပုံရိုက်တဲ့ထုံးစံလည်း မရှိသေးပါဘူး၊ ဒါပေမယ့် ကျွန်တော် လက်ခံလိုက်တယ်၊ ကျွန်တော့် မိန်းမလှကလေးကို မြင်တွေ့နိုင်ဖို့ အခွင့်အရေးပဲ မဟုတ်လားဗျာ။

'....အသုဘကို သုံးရက်ထားမှာဆိုတော့ ကျွန်တော် မြို့ကို ခဏပြန်လာပြီးမှ တစ်ခေါက် ပြန်သွားရတယ်၊ အဲဒီအိမ်ကြီးဆီကို ခြေလှမ်း လှမ်းနေတဲ့ အချိန် ကျွန်တော် ဘယ်လောက် ရင်ခုန်နေမလဲ၊ ခင်ဗျား စဉ်းစားသာ ကြည့်တော့ဗျာ၊ အိမ်ဝိုင်းရှေ့မှာ အသုဘထမ်းစင်ကို လှမ်းမြင်ရတယ်၊ လူတွေတော့ တော်တော်များသားဗျ၊ ကျွန်တော့်ကို ဝိုင်းကြိုဆိုကြပြီး ထုံးစံအတိုင်း အဘိုးကြီး ဆုံးပုံဆုံးနည်းကို ပြောပြနေတော့တာပေါ့ဗျာ၊ နာတာရှည် ဖြစ်ပေမယ့် သေဖို့ လိုသေးကြောင်း၊ ရုတ်တရက်ကြီး ဆုံးသွားတာ ဖြစ်ကြောင်း၊ ကျွန်တော် အဘိုးကြီးဆိုတဲ့ လူကို စိတ်မဝင်စားပါဘူး၊ ကျွန်တော် စိတ်ဝင်စားတာက သူ့သမီးပဲပေါ့လေ၊ ဒါပေမယ့် ကျွန်တော့်ကို တစ်ယောက်ယောက်က 'ဟောဟိုဟာ အဘိုးကြီးရဲ့ တစ်ဦးတည်းသော သမီးလေ' လို့ တိုးတိုးပြောလို့ လှမ်းကြည့်လိုက်တဲ့အခါမှာတော့ သွားပြီ... ရှုပ်ကုန်ပြီဆိုတာ သိလိုက်ရတယ်၊ အဘိုးကြီး သမီးက တော်တော်ငယ်ငယ်ကလေးပဲ၊ ၁၅-နှစ်လောက်ပဲ ရှိဦးမယ်။ လှလဲ လှတယ်၊ တစ်နေ့က ပြတင်းပေါက်မှာ မြင်လိုက်ရတဲ့ မျက်နှာလေးနဲ့

www.burmeseclassic.com

www.burmeseclassic.com



ဆင်ဆင်တူပေမယ့် မဟုတ်မှန်း ချက်ချင်း သိလိုက်ပါတယ်။ ကလေးမက အပြစ်ကင်းစင် နားမလည်တဲ့ မျက်လုံးတွေ ရှိတယ်။ ကျွန်တော့်မိန်းကလေးမှာ ရဲဝံ့စူးရှတဲ့ မျက်လုံးတွေ ရှိတယ်၊ ခဏပဲ မြင်တွေ့လိုက်ရပေမယ့် ကျွန်တော့်ကို နာရီပေါင်းများစွာ ညှို့ယူဖမ်းစားထားတဲ့ မိန်းမလှတစ်ယောက်ကို တခြား တစ်ယောက်ယောက်နဲ့ ကျွန်တော် ခွဲခြားပြီး သိပါတယ်။

'...ခဏကြာတော့မှ ကျွန်တော်နဲ့ အလုပ်ကိစ္စ တိုက်ရိုက်ပြောရမယ့် အသဘရှင်ကို ကျွန်တော် တွေ့ရတယ်၊ တစ်ခဏ ကျွန်တော် ရူးသွပ်သွားတော့မလို ထင်လိုက်ရတယ်။ တည်ငြိမ်တဲ့ မျက်နှာထားနဲ့ ကျွန်တော့်ကို လိုအပ်တာတွေ ပြောပြ အမိန့်ပေးနေတဲ့ မိန်းမလှလေးဟာ ဖအိုးကြီးရဲ့ ဇနီးတဲ့ဗျာ၊ အပြင်မှာ ဒီလောက် နီးနီးကပ်ကပ် မြင်လိုက်ရတဲ့အချိန်မှာ ကျွန်တော်ဟာ သူ့အလှကို တအံ့တဩ ခွဲခြမ်းစိတ်ဖြာကြည့်မိတော့တယ်။ ဘယ်လောက် ကျက်သရေ ရှိလိုက်သလဲ၊ ဘယ်လောက် ခမ်းနား ရင့်ကျက်တဲ့ မျက်နှာထားလဲ၊ အသက်က ကျွန်တော့် ကင်မရာထဲမှာ ခန့်မှန်းတုန်းက ၂၀–ကျော်လောက်၊ အခု အပြင်မှာ တကယ် မြင်ရတော့မှ သုံးဆယ်ကျော်မှန်း သိရတယ်။ သူ့ရဲ့အသံက ခပ်ရှရှ ခပ်အက်အက်။ ကျွန်တော် ကြိုတင် ရင်ခုန်ထားတဲ့ အသံမျိုးပါပဲဗျာ။

'....ကျွန်တော် သူ့ကိုချစ်တယ်၊ သူ့ကိုရဖို့အတွက် ဘယ်လို အခက်အခဲ အနှောင့်အယှက်မျိုးကိုမဆို ကျော်ဖြတ်နိုင်ပါတယ်။ ဒါပေမယ့် လူအုပ်ကြားထဲမှာ ကြားရတဲ့ သူ့သတင်းတွေက မကောင်းဘူးဗျာ၊ အဘိုးကြီး နေမကောင်းဖြစ်နေတဲ့အချိန်မှာ အဘိုးကြီးနားကနေ စွန့်ခွာပြီး တခြား ကောင်တစ်ကောင်နဲ့ လိုက်ပြေးသွားသတဲ့။ အိမ်ကိုတောင် ပြန်မလာတာ ၂–နှစ်ရှိသွားပြီ ဆိုပဲ။ အခု အဘိုးကြီးဆုံးလို့ အကြောင်းကြားတော့မှ ဒီနေ့မနက်ကမှ ရောက်လာသတဲ့။ သူ့အကောင် ကံကောင်းသွားတာ အဘိုးကြီး ထားခဲ့တဲ့ စည်းစိမ်ကို ဒီမိန်းမဆီကပဲ ဘာမှ

www.burmeseclassic.com



မကျန်အောင် ခွာယူရုံပဲ တဲ့၊ အဲဒီလိုတဲ့ဗျာ။ ကျွန်တော် မြတ်နိုးတဲ့ အဲဒီ ကျက်သရေရှိတဲ့ မိန်းမကလေး....၊ ဘယ့်နှယ်လုပ် ဖြစ်နိုင်ပါ့မလဲ။ သူ့မျက်လုံးမှာ ညှို့ယူမှု၊ စွန့်စားမှုတွေကို ကျွန်တော် မြင်ရပါရဲ့၊ ဒါပေမယ့် ကောက်ကျစ်မှု၊ သစ္စာဖောက်မှု ကျွန်တော် မတွေ့ရပါဘူး။ ကျွန်တော် မယုံပါဘူး။

'....အဲဒီနေ့က အသုဘအခမ်းအနားကို ဓာတ်ပုံရိုက်ရင်း သူ့ပုံတွေကို အများကြီး ရိုက်ဖြစ်တယ်။ သူ့မျက်လုံးမှာ မျက်ရည်တစ်စက်မှ မတွေ့ရတာ ကျွန်တော် စိတ်မကောင်းဘူး။ သူ့သမီးကလေးကတော့ဗျာ.... အားကိုးရာမဲ့လို့ ထင်ပါရဲ့။ ယူကျုံးမရ ငိုလိုက်တာ။ သူက သူ့သမီးကိုလဲ ဖေးဖေးမမ ချော့နေတာ မဟုတ်ဘူး၊ ချော့ချိန်လဲ မရဘူးလေဗျာ။ ယောကျ်ားတစ်ယောက် လုပ်ရမယ့် အလုပ်တွေကို သူချည်း လုပ်နေရတာကိုး။ သူနဲ့ လိုက်ပြေးသွားတယ်ဆိုတဲ့ လူကိုတော့ အရိပ်အယောင်တောင် မတွေ့ခဲ့ဘူး၊ တကယ် ဟုတ်နေရင်လဲ ဘယ်လာမလဲဗျ နော်။

'....အသုဘ မြေချပြီးတဲ့အခါ ကျွန်တော့်လုပ်ငန်း ပြီးဆုံးသွားပြီ။ ကျွန်တော် အဲဒီအိမ်မှာ ညမအိပ်ဘဲ ပြန်ရင် ရနေပြီ။ ဒါပေမယ့် ကျွန်တော် တစ်ည ဆက်နေခဲ့တယ်၊ ကျွန်တော် ဖဲမရိုက်တတ်ပါဘူး။ ဒါပေမယ့် အဲဒီညက ဖဲဝိုင်းမှာ မိုးလင်းခါနီးအထိ ကျွန်တော် ထိုင်ဖြစ်ခဲ့တယ်။ ကျွန်တော့် မိန်းမလှကလေးက ရွာထဲက ယောကျ်ားတွေနဲ့ တစ်ဝိုင်းတည်းထိုင်ပြီး ဖဲရိုက်နေခဲ့တယ်လေ၊ ကျွန်တော်က သူ့အနားမှာ တစ်ချိန်လုံး ထိုင်နေခဲ့တာပေါ့။ သူ တစ်ချက် တစ်ချက် ကျွန်တော့်ကို လှမ်းကြည့်လိုက်တဲ့ မျက်လုံးတွေအောက်မှာ ကျွန်တော် ဖျော့သွားရတယ်၊ သူ သိနေတယ်ဗျ၊ ကျွန်တော် သူ့ကို ကြွေနေတယ်ဆိုတာ သူသိနေတယ်။ ကျွန်တော်ဟာ သူ့ရှေ့မှောက်မှာ အကွယ်အကာမရှိ ထင်းထင်းကြီး အမိခံနေရပြီ ဆိုတာ ကျွန်တော် နားလည်လိုက်ပါတယ်၊ သူက စီးကရက်ကို မပြတ် သောက်တယ်၊ ကျွန်တော်က ဆေးလိပ် မသောက်တတ်ပေမယ့် သူ့ကို စီးကရက်

www.burmeseclassic.com

www.burmeseclassic.com



မီးညှိပေးဖို့ သိပ်ပျော်ပါတယ်၊ ဒါပေမယ့် သူ့မျက်နှာနဲ့ ကျွန်တော့်မျက်နှာ နီးကပ်နေတဲ့အချိန် သူက ကျွန်တော့်ကို ပြုံးမထိုးစိုက်ကြည့်လိုက်ရင် မီးခြစ်ကိုင်ထားတဲ့ ကျွန်တော့်လက်တွေ တုန်နေတော့တာပဲ၊ ဒါထက် ပိုဆိုးတာက မီးခြစ်ကိုင်ထားတဲ့ ကျွန်တော့်လက်ကို သူ့လက်ဖဝါးကလေးနဲ့ အုပ်ကိုင်ထားတဲ့အချိန် ကျွန်တော့်မှာ နှုတ်ခမ်းတွေ အာခေါင်တွေ ခြောက်သွေ့ပြီး ဒူးတွေတောင် ညွှတ်လာတယ်။ သူ တင်ပျဉ်ခွေ ထိုင်နေတဲ့ ပေါင်ပေါ်မှာ မျက်နှာမှောက်ချပြီး ရှိုက်ကြီးတငင် ငိုငိုပစ်ချင်တဲ့ စိတ်တွေနဲ့ ကျွန်တော့် မျက်စိတွေကို မှိတ်မှိတ်ပစ်မိတော့ သူ ပြုံးတယ်ဗျ။ ကျွန်တော့်မှာ ကျွန်တော့်အဖြစ်ကို တခြားလူတွေ မသိအောင် မနည်းကြိုးစား ထိန်းနေရတယ်ဗျာ။

'...အင်း.... ၁၈-နှစ်အရွယ် ကောင်လေးတစ်ယောက်ရဲ့ အချစ်ဦးဟာ သုံးဆယ်ကျော် မိန်းမတစ်ယောက် ဖြစ်နေခဲ့တာ သိပ်တော့ မထူးဆန်းပါဘူး၊ ထူးဆန်းတာက အဲဒီအချစ်ရဲ့ ခိုင်မြဲမှုနဲ့ ကာလရှည်မှုပဲ၊ ခင်ဗျား ယုံပါ့မလား၊ ကျွန်တော် အခုအချိန်ထိ သူ့ကို ချစ်နေတုန်းပဲ'

သူသည် မိတ်ဆွေ၏ မျက်နှာကို လရောင်ဝိုးတဝါးတွင် အကဲခတ် ကြည့်မိသည်။

'ဒါပေမယ့် အခုဆိုရင် သူ အဘွားကြီး ဖြစ်နေပြီပဲဗျ'

စာတပ်ပုံဆရာက သူ့ဘက်လှည့်ကြည့်ကာ ဆွေးဆွေးမြည့်မြည့် ပြုံးလေသည်။

'သူဟာ ဘယ်တော့မှ အသက်ကြီးမလာနိုင်ပါဘူးဗျာ၊ ဘယ်တော့မဆို အသက်သုံးဆယ်ကျော် အရွယ်ပါပဲ'

သူ တစ်ချက် ရယ်မောလိုက်မိသည်။ ထို့နောက် မေးခွန်းတစ်ခုကို ဖြတ်မေးလိုက်၏။

'ခင်ဗျား....သူ့ကို ရခဲ့သလား'

*ထိုမေးခွန်းသည် အသက် ၄၀-ကျော်ပြီ ဖြစ်သော သား* နှစ်ယောက်ဖခင် သူ့မိတ်ဆွေကို ရှက်သွေးဖျန်းသွားစေကြောင်း



www.burmeseclassic.com

www.burmeseclassic.com



သူ့ တအံ့တသြ မြင်တွေ့လိုက်ရ၏။ ခေတ်ပုံဆရာက ရှက်ကိုးရှက်ကန်း ပြုံးကာ အိမ်ကြီး၏ ပြတင်းပေါက်ဆီ လှမ်းငေးနေရင်း ခေါင်းယမ်းလေသည်။

'အသုဘအပြီး တစ်ပတ်လောက် ကြာတော့ ကျွန်တော် ခေတ်ပုံတွေ ကူးပြီးသွားတယ်၊ အလှူ ခေတ်ပုံတွေရော၊ အသုဘ ခေတ်ပုံတွေရော၊ နောက် သူ့ကို ကျွန်တော် ခိုးရိုက်မိတဲ့ ခေတ်ပုံတွေရောပေါ့၊ အိမ်ကြီးရဲ့ ပြတင်းဝမှာ သူ့ကို အမှတ်တမဲ့ ရိုက်မိတဲ့ ခေတ်ပုံဟာ ရိုက်ခဲ့သမျှထဲမှာ အကောင်းဆုံး ခေတ်ပုံပဲဗျ၊ ကျွန်တော် အဲဒီပုံကို ယူသွားရ ကောင်းမလား၊ မယူဘဲ ထားခဲ့ရ ကောင်းမလား အကြာကြီး ဝေခွဲမရ ဖြစ်နေသေးတယ်၊ နောက်မှ သူ့ခေတ်ပုံ သီးသန့်တွေ မှန်သမျှ ထားပစ်ခဲ့ဖို့ ဆုံးဖြတ်လိုက်တယ်။

'အဲဒီအိမ်ကို နောက်တစ်ခေါက် ရောက်တော့ သူနဲ့ တိုက်ရိုက် တွေ့ရတယ်၊ သူက ခေတ်ပုံတွေကို ကျွန်တော့်ရှေ့မှာ တစ်ခုချင်း ရေကြည့်ပြီး ပိုက်ဆံရှင်းတယ်လေ၊ နောက်...သူ့အဒေါ်ကြီးနဲ့ သူ့သမီး မရှိတဲ့အချိန်မှာ ကျွန်တော့်မျက်နှာကို တည့်တည့် စိုက်ကြည့်ပြီး 'တခြား ပုံတွေရော'လို့ မေးတယ်၊

'မင်း ကိုယ့်ပုံတွေ အများကြီး ခိုးရိုက်ခဲ့တာ ကိုယ်သိတယ်၊ အဲဒီပုံတွေကို ဘယ်လောက်ရမှ မင်းက ကိုယ့်ကို ရောင်းမှာလဲ'တဲ့။

'ဘယ်လောက် ရင်ခုန်ဖို့ ကောင်းတဲ့ မေးခွန်းလဲနော်၊ အဲဒီလိုမှ မေးပါ့မလားလို့ စိုးရိမ်နေရတဲ့ ကောင်ပဲဗျာ၊ ကျွန်တော်က ပြုံးပြီး 'အိမ်မှာ ကျန်နေခဲ့တယ်၊ ကျွန်တော် အလကား ပေးမှာပါ မမ၊ ကျွန်တော့် မြို့ကို လိုက်ယူမလား၊ ဒါမှမဟုတ် ကျွန်တော် ဘယ်လာပေးရမလဲ၊ ကျွန်တော် တခြားလူတွေ ရှေ့မှာ မပေးချင်ဘူး'လို့ ပြောလိုက်တယ်၊ သူက ခွက်ထိုးခွက်လန် ရယ်လိုက်တာ 'မင်းက ကိုယ့်ကို မမလို့ ခေါ်လိုက်သေးသား'လို့ ထဲ ညည်းတယ်။'ကိုယ်ကတော့ မင်းကို သားလို့ပဲ ခေါ်ချင်တယ်'တဲ့'

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အဲဒီအချိန်မှာ ရင်ထဲရှိသမျှ ဖွင့်ဟပြောချင်လိုက်တာ၊ မသင့်တော်သေးပါဘူးလေ။ အသုဘ ရက်လည်ပြီးတာစမှုဆိုးမတစ်ယောက်ပါ ဆိုတဲ့ အသိနဲ့ ကျွန်တော် လူ့ကျင့်ဝတ်ကို စောင့်ထိန်းနေခဲ့တယ်။

'မမ အံ့ဩစရာတစ်ခု ပြောရဦးမှာပဲ၊ ကျွန်တော့်ဆီမှာ အသုဘနေ့က မမ ဓာတ်ပုံတွေအပြင် တခြားပုံလဲ ရှိသေးတယ်'

'အဲဒီလိုလဲ ပြောလိုက်ရော သူ အံ့ဩသွားတယ်၊ ဒါနဲ့ ကျွန်တော်က အတိုးကြီးဆုံးမယ့်နေ့က အိမ်ပြတင်းဝမှာ အမှတ်မထင် ရိုက်မိခဲ့တဲ့ ဓာတ်ပုံအကြောင်း ပြောပြလိုက်တာပေါ့၊ အဲဒီအချိန်မှာ သူ့မျက်နှာမှာ ဖြစ်သွားတဲ့ မျက်နှာထားက ထိတ်လန့်ကြောက်ရွံ့တဲ့ မျက်နှာထားပဲ။

'အဲဒီပုံ ဘယ်မလဲ၊ မင်း တခြား ဘယ်သူ့ကို ပြသေးလဲ'လို့ သူက လေသံမာမာနဲ့ ကြမ်းကြမ်းရှရှ မေးတယ်။ ကျွန်တော် တော်တော် ဝမ်းနည်းသွားတယ်ဗျာ။ 'ကျွန်တော်ဟာ ဘာမဆိုမျိုသိပ်နိုင်စွမ်း ရှိပါတယ် မမရယ်၊ ကျွန်တော် ဘယ်သူ့ကိုမှ မပြပါဘူး၊ ဘာမှလဲ မပြောခဲ့ပါဘူး'လို့ ကျွန်တော် ဖြေလိုက်တော့မှ သူ စိတ်သက်သာရာ ရသွားတယ်။

'နောက် နှစ်ရက်ကြာတော့ ကျွန်တော့် မြို့ကို သူ လိုက်လာတာပဲ၊ အသုဘနေ့က ခိုးရိုက်ထားတဲ့ ဓာတ်ပုံတွေကို သူ ထုံးဝ ဂရုမစိုက်ဘဲနဲ့ ပြတင်းပေါက်မှာ ရိုက်မိတဲ့ ဓာတ်ပုံကို တောင်းတယ်၊ နက်ဂတစ်တွေပါ တောင်းတယ်၊ သူ စိတ်ချမ်းသာဖို့ ဘာမဆို လုပ်ပေးချင်တဲ့ ကျွန်တော်က သူ့ကို ဓာတ်ပုံတွေရော နက်ဂတစ်ပါ ပေးလိုက်ပါတယ်။ တစ်ခုပဲ ရှိတယ်၊ နက်ဂတစ်ငါးပုံ ရှိတဲ့အထဲက တစ်ကွက်ကို ချန်ထားပြီး ကျန်တဲ့လေးကွက် ပြန်ပေးလိုက်တယ်၊အကောင်းဆုံးတစ်ခုကို ကျွန်တော် ချန်ထားလိုက်တယ်၊ နက်ဂတစ်တွေရော ဓာတ်ပုံတွေရော ကျွန်တော့်အိမ်မှာ ကျွန်တော့် ရှေ့မှာတင် မီးရှို့ပစ်တော့ ကျွန်တော် နှမြောလိုက်တာ၊ မျက်ရည်တောင် လည်မိတယ်။ ဒါပေမယ့်

www.burmeseclassic.com



ကျွန်တော့်ကို သူ ယုံကြည်ရတဲ့ မိတ်ဆွေကလေး တစ်ယောက်အဖြစ် ရင်းနှီးသွားခဲ့တာ ကျွန်တော့်အတွက် အမြတ်ပဲပေါ့။

ကျွန်တော်ဟာ သူ့ကို ချစ်ခွင့်တောင်းဖို့ အချိန်အခါကို စောင့်နေရင်း သူ့မြို့လေးကို ရောက်တိုင်း သူ့အိမ်ကို သွားဖြစ်တယ်၊ အများအားဖြင့်တော့ သူနဲ့ မတွေ့ရဘူးဗျ၊ သူ့အဒေါ်ကြီးနဲ့ သူ့သမီးပဲ တွေ့ရတယ်၊ တွေ့မယ့်တွေ့တော့ သူ တစ်ယောက်တည်း မဟုတ်ဘူး၊ သူ့ဘေးမှာ ယောကျ်ားတစ်ယောက်နဲ့၊ သူ့မိတ်ဆွေလို့ ပြောပြီး မိတ်ဆက်ပေးပေမယ့် မိတ်ဆွေ မဟုတ်မှန်း ကျွန်တော် သိနေတယ်၊ရုပ်ကိုက ကြာကူလီရုပ်ဗျ၊ ရွာထဲက လူတွေ ပြောပြောနေတဲ့ သူ့အကောင်ဆိုတာပဲ ဖြစ်မယ်လို့ ကျွန်တော် ရိပ်မိတယ်၊ ကျွန်တော့်ရင်ထဲမှာ ပူလောင်နေတာပေါ့။ ပထမတော့ အဘိုးကြီးမှာ အတွင်းပစ္စည်းတွေ အများကြီးတဲ့ ဗျ၊ အဘိုးကြီး ဆုံးသွားပြီးတဲ့နောက် အဲဒီပစ္စည်းတွေ သူ့လက်ထဲ ရောက်သွားပြီး ပျောက်ပျက်ကုန်တယ်ပြောတယ် ငွေကိုတော့ တော်တော်ဖြုန်းနိုင်တဲ့ မိန်းမဗျာ၊ အဲဒီအိမ်ကြီးကို ပေါင်တောင် ပေါင်ရသတဲ့၊ သူ ကျွန်တော့်ကို ဖွင့်ပြောတယ်။ ပြီးတော့ ကျွန်တော့်ကို ငွေစုခိုင်းတော့တယ်၊ ဆိုလိုတာက သူ့အိမ်ကို ရွေးပေးရင် သူ့ကို ကျွန်တော် ရမယ်ဆိုတဲ့ အဓိပ္ပာယ်မျိုးပေါ့။

'....ခုတ်ပုံရိုက်ရုံနဲ့တော့ အိမ်ရွေးဖို့ ဘယ်တက်နိုင်မလဲဗျာ၊ သူတို့ရွာမှာ အကောင်းဆုံး အိမ်ကြီးပဲ၊ ဒါနဲ့ ကြက်သွန်စိုက်တဲ့ လုပ်ငန်းကို စ,လုပ်ကြည့်တယ်၊ နောက်ပိုင်း ငွေအရင်းအနှီးလေး ရလာတော့ စိုက်ပျိုးတဲ့အလုပ်ထက် လှောင်တဲ့ လုပ်ငန်းက ပိုကိုက်တယ်ဆိုတာ သိလာတယ်၊ တဖြည်းဖြည်းချင်း ကျွန်တော် လုပ်ငန်း ကျွမ်းကျင်လာခဲ့တယ်၊ ဒီအိမ်ကြီးကို ပြန်ရွေးဖို့ ရည်ရွယ်ချက်နဲ့ ကျွန်တော် ကုန်းကျုံးပြီး ငွေရှာနေတဲ့ အချိန်မှာ သူ့အကောင်ကတော့ ဒီအိမ်ကို ဝင်လိုက် ထွက်လိုက်ပဲဗျ၊ လောကမှာ ဘာအလုပ်မှ မလုပ်ချင်တဲ့ ကောင်ဆိုတာ ရှိသေးတာကိုး။ ကျွန်တော့်မှာ အဲဒီအိမ်ကို သူ့တိုင်းသွားတိုင်း

www.burmeseclassic.com

www.burmeseclassic.com



အကုသိုလ်တွေ တစ်မျိုးပြီးတစ်မျိုး ရခဲ့တာပဲ။ ဒီလိုနဲ့ နောက်ဆုံးတစ်နေ့ ရောက်လာတယ်။

'....အဲဒီနေ့မှာ ကျွန်တော့်အိမ်မှာ နေရင်း အလိုလို စိတ်ညစ် တွေဝေနေခဲ့တယ်။ သူ့ကို သတိရ တမ်းတစိတ်တွေနဲ့ တစ်ကွက်တည်းကျန်တဲ့ သူ့နက်ဂဘစ်ကို ကျွန်တော် အရဲစွန့်ပြီး ပုံကြီးချဲ့ ကူးနေလိုက်တယ်၊ အခုန ဧည့်ခန်းမှာ ခင်ဗျားမြင်ရတဲ့ ပုံပေါ့ဗျာ။ သူ့ပုံမှာ ခင်ဗျား သတိထားကြည့်မိလား မသိဘူး၊ သူ့နောက်မှာ တိုင်ကပ်နာရီတစ်လုံး ခပ်ဝါးဝါး မြင်နေရတယ်လေ။

'....အဲဒီနာရီမှာ လက်တံတွေက ၅ နာရီ ၁၀ မိနစ်ကို ပြနေတယ်။ ကျွန်တော် ဓာတ်ပုံကူးရင်း တွေးနေမိတာက သူ့အဘိုးကြီး သေတဲ့အချိန်ကို ဆရာဝန် ခန့်မှန်းတာ ညနေ ၅ နာရီ ပတ်ဝန်းကျင်တဲ့၊ ဒါပေမယ့် အလောင်းကို အမြင်က ပြန်လာတဲ့ အဒေါ်ကြီး စတွေ့တော့ပဲ ည ၇ နာရီ ထိုးနေပြီ၊ ၇ နာရီ အတွင်း အဲဒီအိမ်မှာ ဘယ်သူမှ မရှိဘူးလို့ အဘွားကြီးက ပြောခဲ့တယ်၊ တကယ်တမ်းတော့ အဘိုးကြီး အခန်းထဲမှာ သူ ညနေ တုန်းက ရှိနေခဲ့တာပဲ။ သူ ရှိနေတာကို ကျွန်တော် သိတယ်၊ အဲဒီအချိန်ဟာလဲ သူ့ယောကျ်ား သေဆုံးချိန်လို့ ဆရာဝန် ခန့်မှန်းတဲ့ အချိန်ပဲ။ ဒါပေမယ့် ဒါ ကျွန်တော့် ပြဿနာ မဟုတ်ပါဘူး၊ စိတ်လဲ မဝင်စားဘူး။ ကျွန်တော် ဓာတ်ပုံကူးပြီးသွားချိန်ဟာလဲ ညနေ ၅ နာရီ ကျော်ကျော်မှာပဲဗျ၊ အဲဒါကလဲ တိုက်ဆိုင်မှု တစ်ခုပဲလေ။ ဒါထက် ထူးဆန်းတဲ့ တိုက်ဆိုင်မှုကိုတော့ ကျွန်တော် နောက်တစ်နေ့မှပဲ သိရတာပါ။ ကျွန်တော် ချစ်မြတ်နိုးတဲ့ မိန်းမတစ်ယောက် ကျွန်တော် သူ့ဓာတ်ပုံ ကူးပြီးသွားချိန် လောက်မှာပဲ အဲဒီအိမ်ကြီးပေါ်မှာ သေဆုံးသွားတယ်ဆိုတဲ့ တိုက်ဆိုင်မှု တစ်ခုပေါ့ဗျာ'

သူ ဓာတ်ပုံဆရာဘက် လှည့်ကြည့်လိုက်သောအခါ ဓာတ်ပုံ ဆရာက နာကျင်စွာ ပြုံး၏။

www.burmeseclassic.com

www.burmeseclassic.com



'ဘာဖြစ်လို့ ဆုံးသွားတယ် ထင်လဲ၊ သေဆုံးရတဲ့ အကြောင်းရင်းကိုတော့ နောက်မှပဲ သိရတာပါ။ ဉပြုန်မှာ သနွေ့ တည်တာတဲ့ဗျာ'

သူသည် စာနာထောက်ထားစွာပင် ငြိမ်သက်၍ နားထောင် နေခဲ့သည်။ ပတ်ဝန်းကျင်သည် ပိုမို တိတ်ဆိတ်လာပြီး ညသည် ပို၍ ပို၍ နက်ရှိုင်းလာသည်။ ကောင်းကင်အစွန်း မိုးကုပ်စက်ဝိုင်းဆီတွင် ဖျတ်ခနဲ ကြွေသွားသော ကြယ်ရောင်တန်းတစ်ခု သူ မြင်လိုက်ရ၏။ ညဥ့်ငှက်တို့ အော်မြည်သံသည် တဖြည်းဖြည်း ကျဲပါး ဝေးကွာလာသည်။ လရောင်အောက်က မြေပြင်တွင် သက်ရှိ လူသားဟူ၍ သူတို့ နှစ်ယောက်သာ ရှိသလို ထင်ရသည်။

'နောက်ထပ် ဖြစ်ခဲ့တာတွေကိုတော့ ခင်ဗျားစဉ်းစားလို့ ရလောက်ပါပြီ။ ကျွန်တော် သူ့ အိမ်ကြီးကို ပြန်ရွေးယူလိုက်တယ်၊ အသုဘမှာ ကျွန်တော့်ကို အားကိုးတကြီး ဖက်ငိုခဲ့တဲ့ သနားစရာ မိန်းကလေးဘဝကို တာဝန်ယူ စောင့်ရှောက်ဖို့ ဆုံးဖြတ်ပြီး ကျွန်တော် လက်ထပ် ယူလိုက်ပါတယ်။ မိန်းကလေးက ငယ်စဉ်တုန်းက သူ့ အမေနဲ့သိပ်မတူခဲ့ပေမယ့် တဖြည်းဖြည်းကြီးပြင်းအရွယ်ရောက်လာလေ အမေနဲ့ တူလာလေပဲ။ ကျွန်တော် သူ့ အိမ်မှာနှစ်ပေါင်းများစွာ နေထိုင်ခဲ့တာနဲ့အမျှ သူဟာ ကျွန်တော့်အနားမှာပဲ ရှိနေသေးတယ်ဆိုတာ တဖြည်းဖြည်း သေချာလာတယ်။ ကျွန်တော် အိပ်မက်တွေ ခဏခဏ မက်တယ်လေ၊ အိပ်မက်ထဲမှာ သူ ဆုံးစဉ်က အဝတ်အစား အတိုင်း ကျွန်တော့် အနားရောက်လာတတ်တယ်။ တကယ်တော့ သူ ကျွန်တော့်ဆီကို အိပ်မက်အသွင်နဲ့ လာလည်တာပဲလို့ ကျွန်တော် ယုံပါတယ်'

သူ စိတ်ဆင်းရဲစွာပင် မိတ်ဆွေ၏ ပခုံးကို လှမ်းဆုပ်ညှစ်လိုက်၏။ သို့သော် သူဘာစကားမှ မပြောပါ။ ပြောစရာလည်း မလိုဘူးဟု ထင်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘာပဲဖြစ်ဖြစ် သူ့သမီးကို ကျွန်တော် လက်ထပ်ယူဖို့ သူ ဆန္ဒရှိလိမ့်မယ်ဆိုတာ ကျွန်တော် သိတယ်၊ သူ့ကျွန်တော့် လုပ်ရပ်ကို ကျေနပ်မှာပါ'

သူ ခေါင်းတစ်ချက် ညိတ်လိုက်၏။ လောကသည် အကြာကြီး တိတ်ဆိတ်သွားပြန်သည်။ ထို့နောက် ခေါတ်ပုံဆရာက သူနှင့် မျက်နှာချင်းဆိုင် လာရပ်၏။

'သူဟာ ဘယ်တော့မှ အသက်သုံးဆယ်အရွယ်ထက် ပိုပြီး မကြီးနိုင်တော့ဘူးလေ'

'ဟုတ်ပါတယ်၊ကျွန်တော် လက်ခံပါတယ်၊ ဒါနဲ့ ခင်ဗျား ဇနီး ဒီအကြောင်းတွေ သိလား'

'ဟင့်အင်း'

တုံးတိသော အဖြေတွင် မျိုသိပ်မှုများကို သူ အကဲခတ်မိသည်။

'ကျွန်တော့်ဇနီးက အလွန်သိမ်မွေ့တယ်၊ ရှက်တတ်တယ်၊ ရိုးစင်းတယ်၊ အလွန်လဲ လိမ္မာပါတယ်။ ကျွန်တော် သူ့ကို လက်ထပ်ခဲ့မိတာ ကျွန်တော့်ဘဝမှာ အမှန်ကန်ဆုံးလုပ်ရပ်ပဲဗျ။ သူ ကျွန်တော့်ကို ချစ်နေတာ ကြာပြီလို့ လက်ထပ်တဲ့နေ့တုန်းက ဖွင့်ပြောခဲ့တယ်၊ တကယ်တော့ ကျွန်တော်လဲ သူ့ကို နောက်ပိုင်းမှာ တဖြည်းဖြည်း ပိုချစ် လာပါတယ်၊ ဒါပေမယ့် သူ့ကို အချစ်ဆုံး အချိန်ကတော့ သူ့အသက် သုံးဆယ်ကျော် အချိန်တွေပဲဗျ'

သူ ခေါင်းတစ်ချက်ညိတ်ကာ ပြုံးလိုက်သည်။ သူငယ်ချင်း၏ မျက်လုံးများသည် လရောင်အောက်တွင် ရွှန်းလက်နေသည်၊ အတန်ကြာ တိတ်ဆိတ်စွာ မတ်တတ်ရပ်နေကြပြီးနောက် ပန်းချီဆရာသည် ရုတ်တရက် ခပ်ဖွဖွ ရယ်မောလိုက်လေသည်၊ သူငယ်ချင်းက သူ့ကို တအံ့တသြ ကြည့်သည်၊ သူ ရယ်မောရာမှ ပြန်း ခနဲ ရပ်တန့်လိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



'ဆောရီးဗျာ၊ ကျွန်တော် ရယ်ချင်စိတ် ပေါက်လာတာက ကျွန်တော့်အဖြစ်ကို ခင်ဗျားအဖြစ်နဲ့ နှိုင်းကြည့်မိလို့ပါ၊ ခင်ဗျား စိတ်အနှောင့်အယှက် ဖြစ်သွားရင်....'

'ဟာ....မဖြစ်ပါဘူး၊ ကျွန်တော်လဲ ရယ်ချင်ပါတယ်၊ ကျွန်တော့်ကို ပြောပြမလား'

သူ မျက်နှာ မော့လှန်ကာ လဝန်းကို မော့ကြည့်လျက် အသက်ပြင်းပြင်း ရှူလိုက်၏။

'ကျွန်တော့်အဖြစ်ကို ခင်ဗျား အစအဆုံး သိပြီးသားပဲ၊ ကျွန်တော့်ဇနီးနဲ့ ကျွန်တော် လက်မထပ်ခင်က ကျွန်တော့်မှာ ချစ်သူတစ်ယောက် ရှိခဲ့တယ်လေ'

'သိတာပေါ့ဗျာ၊ အဲဒီကောင်မလေး တခြားယောကျ်ားနဲ့ လိုက်ပြေးတဲ့ နေ့တုန်းက ခင်ဗျားနဲ့ ကျွန်တော် ထန်းရည်တွေ မူးပြီး ထန်းတောထဲမှာ လဲနေခဲ့ကြတာလေ၊ ဟုတ်တယ် မဟုတ်လား'

သူ သဘောကျစွာ ရယ်လိုက်သည်။ သို့သော် ရယ်သံတွင် ခါးသီးမှုများ ပါဝင်၏။

'အေးဗျာ....သူဟာ ကျွန်တော့်အချစ်ဦးဆိုတာ ခင်ဗျား အသိပဲ၊ အချစ်ဦးကို မြေးဦးရတောင် မမေ့ဘူး ဆိုပဲဗျ၊ အဲဒီစကား မှန်မမှန် ကျွန်တော် မသိနိုင်သေးဘူး၊ ကျွန်တော့်သားက အခုမှ ၁၅-နှစ်သားပဲ ရှိသေးတာလေ။ အခုအချိန် အထိတော့ ကျွန်တော် တစ်ခါတစ်ခါမှာ သတိရတုန်းပဲ'

ဓာတ်ပုံဆရာက သူ့ပခုံးကို တစ်ချက် ပုတ်၍ ခေါင်းညိတ်၏။

'ထားပါလေ၊ ကျွန်တော်ပြောချင်တာ ကျွန်တော် သူ့ကို မမေ့တဲ့အကြောင်း မဟုတ်ပါဘူး၊ ကျွန်တော် သတ္တိကြောင်ပြီး ခင်ဗျား သတ္တိကောင်းတဲ့ အကြောင်း'

သူ့စကားကို သူငယ်ချင်းက အဓိပ္ပာယ်ပေါက်တန် မတူပါ။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော် အိမ်ထောင်ကျတော့ အဖေတို့နဲ့ ပေါင်းမနေချင်လို့ ကျွန်တော်တို့မြို့မှာပဲ တခြားရပ်ကွက်မှာ အိမ်တစ်လုံး ငှားနေဖူးတယ်၊ ဒီအကြောင်း ခင်ဗျားကို ပြောမပြဖူးသေးဘူးနော်'

'အင်း....မပြောဘူး'

သူ တစ်ချက် ရယ်မောလိုက်ပြန်သည်။

'ပထမတော့ အဆင်ပြေလို့ပဲဗျ၊ အိမ်ကလေးက တော်တော် ချစ်စရာကောင်းပါတယ်၊အခန်းဖွဲ့ထားပုံက စနစ်တကျပဲ၊ အပြင်မှာ ဧည့်ခန်း၊ အတွင်းမှာ တစ်ခုတည်းသော အိပ်ခန်းကို သုံးထပ်သားနံရံနဲ့ ဖွဲ့ထားတယ်၊ သုံးထပ်သား အထက်မှာ သံဆန်ခါနဲ့ မျက်နှာကြက်ထိအောင် ကာထားတယ်၊ လေဝင် လေထွက် ကောင်းတာပေါ့။ ခုတင်ကလဲ ဘန်ဂါလီ နှစ်ယောက်အိပ်ခုတင်ဗျာ၊ ခြေရင်းမှာ ရေချိုးခန်း အိမ်သာ တွဲလျက်ပေါ့၊ ဒီအိမ်လေးကို ပြောင်းလာကာစမှာ ကျွန်တော် တော်တော် ပျော်ခဲ့တယ်။ ဒါပေမယ့် သုံးလလောက် ကြာတဲ့အခါ တစ်ရက်မှာ ပြဿနာ တက်တော့တာပဲ။ ကံဆိုးစွာနဲ့ အမှတ်မထင် စကားစပ်မိပြီး သိသွားတဲ့ အကြောင်း တစ်ခုကြောင့်ပေါ့၊အဲဒီအိမ်ဟာ လွန်ခဲ့တဲ့ သုံးနှစ်အထိ ကျွန်တော့်ချစ်သူ ငှားနေသွားတဲ့ အိမ်တဲ့ဗျာ၊ ကျွန်တော့် ချစ်သူ ငှားနေခဲ့တဲ့ အိမ်လို့ စကားလုံးအောင် ပြောရပေမယ့် သူနဲ့အတူ ဘယ်သူနေတယ်ဆိုတာ ခင်ဗျား ရိပ်မိလောက်ပါ တယ်။ သူနဲ့ သူ့ယောကျ်ားနဲ့ ဒီအိမ်မှာ ငါးနှစ်တိတိ နေသွားသတဲ့ဗျာ၊ သေရော'

သူ ရယ်မောရန် ကြိုးစားသော်လည်း သည်တစ်ခါ အောင်မြင်တော့ပါ။ ဓာတ်ပုံဆရာကလည်း မရယ်မောဘဲ ငြိမ်သက်နေ၏။

'အဲဒီလို သိလိုက်ရတဲ့ညမှာ ကျွန်တော် ကောက်တွေး နေတော့တာပေါ့....ဟာတစ်ညလုံး ဘယ်လို နေရမှန်း ဘာလုပ်ရမှန်း မသိဘူး၊ အခန်းထဲက ခုတင်ပေါ်မှာ လှဲနေစဉ်က ကျွန်

www.burmeseclassic.com



တော့်အာရုံမှာ သူ့ပုံတွေ တစ်ခုပြီးတစ်ခု ပေါ်လာတော့တယ်။ သူဟာ ဒီအိမ်ပေါ်မှာ သူ့ယောကျ်ားနဲ့အတူ ဘယ်လို ပျော်ရွှင်ခဲ့ကြသလဲ၊ ကျွန်တော် မတွေးချင်ဘဲ မြင်လာမိတယ်။ သူ့အပြုံး၊ သူ့အရယ်၊ သူ့စကား၊ သူ့ခြေသံ၊ သူ့လှုပ်ရှားမှုတွေ၊ ဘုရား.... ဘုရား.... ကျွန်တော် တွေးရင်း ချွေးပြန်လာတယ်။ ကျွန်တော့်မျက်စိထဲမှာ မြင်ယောင်နေတဲ့ သူ့အရိပ်အငွေ့တွေနဲ့ အာရုံမှာကြားနေရတဲ့ တီးတိုးသံတွေ၊ ရယ်မောသံတွေ၊ ညည်းညူသံတွေနဲ့ ကျွန်တော် ဘယ်လိုဆက်ပြီး နေလို့ ရမလဲ။ အဲဒီအချိန်မှာ ကျွန်တော့်ဇနီးက ဘယ်လိုမှ နှစ်သိမ့်မှု မပေးနိုင်ဘူးဗျ။ တကယ်ကို သေချာတယ်၊ မတူဘူးဗျာ....လုံးဝ မတူဘူး၊ ဒါဟာ ကျွန်တော့်အတွက်တော့ ငရဲခန်း တစ်ခုပါပဲဗျာ။

'....မိန်းမနဲ့ယောကျ်ား ချစ်သူ ဆုံးရှုံးရတာချင်း တူတယ်ထား၊ ကိုယ့်ကို စွန့်ပစ်ပြီး တခြားတစ်ယောက်ကို လက်ထပ်သွားပုံချင်း တူရင် ခံစားရတဲ့ ဆင်းရဲမှုကျတော့ ကျွန်တော်တို့ယောကျ်ားတွေက ပိုတယ်ဗျ၊ ကိုယ့်အမျိုးသား တခြား အမျိုးသမီးနဲ့ လက်ထပ်သွားတဲ့ ညမှာ စိတ်ဆင်းရဲရတဲ့ အမျိုးသမီးတစ်ယောက်ရဲ့ စိတ်ခံစားမှုဟာ အဲဒီ အဖြစ်မျိုး ကျွန်တော်တို့ယောကျ်ားတွေ ကြုံရသလောက် မကြေကွဲနိုင်ပါဘူး၊ ကျွန်တော်တို့ရဲ့ ဆုံးရှုံး နာကျင်မှုကတော့ တနင့်တပိုးကြီးပါဗျာ၊ လောကအလယ်ကနေ ထွက်ပြေးချင်လောက်အောင် ရှုံးလိုက်ရတဲ့ ခံစားချက်ဗျ'

သူတို့နှစ်ယောက် အကြာကြီး တိတ်ဆိတ်ငြိမ်သက်သွားပြန်သည်။ ထို့နောက် ညဥ့်ငှက်တစ်ကောင် စူးစူးရှရှ အော်မြည်လိုက်သံကြောင့် သူတို့ ပြန်လည် လှုပ်ရှားလာ၏။

'ဒီတော့ ခင်ဗျား ဘာဆက်လုပ်သလဲ'

ဓာတ်ပုံဆရာက တိုးတိတ်စွာ မေး၏။

'ရှင်းရှင်းလေးပဲဗျာ၊ နောက်တစ်နေ့ အဲဒီအိမ်က ဆင်းပြေးရတော့တာပေါ့၊ ကျွန်တော့် ဇနီးက ကျွန်တော့် အဖြစ်ကို

www.burmeseclassic.com

www.burmeseclassic.com



နားမှ မလည်ဘဲ၊ တဖျစ်တောက်တောက်နဲ့ ဆူတော့တာပေါ့ မင်း ဘာမှမသိရင် အသာနေ၊ ငါ ဒီအိမ်မှာ လုံးဝမနေနိုင်ဘူးလို့ တစ်ချက်လွှတ် အမိန့်နဲ့ ဟောက်ပစ်ရတယ်ဗျာ၊ ဒါ ကျွန်တော် သတ္တိနည်းတာပဲ ဖြစ်မယ်။

'ခင်ဗျားက ခင်ဗျားချစ်သူရဲ့အိမ်ကိုမြတ်နိုးတယ်၊ ခင်ဗျား ချစ်သူရဲ့ အရိပ်အငွေ့တွေ လွှမ်းနေတဲ့ အိမ်ပေါ်မှာ ခင်ဗျား ကျေကျေနပ်နပ် နေနိုင်တယ်၊ ဟိုလူနဲ့သူ ဆက်သွယ်မှုကို အသေ အချာ ပေါ်ပေါ်တင်တင်ကြီး ခင်ဗျား သိနေတာပဲ၊ ဒါနဲ့ တောင် ခင်ဗျား ဒီအိမ်မှာ အခုအချိန်အထိ သူ့အရိပ်တွေ၊ သူ့ အပြုံးတွေ၊ သက်ပြင်းတွေ၊ ခြေသံတွေ ကြားထဲမှာ နေနိုင်တယ်၊ ဒါ သတ္တိလို့ ပြောရမလား၊ ကျွန်တော့်မှာတော့ အဲဒီသတ္တိ မရှိ ပါဘူးဗျာ'

ခေတ်ပုံဆရာက ဘာမျှ ထင်မြင်ချက် မပေးပါ။

သူတို့နှစ်ယောက် တစ်ခဏမျှ တိတ်ဆိတ်စွာ တွေးတော နေကြစဉ် အိမ်ကြီးဆီမှ နာရီထိုးသံသဲ့သဲ့ ကြားရသည်။ ၁၂ ချက်တိတိ ဖြစ်သည်။ သူတို့နှစ်ယောက် တစ်ယောက်ကို တစ် ယောက် ကြည့်လိုက်မိကြ၏။ သူတို့အိပ်ရန် အချိန်သင့်ပြီဖြစ် ကြောင်း နှစ်ယောက်လုံး ပြိုင်တူ စဉ်းစားမိကြသည်။ ထို့နောက် တစ်ယောက်ပခုံးကို တစ်ယောက်ဖက်ကာ အိမ်ဆီသို့ ပြန်လျှောက် လာခဲ့ကြ၏။

သို့သော် ထိုည အိပ်ပျော်ကြမည် မဟုတ်မှန်းလည်း နှစ်ယောက်လုံး သိကြသည်။

ဂျူး

(အမှတ်–၁၀၀၊ ၁၉၉၃–ဇွန်လ၊ ကလျာမဂ္ဂဇင်း)



www.burmeseclassic.com

www.burmeseclassic.com

# နှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com

## မိန်းမ နှစ်ယောက်

အလုပ်သင်ဆရာဝန် အမျိုးသမီးဆောင်၏ ခုတင်ကလေးသည် ကျဉ်းမြောင်းသေးငယ်သော်လည်း သူငယ်ချင်းနှစ်ယောက် ဘေးချင်းယှဉ်လျက် ဝမ်းလျားမှောက်အိပ်ကာ တစ်ယောက်ကို တစ်ယောက် ငဲ့ကြည့် စကားပြောနိုင်ရုံတော့ ကျယ်ဝန်းပါသည်။ ခေါင်းအုံးပေါ် လက်ထောက်လျက် လက်ဖဝါးပေါ် မေးတင်ကာ ပြတင်းပေါက်မှတစ်ဆင့် ကောင်းကင်ကိုမော့ကြည့်ပြီးနေသော ထိုမျက်ဝန်းများသည် ကျောင်းမှာတုန်းကလိုပင် နူးညံ့နေ၏။

ကျွန်မတို့နှစ်ယောက်သည် အချစ်အကြောင်း ပြောရမည့်အရွယ်များ မဟုတ်တော့သော်လည်း တိတ်ဆိတ်လှပသော ညသည် ကျွန်မတို့ကို သိမ်မွေ့စွာ ပြုစားလိုက်သောအခါ ကျွန်မတို့ မေ့လျော့ထားသော နာမည်တစ်ခုကို ရေရွတ်မိကြတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ငယ်စဉ်တုန်းကတော့ ယခုလိုညမျိုးမှာ လဝန်းကို မြင်ရချင်သည်၊ လရိပ်ရှန်းမြသော တိမ်မျှင်များကို တရွေ့ရွေ့ သယ်ဆောင်သွားသည့် လေအလျဉ်နောက်သို့ စိတ်သာမကဘဲ လူကိုယ်တိုင် လိုက်ပါ လွင့်မျောလိုသည်။ ညမွှေးပန်းရနံ့များ သင်းထုံနေမည်ဆိုလျှင် ညသည် ပြီးပြည့်စုံသော ဂီတသံစဉ်တစ်ခု ဖမာ သာယာနေတော့သည်။ ထိုညမျိုးမှာ ကျွန်မတို့နှစ်ယောက် ချိုပြုံး၏ 'တက္ကသိုလ်ကျောင်းက ငွေလမင်း' သီချင်းကို တိုးတိုးဖွဖွ ညည်းခဲ့ကြဖူးလေသည်၊

ယခုတော့ ကျွန်မတို့သည် ဂီတနှင့် တော်တော် ဝေးကွာခဲ့ပြီ၊ သီချင်းညည်းနိုင်ဖို့ သံစဉ်ကိုသည်း မေ့လျော့လုနီးပါး ဖြစ်နေပြီ၊ နေ့စဉ် ရင်ဆိုင်တွေ့ကြုံနေရသော ဝေဒနာသည်များ၊ ရောဂါများ၊ အနိဋ္ဌာရုံအဖြစ်များအကြား ဆေးရုံနှင့်ဆေးခန်းတို့ကို စက်ရှပ်ပမာ ကူးပြောင်းလှုပ်ရှားနေခဲ့ရသော ကျွန်မသည် အလုပ်မှတစ်ပါး အခြားအရာများကို မေ့လျော့လုနီးပါး ဖြစ်နေပြီ၊ သို့သော် ယခုလို အမှက်မထင် ပြန်လည်ဆုံတွေ့ပြီဆိုတော့ မနက်က ကြုံခဲ့ရသော စိတ်ကျဉ်းကျပ်ဖွယ်ရာ စာမေးပွဲ အတွေ့အကြုံကို ပြန်လည်ရယ်မောရင်းကပင် တစ်ယောက်အကြောင်း တစ်ယောက် ဆက်စပ်မိဖို့ မေးမြန်း၍ အားမရနိုင်အောင် ရှိလေသည်၊

'သမီးက အခု ခြောက်နှစ်လေ၊ မအေ့မိတ်ကပ်ဘူးတွေ မွှေနှောက်ပြီး ကောင်းကောင်း အပျိုလုပ် အလှပြင်တတ်နေပြီ အိရဲ့၊ သမီး ကြီးလာရင် ဘာလုပ်မလဲ မေးတိုင်း ရုပ်ရှင်မင်းသမီးလို့ ဖြေဖြေနေလို့ မနည်း ငေါက်ထားရတယ်'

ရယ်မောလိုက်သော သူငယ်ချင်း၏ အသံတွင် သမီးအပေါ် အပြစ်တင်လိုသည့် အရိပ်အငွေ့ လုံးဝ မပါဝင်ဘဲ ဂုဏ်ယူသော ဟန်ပန်ကိုပင် ကျွန်မ ခံစားမိသည်။ သူမ၏ သမီးသည် သူမလိုပင် သွယ်လျစွာ လှပနူးညံ့ပေလိမ့်မည်။

'ချောမှာပေါ့နော် မိအောင်'

www.burmeseclassic.com

www.burmeseclassic.com



'အိုး....ချောမှ ချော၊ မျက်လုံးကလေးတွေက ကြည်စင်နေတာပဲ အိရယ်'

ကျွန်မသည် အောင် ငယ်စဉ်က နူးညံ့ကြည်လင်သော မျက်ဝန်းလှလှကလေးများကို သတိရသွားသည်။ ဟိုတုန်းက နုဖူးပြောင်ပြီး ဆံပင်အလယ်ခွဲ ဖားလျားချထားသည့် ပုံစံမျိုး ခေတ်စား၏။ ခါးအထိရှည်သော ဖြောင့်စင်းပါးလျားသည့် ဆံပင်အိအိကလေးများသည် အောင့်မျက်နှာ သွယ်သွယ်ကလေးနှင့် အလွန်လိုက်ဖက်ခဲ့ပါသည်။

'နင်ကလဲ.... ခေတ်ပုံအယ်လ်ဘမ်လေး ဘာလေးတောင် ယူမလာဘူးဟယ်'

အောင့်သမီးကို မြင်ချင်စိတ်ဖြင့် ကျွန်မ အပြစ်တင်တော့ အောင်က ပခုံးတွန့်ကာ ရယ်မော၏။

'ဟဲ့....နင်လာဖြေမယ်မှန်းမှ မသိတာဘဲ အိရဲ့၊ ငါကဖြင့် နင် အမ်အက်စ်စီ အောင်ပြီးပြီတောင် ထင်နေတာ'

'အမယ်လေး....အဲဒီပါးစပ်ကလေး ရွှေချထားဖို့ ကောင်းလိုက်တာနော်'

ကျွန်မကတော့ သွားလေရာရာမှာ သားခေတ်ပုံကို ယူလာဖို့ မမေ့သူဖြစ်သည်။ စားပွဲပေါ်မှာ ထောင်ထားသော သား၏ ခေတ်ပုံကို အောင်က လှမ်းကြည့်နေ၏။

'နင့်သားက နင်နဲ့ မတူသလိုပဲနော် အိ'

ကျွန်မ လှစ်ခနဲ ပြုံးလိုက်မိလေသည်။

တစ်နှစ်သားရွယ် သားကလေးသည် သူ့ဖအေ ကိုယ့်ပွားကလေးဟု လူတိုင်းက မှတ်ချက်ချကြ၏။

'သူ့အဖေနဲ့ တူတာ အောင်ရဲ့'

အောင်က မျက်မှောင်ကြုတ်ကာ သားခေတ်ပုံကို စေ့စေ့ကြည့် ပြုံး၏။ သားအဖေ၏ ကျောင်းသားဘဝ ရုပ်ပုံကို အောင်က ပြန်လည် မှန်းဆနေပုံ ရပါသည်၊ ကျောင်းပြီးမှ ကျွန်မတို့ တွေ့ဆုံလက်ထပ်ကြခြင်းဖြစ်၍ သားအဖေကို အောင်

www.burmeseclassic.com



မျက်မှန်းတန်းမိမှာ မဟုတ်။ ကျွန်မတို့ထက် တစ်ဘန်းကြီးပြီး တစ်နှစ်စောစွာ ဘွဲ့ရခဲ့သော သားအာဖေကလည်း အောင့်ကိုမသိသလို ဧဝေဧဝါ ဖြစ်နေခဲ့၏။

'အိ....နင့်သား မျက်လုံးတွေက ဟိုတစ်ယောက်ရဲ့ မျက်လုံးတွေလိုပဲနော်၊ အရှမ်း တောက်ပတာပဲ'

ဟိုတစ်ယောက်....။ ကျွန်မတို့နှစ်ယောက် အကြားတွင် ဟိုတစ်ယောက်ဟူသော စကားလုံးသည် အလွန်ရင်းနှီးကျွမ်းဝင်သော ချစ်စဖွယ် နာမ်စားတစ်ခု ဖြစ်ခဲ့သော်လည်း ၁၀ နှစ်လောက် ကြာပြီးနောက်မှ ပထမဆုံးအကြိမ် ပြန်လည်ကြားလိုက်ရသောအခါ ကျွန်မ အနည်းငယ် တွေသွား၏။ အောင်က ကျွန်မ ပခုံးကို ဖျတ်ခနဲ ရိုက် ကာ ရယ်မောသည်။

'ကြည့်စမ်း မိန်းမ၊ အခုတော့ နင် မေ့ပြီပေါ့လေ'

ကျွန်မ အောင့်စကားကို ငြင်းပယ်ချင်စိတ်ဖြင့် ခေါင်းခါယမ်းမိသော်လည်း မကြာခဏ သတိရမိကြောင်းတော့ ဝန်မခံလိုပါ။ ထို့နောက် ကျွန်မတို့ နှစ်ယောက်လုံး တိတ်ဆိတ်ငြိမ်သက်သွား၏။ အောင့်မျက်လုံးများကို ကျွန်မ အကဲခတ်ကြည့်မိသည်။ ပြုံးနေသော အောင့်မျက်လုံးများ အနည်းငယ် စိုက်ဝေးသွားသည်ကို ကျွန်မ ရိပ်မိသည်။

'သူ အမ်အက်စ်စီ မဖြေတော့ဘူးနဲ့ တူတယ်နော် အိ'

အောင့်အသံက လှုပ်ခါမှု ပါသည် ဆိုရုံကလေး။

'သူ ပို့စတင်တောင် မဝင်ဖြစ်သေးဘူးလို့ သတင်းကြားတာ အောင်ရဲ့'

အောင်က ကျွန်မကို မျက်လုံးပြူးကြည့်သည်။ သူမ မသိလိုက်သော ဟိုတစ်ယောက်အကြောင်းကို ကျွန်မ သိနေတာ အံ့ဩဟန် ရှိပါသည်။

'နင်နဲ့ တွေ့သေးလား ဟင်'

အောင့်အမေးကို ကျွန်မ ခေါင်းခါယမ်းပြရင်း ပြုံးမိသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟင့်အင်း....နင်ရော'

'မတွေ့ပါဘူးဟယ်၊ ဘယ့်နှယ်လုပ် တွေ့ပါ့မလဲ၊ တစ်မြို့စီ တစ်ဘဝစီ'

ကျွန်မ အောင့်လက်ကို ဆုပ်ညှစ်လိုက်သည်၊ ထို့နောက် ကျွန်မတို့ တစ်ယောက်ကိုတစ်ယောက် မျက်နှာချင်းဆိုင် စေ့စေ့ ကြည့်မိကြလေသည်။

***

လွန်ခဲ့သော ဆယ့်ရှစ်နှစ်တုန်းက အိအိကိုနှင့် ချိုနှင်း အောင်သည် နှစ်စဉ် ခုံနံပါတ်ချင်း ကပ်လျက်ကျပြီး အဆောင် တွင် နှစ်စဉ် တစ်ခန်းတည်း တွဲနေခဲ့ကြကာ တစ်ယောက်ကို တစ်ယောက် ချစ်ခင်တွယ်တာသော သူငယ်ချင်းနှစ်ယောက် ဖြစ်ခဲ့သည်။

ကျွန်မက အသားဖြူကာ အရပ်ပုပြီး အောင်က အသား ညိုကာ ရှည်သွယ်၏။

ကျွန်မက ဆံပင်တိုတို ယောကျ်ားလေးဆံပင်ပုံစံ ဖြစ်ပြီး အောင်က ခါးအောက် ရောက်သော ဖြောင့်စင်း နက်မှောင် သည့် ဆံပင်များကို ပိုင်ဆိုင်၏။ ကျွန်မ၏ မျက်လုံးများက မည်း နက် ဝိုင်းစက်ပြီး အောင့်မျက်လုံးများက ညိုလဲ့ နူးညံ့သည်။ ကျွန်မက ရှမ်းခေါက်ဆွဲ ဆန်ပြားကို ကြိုက်နှစ်သက်ပြီး အောင်က မန္တလေးမုန့်တီကို ကြိုက်နှစ်သက်သည်။ဟိုစဉ်က ရုပ်ရှင်မင်းသား ရှိုင်ယန်အိုနီးလ်ကို သဘောကျပြီး အောင်က ရှောအာင်ရက်ဖွဲဒ်ကို သဘောကျသည်။ ကျွန်မက ညအိပ်လျှင် ဖန်ချောင်းဖွင့်လျက် စာဖတ်ရင်း အိပ်ပျော်သည့်အကျင့်ရှိပြီး အောင်က မီးလင်းလျှင် လုံးဝ မအိပ်တတ်သောအကျင့် ရှိသည်၊ ကျွန်မက စိတ်လိုက်ရှိ ရှိလွန်းမှ မျက်နှာကို သနပ်ခါးပါးပါး လူးတတ်ပြီး မြဲသလို မျက်နှာပြောင်နှင့် အလှပြင်ဖို့ ပျင်းရိတတ်သော်လည်း အောင်က

www.burmeseclassic.com



နေ့စဉ် နာရီဝက်နီးပါး ကြာအောင် ဆံပင်နှင့်မျက်နှာ အလှ ပြုပြင်ချိန် ယူလေ့ရှိသည်။

အစစအရာရာ အသွင်မတူ ကွဲပြားသော ကျွန်မနှင့် အောင်သည် အံ့ဩဖွယ်ကောင်းစွာပင် အချက်နှစ်ချက်တွင်တော့ လာ၍ တူနေ၏။ ပထမတူညီမှုမှာ နှစ်ယောက်လုံး လက်ပစ် နာရီ ပတ်သည့်အကျင့် မရှိကြခြင်း ဖြစ်သည်။

ပထမတူညီမှုက ကျွန်မတို့နှစ်ယောက်အတွက် ထူးခြား သည့် ပြဿနာ မဖြစ်ခဲ့သော်လည်း ဒုတိယ တူညီမှုကတော့ ဦးနှောက်ခြောက်စရာ ပြဿနာတစ်ခု ဖြစ်ခဲ့၏။ ကျွန်မတို့ အတန်းမှ ယောကျ်ားကလေး တစ်ယောက်ကိုပြိုင်တူ ကြိုက်နှစ် သက်မိကြခြင်း ဖြစ်ပါသည်။

ပထမနှစ် အမ်ဘီတွင် အတန်းဖဲ့၍ ကင်းနှင့်ကွင်း ရွေး သော အချိန်မှ စတင်ခဲ့သည်။ တစ်တန်းလုံးက မဲအများဆုံး ပေးထားသော ဖတ်စ်အမ်ဘီကင်းကို ကျွန်မတို့ နှစ်ယောက် သဘောမတူခဲ့ပါ။ အဆောင်ပြန်ရောက်တော့ ကျွန်မ တိတ်တိတ် ရွေးထားသော ကင်း ရှိသည်ဟု အောင့်ကို ပြောမိသည်။အောင် ကလည်း သူမ တိတ်တိတ်ရွေးထားသူ ရှိသည်တဲ့။ ရယ်စရာ ကောင်းနေသည်က ကျွန်မတို့နှစ်ယောက်လုံး ကိုယ်ရွေးမိသည့် လူ၏ နာမည်ကို ကိုယ်မသိကြပေ။ နောက်တစ်နေ့ အတန်းတက် တော့မှ မိမိ ရွေးချယ်သူကို တိတ်တခိုး ညွှန်ပြတော့ နှစ်ယောက် လုံးက တစ်ယောက်တည်းကို ရွေးခဲ့မိကြောင်း တအံ့တဩ သိရ သည်။

ထိုအချိန်မှစ၍ ကျွန်မတို့ သူငယ်ချင်းနှစ်ဦး၏ ရင်ထဲသို့ သူက စတင် ဝင်ရောက်လာခဲ့ပါသည်။ သူသည် စာတော်သည့် ကျောင်းသားစာရင်းတွင်လည်း မပါ၊ စာညံ့သည့် ကျောင်းသား စာရင်းတွင်လည်း မပါ။ သာမန် အလယ်အလတ်တန်းစားဖြစ် ၏။ အသားလတ်လတ်၊ အရပ်မနိမ့်မမြင့်၊ ကိုယ်ခန္ဓာ ကျစ်လျစ် သည်။ သွယ်လျသော်လည်း အသားပြည့်ပြည့် မျက်နှာပြင်သည်

www.burmeseclassic.com

www.burmeseclassic.com



ချောမွေ့နေ၏။ သူ့တစ်ကိုယ်လုံးတွင် အင်အားအကောင်းဆုံးမှာ မျက်လုံးများ ဖြစ်သည်။ ထိုမျက်လုံးများသည် ကျွန်မအား နှစ်ပေါင်းများစွာ သူ့ကို သတိရအောင် ညှို့ယူထားခဲ့လေသည်။

အချစ်ဆိုတာကို မတွေ့ကြုံဖူးသော ဆယ့်ခုနစ်နှစ်အရွယ်တွေမို့ ကျွန်မနှင့် အောင်သည် ချစ်စရာကောင်းသော ထိုကောင်ကလေးနှင့် မျက်လုံးချင်း ဆုံမိအောင် 'ဘယ်လို လုပ်ကြရရင် ကောင်းမလဲ'ဟု ပေါ့ပေါ့ပါးပါးပင် ကျိတ် ဆွေးနွေးခဲ့ကြ၏။ သတ္တိမကောင်းလှသေးသော ပထမနှစ် အမ်ဘီမှာတော့ ကျွန်မတို့သည် သူ့လက်တွေ့ခန်း ရှေ့မှ ဖြတ်လျှောက် ကြည့်ရုံလောက်သာ ဖြစ်၏။ ဒုတိယအမ်ဘီ ရောက်တော့ ကျွန်မတို့ အနည်းငယ် ရဲဝံ့ပြီ။ တစ်နေ့မှာတော့ သူ ကော်ရစ်ဒါမှာ လမ်းလျှောက်သွားခိုက် ကျွန်မတို့ နှစ်ယောက် သူ့နောက်သို့ ခပ်သုတ်သုတ် လိုက်သွားကြ၏။ သူ့ရှေ့အထိ ကျော်သွားပြီးမှ ကျွန်မတို့နှစ်ယောက် တိုင်ပင်ထားသည့်အတိုင်း သူ့ကို လှည့်ကြည့်ကာ 'ဘယ်နှစ်နာရီ ရှိပြီလဲ'ဟု ပြိုင်တူ မေးလိုက်ကြသည်။ သူ တုံ့ခနဲ ရပ်သွားကာ ကျွန်မတို့နှစ်ယောက်ကို ခပ်ရှုန်းရှုန်း ကြည့်ပြုံးပြီးမှ သူ့လက်ကို မြှောက်ကြည့်၏။ ထို့နောက် ခပ်ဖွဖွ တစ်ချက်ရယ်ကာ 'ကျွန်တော်လဲ နာရီ မပါဘူး ခင်ဗျ'ဟု သိမ်မွေ့စွာ အဖြေပေးလေသည်။ တစ်တန်းတည်းသားတွေမှန်း မျက်မှန်းတန်းမိပါလျက် ကျွန်မတို့နှင့် သူ ချက်ချင်း ခင်မင်မသွားခဲ့ပေ။

သူသည် သူငယ်ချင်း သတ်သတ်မှတ်မှတ်ထား၍ ပေါင်းသင်းသူ မဟုတ်။ သူ့ဘေးတွင် အတန်းသား တစ်ယောက်ပြီး တစ်ယောက် လဲပြောင်းပါလာလေ့ ရှိသည်။ သူ့ဘေးမှာ သူငယ်ချင်းတွေပါလာလျှင် ကျွန်မတို့နှစ်ယောက် သူ့ကို လုံးဝမကြည့်ဘဲ တစ်ယောက်တည်းလာမှ သူသတိထားမိလောက်အောင် ကျွန်မတို့ နှစ်ယောက်က မျက်လုံးချင်း ဆုံပစ်လိုက်ကြတော့သည်။ ထိုအခါ သူက ကျွန်မတို့ နှစ်ယောက်ကို ပြုံးပြတော့မလိုလို၊ စကားပြောတော့မလိုလို ဇဝေဇဝါ မျက်လုံးများ ခပ်စိုက်စိုက်ကြည့်ကာ

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်လှည့်ပြီး ပြုံးသွားတတ်၏။ ထိုအခါမျိုးတွင် ကျွန်မတို့နှစ်ယောက်သည် သူ့မျက်လုံးများ၏ ဆွဲငင်မှုကို ပြန်လည် တွေးတော ခံစားရင်း အဆောင်သို့ တိတ်ဆိတ်ငြိမ်သက်စွာ ပြန်ရလေ့ရှိပါသည်။

တစ်ခါတုန်းကတော့ ယောကျ်ားတို့၏ ကိုယ်နံ့အကြောင်း ကျွန်မတို့နှစ်ယောက် ဆွေးနွေးငြင်းခုံကြရင်း သူ့ကိုယ်နံ့ကို စပ်စုလိုစိတ် ပေါက်ခဲ့ကြဖူးသည်။ ခက်နေသည်မှာ ကျွန်မတို့နှင့်သူက အမြဲတမ်း အဖွဲ့ခွဲ မတူသောကြောင့် လက်ချာချိန်မှ တစ်ပါးအခြား လက်တွေ့ချိန်များတွင် ဘယ်တော့မျှ တစ်ခန်းတည်း မရှိကြပေ။ နီးနီးကပ်ကပ်လည်း မရပ်ခဲ့ကြဖူးပေ။ သည်တော့ သူ့ကိုယ်နံ့ စူးရှသလား၊ ဖျော့မှိန်သလား၊ ရနံ့သင်းသလား ကျွန်မတို့ မသိနိုင်ပေ။ သူနှင့် နီးကပ်ဖို့ အခွင့်အရေးမှာ လက်ချာချိန်သာ ဖြစ်၏။ တစ်နေ့မှာတော့ ကျွန်မတို့ ထိုင်နေကျ ရှေ့ဆုံး အောက်ဘက်ခုံများတွင် မထိုင်တော့ဘူးဟု ဆုံးဖြတ်ကာ ခန်းမထဲသို့ ရှေ့ပေါက်မှ မဝင်ဘဲ နောက်ပေါက်မှ တက်ခဲ့ကြသည်။ အောင်နှင့် ကျွန်မသည် သူထိုင်နေကျ ဘေးအတန်းက ခုံများရှိရာ မျက်စိဝေ့ကြည့်လျက် အပေါ်စီးမှ မြင်နေရသော နောက်ကျောများ၊ နောက်စေ့များကို ခွဲခြမ်းရှာဖွေရင်း တစ်ထစ်ချင်း ဆင်းလာခဲ့ကြသည်။ မျက်စိလျင်သော အောင်က အလျင် မြင်၏။ တံအားလျှော်စွာပင် သူထိုင်နေသော ခုံ၏ နောက်ဘက် ခုံတန်းမှာ ယောကျ်ားလေး တစ်ယောက်မျှ ဝင်ထိုင်မနေခဲ့ပေ။ ကျွန်မတို့သည် မျက်နှာပြောင်ပြောင်ဖြင့်ပင် သူနှင့်ကပ်လျက်ခုံမှာ သူ့နောက်တည့်တည့်၌ ဝင်ထိုင်လိုက်ကြ၏။ ပထမတော့ စာသင်သည်ကိုသာ အာရုံစူးစိုက်တတ်သော သူက မရိပ်မိပေ။ နောက်တော့ တိုးတိုးကျိတ်ကျိတ် ပြောသော မိန်းကလေးသံများ ကြားရလို့လား မသိ၊ သူ ဖြုန်းခနဲ လှည့်ကြည့်သည်။ ကျွန်မတို့ နှစ်ယောက် ကိုယ်ကို ရှေ့ကိုင်းပြီး သူ့ကော်လာ လည်ပင်းနားတွင် နှာခေါင်း ပွစိပွစိဖြင့် အလုပ်ရှုပ်နေသည်ကို သူ မြင်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



အောင့် မျက်လုံးများနှင့် အလျင် ရင်ဆိုင်မိပြီးနောက် သူ့မျက်လုံးများ ကျွန်မထံ ရောက်လာသည်။ ကျွန်မ အောင့်လို ဒေါ်ကြောင်မသွားဘဲ သူ့ကို ပြုံးပြလိုက်ပါသည်။ ထိုအခါ သူ့မျက်လုံးများ လက်ခနဲ တောက်ပသွားအောင် ပြုံးပြပြီး နောက်ပြန်လှည့်သွားလေသည်။

'မွှေးတယ်နော် အောင်....မနံဘူး' ဟု ကျွန်မ အောင့်ကို တိုးတိုးကျိတ်ကျိတ် ပြောတော့ အောင်က ကျွန်မကို ဝမ်းပန်းတနည်း ကြည့်သည်။ သူမ၏ လက်ချာစာအုပ် ဖွင့်လက်စ စာမျက်နှာ အပေါ်ပိုင်း၌ စာတစ်ကြောင်း ခပ်သွက်သွက်ရေးပြီး ကျွန်မကို ပြ၏။

'နင် ဘာဖြစ်လို့ သူ့ကို သွားပြုံးပြရတာလဲ၊ နင် တစ်ကိုယ်ကောင်းဆန်တယ်' တဲ့။

ကျွန်မ နောင်တရသွားပါသည်။

'ငါ မသိဘူး အောင်ရယ်၊ သူ့ကို သိပ်ပြုံးပြချင်တာပဲ၊ စိတ်ဆိုးလား' ဟု အောင့်စာကြောင်းအောက်မှာပင် စာပြန်ရေးပြီး တောင်းပန်တော့ သူမက ပြန်ရေး၏။

'နောက်ကို နင်တစ်ယောက်တည်း ကွက်ပြီး မပြုံးနဲ့နော်၊ ပြုံးပြဖို့ အစီအစဉ်ရှိရင် ငါ့ကို ကြိုပြောထားပါ၊ ငါလဲ ပြုံးမယ်' တဲ့။

ထိုအချိန်မှစ၍ ကျွန်မတို့နှင့်ဆုံလျှင် ပြုံးပြနှုတ်ဆက်သော အလေ့တစ်ခု သူ ရရှိလာခဲ့သည်။ ထို့ပြင် ကျွန်မတို့နှစ်ယောက် ရှိရာ လက်တွေ့ခန်း သို့မဟုတ် လူနာဆောင်သို့ အကြောင်းမရှိ အကြောင်းရှာ၍ လာတတ်ပြီး ကျွန်မတို့ကို ပြုံးပြလေ့ ရှိသည်။ ထို့နောက် သူ့မျက်ဝန်းများတွင် အဓိပ္ပာယ် ဖော်ရခက်သော ငြိတွယ်မှုတစ်ခုကို ပျော်ရွှင်စွာ ကျွန်မတို့ တွေ့ရတော့သည်၊ ထို အရိပ်ကလေးမှ နောက်တစ်ဆင့် တက်လာဖို့ ရင်ခုန်မောပန်းစွာ ကျွန်မတို့ စောင့်ရင်း တစ်ယောက်ကိုတစ်ယောက်လည်း အဆစ်မပေးဘဲ စောင့်ကြည့်ခဲ့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ ကျွန်မတို့နှစ်ယောက်နှင့် မဆုံဆုံအောင် အကြောင်းရှာ၍ ညို့ယူပြုံးပြတာကတော့ မှန်ပါရဲ့၊ ကျွန်မတို့နှစ်ယောက်မှ တစ်ပါး အခြား ဘယ်မိန်းမကိုမျှ မျက်လုံးချင်းဆုံ၍ပင် မကြည့်တာလည်း မှန်ပါရဲ့၊ ဘယ်သူ့ကို လိုက်နေတာ ဟူသော သတင်းသိုးသိုးသန့်သန့်ကလေးမျှ သူနှင့်ပတ်သက်၍ မကြားရသည်မှာလည်း မှန်ပါရဲ့။ သို့သော် ကျွန်မတို့နှစ်ယောက်အနက် မည်သူ့ကို သူ စိတ်ဝင်စားတာလဲ။ မည်သူ့ကို သူ မြတ်နိုး တွယ်တာပါသလဲ၊ ကျွန်မတို့နှစ်ယောက် အဖြေထုတ်ဖို့ ကြိုးစားခဲ့ကြ၏။

သူသည် ကျွန်မတို့ နှစ်ယောက် တွဲလာလျှင် ပြုံးပြရင်းအောင့်ကို ပထမဆုံးကြည့်၏။ ဒါကိုလည်း ကျွန်မကတော့ အောင့်အရပ်ရှည်လို့ အောင့်ကို သူ အလျှင် မြင်မိတာပေါ့ဟု ဟာသစွက်တာ စိတ်လှည့်စား ကျေနပ်ခဲ့တာပါပဲ။ ထိုမျက်ဝန်းတွင် ငြိတွယ်မှုများစွာ ပါဝင်ကြောင်းတော့ ကျွန်မ ထိတ်လန့်စွာရိပ်မိပါသည်။ သို့သော် ချက်ချင်းပင် အောင့် ထံမှ မျက်ဝန်းက ကျွန်မထံ ရောက်လာပြီး ကျွန်မကို စူးရှစွာ ညို့ယူသော မျက်ဝန်းများ ဖြစ်သွားပြန်သည်။ အောင့်ကိုကြည့်သော မျက်ဝန်းထဲမှာ မြတ်နိုးမှု ပါဝင်လျှင် ကျွန်မကိုကြည့်သော မျက်ဝန်းထဲမှာ မက်မောတမ်းတမှု ပါဝင်သည်ဟု ကျွန်မ ပြောရပါလိမ့်မည်။

'အိုရာ....လုပ်မနေပါနဲ့၊ သူ ငါ့ကို ချစ်နေတယ်ဟ၊ သေချာတယ်' အောင်က ကျွန်မ မခံချင်အောင် ပြောလေ့ရှိပြီး ကျွန်မကလည်း အားကျမခံ 'ကြည့်နေ မိအောင်၊ သူ ငါ့ကို ဟောဒီတစ်နှစ်အတွင်း ရည်းစားစကား ပြောလာစေရမယ် သိလား' ဟု သူမကို မကြာခဏ အတည်ပေါက် ဆွပေးလေ့ ရှိပါသည်၊

သူ့ငြိတွယ်မှုသည် ကျွန်မထံမှာလား၊ အောင့်ထံမှာလား အစအဆုံး သိလိုစိတ် များလာသောအခါ ကျွန်မတို့နှစ်ယောက် အမြွှာညီအစ်မလို အမြဲတွဲနေ၍ မဖြစ်တော့ဘူးဟု နှစ်ယောက်လုံး နားလည်လာခဲ့သည်။ သူသည် ကျွန်မရှေ့တွင် အောင့်ကို တမ်းတပြဖို့ ခဲယဉ်းလိမ့်မည် ဖြစ်သလို အောင့်ရှေ့တွင် ကျွန်မကို ဒေး

www.burmeseclassic.com

www.burmeseclassic.com



မောတွယ်တာဖို့လည်း ခဲယဉ်းပေလိမ့်မည်။ ထိုအချိန်မှစ၍ ကျွန်မ နှင့် အောင်သည် မကြာခဏ သိသိသာသာ (နှစ်ဦးသဘောတူ) ခွဲထွက်ကာ လက်တွေ့ စမ်းသပ်ခဲ့ကြသည်။ တစ်နေ့ကြုံတွေ့ခဲ့သမျှကို အရင်းအတိုင်း ပြန်လည် ပြောပြကြသည်။ တစ်ခါတစ်ရံ သူငယ်ချင်းနှစ်ယောက် တစ်ယောက် တစ်နေရာစီ ခွဲထွက်ရင်း ခပ်လှမ်းလှမ်း သူ မမြင်ကွယ်ရာလောက်ဆီမှ အကဲခတ် ကြည့်ဖူးသေး၏။ သူသည် ကျွန်မ မပါဘဲ အောင့်ကို မြင်ရလျှင် တစ်ချက်သာ စူးစိုက်ကြည့်ပြီး သူ့မျက်စိက ဟိုဟိုသည်သည် လိုက်ကြည့် အကဲခတ်လေ့ ရှိ၏။ခပ်လှမ်းလှမ်းမှာ ကျွန်မ ချောင်ကပ်၍ ရှိနေကြောင်း မြင်သွားလျှင်တော့ လှစ်ခနဲ ပြုံးပြလိုက်သော သူ့မျက်ဝန်းများ အောက်မှာ ကျွန်မ ညွတ်ခွေသွားတော့မတတ် ကြည်နူး ပျော်ရွှင်ရလေသည်။ သို့သော် ကျွန်မကို အလျင် မြင်တွေ့ပြီး အောင့်ကို မတွေ့ရသည့် အခါမျိုးတွင်လည်း သူ အောင့်ကို ပျာပျာသလဲ ဝေ့ဝဲ ရှာကြည့်မြဲ ဖြစ်၏။ အောင့်ကို မြင်သွားလျှင် သူ့ရှေ့မှာ ကျွန်မ နီးကပ်စွာ ရှိနေပါလျက် အောင်တစ်ယောက်သာ လောကတွင် ရှိနေသလို သူ ပြုံးပြ နှုတ်ဆက်ပြန်လေသည်။ ကျွန်မတို့၏ နည်းပရိယာယ်သည် သူ့စိတ်ကို ခွဲခြားသိဖို့ မစွမ်းသာခဲ့ပေ။

သည်လိုနှင့်ပင် သူသည် ကျွန်မတို့နှစ်ယောက်ကို ဆေးတက္ကသိုလ် သက်တမ်းတစ်လျှောက်လုံး ဘယ်ယောက်ျားထံမှ စိတ်မကစားဖြစ်အောင် ထိန်းချုပ် ညှို့ယူစွမ်းရှိသော ကောင်လေး ဖြစ်ခဲ့ပါသည်။

***

ကျွန်မတို့ ချစ်မြတ်နိုးရသော ထိုကောင်ကလေး၏ ချောမွေ့လင်းလက်သော မျက်နှာနှင့် တောက်ပသော အပြုံးကို ပြန်လည်ရင်ခုန်ရင်း အချို့ညများတွင် ကျွန်မတို့သည် တစ်ခုတင်တည်း ဘေးချင်းယှဉ်အိပ်လျက် တစ်ယောက်လက်ကို တစ်ယောက် ဆုပ်ကိုင်ကာ မျှဝေခံစားခဲ့ဖူးသည်။

www.burmeseclassic.com

www.burmeseclassic.com



'အိရယ်....ငါနင့်ကို ဘယ်လောက်ချစ်တယ်ဆိုတာ နင်သိတယ် မဟုတ်လား' ဟု အောင်က ဝမ်းနည်းစွာ မေးဖူးသည်။ ကျွန်မ ရုတ်တရက် မျက်ရည်ဝေ့လည်ကာ ခေါင်းခပ်သွက်သွက် ညိတ်ပြမိ၏။

'တကယ်လို့များ သူက ငါ့ကို ဖွင့်ပြောလာခဲ့ရင် ငါ့သူ့ကို လက်ခံမယ်လို့ နင်ထင်သလား ဟင်....အိ'

ထိုမေးခွန်းကို ကျွန်မ မဖြေဘဲ ခပ်ရိုင်ရိုင် ပြုံးနေသောအခါ အောင်က မျက်ရည်ဝဲလျက်က ကျွန်မလက်ကို ဆုပ်ကိုင်ဖျစ်ညစ်လေသည်။

'ငါသူ့ကို ငြင်းပစ်မှာပါ အိရယ်၊ တကယ်ပြောတာပါ၊ နင် ယုံစမ်းပါဟာ၊ မိအောင်ဟာ သူငယ်ချင်းကို ချစ်သူထက်ပိုပြီး တန်ဖိုးထားတာ နင်တွေ့လာပါလိမ့်မယ်'

အောင့်အသံ တိုးတိုးလေးက ခိုင်မာ ပြတ်သားနေသည်။

'ငါ ယုံပါတယ် အောင်ရာ....၊ ဒါပေမယ့် ဘာမှမဆိုင်ဘူး အောင်ရဲ့၊ သူငယ်ချင်းဆိုတာ တစ်သက်လုံး တွဲသွားလို့မှ မရဘဲ၊ ချစ်သူဆိုတာက ခင်ပွန်းအဖြစ် ယုံကြည်ကိုးစားထိုက်သူဆိုရင် တစ်သက်လုံး ကိုယ့်ဘေးမှာ ကောင်းတူဆိုးဖက် ကြင်နာမယ့်သူ အောင်ရဲ့၊ စိတ်ကူးမယဉ်ချင်နဲ့ အောင်၊ မတူတာနှစ်ခုကို ယှဉ်ကြည့်ပြီး အသားလွတ် အနစ်နာခံတဲ့ သူရဲကောင်းစိတ်မျိုး မမွေးစမ်းနဲ့၊ သူ နင့်ကိုမှ ချစ်လာပြီဆိုရင် နင်ဒီလောက် ချစ်ရတဲ့ လူကို ဘယ်သူ့အတွက်ကြောင့်မှ ဆုံးရှုံးမခံနဲ့ သိလား'

ကျွန်မက တိုးတိတ်စွာ နှစ်သိမ့်မိသည့်အခါ အောင်က အိပ်ရာမှ ထထိုင်ကာ ကျွန်မကို ငုံ့စိုက်ကြည့်ပြီး တွေဝေနေ၏။ ထို့နောက် မေးသင့် မမေးသင့် ချိန်ဆနေပုံ မျက်နှာထားဖြင့် ကျွန်မကို မေးခွန်းတစ်ခု မေးပါသည်။

'နင်ဆိုလိုတာက တကယ်လို့ သူက နင့်ကို ချစ်လာခဲ့ရင် ငါ့ကို မငဲ့ဘဲ နင်သူ့ကို လက်ခံမယ်ပေါ့....ဟင်'

www.burmeseclassic.com

www.burmeseclassic.com



အလွန်ဖြေရခက်သော မေးခွန်းတစ်ခု ဖြစ်ပါသည်။ ကျွန်မက အောင့်လို စိတ်ကူးယဉ်တတ်သူ မဟုတ်ပေ။ တကယ် တမ်းတော့ သူ့ကို ရယူပိုင်ဆိုင်ဖို့အတွက် ဘယ်သူ့မျက်ရည်နှင့် လဲရလဲရ၊ ကျွန်မ လဲရက်ပါသည်။ သို့သော် ထိုအဖြစ်မှန်ကို အောင့်ကို ဖွင့်မပြောရန် ကျွန်မ ထိန်းချုပ်ခဲ့ရ၏။ အောင့်ကို ပြုံးကြည့်ကာ ပိပိရိရိ လိမ်ရသည်။

'ဘယ်လက်ခံမလဲ အောင်ရာ၊ စောစောက ပြောတဲ့ စကားက ငါ့ကို နင် ညှာစရာမလိုဘူးလို့ နင်သိစေချင်လို့ ပြောလိုက်တာပါ၊ ဒီမယ် ကြည့်စမ်း၊ သူ့ကို ငါ ဘယ်လောက်ပဲ ချစ်ချစ် ဘယ်တော့မှ မယူဘူး သိလား အောင်'

ကျွန်မ၏ လိမ်လည်မှု ဘယ်လောက် ပီပြင်သလဲဆိုလျှင် အောင့်မျက်ဝန်းများ လက်ခနဲ ဖြစ်သွားကာ ကျွန်မကို အားရ ပါးရ ဖက်ပွေ့ရယ်မောရင်း အောင် မျက်ရည်ကျခဲ့ပါသည်။ အောင့်မျက်ရည်ကို မြင်မှ ကျွန်မ အောင့်ကို ပိုချစ်သွားကာ မျက်ရည်ကျ ရယ်မောမိတော့သည်။

သို့သော် အောင်သည် ကျွန်မအပေါ် ငဲ့ညှာစိတ်ဖြင့် သူ့ကို တကယ်စွန့်လွှတ်မှာလား ဆိုတာ ကျွန်မ သံသယဝင် မိတာတော့ အမှန်ပဲ ဖြစ်၏။ ခေါင်းစဉ်တွေ ခွဲဝေ မျှယူ၍ စာကျက်ပြီး ပြန်ရှင်းပြပေးသည့် အခါမျိုးကအစ လူနာစမ်းသပ် လေ့လာသည်အထိ တစ်ယောက်နှင့်တစ်ယောက် ငဲ့ညှာကာ အေးအတူပူအမျှ ခံစား ခွဲဝေခဲ့ကြသော ကျွန်မတို့နှစ်ယောက် အား ယောကျ်ားတစ်ယောက်က အလွယ်တကူ စိမ်းကား [illegible] စေနိုင်လိမ့်မည်ဟု ထင်သည်။

ကျွန်မ သူ့ကို လက်ခံလိုက်လျှင် အောင့်အမုန်း[illegible] ရရှိလာမည်လား။ ဒါကိုတော့ ကျွန်မ မခန့်မှန်းတတ်[illegible] သံသယသည် ကျွန်မအပေါ် ကာလများစွာ လွှမ်းမိုး[illegible] အောင် သူ့ကို လက်ခံလိုက်လျှင်တော့ ကျွန်မ [illegible] နည်းမိမည်၊ နောက်ပြီး ရှက်ရွံ့ သိမ်ငယ်[illegible]

www.burmeseclassic.com

www.burmeseclassic.com



အောင့်ကို ဘယ်တော့မှ မုန်းတီးမိမှာ မဟုတ်။ ဒါကတော့ သေချာသည်၊ ကျွန်မတို့ သုံးယောက်၏ တိတ်တခိုး ပြဿနာသည် နောက်ဆုံးနှစ် အပိုင်း(ခ)စာမေးပွဲ ပြီးဆုံး၍ သူ ပြင်ဦးလွင်တွင် အလုပ်သင်ဆရာဝန်အဖြစ် တာဝန်ကျပြီး၊ ကျွန်မတို့နှစ်ယောက်က မန္တလေး ဆေးရုံကြီးတွင် တာဝန်ကျချိန်တွင် လွမ်းတသ ဖွယ်ရာ ဖြစ်သွားခဲ့သေး၏။ နောက် သိပ်မကြာမီမှာပင်ဆုံးခန်းတိုင် အဖြစ်သို့ ရောက်ခဲ့ပါသည်။ ဘယ်လိုမျှ မျှော်လင့်မထားသော ဇာတ်သိမ်းကဲ့လေး ဖြစ်သည်။ ပြင်ဦးလွင်တွင် တွေ့ရသော ကျောင်းဆရာမလေး တစ်ယောက်နှင့် သူ လက်ထပ်သွားခြင်းပင် ဖြစ်ပါသည်။

သူ့ ဖိတ်စာကို အခြားသူငယ်ချင်းများနှင့်အတူ ကျွန်မတို့ လက်ခံရရှိခဲ့သည်။

အဆောင်နေ ကျောင်းသူဘဝကလို ကျွန်မတို့နှစ်ဦး အခန်းသတ်သတ်သာ နေခွင့်ရလျှင် အခန်းတံခါး စောစောပိတ် ကာ တိတ်ဆိတ်ငြိမ်သက်စွာ မျက်ရည်ကျချင် ကျမိနိုင်သည်။ တံဆိုးဝါးစွာပင် အလုပ်သင်ဆရာဝန် အမျိုးသမီးဆောင်မှာ အခန်းသီးသန့် မရှိသော ခန်းမကျယ်ကြီးထဲတွင် ခုတင်များ စီတန်းထားခြင်း ဖြစ်သောကြောင့် ကျွန်မတို့ အခန်းတံခါး မပိတ်နိုင်ပေ။ နှစ်ယောက်လုံး ပြိုင်တူ စောစောအိပ်ရာဝင်ကြ ဖို့လည်း ရှက်ရွံ့နေသောကြောင့် ကျွန်မနှင့် အောင်သည် ဆေးရုံ ဝင်းထဲတွင် တစ်ယောက်လက် တစ်ယောက်တွဲကာ ဖြည်းညင်းစွာ လမ်းလျှောက်နေခဲ့ကြသည်၊ ကျွန်မတို့နှစ်ယောက်လုံး တမ်းတ သော ငွေလမင်းအကြောင်း မပြောမိအောင် ဟန်ဆောင်မျိုသိပ် ရင်း လူနာနှင့် ရောဂါများအကြောင်း ဟန်လုပ်ဆွေးနွေးနေခဲ့ကြ သေး၏၊ လမ်းလျှောက်ရင်း ဒူးမျ''း ညွတ်ခွေကျကာ ငိုချင်စိတ် ပေါ်လာလျှင်တော့ နက်ပြာရောင် ကောင်းကင်မှ လမင်းကို လိုက်ရှာမော့ကြည့်ရင်း ခြောက်ကပ်စွာ ရယ်မောခဲ့ကြလေသည်၊

www.burmeseclassic.com

www.burmeseclassic.com



ညသည် တဖြည်းဖြည်း တိတ်ဆိတ်စွာ နက်ရှိုင်းလာသည်။ နောက်ဆုံးတော့ ထိန်းချုပ်ထားမှုက ပြိုကွဲသွားသေသည်။

'သူတို့ကို မချစ်ဘူးလားဟင်....အိ'

အက်ကွဲသော အောင့်စကားသံကလေး၌ ရှက်ရွံ့မှုများစွာ ပါဝင်နေသောကြောင့် ကျွန်မ သနားသွားပါသည်။ အောင့်မျက်နှာ တစ်ခြမ်းကို အုပ်မိုးနေသော ဆံပင်ပျော့ကလေးများကို ကျွန်မ လက်နှင့် သပ်ဖယ်ပေးရင်း ပြုံးပြမိသည်။

'အချစ်ဆိုတာ တို့ထင်တာထက် ပိုပြီး နားလည်ရ ခက်တယ်နဲ့ တူတယ် အောင်ရယ်၊ နောက်ပြီး ယောကျ်ားတွေရဲ့ အချစ်ဟာ မိန်းမတွေရဲ့ အချစ်နဲ့ မတူဘူးတဲ့'

ကျွန်မစကားက စမ်းတဝါးဝါး နိုင်လွန်းသဖြင့် ကျွန်မဘာကို ဆိုလိုမှန်း ကျွန်မကိုယ်တိုင်ပင် မသိနိုင်အောင် ဖြစ်နေသည်။

'သူတို့ကို သတိရနေမယ်လို့ထင်လား ဟင်'

'သူ တို့ကို သတိရနေမှာ သေချာတာပေါ့ အောင်ရဲ့၊ ခုနစ်နှစ်တိတိ တွယ်တာခဲ့တဲ့ သံယောဇဉ်ကြိုးကို အခုမှ တွေ့ရတဲ့ မိန်းမတစ်ယောက်က ဘယ်လိုလုပ် ဖြတ်တောက်ပစ်နိုင်ပါ့မလဲ၊ သူ တို့ကို မေ့မှာ မဟုတ်ဘူး'

အောင့်ကို လိမ်ရသမျှ စကားထဲတွင် ဤစကားသည် ယုတ်တိမတန်ဆုံး ဖြစ်ပါသည်။

ကျွန်မတို့နှစ်ယောက်သည် သူ့မင်္ဂလာပွဲအတွက် လက်ဖွဲ့ကို အတန်းသားများထဲမှ မည်သည့်အုပ်စုနှင့်မျှ မရောဘဲ သီးသန့်ပြုလုပ်ခဲ့၏။ နှစ်ယောက်လုံး၏ဆုံးဖြတ်ချက်အရ ထိုလက်ဖွဲ့ပစ္စည်းသည် သူ့ဇနီးနှင့် မသက်ဆိုင်သော၊ သူ့အတွက်သာ အသုံးဝင်သော သီးသန့်ပစ္စည်း ဖြစ်ရမည်။ အောင်က ဂျာကင်အင်္ကျီလက်ဖွဲ့မယ်ဟု ပြောတော့ ကျွန်မ ခါးခါးသီးသီး ငြင်းမိ၏။

www.burmeseclassic.com

www.burmeseclassic.com



'မဖြစ်ဘူး အောင်၊ ယောကျ်ားအကျီဆိုပြီး ပေါ့ပေါ့ မတွက်နဲ့၊ သူ့မိန်းမကို ပေးဝတ်နေရင် ဘယ့်နှယ်လုပ်မလဲ၊ဒါမှ မဟုတ် လမ်းခရီး သွားရင်းလာရင်း သူ့မိန်းမ ချမ်းလို့ ခြုံပေးရင်ကော'

အောင့်မျက်နှာ ဖျတ်ခနဲ ညှိုးသွားလေသည်။

'ဒါဖြင့် ဖိနပ်ကွာ'

ကျွန်မ ပြုံး၍ ခေါင်းယမ်းရပြန်၏။

'သူ့ခြေထောက် အတိုင်းအတာကို တို့မှ မသိတာ အောင်ရယ်'

နောက်ဆုံးတော့ နားကြပ်အနီရောင်ကလေးကို ကျွန်မတို့ နှစ်ယောက် သဘောတူ ရွေးချယ်လိုက်လေသည်။ သူသည် နားကြပ်ကို သူ့မိန်းမအား ပေးကိုင်နိုင်တော့မည် မဟုတ်။ နားကြပ်ကလေးသည် သူ့ပခုံးထက်တွင် တစ်သက်လုံး ရှိနေလိမ့်မည်၊ နားကြပ်ကို အသုံးပြုတိုင်း ကျွန်မတို့နှစ်ယောက်ကို သူ သတိရပေလိမ့်မည်။

လက်ဖွဲ့ပစ္စည်း လူကြုံနှင့်ပေးရန် လှလှပပ ထုပ်ပိုးပြီး နောက် သူ့နာမည်၏ နောက်တွင် သူ့ဇနီး၏ နာမည်ကို နာကျင်စွာ ရေးခဲ့ရပါသည်။

✸✸✸

တကယ်တော့ ဤဇာတ်သိမ်းပိုင်းကလေးသည် ကျွန်မတို့ နှစ်ယောက်အတွက် အလွန် လှပကြောင်း ကာလကြာရှည်တော့မှ ကျွန်မ အခိုင်အမာ လက်ခံခဲ့တော့သည်။

အောင်နှင့်ကျွန်မ မုန်းတီးနာကျည်းမှုမရှိ၊ တစ်ယောက်ကို တစ်ယောက် တိတ်တခိုး မနာလိုမှု၊ ဝမ်းနည်းအားငယ်မှု၊ မခံချင်ဖြစ်မှုလည်း မရှိ၊ ကျွန်မတို့နှစ်ယောက် သူ့ကိုရယူဖို့ ကိုယ်စီ ယှဉ်ပြိုင်ခဲ့ကြသည်ဆိုလျှင် ယခုပွဲတွင် ဘယ်သူမျှ မနိုင်၊ ဘယ်သူမျှ မရှုံးပေ။

www.burmeseclassic.com

www.burmeseclassic.com



ပြိုင်ပွဲတွင် နှစ်သိမ့်ဆုကို ကြေညာခြင်း ရမည်ဆိုလျှင်တော့ ထိုဆုကို ရသူသည် ကျွန်မသာ ဖြစ်သည်။ ဘာကြောင့်လဲဆိုတော့ သတင်းစာတွင် ကျွန်မ၏ လက်ထပ်သာပယ်း ဖော်ပြပြီး နှစ်ပတ် အကြာတွင် အခြားလက်ဖွဲ့များထက် နောက်ကျပြီး ရောက်လာသော သူ့လက်ဖွဲ့ လက်ဆောင်တစ်ခုကို ကျွန်မ လက်ခံရရှိခဲ့သောကြောင့် ဖြစ်သည်။ ထိုလက်ဆောင်ထုပ်ကလေးကို ဖွင့်ကြည့်လိုက်သောအခါ သူ့လက်ရေးများသည် ကျွန်မ မျက်ရည်ဖြင့် ဝါးသွားခဲ့လေသည်။ ကျွန်မသည် ဘုရားတလျက် မယုံကြည်နိုင်စွာ ရင်ခုန် တုန်လှုပ်ရင်း ပြုံးရယ်မိသည်။

သူသည် ကျွန်မကို သတိရနေခဲ့သည်ပါလား။ သူသည် ကျွန်မကို မမေ့ခဲ့သူပါကလား။ ကျွန်မတို့ သူ့ကို စတင် စကားပြောသည့် နေ့ကို သူ ဘယ်တော့မျှ မမေ့ခဲ့ပါလား။

သူ လက်တပ်သွား၍ နင်ကျင် ကြေကွဲရသော ကျွန်မ၏ ဝမ်းနည်းစိတ်သည် သူ့အမှတ်တရ လက်ဖွဲ့ပစ္စည်းကလေးကြောင့် လွင့်ပါး ပျောက်ကွယ်ခဲ့တော့သည်။ သူ့လက်ဖွဲ့ပစ္စည်းမှာလည်း ကျွန်မ တစ်ဦးတည်းအတွက်သာ အသုံးဝင်သော ပစ္စည်း ဖြစ်ပါသည်။

အောင့်ကို ညာတာစိတ်ဖြင့် ဤအကြောင်း ဘယ်တော့မျှ ပြန်မပြောတော့ပါဘူးဟု ကျွန်မ ဆုံးဖြတ်ချက်ချခဲ့သည်။

'အိ....'

'ဟင်'

'ငါ နင့်ကို ပြောစရာတစ်ခု ရှိနေတယ်'

ရှည်လျား ဖြောင့်စင်းသော အောင့်ဆံပင်များ တိုသွားပြီး တစ်ပတ်လျှို ဆံထုံးကလေးဖြင့် ဆရာဝန်ပီသစွာ ဣန္ဒြေရှင့်ဆော်လည်း အောင့် မျက်ဝန်းများ ညိုလွဲတောက်ပနေပုံမှာ ကျောင်းသူဘဝတုန်းကလိုပင် ဖြစ်သည်။

'ဘာလဲ အောင်'

www.burmeseclassic.com

www.burmeseclassic.com



'ငါ နင့်ကို ပြောမယ် ပြောမယ်နဲ့ မပြောဖြစ်ဘူး၊ ဒါပေမယ့် အခုတော့ ပြောချင်လာပြီ၊ ပြောလို့လဲ ဘာမှ ထူးခြားစရာ မရှိတော့ဘူးလေ'

ဆန်းကြယ်သောအောင့်စကားကြောင့်မီးရောင်အောက်မှ အောင့် မျက်နှာကို စိတ်ဝင်တစား အကဲခတ်မိသည်။ အောင့် အပြုံးသည် နှစ်ပေါင်းများစွာက အပြုံးလိုပင် လန်းဆန်း တောက်ပနေ၏။

'သိပ် အံ့ဩဖို့ ကောင်းတာပဲ အိရယ်၊ ငါ မင်္ဂလာဆောင် တုန်းကလေ ဟိုတစ်ယောက်ဆီက မင်္ဂလာလက်ဖွဲ့ကလေး ရတယ် သိလား'

ကျွန်မသည် ကြားရသော စကားကို မယုံနိုင်စွာ အောင့် ကို ငေးနေမိသည်။ ဟိုတစ်ယောက်ဆီက....။ သူသည် အောင့် ကိုလည်း မင်္ဂလာလက်ဖွဲ့ပစ္စည်း ပို့ခဲ့သည် တဲ့။ ကျွန်မ၏ လက်ကို အောင်က ဖျတ်ခနဲ ဆွဲယူ ဖျစ်ညှစ်သည်။

'သူ ဇက်ထပ်သွားတုန်းကတောင် မျက်ရည် မကျမိတဲ့ ငါကလေ...၊သူ့ဆီက လက်ဖွဲ့ကို ရတော့မှ မျက်ရည်ကျမိသတဲ့ အိရယ်၊ နင် မအံ့ဩဘူးလား ဟင်'

ကျွန်မသည် တုန်ခိုက်သည့် အောင့်ရယ်သံ တိုးတိုးကလေး ကြောင့် ကြက်သီးထသွား၏။

'သူ ငါ့ကို သတိရနေခဲ့တယ် အိရဲ့၊ သူ ငါ့ကို မမေ့ခဲ့ဘူး ပေါ့၊ တို့နှစ်ယောက် သူ့ကို စနောက်ခဲ့တဲ့ အဖြစ်ကို သူ မမေ့ ဘူး အိရဲ့....သိလား၊ သူ ဘာလက်ဖွဲ့မယ် ဆိုတာ နင် ခန့်မှန်း ကြည့်စမ်းပါ အိရယ်'

ကျွန်မသည် တစ်ခဏအတွင်း အောင့်ကို ခါးသီးမုန်းတီး သွားသောကြောင့် ဖြုန်းခနဲ မျက်နှာလွှဲပစ်လိုက်ရသည်။

'ငါသိပါတယ် အောင်၊ လက်ပတ်နာရီကလေး မဟုတ် လား'

'ဟင်....နင် သိတယ်၊ နင် ဘယ်လိုလုပ် သိလဲဟင်....အိ'

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ၏ ပခုံးကို စိတ်အားထက်သန်စွာ အောင်က ဆုပ်ညှစ် လှုပ်ယမ်းလိုက်သည်။ ကျွန်မ အောင့်ကို လှည့်ကြည့်လိုက်၏။ ထို့နောက် အထက်စီးအပြုံးဖြင့် ပြုံးပြလိုက်မိသည်။

'ဘယ်လိုလုပ် သိလဲဆိုတော့ ငါ့ကိုလဲ သူက ဆီကိုနာရီကလေး လက်ဖွဲ့ခဲ့လို့ပေါ့ အောင်ရဲ့ငါတစ်ယောက်တည်း သုံးလို့ရတဲ့ မိန်းမပတ် နာရီကလေးလေ'

ထိုစကားကို ပြောရသော အချိန်၌ ကျွန်မ နှုတ်ခမ်းတွေ ချိုမြနေသလို ခံစားရသည်။

မလှုပ်မယှက် ငေးမောသွားသော အောင့်မျက်ဝန်းများ မှုန်ဝေ ကျဉ်းမြောင်းသွား၏။ ကျွန်မသည် ငြိမ်သက်နေသော အောင့်ကို ကြည့်နေရင်းမှာပင် စကား တစ်ခုခုတော့ ပြောမှ ဖြစ်မည်ဟု ကိုယ့်ကိုယ်ကို တွန်းအားပေးနေမိသည်။ သို့သော် ကျွန်မ အောင့်ကို စကားမပြောချင်ပါ။

ညသည် နက်ရှိုင်းစွာ တိတ်ဆိတ်သွား၏။ လွန်ခဲ့သော ဆယ်နှစ်လောက်က ညတစ်ညတုန်းက ဤ အလုပ်သင် ဆရာဝန် အမျိုးသမီးဆောင်ထဲမှာပင် ကျွန်မနှင့် အောင် ခုတင်ချင်း ကပ်လျက် ပင့်သက်များစွာ ရှိုက်ကာ အိပ်ပျော်ဖို့ ကြိုးစားခဲ့ရဖူးသည်။ဟိုတုန်းက တစ်ခုတင်စီဖြစ်၍ နှစ်ယောက်ကြားမှာ နေရာခြားနေခဲ့သော်လည်း သောကနှင့် ရှက်ရွံ့မှုကို မျှဝေခံစားစိတ် အပြည့်ဖြင့် နှစ်ယောက်သား နွေးထွေးစွာ နီးကပ်နေသလို ခံစားခဲ့ရပါသည်။

ယခုတော့ တစ်ခုတင်တည်း အတူအိပ်လျက် အသားချင်း ထိမတတ် နီးကပ်နေသော်လည်း ကျွန်မတို့နှစ်ယောက် အဝေးကြီး ဝေးနေသလို ခံစားနေရသည်။

'အိ....'

ကျွန်မ အောင့်မျက်နှာကိုစိုက်ကြည့်နေမိသည်။

'အိရယ်....သူ တို့ကို ချစ်ခဲ့တယ်ပေါ့နော်'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ မြင်နေရသော အောင့်နှုတ်ခမ်းများ တဖြည်းဖြည်း ချင်း ဘောက်ပစွာ ပြုံးလိုက်သောအခါ ကျွန်မ မြင်ဖူးသမျှ အောင့်အပြုံးများတွင် အလှဆုံး ဖြစ်သွား၏။ ကျွန်မသည် စော စောကလေးက ဖြစ်ပေါ်ခဲ့သော မုန်းတီးမှုအတွက် နောင်တ ရသွားကာ မျက်ရည်ဝဲလျက် ခေါင်းညိတ်လိုက်မိ၏။

'ဟုတ်တယ် အောင်....၊ သူ တို့နှစ်ယောက်လုံးကို ချစ်ခဲ့ ပါတယ်'

ဤတစ်ကြိမ်တွင် အောင့်ကို လိမ်ညာရုံသာမကဘဲ ကျွန်မ ကိုယ်တိုင်ကိုပါ ပြန်လည် လိမ်ညာမိခြင်း ဖြစ်ပါသည်။ထို့နောက် ကျွန်မတို့နှစ်ယောက် ဟိုတုန်းကလိုပင် ပြန်လည် နုပျိုသွားပြီး တစ်ယောက်ကိုတစ်ယောက် မျက်နှာချင်းဆိုင်ကြည့်ကာ တိုးတိုး တိတ်တိတ် ရယ်မောမိကြလေသည်။

ဂျူး

(၁၉၆၃၊ ဩဂုတ်လ၊ ရှေ့ပြေးမဂ္ဂဇင်း)

www.burmeseclassic.com

www.burmeseclassic.com

ဇ ပ ဇ ပ့

# သူငယ်ချင်း




www.burmeseclassic.com

www.burmeseclassic.com



သူ ရောက်လာသော အချိန်သည် ဂျီသြမေတြီသင်္ချာတစ်ပုဒ်အဖြေမထွက်၍ ကျွန်တော် ဦးနှောက်ခြောက်နေချိန်ဖြစ်သည်။ ခြံတံခါး ဖွင့်ဝင်လာသည်ကို ကျွန်တော် မသိလိုက်ပါ။ အိမ်တံခါးဝမှာ လာရပ်သည့် အရိပ်တစ်ခုက ကျွန်တော့် လေ့ကျင့်ခန်း စာအုပ်ပေါ် ထိုးကျလာသောကြောင့်သာ ကျွန်တော် မော့ကြည့်လိုက်မိခြင်း ဖြစ်သည်။ ထိုအခါ ကျွန်တော် လုံးဝမသိသော လူစိမ်းတစ်ယောက်ကို မြင်လိုက်ရသည်။

သူ့ကို မြင်မြင်ချင်း မည်သူမဆို သတိထားမိနိုင်သည့် အချက်မှာ ဆံပင် ဖြစ်၏။ သူ၏အညိုရောင်ဆံပင်များ ရှည်လျားလှသည်။ တွန့်ခွေ လိမ်ကောက်ခြင်း မရှိ။ ပျော့ပျောင်းသော ဆံပင်များသည် ဖြောင့်စင်းလျက် ပခုံးပေါ် သို့ မထိတထိ ကျနေသည်။ သေးထောင့်ကျကျ မေးစေ့တစ်ဝိုက်တွင် ရှည်လျားသော ပါး

www.burmeseclassic.com



သိုင်းမွေး ခပ်ကျဲကျဲ ရှိသည်။ နှုတ်ခမ်းမွေးနှင့် မုတ်ဆိတ်အကြားမှာ သူ့နှုတ်ခမ်းသည် ဖျော့တော့သော မျဉ်းကွေးတစ်ကြောင်းသာ ဖြစ်၏။ ညိုမောင်းသော အသားအရေဖြင့် သူသည် ကျန်းမာတောင့်တင်းသော လူလတ်ပိုင်းအရွယ် ယောကျ်ားကြီး တစ်ယောက် ဖြစ်သည်။ သူ့ မျက်လုံးများက နည်းနည်း ကျဉ်းမယောင်ရှိသော်လည်း နက်မှောင် တောက်ပ၏။

'မင်းက ကျော်ဇံ့ရဲ့သား ထင်တယ်'

အသံမှာ ခွန်အားအပြည့် ဝါညက်နေသည်။ ကျွန်တော် အားကျသော အသံမျိုးဖြစ်သည်။ ထိုအသံကြောင့်ပင် ခဲတံကို လက်မှချကာ ကုလားထိုင်မှ ထ ရပ်လိုက်၏။

'ဟုတ်တယ်'

သူသည် ကျွန်တော်ရှိရာသို့ တစ်လှမ်းချင်း နှေးကွေးစွာ လျှောက်လာသည်။ သူ ချဉ်းကပ်လာပုံမှာ ဧည့်သည်တစ်ယောက် အိမ်လည်လာပုံမျိုး မဟုတ်။ စျေးဝယ်သူတစ်ယောက် သူ ဝယ်ရမည့် ပစ္စည်းအပေါ် စူးစိုက် တွက်ချက်ပြီး ချဉ်းကပ်လာပုံမျိုး ဖြစ်သည်။ သူ့ ကျောတွင် လွယ်ထားသော နက်ပြာရောင် အဝတ်ကျောပိုးအိတ်သည် ခပ်ဖောင်းဖောင်း အိတ်တွဲနေသည်။

'ဟား....လွန်ခဲ့တဲ့ နှစ် ၂၀ က ကျော်ဇံကလေးပါပဲလား'

သူသည် ကျွန်တော့်ရှေ့က ဧည့်ခန်းစားပွဲပေါ်သို့ ကျောပိုးအိတ်ကို ဘုတ်ခနဲ ပစ်ချလိုက်ပြီး ကျွန်တော့်ကို စေ့စေ့ကြည့်ပါသည်။

'ဦးလေးက ဖေဖေ့ အသိလား'

ကျွန်တော် စိတ်အားထက်သန်စွာ မေးမိတော့ သူက ကျွန်တော့်ခေါင်းကို ပုတ်၍ ခပ်ဟားဟား ရယ်မော၏။

သူက အသားအယားပုတ်လိုက်ဟန် ရှိသော်လည်း ကျွန်တော် နည်းနည်း နာသွားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



'အသိပဲဆိုပါတော့ကွာ၊ ဒါက မင်း ငါ့နာမည် ကြားဖူးလား မကြားဖူးလားဆိုတဲ့ အဖြေပေါ်မှာ မူတည်တာပေါ့၊ မင်း ငါ့ကို သိသလား'

ကျွန်တော် သူ့မျက်နှာကို မော့ကြည့်ပြီး ခေါင်းယမ်းပစ်လိုက်မည် ပြုပြီးမှ ခဏ တွန့်ဆုတ်သွားပါသည်။ ထိုမျက်လုံးများကို ကျွန်တော် မြင်ဖူးသလိုပဲ။ ဘယ်မှာ မြင်ဖူးမှန်း မသိပါ။ စူးရှသည့် မျက်လုံးမျိုး။ ထို့ပြင် မထီလေးစား လှောင်ပြောင်လိုသော မျက်လုံးမျိုး။ အရာရာကို ရယ်မောလိုသည့် မျက်လုံးမျိုး။

'မျိုးချစ်ဆိုတဲ့နာမည် မင်းအဖေ ပြောသံ ကြားဖူးလား'

'ဟာ'

ကျွန်တော် သူ့ကို တအံ့တသြကြည့်ပြီးနောက် စိတ်ထဲမှာ ပျော်ရွှင်လာသည်။

'ကျွန်တော် သိတယ်၊ ကျောင်းသိပ်လစ်တာပဲဆိုတဲ့မျိုးချစ်လား'

သူက ဟက်ဟက်ပက်ပက် ရယ်၏။ သူ့ရယ်သံသည် ကြမ်းတမ်း ပွင့်လင်းသည်။ ကျွန်တော် မကြာခဏ ပုံဖော်ကြည့်ဖူးသော စိတ်ကူးထဲက ဖေဖေ့သူငယ်ချင်းသည် ယခုလို ဆံပင်ရှည် မရှိ၊ မုတ်ဆိတ် ပါးသိုင်းမွေး မရှိ။

'ဒီလိုဆိုတော့ ကျော်ဇံက ငါ့ကို မမေ့ဘူးပေါ့'

သူ့အပြုံး ပျောက်သွားပြီး ကျွန်တော့်ရှေ့က ကုလားထိုင်တွင် ခပ်လေးလေး ဝင်ထိုင်လိုက်လေသည်။ ထိုအခါကျမှပင် ညွှန်သည်ကို 'ထိုင်ပါ'ဟူသော စကားဖြင့် ညွှဝတ် မကျေပွန်ခဲ့မှန်း သတိရသွားမိသည်။

'ထိုင်လေကွာ၊ မင်းနာမည်က ဘယ်သူတဲ့လဲ'

ကျွန်တော် တွန့်ဆုတ်စွာ ပြန်ထိုင်လိုက်သည်။

'မင်းခေါင်'

သူက လေတစ်ချက်ချွန်၍ ကျွန်တော့်မျက်နှာကို စေ့စေ့စပ်စပ် ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



'မင်း အဖေ ပေးတဲ့ နာမည်တော့ မဖြစ်နိုင်ဘူး၊ မင်း အမေပေးတဲ့ နာမည်ပဲ ဖြစ်ရမယ်၊ ဟုတ်လား'

ကျွန်တော် သူ့စကားကို အဓိပ္ပာယ် မပေါက်နိုင်ဘဲ အနည်းငယ် စိတ်ရှုပ်ထွေးသွား၏။

'မသိဘူး၊ ဖေဖေ ပေးခဲ့သလား၊ မေမေ ပေးခဲ့သလား ကျွန်တော် တစ်ခါမှတောင် ထည့် မစဉ်းစားခဲ့မိပါဘူး'

သူက ခေါင်း တညိတ်ညိတ်လုပ်ကာ အိမ်ခန်း ပတ်ဝန်းကျင်ကို ဟိုဟိုသည်သည် မျက်စိဝေ့ဝဲ၍ ကြည့်နေသည်။

'မင်း အမေ ဘယ်သွားလဲ'

ကျွန်တော် အနည်းငယ် စိတ်ကျဉ်းကျပ်သွား၏။

'အမေ ဈေးသွားတယ်'

'ဟုတ်လား၊ ငါ ဈေးဘက်ကနေ ဒီကို လျှောက်လာရတာပဲ၊ ငါ မတွေ့ခဲ့မိဘူး၊ အေးလေ....ငါတို့ မျက်နှာချင်းဆိုင် တွေ့ချင် တွေ့ခဲ့မှာပဲ၊ တစ်ယောက်နဲ့တစ်ယောက် ဘယ်မှတ်မိနိုင်ပါ့မလဲ၊ ဒီလောက် နှစ်တွေ ကြာနေတာ'

ကျွန်တော် သူ့ကို မျက်လွှာပင့်၍ ကြည့်မိသည်။

'ဖေဖေ့အကြောင်းတော့ ဦးလေး ဘာဖြစ်လို့ မမေးတာလဲ'

ထိုအခါ သူက ကျွန်တော့်ပခုံးကို ခပ်ဖွဖွ (သို့သော် အင်အားအပြည့်ဖြင့်) ဖက်လိုက်သည်။

'သားရယ်.... မင်းအဖေ မနှစ်က ဆုံးသွားတယ်ဆိုတာ ငါသတင်းကြားပြီးပါပြီ'

သူ၏ တိုးတိတ်သောအသံကြောင့် ကျွန်တော် ဖြုန်းခနဲ မျက်ရည်လည်လာသည်။ ကျွန်တော့်ဖေဖေသည် ကြီးကျယ် မြင့်မြတ်သော ရှားပါးသည့် ယောကျ်ားတစ်ယောက် မဟုတ်သော်လည်း ကျွန်တော့်အတွက်တော့ အလွန်ချစ်မြတ်နိုးဖွယ် ဖခင် တစ်ယောက် ဖြစ်ခဲ့ပါသည်။ ဖေဖေသည် သာမန် ကျောင်းဆရာ တစ်ဦး ဖြစ်သည်။ ကျောင်းသားတွေအပေါ် မေတ္တာနာဆားပြီး

www.burmeseclassic.com

www.burmeseclassic.com



သူ့အလုပ် သူ တာဝန်ကျေသည်။ ကျောင်းဆရာဘဝကို တွယ်တာပြီး အခြားနည်းဖြင့် ငွေရှာဖို့ စိတ်မဝင်စားသူ ဖြစ်သည်။ မေမေကတော့ ဖေဖေ့အပေါ် မငြိုငြင်ခဲ့ပါ။

'မင်း မေမေ အလုပ်အကိုင် အဆင်ပြေရဲ့လား'

'ဟုတ်ကဲ့၊ မေမေ ရုံးအလုပ်က ထွက်လိုက်တာ ကြာပြီ။ ဈေးရှေ့ တိုက်တန်းမှာ ကုန်ခြောက်ဆိုင် ဖွင့်ထားတယ်၊ ဖေဖေ မဆုံးခင် ကတည်းကပဲ'

သူက ကျောပိုးအိတ်ထဲမှာ ပါလာသော ပစ္စည်းများကို ထုတ်၍ စားပွဲပေါ် တင်သည်။ မွေးပွ မျက်နှာသုတ်ပဝါ၊ အိပ်ရာခင်း စောင်နှင့် ယောကျ်ားဝတ် ချည်ချောလုံချည် အသစ် စက်စက် အထုပ်များ ဖြစ်သည်။

'ဒါတွေ သိမ်းထားလိုက်ဦး၊ ညနေကျမှ ငါပြန်လာခဲ့မယ်'

ထို့နောက် သူ ဗြုန်းခနဲ ထိုင်ရာမှ ထ လိုက်၏။

'ဦးလေးက ကျောင်းဆရာ မဟုတ်ဘူးနော်'

'ဘာဖြစ်လို့ မေးတာလဲ'

ကျွန်တော် ခေါင်းကို ခပ်ဖွဖွ ကုတ်လိုက်မိ၏။

'ဩြော်....ကျွန်တော် သင်္ချာတစ်ပုဒ် တွက်မရလို့'

ကျွန်တော့် ဖွင့်လက်စ စာအုပ်ကို ငုံ့ကြည့်ပြီး သူက ပခုံးတွန့်လေသည်။

'မင်းအဖေနဲ့တော့ ဘယ်တူနိုင်ပါ့မလဲကွာ၊ ငါ ရိုးရိုး မေတြိကို မသိတော့ဘူး၊ ငါသိတာက တန်၊ ဟန္ဒြ ီတ်၊ပေ၊ လက်မ နဲ့ ဈေးနှုန်းပဲ'

'ဦးလေးက ဘာလုပ်တာလဲ'

'သစ်ခွဲစက်'

သူ ထွက်သွားသောအခါ ကျွန်တော် သူ့နောက်ကျောကို ငေးမော၍ ကျန်ခဲ့သည်။

***

www.burmeseclassic.com

www.burmeseclassic.com



'မေမေ သူ့ကို သိလား'

မေမေသာ မျက်နှာမှ သနုပ်ခါးကို လက်ညှိုးကလေးဖြင့် ညှိရင်း ခပ်ဖွဖွ ပြုံး၏။

'သိသားပဲ၊ တစ်မြို့တည်းနေပြီး တစ်နှစ်တည်း ၁၀ တန်း အောင်တဲ့ လူ'

'သုံးယောက် အတူတူလား မေမေ'

မေမေက ကျွန်တော့်ကို မျက်ခုံး ပင့်ကြည့်သည်။

'သုံးယောက် မဟုတ်ဘူးလေ.... နှစ်ယောက်၊ အဲဒီ ကိုမျိုးချစ်က မင်းဖေဖေရဲ့ သူငယ်ချင်းပဲ၊ သူတို့နှစ်ယောက် အလယ်တန်း ကျောင်းသား ဘဝတည်းက မကွေးကောလိပ် ရောက်တဲ့အထိ တွဲခဲ့ကြတာ'

'မေမေကရော'

'မေမေက မကွေးကောလိပ်ရောက်မှ သူတို့နဲ့ ခင်တာလေ၊ အင်း....မေမေက သားဖေဖေနဲ့ပဲ ပိုပြီး ရင်းနှီးခဲ့တာပါ၊ သူ့ကို တော့ မေမေ သုံးလေးခါပဲ စကားပြောဖူးတယ်၊ အခု မြင်ရင် မှတ်မိမယ် မထင်ဘူး၊ သူက တစ်မျိုးပဲ'

ဘယ်လို တစ်မျိုးလဲဟု ကျွန်တော်က မမေးရသေးမီ မေမေက ဆက်ပြောသည်။

'မျက်နှာကြော တင်းက တင်းနဲ့၊ မိန်းကလေးတွေကိုလဲ သိပ် ဂရုစိုက်ဟန်မတူပါဘူး'

မေမေ့ကိုရော သူ ဂရုစိုက်ခဲ့ဘူးလား၊ ထိုစကားကို ကျွန် တော် မမေးပါ။

ဟိုတုန်းကတော့ မေမေဟာ သိပ်လှတာပဲလို့ ကျွန်တော် တွေးမိသည်။ အယ်လ်ဘမ်ထဲမှာ မေမေ ငယ်စဉ်က ဓာတ်ပုံတွေ ကျွန်တော် တွေ့ရသည်။ဖေဖေ့ ဓာတ်ပုံကတော့ နည်း၏။ဖေဖေက ရှက်တတ်သည်၊ အေးဆေးသိမ်မွေ့သည်။ ဓာတ်ပုံရိုက်ဖို့ကိုတောင် အလွန်ပင် ရှက်သည်ဟု မေမေ ပြောဖူးပါသည်။ မဂ်လာဆောင်မှာ ရိုက်သည့် ဓာတ်ပုံမှတစ်ပါး ဖေဖေနှင့် မေမေ နှစ်ယောက်တွဲ

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းပုံ မရိုက်ဖူးပါ။ သို့သော် မေမေနှင့် သိပ်ခင်သည် ဆိုသော ဖေဖေ သူငယ်ချင်း ဦးမျိုးချစ်နှင့် တွဲရိုက်ထားသော ခေါင်းပုံ တစ်ပုံ ဖေဖေ့ဆီမှာ ရှိသည်။ ဖေဖေတို့ ၁၀-တန်းနှစ်တုန်းက ရိုက်ထားသော ခေါင်းပုံ ဖြစ်သည်။ ခေါင်းပုံထဲမှာ ဖေဖေသည် နုနယ်ပျိုမျစ်စွာ ပြုံးရယ်လျက် ရှိသည်။ ယခု ပြန်စဉ်းစားတော့ ခေါင်းပုံထဲက ဦးမျိုးချစ်သည် မဟုတ်မခံစိတ်ဖြင့် အရာရာကို အလေးအနက်ထားပုံ ရလျက် မနက်က ဦးမျိုးချစ်ကတော့ အရာရာကို မကျေမနပ် လှောင်ပြောင်သရော်လိုဟန် မျက်နှာပေး ရှိသည်။ ခေါင်းပုံနှင့် လူအကြား ကွဲပြားခြားနားခြင်းလား၊ သို့မဟုတ် နှစ်ပေါင်း နှစ်ဆယ်ကြောင့် ကွဲပြားခြားနားခြင်းလား ကျွန်တော် မဝေခွဲတတ်ပါ။

'သူ ဘယ်မှာ တည်းတယ်လို့ သားကို ပြောသွားသေးလား'

'ဟင့်အင်း၊ မပြောဘူး မေမေ'

သူ ကျွန်တော့်ကို ဘာမှ ပြောမသွားခဲ့ပါ။

'သူက ဒီမြို့မှာ အိမ်မရှိဘူးလား မေမေ'

'မရှိဘူး ထင်တာပဲ သားရဲ့၊ သူ့မှာ အဖေ အမေတော့ မရှိဘူး၊သူ့ဦးလေးနဲ့ နေတာလို့ ကိုကျော်ဇံ ပြောဖူးတာပဲ၊ အခု အဲဒီဦးလေး ရှိလား မရှိသလား မေမေ မသိဘူးလေ၊ ရှိမှာ မဟုတ်တော့ပါဘူး၊ ဒါကြောင့်သာ ဒီမြို့ကို သူ တစ်ခေါက်မှ မရောက်လာတာပေါ့'

ကျွန်တော် အလွန်သိချင်နေသည့် မေးခွန်းကို မေမေ့အား မေးလိုက်မိသည်။

'ဒါဖြင့် သူက အခု ဒီကို ဘာလာလုပ်တာလဲ'

မေမေက ကျွန်တော့်ကို မျက်လုံးပြူး၍ ပြုံးပြ၏။

'ဟောတော်...မေမေ ဘယ့်နှယ်လုပ်ပြီး သိမလဲ၊ မေမေ နဲ့မှ မတွေ့လိုက်ရတာ၊ သားက မမေးလိုက်ဘူးလား'

'ဟင့်အင်း'

www.burmeseclassic.com

www.burmeseclassic.com



မေမေသည် စဉ်းစားသလို ငြိမ်သက် တွေဝေသွားသည်။ မေမေ့ နှုဖူးဆံစပ်မှာ ဘယ်လိုမှ ဖြီးသင်၍ မရသော ဆံယဉ်စကလေးများ ဝဲလွင့်လျက် ရှိသည်။ နဖူးမှာ အရေးအကြောင်းများ ပေါ်လွင်စ ပြုလာသော်လည်း မျက်လုံးမျက်ခုံးကတော့ ငယ်ရွယ်စဉ်ကလို တောက်ပမြဲ ဖြစ်သည်။ လူကြီးပီသစွာ ဣန္ဒြေရရ ပြည့်ပြီး သွယ်လျနေသည့် မျက်နှာပြင်တွင် အသားအရေ လျော့ရဲမှု၊ ညိုညစ်မှု လုံးဝမရှိ။

'ဘာပဲဖြစ်ဖြစ် မေမေ ဟင်းကလေးဘာလေးတော့ ထပ်လုပ်လိုက်ဦးမှ ဖြစ်မယ်'

မေမေ မီးဖိုခန်းထဲ ဝင်သွားတော့ ကျွန်တော်သည် ဧည့်ခန်းမှာ ခပ်ငိုင်ငိုင် ကျန်ရစ်ခဲ့သည်။

မေမေဟာ လှနေတုန်းပဲ။ ဤအချက်မှာ ဘယ်သူမှ မငြင်းနိုင်သော အချက်ဖြစ်သည်၊ မေမေ့ကို မုဆိုးမ လူလွတ်အမျိုးသမီးတစ်ယောက်အဖြစ် ယခုမှ မြင်မိသောကြောင့် ကျွန်တော် ကိုယ့်ကိုယ်ကို အပြစ်တင်မိသည်။ ဦးမျိုးချစ်ဟာ ဖေဖေ့ သူငယ်ချင်းတဲ့။ ဖေဖေ ရှိစဉ်တုန်းက တစ်ခါမှ မလာဘဲနဲ့ အခု ဖေဖေဆုံးမှ၊ ဆုံးသွားတာလည်း သိလျက်သားနဲ့ ဘာဖြစ်လို့ လာတာလဲ။

***

ဖေဖေ့ ထံမှတစ်ဆင့် မျိုးချစ်ဟူသော လူငယ်လေး တစ်ယောက်အကြောင်း မကြာခဏ ကြားဖူးပါသည်။ ကျောင်းစာကလဲပြီး အားလုံးကို နှိုစပ်ကျွမ်းကျင်သူ ဟူသော အချက်ဖြင့်ပင် မျိုးချစ်သည် ကျွန်တော့် အိပ်မက်တွေထဲမှာ ဇာတ်လိုက် ဖြစ်ခဲ့သည်၊ဘိုကေကို နောက်ပြန် လှန်ဖြီးထားပြီး ကျွန်တော့်ကို မထီတရီ ကြည့်နေသည့် ခေတ်ပုံထဲက မျက်လုံးများကို ကျွန်တော် အားကျပါသည်။ ခေတ်ပုံထဲမှာ ဖေဖေ၏ နှုးညံ့သိမ်မွေ့သော အပြုံးနှင့် မျိုးချစ်၏ ရိုင်းစိုင်းကြမ်းရှသော အကြည့်ကို ယှဉ်ကြည့်မိတိုင်း ကျွန်တော်သည် ယောကျ်ားတစ်ယောက်၏ နူးညံ့ပျော့ပျောင်းမှုကို ဘယ်လိုမှ သဘောမကျနိုင်ကြောင်း သိသချာလာခဲ့

www.burmeseclassic.com



သည်။ ယောကျ်ား တစ်ယောက်သည် ဗိဇသဘာဝအားဖြင့် ကြမ်းတမ်းရမည်၊ ခွန်အား ပြည့်ရမည်၊ ပါးနပ် လျင်မြန်ရမည်။ လိုအပ်လျှင် ဘာမဆို ယှဉ်ပြိုင် အနိုင်ယူတတ်ရမည်။

တစ်ခါတုန်းက မြစ်ရေကြီးချိန် ကမ်းနားမှာ ရေဆင်းချိုးရင်း ဖေဖေ ရေနစ်သွားသောအခါ မျိုးချစ်က ဖေဖေ့ကို ကယ်ဆယ်ခဲ့ရသည်....တဲ့။ မျိုးချစ်သည် ငါးတစ်ကောင်လို ရေကူးကျွမ်းကျင်သည်ဟု ဖေဖေ ပြောခဲ့ပါသည်။

'ဖေဖေက ရေမကူးတတ်ဘူးလား'

ဖေဖေ့ကို သူရဲကောင်း ဖြစ်စေချင်သော ကျွန်တော်က အားမလိုအားမရ မေးမိတော့ ဖေဖေက ထုံးစံအတိုင်း နူးညံ့စွာ ပြုံးလေသည်။

'မကူးတတ်ဘူး၊ ဖေဖေက ကုန်းမြင့်မှာ ကြီးပြင်းရတဲ့လူ၊ မျိုးချစ်က ကမ်းနားမှာ ကြီးပြင်းရတဲ့ လူလေ'

'ဒါပေမယ့် ယောကျ်ားတစ်ယောက်ဟာ ရေကူးတတ်ဖို့တော့ ကောင်းပါတယ် ဖေဖေရာ'

ဖေဖေက ကျွန်တော့်ကို စိုးရိမ်ထိတ်လန့်စွာ ကြည့်သည်။

'သား မြစ်ထဲချောင်းထဲ ရေသွားကူးဖူးသလား၊ ဖေဖေတို့ မသိအောင် ဘယ်တုန်းကများ သွားကူးလိုက်သလဲ'

'မပူပါနဲ့ ဖေဖေ၊ ကျွန်တော် ရေကူးကျွမ်းကျင်နေပါပြီ'

မေမေက ကျွန်တော်တို့ သားအဖကို ခပ်လှမ်းလှမ်းမှ အကဲခတ် နားထောင်ရင်း တိုးတိုးတိတ်တိတ် ရယ်မောခဲ့ဖူးလေသည်။

ကျွန်တော်တို့မြို့ သဲသောင်ခုံ၏ တစ်ဖက်ရှိ ကျွန်းပေါ်ကရွာကလေးသို့ လေသေနတ်တစ်လက်ဖြင့် ခါတွေ ချိုးတွေ လိုက်ပစ်တတ်သူမှာ မျိုးချစ်။ သောင်ပြင်ပေါ် ရေလျှံစဉ် ကမ်းနားမှာ ကျောက်ချသလို ထိုင်လျက် စိတ်ရှည်လက်ရှည် ငါးမျှားသူမှာလည်း မျိုးချစ်။ ဖေဖေကတော့ ငါးကလေးတွေ၊ ငှက်ကလေးတွေကို သနားသည်ဟုဆိုကာ မျိုးချစ် မီးကင်ကျွေးသမျှ ငြင်း

www.burmeseclassic.com



ပယ်ခဲ့သည်တဲ့၊ ထိုအခါ ကျောင်းလစ်ပြီး ထိုကျွန်းပေါ်သို့ အုပ်စုလိုက်သွားကာ ပြောင်းခင်းတွေထဲ ခိုးဝင်၊ ပြောင်းဖူးတွေ ချိုး၊ ဆီးသီးတွေ ဆွတ်၊ ကမ်းနားမှာ တပျော်တပါး ငါးမျှားခဲ့ဖူးသည့် ကျွန်တော်တို့ သူငယ်ချင်းတစ်သိုက်အကြောင်း ဖေဖေ့ကို မပြောဘဲ ထားရန် ဆုံးဖြတ်ခဲ့သည်။

အတန်းထဲမှာ စာတော်ပြီး နူးညံ့ချောမောသော ဖေဖေ့ကို မနာလိုစိတ်ဖြင့် ခပ်ရမ်းရမ်းကောင်တွေက ကျောင်းအလာမှာ စောင့်ပြီး ရန်စစဉ် ဖေဖေ့ကိုယ်စား အားလုံးကို ကြမ်းကြမ်းရမ်းရမ်း တိုက်ခိုက်ကာ ဖေဖေ့ကို ကာကွယ်ခဲ့ရသော မျိုးချစ်ကို ညတစ်ညမှာတော့ အုပ်စုလိုက် ဝိုင်းရိုက်ခဲ့ကြဖူးသည်ဟု ဖေဖေ ပြောဖူးပါသည်။

'ဖေဖေတို့ အချင်းချင်းရော ရန်မဖြစ်ဘူးလား ဟင်'

ဖေဖေက ချက်ချင်း မဖြေဘဲ ခဏ စဉ်းစားနေပြီးမှ ခပ်တိုးတိုး ဖြေသည်။

'နှစ်ခါ ရန်ဖြစ်ဖူးတယ်'

'ဘယ်သူနိုင်လဲ'

အဓိကကျသော မေးခွန်းကို ကျွန်တော် မေးတော့ ဖေဖေက ခပ်မှဲ့မှဲ့ ပြုံး၏။

'တစ်ခါက သူနိုင်တယ်၊တစ်ခါက ဖေဖေ နိုင်တယ်'

ဖေဖေ ဘယ်လိုနည်းဖြင့် သူ့ကို နိုင်သလဲဟု ဖေဖေ၏ ကျစ်လျစ် သွယ်လျသော ကိုယ်ခန္ဓာကို ကြည့်၍ စပ်စုမိသော အခါမှာတော့ ဖေဖေ့မျက်နှာ တည်ကြည်သွားပြီး စကား လွှဲပစ်ခဲ့ပါသည်။

***

မေမေ့မျက်နှာမှာ ဖေဖေဆုံးပြီးနောက်ပိုင်း ပထမဦးဆုံး အကြိမ် ရှင်လန်းတောက်ပလျက် ရှိသည်ကို စိတ်မကောင်းစွာ ကျွန်တော် ရိပ်မိနေ၏။ မေမေ့ မျက်နှာ အမြဲတမ်း ကြည်နူး ချမ်းမြေ့နေစေချင်သော်လည်း ယခုလို ရွယ်တူ သူစိမ်းယောကျ်ား

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်၏ စကားတွေကြောင့်တော့ မမေမေ မရွှင်လန်းချင်ပါ။

'ဘယ်သွားသွား အတူတူပဲ ဆိုပါတော့၊ခင်ဗျားအဆောင်ကို သူလာနေကျ ညနေတွေက လွဲလို့ပေါ့ဗျာ'

မေမေ့မျက်နှာမှာ ရှက်စနိုး အပြုံးလေးတစ်ခု နူးညံ့စွာပေါ်လာသည်။

'ဟုတ်တယ်နော်၊ ရှင် ဘယ်တော့မှ ပါမလာဘူး'

သူ မျက်နှာ နည်းနည်း မှုန်သွား၏။

'ကျွန်တော်က အဲလို ပလီပလာကိစ္စတွေကို စိတ်မရှည်ဘူးဗျ၊ သူ ခင်ဗျားအဆောင် သွားနေတဲ့ အချိန်တွေမှာ ကျွန်တော်က ဘောလုံးချည်း ဖိုကန်နေခဲ့တယ်လေ၊ အဲဒီ ရက်တွေဘယ်လောက် ကြာခဲ့သလဲဆို ကျွန်တော် အတန်းလိုက် ချန်ပီယံတစ်ယောက် ဖြစ်လာတဲ့ အထိပါပဲ'

သူ့ရယ်မောသံမှာ ကြမ်းတမ်းသော်လည်း ပူနွေးသည်ဟု ကျွန်တော် ထင်သည်။ ကျွန်တော်၏ စိတ်ကူးအိပ်မက်ထဲမှ သူ့ရဲ့ကောင်းသည် တဖြည်းဖြည်း မှိန်ဝါးနေပြီ ဖြစ်သည်။

'ဦးလေးမှာ အိမ်ထောင် မရှိဘူးလား'

ကျွန်တော်သည် ရိုင်းပျစွာပင် သူ့စကားကို နှောင့်ယှက်လိုက်မိ၏။ မေမေ့မျက်နှာက ဘာမှ မထူးခြားသော်လည်း သူကကျွန်တော့်ကို စူးစူးရဲရဲ စိုက်ကြည့်ကာ မထီတထီ ပြုံးလေသည်။

'မရှိဘူး'

လျှင်မြန်သောအဖြေက တုံးတိတိ ဖြစ်နေသည်။ယဉ်ကျေးသိမ်မွေ့သော ဖေဖေသာ စားပွဲဝိုင်းတွင် ရှိခဲ့လျှင် ကျွန်တော်၏ရိုင်းပျမှုကို မနှစ်မြို့သလို လှမ်းကြည့်တော့မှာ သေချာသည်။ မေမေကတော့ ကျွန်တော်၏ စကားဖြတ်မှုအတွက် နည်းနည်းမျှအံ့ဩပုံ မရ။

www.burmeseclassic.com

www.burmeseclassic.com



'ဒါနဲ့ ခေါင်မူ...အကူအညီလိုရင် ပြောနော်၊ ကျွန်တော့်ကို ဘာမှ အားနာစရာ မလိုဘူး၊ ကျွန်တော့်လိပ်စာ ခင်ဗျားတို့ကို ပေးခဲ့မယ်၊ လိုအပ်ရင် ဆက်သွယ်ဖို့'

မေမေက ဘာမှ မဖြေရသေးမီ ကျွန်တော်က ရုတ်တရက် ငြင်းပစ်လိုက်မိသည်။

'ကိစ္စမရှိဘူး ဦးလေး၊ ကျွန်တော်တို့သားအမိ ပြည့်စုံပါတယ်၊ ဘာမှ မစိုးရိမ်ပါနဲ့'

ကျွန်တော်နှင့်သူ တစ်ယောက်ကို တစ်ယောက် အကြာကြီး စူးစိုက်ကြည့်နေကြ၏။ သူကလည်း တော်တော်နှင့် မျက်နှာမလွှဲ၊ ကျွန်တော်လည်း အရှုံးမပေးဘဲ စိုက်ကြည့်နေခဲ့သည်၊ မေမေက ကျွန်တော်တို့နှစ်ယောက်ကို သဘောကျသလို ပြုံးကြည့်နေ၏။ နောက်ဆုံးတော့ သူက လျှော့ပေးရသည်။ သူက နှုတ်ခမ်းထောင့်စွန်းကလေး ကွေး၍ ပြုံးကာ ခေါင်းတစ်ချက်ဆတ်လိုက်သည်။

'အိုကေ....ကျွန်တော် ပြန်မယ်၊ မနက်ဖြန်ညနေလောက်မှ လာခဲ့ဦးမယ်'

ပြောပြောဆိုဆို သူ ထိုင်ရာက ထလိုက်သည်။ မြင့်မားတောင့်တင်းသော သူ့ခန္ဓာကိုယ်နှင့် ကြမ်းတမ်းသော သူ့မျက်နှာကို အားကျစွာ ကျွန်တော် မော့ကြည့်မိခိုက်မှာပင် သူ့မျက်လုံးများ မေမေ့ဆီရောက်နေသောကြောင့် ကျွန်တော် မျက်ခုံးအောင့်သွားရ၏။ သို့သော် သူ ပြန်တော့မည့်အတွက် ကျွန်တော် ဝမ်းသာပါသည်။ မေမေက စားပွဲမှ ထရပ်သည်။ သူ့ကို တံခါးပေါက်ဝအထိ လိုက်ပို့ပေးတော့မည်လားဟု ကျွန်တော် ထင်လိုက်၏။ ကျွန်တော် ကမန်းကတန်း မတ်တတ် ထရပ်လိုက်သည်။

'ရတယ် မေမေ၊ မေမေ နေခဲ့၊ ကျွန်တော် ဦးလေးကို ခြံဝိုင်းအပြင်အထိ လိုက်ပို့ပေးလိုက်မယ်'

မေမေက ကျွန်တော့် မျက်နှာ အရိပ်အကဲကို ဖေဖေ့ထက် ကျွမ်းကျင်စွာ ဖတ်တတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



'အေးကွယ်၊ ဒါဆို မေမေ ပန်းကန်တွေ ဆေးလိုက်ဦးမယ်'

သူက ဘောင်းဘီအိတ်တွေထဲ လက်ထည့်ကာ ကျွန်တော့်စကားကြောင့် ဘာမှ ထူးခြားမသွားသလိုပင် အိမ်ထဲမှ ဖြည်းလေးစွာ ထွက်သွားသည်။ ကျွန်တော်သည် သူ၏ နောက်နားမှ ကပ်လျက် တိတ်ဆိတ်စွာ လိုက်ပါသွားမိ၏။ ခြံဝင်းထဲမှာတော့ လရောင် ရွှန်းလက်စ ပြုပြီ။ မြင့်မားသော အုန်းလက်များ လေဖြင့် လှုပ်ခတ်နေသည်ကို သူ မော့ကြည့်လိုက်၏။ ထို့နောက် သူ့နောက်ကျောနား နီးကပ်နေသော ကျွန်တော့်ဘက်သို့ ပြုံးခနဲ လှည့်ကြည့်သည်။ သူ့အရပ်နှင့် ကျွန်တော့်အရပ် သိပ်မကွာသော်လည်း သူ့မျက်နှာက ကျွန်တော့်မျက်နှာပေါ် အုပ်မိုးနေသလို ခံစားလိုက်ရသည်။

'ငါ ဒီနေ့ အိမ်ရောက်သွားတော့ ရှိသမျှ သေတ္တာတွေ ဗီရိုတွေကို ရှောင်းပစ်ဖို့ တစ်အိမ်လုံး ရှင်းလင်းပစ်လိုက်တယ်၊ ထင်းရှူး သေတ္တာဟောင်းထဲမှာ တခြား စာအုပ်တွေနဲ့ အတူ ကျော်ဇံရဲ့ မှတ်စုစာအုပ် တစ်အုပ် တွေ့တယ်၊ ၁၀ တန်းနှစ်တုန်းက စာအုပ်၊ သိပ်လှတဲ့ လက်ရေးတွေ မင်း သိမ်းထားချင်မလားလို့'

ကျွန်တော် သူ့ကိုကြည့်ရင်း တစ်ကိုယ်လုံး နွမ်းခွေလာသည်။ ဖေဖေ့ လက်ရေးသည် အမြဲလှခဲ့ပါသည်။ ကျွန်တော် ဘာမှ မဖြေနိုင်မီ သူက ဂျာကင်အင်္ကျီနောက်ကျောကို မ,ကာ ခါးကြားထိုးထားသော စာအုပ်တစ်အုပ်ကို ထုတ်ယူ၍ ကျွန်တော့်ကို ကမ်းပေးသည်။ ကျွန်တော် အနည်းငယ် တုန်ယင်သော လက်များဖြင့် လှမ်းကိုင်လိုက်၏။

'ငါ ၁၀ တန်းတုန်းက လူရိုက်ခံရလို့ ဆေးရုံတက်ရတယ်၊ ငါ ကျောင်းပျက်တုန်း ကျော်ဇံ ငါ လွတ်သွားတဲ့ သင်ခန်းစာအားလုံးကို အဲဒီ စာအုပ်ထဲမှာ ရေးကူးပေးခဲ့တယ်'

သူ့အသံ အနည်းငယ် တိုးသွား၏။

www.burmeseclassic.com

www.burmeseclassic.com



'သင်္ချာရော၊ ဓာတုရော၊ ဘိုင်အိုရော အစုံပဲ'

ကျွန်တော်သည် သေသေပ်စွာ အဖုံးဖုံးထားသော မှတ်စုစာအုပ်ကလေးကို လရောင်ဖြင့် သဲကွဲစွာ မမြင်နိုင်ဘဲ စာရွက်တွေ လှန်ကြည့်မိသည်။ စက္ကူဟောင်းနံ့နှင့်ရောလျက် ပရွတ်လုံးနံ့ သင်းသင်းကလေး မွှေးနေသည်။ ကျွန်တော် ရုတ်တရက် အာခေါင်တွေ ခြောက်သွေ့လာ၏။

'ဒါနဲ့ မင်း မိန်းကလေးတွေနဲ့ ပတ်သက်ဖူးပြီလား'

မမျှော်လင့်သော မေးခွန်းကြောင့် ကျွန်တော် သူ့ကို ဆတ်ခနဲ မော့ကြည့်လိုက်မိသည်။ သူက ကျွန်တော့်စိတ်ကို ထွင်းဖောက်တော့မလို သဲသဲမဲမဲ စိုက်ကြည့်နေသောအခါ ကျွန်တော် မလုံမလဲ ဖြစ်သွားပါသည်။ ခင်ဗျားနဲ့ ဘာဆိုင်လို့လဲဟု ရှိုင်းပျချင်သော်လည်း ကျွန်တော်တိကိဆိတ်စွာပင် ခေါင်းညိတ်လိုက်မိ၏။ သူက ခြောက်သွေ့စွာ ရယ်မောလိုက်လေသည်။

'အင်း....ဒါလဲ ကျော်ဇံအတိုင်းပါပဲလား'

ထို့နောက် ကျွန်တော့်ဆံပင်များကို ညင်သာစွာ ဖွပြီး ပြန်သပ်ပေးသည်။ သူ့လက် ကိုင်တွယ်ပုံမှာ မထင်မှတ်ဘဲ နူးညံ့သိမ်မွေ့ လွန်းသောကြောင့် ကျွန်တော် ကြက်သီး ဖြန်းခနဲ ထသွားကာ စိတ်မှတ်မဲ့ နောက်ဆုတ်ရပ်လိုက်မိ၏။ သူက ချက်ချင်း မျက်နှာ လွှဲပစ်လိုက်သည်။

'သူ့ သင်္ချိုင်းက ဘယ်မှာလဲ'

ခဏ ကြောင်သွားပြီးမှ ဖေဖေ့သင်္ချိုင်းကို ဆိုလိုကြောင်း သိသွားပါသည်။

'ကျောင်းကုန်းမှာ'

ကျွန်တော့်အသံက ဆို့နင့် ထစ်အ့သွားသည်။ ဖေဖေ အသုဘ မြေချသောနေ့က ပူပန်သောကသည် ကျွန်တော့်ဆီ ယခင်ခံစားမှုအတိုင်း ပြန်လည် ရောက်ရှိလာတော့သည်။ ၄၃ နှစ်ဆိုတာ အလွန်ငယ်ရွယ်သေးသည့် အသက်ဖြစ်ပါသည်။

'အိမ်က အသုဘလဲ ကျောင်းကုန်းမှာ ချမှာပဲ'

www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကြောင့် ဆတ်ခနဲတုန်သွားသည့် ကျွန်တော့်ကို သူက သဘောကျသွားသလိုပင် ခေါင်းတစ်ချက် ညိတ်သည်။

'ငါ့ဦးလေး ဆုံးသွားပြီလေ၊ မနက်ဖြန် သင်္ဂြိုဟ်မယ်၊ ဦးလေးသာ မသေသေးရင် ငါ ဒီမြို့ကို ရောက်ဖြစ်ဦးမှာ မဟုတ်ဘူး၊ ဒါနဲ့ သူ့မြေပုံက ဘယ်နားလောက်မှာလဲ'

ဈေးဆိုင်တစ်ဆိုင်အကြောင်း စုံစမ်းသလို ခပ်ပေါ့ပေါ့ မေးသော မေးခွန်းကြောင့် ကျွန်တော့်ရင်ထဲမှာ စူးစူးရှရှ နာကျင် ဝမ်းနည်းသွားပါသည်။ ဝေ့ဝဲလာသော မျက်ရည်များကြောင့် မျက်လွှာချပစ်လိုက်မိသည်။

'မြေပုံ မဟုတ်ဘူး၊ အုတ်ဂူ၊ ဇရပ်ရဲ့ ညာဘက်ထောင့်မှာ'

ကျွန်တော့်အသံ မာထန်သွားသည်ကို သူ လုံးဝ ဂရုမစိုက်ဘဲ ချာခနဲ လှည့်ထွက်သွား၏။

✱✱✱

နေသည် အနောက်ဘက် ကောင်းကင်မှာ မြင့်နေဆဲ ဖြစ်သည်။ ကျွန်တော့်လက်ထဲမှာ ခြံထဲမှ ခူးလာသော နှင်းဆီပန်းများ ရှိသည်။ အကယ်၍ အမှန်တကယ် သူ့ဦးလေး၏ အသုဘ ရှိနေပြီး သူနှင့် မတော်တဆတွေ့သွားလျှင် ဖေဖေ့ အုတ်ဂူမှာ ပန်းလာချပြီး ကန်တော့ဖို့ လာသည်ဟု အကြောင်းပြနိုင်ရန် ဖြစ်ပါသည်။ အကယ်၍ ညနေ မိုးချုပ်သည်အထိ သူ့ဦးလေး၏ အသုဘဆိုတာ မရှိလျှင် သူ လိမ်ညာနေကြောင်း မေမေ့ကို ပြန်ပြောပြမည်။

သို့သော် ကျွန်တော် သုသာန်သို့ ရောက်သွားသောအခါ အသုဘတစ်ခု အမှန်တကယ် ရှိနေပြီး မြေဖို့နေသည်ကို တွေ့ရပါသည်။ လူအနည်းငယ်သာ ကျန်တော့သော သင်္ချိုင်းမြေသည် ဖုန်ထုလွှမ်းလျက် ဝမ်းနည်း ချောက်ချားဖွယ်ရာ တိတ်ဆိတ်နေ၏။

ကျွန်တော်သည် ခပ်လှမ်းလှမ်းမှာ မြေဖို့နေသော လူစုထဲ၌ ထင်းထင်းကြီးဖြစ်နေသောသူ့ကို မြင်လျှင်မြင်ခြင်း ထန္တာရ

www.burmeseclassic.com

www.burmeseclassic.com



ပင် တစ်ပင်၏ ပင်စည်ဖြင့် ပုန်းကွယ်ရန် ကြိုးစားမိ၏။ သို့သော် အသုဘကြောင့် ဗွပင်သောက လုံးဝ ရှိဟန်မတူသော သူက ကျွန်တော့်ကို မြင်သွားကာ လက်မြှောက်ပြ၏။ ထို့ကြောင့် သူ ရှိရာသို့ ဖြည်းညင်းတွန့်ဆုတ်စွာ ကျွန်တော် လျှောက်သွားရပါ သည်၊

'လာ....မင်း ရောက်လာမယ်လို့ ငါသိနေတယ်'

ကျွန်တော်တို့ နှစ်ယောက် တစ်ယောက်ကို တစ်ယောက် အကြာကြီး စူးစိုက် ကြည့်နေမိကြသည်၊ သည်တစ်ခါ မျက်နှာ စလွှဲရသူက ကျွန်တော် ဖြစ်ပါသည်။

✸✸✸

ဖေဖေ့ အုတ်ဂူရှေ့မှာ ရပ်မိကြတော့ ကျွန်တော်တို့ နှစ် ယောက် ဘာစကားမှ မပြောနိုင်ကြဘဲ ငြိမ်သက်နေသည်။ နေ ရောင် ဖျော့ဖျော့သည် ထနောင်းပင် ကိုင်းဖျားမှ ဖြတ်လျက် ဖေဖေ့ အုတ်ဂူပေါ် သို့ပြောက်တိပြောက်ကျားကျရောက်နေသည်၊ ကျွန်တော် ယူလာသည့် နှင်းဆီပန်းများကို အုတ်ဂူပေါ် တင်မည့် ဟန် ပြင်ခိုက် သူက ခဏ လက်ပြတားသည်။ အုတ်ဂူ ခေါင်း ရင်းမှာ တင်နေသော သစ်ရွက်ခြောက်များ၊ မြေမှုန့်များကို လေနှင့်မှုတ်၍ ဖယ်ပေးသည်။ ထို့နောက်.... 'ဦးကျော်ဇံ၊ အသက် ၄၃-နှစ်' ဟူသော ထွင်းစာ ထင်ရှားလာသည်အထိ သူ့ လက် ညှိုးထိပ်ဖြင့် ခပ်ဖွဖွ ပွတ်သပ် ခြစ်နေပါသည်။

အုတ်ဂူပေါ် ပန်းများတင်လိုက်ပြီးသောအခါ ကျွန်တော် ဒူးထောက် ထိုင်ချလိုက်ပြီး ကန်တော့လိုက်ပါသည်၊ ကျွန်တော့် နဖူးနှင့် အေးစက်သော အုတ်ဂူစွန်း ထိတွေ့မိသောအခါ ကျွန် တော့်ရင်ထဲက တစ်စုံတစ်ရာကို ဇာင်းခနဲ ဆွဲယူ ဆုပ်ညှစ်ခံလိုက်ရ သလို နာကျင်သွားလျက် မျက်ရည်များ ပြည့်လျှံလာသည်။ ကျွန်တော် အံကြိတ်လျက် အုတ်ဂူစွန်းပေါ် နဖူး မှေးတင်ကာ စိတ်တည်ငြိမ်မှုရသည်အထိ ထိန်းချုပ် ငြိမ်သက်နေစဉ် ဒေါ်ကြီးက ဘေးမှာ မလှုပ်မယှက် ရပ်နေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com


တော်တော်ကြီး ကြာမှ ယူက စကား စ,ပြောသည်။

'ငါနဲ့ ကျော်ဇံ လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀ လောက်က ဒီသင်္ချိုင်းထဲမှာ တစ်ယောက်ကို တစ်ယောက် ဖက်ပြီး ငိုဖူးတယ်'

ကျွန်တော် ချက်ရည်တွေကို မေ့သွားပြီး ဆတ်ခနဲ ခေါင်းမော့ကြည့်လိုက်တော့ သူ ကျွန်တော့်ကို ကြည့်မနေပါ။

'မင်းအဘွား ဆုံးတုန်းကပေါ့၊ ကျော်ဇံ့ အမေလေ ကျော်ဇံက အသက် ၁၃ နှစ်၊ ငါက ၁၄ နှစ်၊ ဟောဟို နေရာလောက်မှာ မင်းအဘွားရဲ့ မြေပုံ ရှိခဲ့ဖူးတယ်'

ကျွန်တော်သည် လက်ညှိုးညွှန်ပြရာ ကုန်းမို့ကလေးဆီသို့ လှမ်းကြည့်ရင်း ဖြည်းညင်းစွာ မတ်တတ်ရပ်လိုက်သည်။ထို့နောက် မျက်လုံး တစ်ဝိုက်ကို လက်ခုံဖြင့် ကြမ်းတမ်းစွာ ပွတ်သုတ်ပစ်လိုက်ပါသည်။

'ကျော်ဇံ ဆုံးတုန်းက မင်းဘေးမှာ မင်းနဲ့အတူ ဝမ်းနည်းမယ့် သူငယ်ချင်း မရှိဘူး မဟုတ်လား'

ကျွန်တော် ကြောင်အ,စွာပင် ခေါင်းခါယမ်းလိုက်၏။

'ဆိုးတာပဲ၊ လူတစ်ယောက်ဟာ ဘဝမှာ အရင်းနှီးဆုံး သူငယ်ချင်း ဆိုတာ ရှိသင့်တယ်'

ကျွန်တော့်မှာ သူငယ်ချင်းတွေ အများကြီးပါဟု ပြန်ပြောချင်သော်လည်း မပြောနိုင်ပါ။ တကယ်တမ်းကျတော့ ကျွန်တော့်မှာ ကောင်းတူဆိုးဖက် ရင်းနှီးပွင့်လင်းသော သူငယ်ချင်း မရှိပါ။ ပြိုင်ဘက်များသာ ရှိပါသည်။

'အင်း....ပြီးခါမှ ဒေါသတကြီး ရန်ဖြစ်ပြီး နှစ်နှစ်ဆယ်လောက် အဆက်အသွယ် ပြတ်ချင် ပြတ်ပလေ့စေပေါ့လေ'

သူက စကားကို ပြန်ဆက်ပြီး ခပ်ဟက်ဟက် ရယ်မောသည်၊ ရယ်သံမှာ ခြောက်သွေ့ ကွဲအက်၏။

လေသည် ကျွန်တော်တို့ဆီသို့ ဖုန်ငွေ့နှင့် မန်ကျည်းရွက်ခြောက်များကို သယ်လာသည်။ ဟိုးအဝေးဆီမှာ ဥသြငှက်တစ်ကောင် ဆွဲဆွဲငင်ငင် အော်မြည်နေသည်။ ကျွန်တော် ဖေဖေ့ကို

www.burmeseclassic.com

www.burmeseclassic.com



လွမ်းဆွတ်စိတ်ဖြင့် သူ့လက်မောင်းကို ပထမဦးဆုံးအကြိမ် ရင်းရင်းနှီးနှီး ဆုပ်ကိုင်မိ၏။

'ဖေဖေ့အကြောင်းတွေ ပြောပြစမ်းပါ ဦးလေး'

'ကျော်ဇံနဲ့ငါ နှစ်ခါ ရန်ဖြစ်ရဖူးတယ်'

ဖေဖေ တစ်ခါတုန်းက ပြောဖူးသည့် စကားအတိုင်းပါပဲ၊

'ဖေဖေ ရှုံးသလား'

အဓိကကျသော အချက်ကိုပင် ဖေဖေ့တုန်းကလို ကျွန်တော် မေးမိသည်။ သူ့အဖြေက ဖေဖေ့အဖြေထက် ပို၍ပြည့်စုံပါသည်။

'ပထမ တစ်ခါက ကိုးတန်းနှစ်ကပေါ့၊ ကောင်မလေးတစ်ယောက်နဲ့ ပတ်သက်ပြီး သတ်ကြတာ၊ ကောင်မလေးနာမည် ငါ မေ့သွားပြီ၊ အဲ....မဟုတ်ဘူး၊ ငါ အဲဒီကောင်မလေးနာမည်ကို ကောင်းကောင်းတောင် မသိခဲ့ပါဘူး၊ ငါ ကျော်ဇံကို လက်သီးနဲ့ တစ်ချက် ထိုးပစ်လိုက်တယ်'

ကျွန်တော်သည် ကိုယ်တိုင် အထိုးခံလိုက်ရသလို ဆတ်ခနဲ နာကျင်သွားသည်။

'နောက်တစ်ခါဆို မင်းနဲ့ငါ အပြတ်ပဲလို့ သူ့ကို ခြိမ်းခြောက်ခဲ့တယ်၊ သူ ကောင်မလေးနဲ့ တစ်ခါတည်း ပြတ်သွားတယ်၊ စာတစ်ခုတည်းပဲ သူ အာရုံစိုက်တော့တယ်၊ အဲဒါ သူ့အတွက် သိပ်ကောင်းပါတယ်၊ အင်း....ငါက ဒီကောင် ငါ့ကို ဖြိုသွားပြီလို့ အောက်မေ့ခဲ့မိတယ်၊ ဒါပေမယ့် ကောလိပ် တတိယနှစ် ရောက်တော့ နောက်တစ်ကြိမ် ထပ်ရန်ဖြစ်ရပြန်တယ်၊ ဒီတစ်ခါ မင်းအမေ မခင်မူကြောင့်ပေါ့ကွာ'

ကျွန်တော် သူ့မျက်လုံးများကို စူးစူးရှရှ အကဲခတ်မိသည်။

'ငါ ဘယ်လောက်ပဲ ဒေါသကြီးကြီး၊ အဲဒီဆိုး... ကျော်ဇံက လုံးဝ နောက်မဆုတ်တော့ဘူး၊ နောက်ဆုံးတော့

www.burmeseclassic.com

www.burmeseclassic.com



မခင်မူနဲ့ ရုံးမှာ သွားလက်ထပ်မယ့် ညက ငါ့ကို အသိသက်သေ လုပ်ပေးဖို့ လာပြောတယ်’

သူ ခပ်သဲ့သဲ့ ရယ်၏။ ရယ်သည်ကို နှုတ်ခမ်းအရသာ သိရသော်လည်း သူ့ရယ်သံကို ကျွန်တော် မကြားရပါ။

‘ငါ သူ့ကို ဆွဲထိုးပစ်လိုက်တယ်၊ သူက ငါ့ကို ပြန်ထိုးတယ်၊ ဘယ်လောက် အံ့ဩဖို့ ကောင်းလဲ၊ ဘယ်တုန်းကမှ လူ တစ်ယောက်ကို လက်သီးနဲ့ မထိုးဖူးတဲ့ ကျော်ဇံက ငါ့ကို ထိုး တယ်ကွာ၊ ပြီးတော့ ပြောသေးတယ်၊မင်း သိပ်တစ်ကိုယ်ကောင်း ဆန်တဲ့ကောင်....တဲ့၊ မင်းလို အရူးကောင်ကို ငါ မပေါင်းချင် ဘူးတဲ့’

တိတ်ဆိတ်သော ပတ်ဝန်းကျင်တွင် သူ့ အသက်ရှူသံမှာ ပြင်းထန်လှသည်။

‘ငါ့ကို အရူးလို့ ပြောပြော ဘာပြောပြော ငါ မနာပါ ဘူး၊ဒါပေမယ့် တစ်ကိုယ်ကောင်းဆန်တဲ့ကောင်လို့ သူ့ပါးစပ်က ပြောလိုက်တော့ ငါ ဝမ်းနည်းတယ်၊ငါ့ဘဝမှာ ဒီသူငယ်ချင်းပဲ အရေးအကြီးဆုံး၊ အရင်းနှီးဆုံး၊ အခင်မင်ဆုံး၊ ငါလုပ်သမျှ ငါ အသက်ရှင်သမျှဟာ သူ့အတွက်ချည်းပါပဲ၊ ဒါပေမယ့် သိပ် တစ်ကိုယ်ကောင်းဆန်တဲ့ကောင်လို့ ငါ စွပ်စွဲခံခဲ့ရတယ်၊ အဲဒီ နေ့ကစပြီး ငါတို့ချင်း မတွေ့တော့တာ သေတဲ့အထိပေါ့’

ပတ်ဝန်းကျင်သည် တဖြည်းဖြည်း အမှောင်ရိပ် လွှမ်းလာ သည်။ လေထုသည် အေးစက် သိပ်သည်းလာသည်၊ အနောက် ဘက် ကောင်းကင်တွင် နေရောင် လုံးဝ ကွယ်ပျောက်ခဲ့ပြီ။

သူ့ကို ကျွန်တော် ဘာပြောရမှန်း မသိ၊ တစ်ခုခုတော့ ပြောချင်နေသည်၊ သို့သော် မပြောဘဲထားတာ ပိုကောင်းသည်ဟု ကျွန်တော် ဆုံးဖြတ်လိုက်ပါသည်၊

‘ဖေဖေက ဦးလေးကို တော်တော် ခင်ခဲ့ပါတယ်’

နှစ်သိမ့်သလို ခပ်ဆဆ ပြောလိုက်မိသောအခါ သူက

www.burmeseclassic.com



ပြူး၍ ခေါင်းညိတ်သည်။
'ငါသိပါတယ်'
ပတ်ဝန်းကျင် တစ်ခုလုံး မည်းမှောင် လာသည့် အထိ ဖေဖေ့ အုတ်ဂူဘေးတွင် ကျွန်တော်တို့ ငြိမ်သက်စွာ ရပ်နေခဲ့ကြပါသည်။

ဂျူး
(၁၉၉၃၊ ဒီဇင်ဘာလ၊ နှင်းဆီမဂ္ဂဇင်း)

www.burmeseclassic.com

www.burmeseclassic.com

ထွက်တော့မည်

လူသားနှင့် အနုပညာ၊ အနုပညာနှင့် ဒဿန၊ ဒဿန နှင့်

လောက....ယုံ၌ပြိုင် ရှင်သန်မှု စီးကြောင်းထဲမှ

လေးစားအပ်သော ပရိသတ်သို့ မဂ္ဂဇင်းကောင်းတစ်စောင်

# သရဖူမဂ္ဂဇင်း

ရသ၊ ဒဿနနှင့် မျက်မှောက်ရေးရာ

ဝတ္ထု၊ ကဗျာ၊ ဆောင်းပါးကောင်းများ

ရေတမာစာပေ စာတည်းအဖွဲ့မှ

စီစဉ်တင်ဆက်ပါသည်။

www.burmeseclassic.com